
www.burmeseclassic.com

# ဂျူ

## မကြုံဘူးလို့ချစ်မိတာပါ



DESIGN THEIN SHWE KYI

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- ★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- ★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- ★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# လုံမ

## မကြုံဘူးလို့ချစ်မိတာပါ

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၄၂၇၀၅၁၂

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၄၁၀၀၅၁၂

ထုတ်ဝေသူ

ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ဗျူးစာပေ)

အမှတ် (၅၁)၊ အခန်း (၃၀၁)၊ သရေစံလမ်း၊ ဗဟန်းမြို့နယ်။

အတွင်းမျက်နှာဖုံးပုံနှိပ်

ဦးကျင်ရင် (မြ-၀၅၄၁၇) (ရွှေခြသေ့ပုံနှိပ်တိုက်)

အမှတ် (၁၂)၊ သရဖီလမ်း၊ တော/နောက်ရပ်ကွက်၊

အလုံမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ

သိန်းရွှေကြည်

အတွင်းဖလင်

ကိုပေါက် (Image Art Work)

ပုံနှိပ်ခြင်း

ပထမအကြိမ်

၂၀၁၂ ခုနှစ်၊ ဩဂုတ်လ။

တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀ အုပ်

ဖြန့်ချိရေး

စိုးမိုးစာပေ

ဖုန်း-၀၁-၂၉၀၉၉၅

၈၉၅ . ၈၃

လုံမ

မကြုံဘူးလို့ချစ်မိတာပါ / လုံမ ။ - ရန်ကုန်

ဗျူးစာပေ၊ ၂၀၁၂။

၂၇၂ - စာ ၊ ၁၂ × ၁၈ စင်တီ။

(၁) မကြုံဘူးလို့ချစ်မိတာပါ

## အခန်း (၁)

"ကိုကြီးကျော် ကိုကြီးကျော် တို့ကိုကြီးကျော် မူးလည်းမူးတယ်၊ ရူးလည်းရူးတယ်၊ တို့ကိုကြီးကျော်"

"ဟဲ့ ဘာဖြစ်တာလဲ ဇော်ရဲ့"

လမ်းမတစ်ဖက်ခြမ်းက ဆိုင်းသံပုံသံ နတ်ကနားပွဲကနေ အသံကြားလိုက်ရ၍ ခွန်းတုံ့ဇော် ကျွဲခနဲ ကားလေးကို ဘရိတ်အုပ်ရပ်လိုက်သည်။ ဒါကို ဘာမှန်းမသိလိုက်သော မီမီခိုင်က ကားရှေ့ခန်းမှာ ရှေ့သို့နောက်ငင်ဖြစ်လျက် အလန့်တကြား အော်၏။

ခွန်းတုံ့ဇော်က မီမီခိုင် မေးတာကို ချက်ချင်းပြန်မဖြေအားဘဲ ဆူညံပွက်လောရိုက်နေသော နတ်ကနားပွဲရှိရာကိုသာ အာရုံရောက်နေသည်။

www.burmeseclassic.com



"ဇော် ဘာလဲဟ"

"နတ်ကနားပွဲလေ"

"အေးလေ ဘာဖြစ်လဲ၊ ငါလည်းကြားတာပဲ၊ ကိုယ့်ရပ်ကွက်ထိပ်မှာလုပ်တာဆိုပေမယ့် တစ်ခါမှတောင် မကြည့်ဖူးဘူး"

"ငါ ကြည့်ချင်တယ်"

"ဗုဒ္ဓေါ"

ပြောရင်းနှင့် ခွန်းတုံ့ဇော် ကားအောက်ဆင်းတော့ မီမီခိုင်လည်း ကပျာကယာ လိုက်ဆင်းရသည်။

"နင်ကလည်း နတ်ကနားပွဲကို အထူးအဆန်း လုပ်လို့၊ သင်တန်းမမီဖြစ်ဦးမယ်"

"ဒီနေ့ သင်တန်းမတက်တော့ဘူး။ နတ်ကနားပွဲကြည့်မယ်"

"လုပ်ချလိုက်ပြန်ပြီ ဇော်ရယ်၊ ငါဖြင့် ကနားစီးချောတယ်လို့ ရပ်ကွက်ထဲမှာ ပြောနေကြတာ ...တောင် စိတ်မဝင်စားဘူး"

"အခု ဝင်စားလိုက်၊ အခု ငါနဲ့အတူလိုက်မကြည့်ရင် နောက်နေ့ သင်တန်းတက်ဖို့ နင့်ကို လာမခေါ်တော့ဘူး"

ခွန်းတုံ့ဇော်က ရုပ်တည်ကြီးနှင့်အကျပ်ကိုင်၏။ အဲဒီလို ဇွတ်တရွတ်အနိုင်ယူတတ်တာလေးတွေရှိသော်လည်း သည်းခံပြီး ပေါင်းသင်းနေရတာပင်။

ခွန်းတုံ့ဇော်နှင့်က ငယ်ပေါင်းမဟုတ်ပေမယ့် ကိုယ့်အပေါ် မေး





ကမ်းစွန့်ကြဲစေတနာသဒ္ဓါတရားတွေကောင်းလွန်း၍ အနစ်နာခံ ပေါင်းသင်းရတာ တန်ပါသည်။ ခွန်းတုံ့ဇော်က ဒီလိုမျိုးလေးတွေရှိပေမယ့် အနိုင်ကျင့်ချင်တာ၊ နှိမ့်ချဆက်ဆံချင်တာမျိုးလည်း မဟုတ်။

"ကဲ ကြည့်မယ်ဆိုလည်း ကားကို ကွမ်းယာဆိုင်မှာအပ်ခဲ့ဦး၊ လူတောထဲတိုးရမှာ ကားကို သူခိုးခိုးခံရရင် ခြေလျှင်လျှောက်ရလို့ ဟုတ်နေဖြစ်နေဦးမယ်"

"ပျောက်လည်း မေမေ့ကို နောက်တစ်စီး ပူဆာလိုက်မှာပေါ့"

"အေးပါ ရှင်တို့လို သူဌေးတွေအတွက် ကားတစ်စီးလုံး ပျောက်တာ မထူးဆန်းပေမယ့် ကျုပ်တို့ဆင်းရဲသားတွေအတွက်တော့ ခုံဖိနပ်ပျောက်တာတောင် ရင်ကွဲနာကျရမယ့်အဖြစ်မျိုးပဲ"

"ပူမနေနဲ့ နင့်အတွက် ဆယ်ရုံလောက်ဝယ်ပေးထားမယ်"

ခွန်းတုံ့ဇော် ခပ်ပေါ့ပေါ့ပင် ပြောထွက်သော်လည်း မီမီခိုင်ကတော့ စိတ်မချ၍ ကွမ်းယာဆိုင်မှာ ပြောဆို၍ ကားကိုအပ်ခဲ့ပြီးမှ ခွန်းတုံ့ဇော်နောက်က အပြေးလိုက်ရသည်။

"ဟဲ့ ဇော် နေပါဦးဟဲ့"

ခွန်းတုံ့ဇော်က ကိုယ်လုံးသေးသေးသွယ်သွယ်လေးဖြင့် လူအုပ်ကြားထဲ တိုးခွေ့ဝင်နေသည်မို့ မီမီခိုင် အော်ဟစ်တားဆီးရင်း နောက်က ခပ်ကြပ်ကြပ်မကွာ ကပ်လိုက်နေရသည်။

နတ်ကနားပွဲကို စိတ်ဝင်တစား ကြည့်နေကြသူများက သူမတို့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်ကို မျက်စောင်းတထိုးထိုး။

"ဟယ် နတ်ကတော် အခြောက်က ချောလိုက်တာဟယ်"

ရှေ့ကို ရောက်သွားသော ခွန်းတုံ့ဖော်က မနေနိုင်မထိုင်နိုင် တအံ့တသြ ရေရွတ်သည်။ မိမိခိုင်က ခွန်းတုံ့ဖော် လက်မောင်းလေးကို ခပ်ကြိတ်ကြိတ် လိမ်ဆွဲလိုက်ပြီး

"တိုးတိုးပြောပါဟဲ့၊ အသံကြားလို့ သမီးတော်ကြီးအနား တိုးစမ်းဆိုပြီး လောင်းကြေးဆက်ခိုင်း၊ အရက်ဖိုးဆက်ခိုင်း လုပ်နေဦးမယ်"

"ဘာဖြစ်လဲ ဆက်မှာပေါ့"

"မနိုင်ပါလား ခွန်းတုံ့ရယ်၊ နင်ကတော့ တကယ်ပဲ၊ လက်လန်တယ်"

"အမလေး နယ်မှာနေတုန်းက ဒီထက်တောင် ဆိုးသေးတယ်၊ နတ်ကနားပွဲသံကြားရင် အိမ်ကမေမေ ဟင်းချက်ဖို့ ဝယ်ထားတဲ့တဲဥတွေယူ၊ ဖေဖေ သောက်ဖို့ဝယ်ထားတဲ့ အရက်ပုလင်းတွေယူပြီး ဆက်သတာပဲ၊ အဲဒီအချိန်ကျရင် မေမေရိုက်လည်း ငါ မငိုဘူး၊ ပျော်တောင်ပျော်သေးတယ်"

"အေး ကောင်းတယ်၊ အခုလည်း ပါသလောက် အကုန်ချွတ်ပေးခဲ့"

မိမိခိုင် အရွဲ့တိုက်ပြောလည်း ခွန်းတုံ့ဖော် တို့က မမှုပေ။ တဖြည်းဖြည်း ရှေ့တိုးသွားရင်း ကနားစီးကို ပြုံးပြုံးကြီး ငေးမောလို့နေ





သည်။

"အရက်သမားမှန်ရင်လေ ကိုကြီးကျော်ကို ချစ်ကြပါတယ်၊ ကြက်သမားမှန်ရင်လေ ကိုကြီးကျော်ကို ချစ်ကြပါတယ်"

အရက်ပုလင်းတစ်ဖက် ကြက်ကြော်တစ်ဖက်နှင့် စည်းလွတ်ဝါးလွတ်ကနေသော ကနားစီးရဲ့ မျက်လုံးများက ခွန်းတုံ့ဖော်တို့ဘက် ရောက်လာသည်။ ခွန်းတုံ့ဖော်က လက်အုပ်လေးချီကာ ပြုံးဖြီးပြတော့ အနားတိုးလာ၏။

"ငါ့မောင်းမလေးက ချောသားပဲကွဲ့၊ ဘယ်အရပ်ကနေ လာတာလဲ"

"သင်တန်းလစ် အဲ"

မိမိခိုင် လက်ကုတ်လိုက်၍ ခွန်းတုံ့ဖော် လျှာတစ်လစ်ဖြစ်သွား၏။ နတ်က အကြားအမြင်ရတယ်ဆိုရင် ဘယ်ကလာတယ်ဆိုတာ မသိဘူးလား။ ချောတာလှတာကိုတော့ မြင်တတ်ပြီးတော့။

"ဘာများသိချင်တာရှိလဲကွဲ့၊ လောင်းကြေးထပ်ရင် အမှန်အတိုင်း မိန့်မယ်ကွဲ့၊ အတားအဆီးရန်မှန်သမျှလည်း ဖယ်ရှားပေးမယ်"

"အဲဒါဆိုရင် ဒီကအပြန် မေမေ မဆူအောင် စောင့်ရှောက်ပေးပါ ဘုရား"

ခွန်းတုံ့ဖော်က ကြိုးသိုင်းအိတ်လေးထဲက ငါးထောင်တန်နှစ်ရွက် ရင်ဘတ်ချိတ်ပေးရင်းပြောတော့ ကိုကြီးကျော်ကြီး ခေါင်းတအတ်



www.burmeseclassic.com

www.burmeseclassic.com



ဆတ်ညိတ်သည်။ နောက်လိုက် အခြောက်တစ်ယောက်က ကိုကြီးကျော် လက်ထဲက ကြက်ကြော်ကို လက်လွှဲယူလိုက်ပြီး စီးကရက်နှစ်လိပ်ပူးဆက် ၏။

ဆေးလိပ်နံ့၊ အရက်နံ့ ရေမွှေးနံ့များကြောင့် မိမိခိုင် ခေါင်းတွေ မူးဝေအော့အန်ချင်လာသည်။ ခွန်းတုံ့ဇော်က ခေါင်းတွေ မူးဝေအော့အန် ချင်လာသည်။ ခွန်းတုံ့ဇော်ကတော့ ကိုကြီးကျော်က ရင်ဘတ်ချင်းအပ်၍ ကိုယ်ငွေ့လှုံနေတာကို ကျေနပ်ကြည်နူးလို့ပါ။

ခဏနေတော့ ကိုကြီးကျော် တခြားမိန်းမကြီးတွေဘက်ရောက် သွားသည်နှင့် ခွန်းတုံ့ဇော်လက်ကို မိမိခိုင် ဆွဲလိုက်သည်။

"သွားရအောင် ဇော်၊ တစ်သောင်းကြီးများတောင် ထွက်သွား ပြီ၊ နှမြောစရာကောင်းလိုက်တာ"

"နေစမ်းပါ၊ ခုန ကိုကြီးကျော်ဖက်တာ ရင်တွေခုန်နေလို့"

"ဟဲ့ ဇော် အစုတ်ပလုတ်မ၊ နတ်က ဖက်တာပဲ ရင်ခုန်ရတယ် လို့ ပေါက်ကရပဟာယ်"

"ခြော် နင်ကလည်း အဲဒါ တကယ် နတ်ဝင်နေတာမဟုတ် ဘူး၊ ကနားစီးချောချောလေးက တမင်အသားယူတာ"

"နင်က အဲဒါကို ကျေနပ်နေတာ အံ့သြပါရဲ့၊ ယောကျ်ားစစ်စစ် လည်း မဟုတ်ဘဲနဲ့ အခြောက်ကြီးကိုများ"

"သူ တကယ်ချောတယ်ဟာယ်၊ မျက်လုံးလေးတွေက အညှိုကို





ရှုန်းလက်နေတာပဲ၊ အရပ်အမောင်းကလည်း အမြင့်ကြီးပဲ၊ အခြောက်နဲ့ တူတာ တစ်နေရာတောင် မတွေ့ဘူး၊ ပြီးတော့ တိုးတိုးလေး မေးသေး တယ်၊ ဘယ်...နေတာလဲတဲ့၊ နောက်တစ်ခေါက် လာဦးမှာလားတဲ့"

"ဟဲ့ နင် ဘာပြန်ပြောလိုက်လဲ"

"နင် မသိလည်းရတယ်"

"ဟဲ့ ဘာမသိလည်းရတယ်လဲ၊ မရဘူးပြော"

"မပြောဘူး"

"ဇော်နော် နင် နတ်ကတော် အခြောက်ကို ဘာတွေ အရှုပ် ထုတ်လုပ်မလို့လဲ၊ နင် နတ်ကိုင်မှာမကြောက်ဘူးလား"

"နတ်က ဘယ်လိုလုပ်ကိုင်မှာလဲ၊ နတ်ကတော်က ကိုင်တယ် ဆို ဟုတ်သေး၊ ဟဲ့ ဒါနဲ့ အဲဒီ နတ်ကတော် နာမည် နင်သိလား"

မပြောလည်း သူ့ဘာသာ စုံစမ်းတော့မည်ဆိုတာ သိနေသည့်ို့ မိမိခိုင် အခက်တွေ့နေသည်။ လက်တို့ခေါ်လို့လည်းမရ။

ဆွဲခေါ်လို့လည်းမရ။ နတ်ကတော်ကလည်း နတ်ကောင်း ကောင်းကတာမဟုတ်ဘဲ မျက်လုံးက ဒီဘက်ကိုပဲ ရောက်ရောက်နေတာ စီးကရက်နှစ်လိပ်ပူးသောက်လိုက်တာကလည်း မီးခိုးငွေ့တွေမှုန်ထူလို့ အစွပ်စွပ် သောက်နေသော အရက်နံ့ကလည်း ခေါင်းတွေမူးနောက်နေ သည်။ ခွန်းတုံ့ဇော်က ဒါတွေတောင် သတိမထားမိတော့ပါလား။

"ဇော် နင် သူ့နာမည်သိချင်တယ်မဟုတ်လား၊ အပြင်ရောက်

www.burmeseclassic.com



ရင် ငါ ပြောပြမယ် သွားရအောင်''

''နင် ပြောချင်ရင် ဒီမှာပြော၊ မပြောချင်လည်း နေဟာ၊ သူတို့ ထမင်းစားနားတော့မှာတဲ့၊ ငါ ခဏစောင့်ကြည့်ဦးမယ်၊ နင် အဝတ်အစားလဲရင် မိန်းမလိုဝတ်မှာလား၊ ယောကျ်ားလိုဝတ်မှာလား''

''ဖြစ်ရပြန်ပြီ ဖော်ရယ်၊ နင်တကယ့် အမွှေစိန်ပဲ''

မိမိခိုင် မတတ်သာသည့်အဆုံး စိတ်လျှော့လိုက်ရသည်။

ခွန်းတုံ့ဖော်က တစ်ခုခုဆုံးဖြတ်ပြီးလျှင် တဇွတ်ထိုး ရှေ့တိုးဖို့သာ စဉ်းစားနေသူ။ အမှားအမှန်ကို သိပ်ခွဲခြားနေတတ်တာမျိုးမဟုတ်။ မိဘတွေက လိုတရပြည့်စုံအောင် ရွှေပေါ်မြှတင်ထားခဲ့လို့ ဒီလိုစိတ်ကြီး ဝင်နေတာလည်း ဖြစ်လိမ့်မည်။

ခွန်းတုံ့ဖော်တို့ မွေ့ပုံများတော့ တကယ်အလန်။

■ ■ ■



## အခန်း (၂)

''ဟယ် ခန့်ချောကြီး''

နတ်ဝတ်နတ်စားတွေချွတ်ပြီး ရုပ်လက်ရှည်လည်ကတုံးအဖြူနှင့် အနက်ရောင်ယောပုဆိုးလေး လဲဝတ်လိုက်သော ကနားစီးကိုကြည့်၍ ခွန်းတုံ့ဖော် မနေနိုင်မထိုင်နိုင် ပါးစပ်က လွှတ်ခနဲ ထွက်သွားသည်။ ထမင်းစားချိန်မှာ တချို့လူတွေပြန်သွားပြီဖြစ်ပေမယ့် ခွန်းတုံ့ဖော်တို့ကတော့ ကလေးတွေနှင့်အတူ ဆိုင်းဝိုင်းနားကနေ အတွင်းခန်းထဲကို လှမ်းမျှော်ကြည့်လျက်ရှိသည်။

''သူတို့ ထမင်းစားကြတော့မှာ ထင်တယ်၊ ပြန်ရအောင်ပါဟယ်၊ ရှက်စရာကြီး''

''ဘာလို့ ရှက်ရမှာလဲ၊ သူများကလည်း ကြည့်နေတဲ့သူရှိတဲ့ဟာ''



www.burmeseclassic.com

www.burmeseclassic.com



''နင် တော်တော်ပြောရဆိုရ လက်ပေါက်ကပ်တာပဲ ဖော်၊ ရုပ်ရှင်မင်းသားမဟုတ်၊ ဇာတ်မင်းသားမဟုတ်၊ ပြီးတော့ ယောက်ျားစစ်လည်းမဟုတ်၊ နတ်ကတော် အခြောက်ကြီးကို အဲလောက်သဲကြီးမဲကြီး ဖြစ်နေရလား''

''ယောက်ျားစစ်စစ်ဆို အဲလောက်ပေါ်တင်ကြီး ငမ်းမ သားဟဲ့၊ နတ်ကတော် အခြောက် အဲလောက်ကြီး ချောတာ မမြင်ဘူးလို့ပါ၊ ကြည့်ပါဦး၊ သူ့နှုတ်ခမ်းမွှေးနဲ့ ပါးမြိုင်းမွှေး အရာလေးတွေက စိမ်းနေတာပဲ၊ မျက်ခုံးက ထူတန်းလို့၊ အသားအရေကလည်း ညိုစိမ့်စိမ့်နဲ့ဆိုတော့ ယောက်ျားပီပီသသနဲ့ ဘယ်လောက် အကြည့်ခံလဲ၊ ပြီးတော့ သူက မိန်းမဆန်ဆန် ဝတ်တာမဟုတ်ဘူး၊ ကပြီးတာနဲ့ လဲဝတ်လိုက်တဲ့ အဝတ်အစားလေးက သန့်ပြန့်နေတာပဲ''

''မျက်နှာက မိတ်ကပ်တွေပြာနေတာ၊ နှုတ်ခမ်းနီဆိုးထားတာက ယောက်ျားနဲ့တူလို့လား၊ နင်ဟာလေ စိတ်ဝင်တစား ရှိပြီဆို အပြစ်ကို မမြင်တော့ဘူး၊ တက္ကသိုလ်တက်တုန်းကလည်း ရည်းစားမထား၊ သင်တန်းမှာလည်း အလန်းလွှန်ပြီး လန်ထွက်နေတဲ့ အဆင်လေးတွေရှိတာလည်း စိတ်မဝင်စား၊ ဘာလဲ အခြောက်ကြီးကိုမှ''

''ပြောလိုက်မှဖြင့် ငါက ချစ်ကြိုက်နေလို့လား၊ ချောလို့ခံစားနေတာ၊ မျက်စိအစာကျွေးနေတာ၊ ကျန်တာ ဘာမှမပါဘူး''

လက်တကာကာ ပြောနေရင်း ကနားစီး သူမတို့နား လျှောက်





လာတာမြင်တော့ ဖါးစပ်ပိတ်လျက် အံ့အားသင့်သွား၏။

သူမတို့ကြည့်နေတာ မြင်သွားလို့ဖြစ်မည်။

ခပ်တွဲတွဲ နှုတ်ခမ်းလေးမှာ အပြုံးရိပ်ထင်လျက်

''မပြန်ကြသေးဘူးလား၊ ထမင်းဝင်စားပါလားဟင်''

''ရှင် မ မစားတော့ပါဘူး၊ ဖော်တို့က ထမင်းစားပြီး ပြန်ကမှာလားလို့ စောင့်နေကြတာ''

''ဖော်တဲ့လား''

''ခွန်းတုံ့ဖော်''

''ဩော် နာမည်လေးက မိုက်တယ်''

ပြောလိုက်သော အသံလေးက ညြသြချိုချိုလေး။ တရင်းတနှီးလာနှုတ်ဆက်တာ ရင်မှာ ကျေနပ်သွားသည်။

''မပြန်သေးရင် ဝင်ထိုင်ကြလေ၊ စားစရာတစ်ခုခု စီစဉ်ပေးပါမယ်''

''အဲလို ထိုင်လို့ရလားဟင်''

''ဟဲ့ ဖော်''

မီမီခိုင် လက်ကုတ်ဟန့်တားတာ နောက်ကျသွားသည်။ ကနားစီးနောက်ကနေ လိုက်ဝင်သွားတော့ ကိုယ်ပါ တွန့်ဆုတ်စွာနှင့် လိုက်ဝင်ရ၏။

''ဟယ် မီမီခိုင် ဒီကို ဘာလာလုပ်တာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဒြော် သူသူ မီက သူငယ်ချင်းနဲ့လိုက်လာတာ၊ သူ့သူက ဒီမှာ"

"အင်း တို့က ဒီအဖွဲ့မှာလေ၊ သူက တို့ရဲ့ကနစီး ထွန်းသစ်စ ပေါ့၊ သူပဲတို့ကို ကိုယ်တော်လေးနဲ့လက်ထပ်ပေးပြီး ရေစဉ်အုပ်ပေးတာ"

အခြောက်တစ်ယောက်နှင့် စကားဖောင်ဖွဲ့သွားသော မီ္မီနိုင်ကို ခွန်းတုံ့ဇော် မျက်စောင်းဝေ့သည်။

"အဲဒါ ဘာလဲ"

"တို့ရပ်ကွက်ထဲကပါ၊ ရိုးရိုးပဲခြောက်တယ်ထင်တာ၊ နတ်က တတ်တာမသိပူး၊ အခု နင့်ရဲ့ကနားစီးနာမည် သိလိုက်ရပြီမဟုတ်လား၊ ထွန်းသစ်စတဲ့"

"ဒီလောကမှာတော့ အထွန်းမလို့ပဲ သိကြတာပါ၊ ဟဲ့ အထွန်းမ နင့်ညြှိသည်တွေ ကိုယ်တော်ကြီးအကျ ကြက်ကြော်တွေ ချကျွေးလိုက်ရမလား"

"လုပ်လေ အချိုရည်ပုလင်းလည်းစွန့်လိုက်၊ နောက်မှ အသစ်လဲရအောင်"

နှစ်ယောက်လုံးနှင့် အသိမိတ်ဆွေဖြစ်သွားပြီး ခွန်းတုံ့ဇော်တို့ ရှေ့မှာ စားစရာတွေ ပုံသွား၏။ အစားဆိုလို့ကတော့ မီမီနိုင်တို့မရှောင်၊ ကျန်တာသာ ရှက်သလို ရွံ့သလိုနှင့် အစားအသောက်မြင်လိုက်တော့ ဟန်မဆောင်နိုင်ပေ။ ကြက်သားကြော်တွေ မဲ့ရွှံ့စားလိုက်၊ အချိုရည်တွေ





သောက်လိုက်နှင့် ခွန်းတုံ့ဇော်ကို ပြန်အောင်ခေါ်ဖို့ မေ့သွား၏။

"ဇော်ရော စားလေ၊ အသစ်ပြန်ပြီးဆက်သနိုင်းမှာစိုးလို့လား"

နောက်ခန်းထဲ ပြန်ထွက်လာသော ထွန်းသစ်စ ပြောင်တော့ ခွန်းတုံ့ဇော် ခေါင်းယမ်းပြလိုက်သည်။

"မဟုတ်ပါဘူး ဇော်၊ ဇော် မစားတတ်လို့ပါ၊ အသစ်ပြန်ဆက်ရမယ်ဆိုလည်း ဇော် ဆက်မှာပေါ့၊ အထွန်းရော ထမင်းစားပြီး ပြန်ကမှာလား"

"အင်း အခု မကသေးဘူး၊ ညနေမှကမှာ၊ ကိုယ် နားနေတဲ့အချိန်မှာ သူသူတို့အလှည့်လေ၊ သူတို့ ထိန်းထားလိမ့်မယ်"

"ဘယ်နှစ်ရက်ကကြမှာလဲဟင်"

"သုံးရက် နောက်နှစ်ရက်ကျန်သေးတယ်၊ ဇော် လာဦးမှာလား"

"လာမှပေါ့၊ ဇော် အရမ်းဝါသနာပါတယ်"

"ကျေးဇူးတင်ပါတယ်"

"ဘာလို့လဲ"

"ဝါသနာပါတယ်ဆိုလို့လေ၊ နတ်တွေကို ယုံကြည်လို့လား"

"အဲလိုလည်း မဟုတ်ဘူး၊ နတ်ကနားပွဲကတာကို ကြည့်ချင်တာ နယ်မှာနေတုန်းကဆိုရင် ဆိုင်းသံကြားရင်ကို ပြေးကြည့်တာ၊ အခုလည်း သင်တန်းသွားမတက်ဘဲ ဝင်ကြည့်တာပဲ"

"ဒြော် ခုနကပြောတာ တမင်စနောက်နေတယ်ထင်တာ၊



www.burmeseclassic.com

www.burmeseclassic.com



အမေ မဆူအောင်လည်းလုပ်ပေးဆိုတာ ဒါကြောင့်ကိုး''

''တကယ် အဲလိုလုပ်ပေးလို့ ရလား''

ခွန်းတုံ့ဖော် ကလေးလိုပြောတော့ ထွန်းသစ်စ တစ်ဖက်လှည့်ကာ ရယ်သည်။ ဒီကောင်မလေးကို စမြင်လိုက်ကတည်းက သတိထားမိတာ။ မျက်လုံးဝိုင်းဝိုင်း၊ အသားဖြူဖြူ၊ ကိုယ်လုံးသွယ်သွယ်လေးနှင့် ဝတ်ထားတာက တစ်ကိုယ်လုံး ကျပ်ကျပ်ကပ်ကပ်။

လူအုပ်ကြားကနေ အတင်းရှေ့ဆုံးရောက်အောင် တိုးဝင်လာပြီး၊ သူငယ်ချင်းနှစ်ယောက်သူကိုကြည့်၍ အတင်းပြောနေတာလည်းတတွတ်တွတ်။

မိမိနိုင်ဆိုသည့် ကောင်မလေးက ပြန်ချင်နေဟန်ရှိပေမယ့် ဖော်ဆိုသည့် ခွန်းတုံ့ဖော်ကတော့ ပေကပ်ကပ် ဂျစ်ကန်ကန်လေး ဖြစ်ဟန်တူသည်။

ဆံနွယ်လေးတွေက ဂုတ်ပေါ်မရောက်တရောက် အဖြောင့်စင်းလေးနှင့် နှုတ်ခမ်းပါးလေးတွေက ချစ်စရာလေးပင်။ အခွင့်အရေးယူလိုစိတ်နှင့် မဟုတ်ပေမယ့် သူ တမင်တကာ ရင်ချင်းအပ်၍ နတ်ဝင်သည်လို လုပ်လိုက်ချိန်မှာ ရှိန်းတိန်းဖိန်းတိန်းခံစားမှုက ထူးတော့ထူးဆန်းသည်။

ဘယ်သူနှင့်မှ သူ ဒီလိုမဖြစ်ဘူးခဲ့။ သူ ဒီအလုပ်ကို လေ့လာပြီး လုပ်လာခဲ့ရသည်မှာ သိတတ်စအရွယ်တည်းကလို့ ပြောလို့ရသည်။ သူ့ရဲ့အဘွားက နတ်ကတော်မို့ အစဉ်အဆက် မျိုးရိုးကြောင့်ပဲပြောရ





လား။

မေမေက အမွေဆက်ခံရမည်ဟု အမိန့်ထုတ်သည်။ တကယ်ဘမ်းက သူ ဒီအလုပ်ကို ဝါသနာမပါပါ။

''မေမေရယ် ကျွန်တော် တခြားအလုပ် ဘယ်လောက်ပဲ ဆင်းပန်းပါစေ၊ ယောက်ျားပီပီသသ လုပ်ကျွေးပါမယ်၊ ပညာတတ်ကြီး ဖြစ်ချင်တယ်လို့လည်း မပူဆာပါဘူး၊ ဆင်းရဲရင်လည်း မညည်းညူပါဘူး မိသားစုပြည့်စုံကြွယ်ဝအောင် ကျွန်တော် ရှာကျွေးပါ့မယ်''

အဲလိုပြောသည့်အချိန်တိုင်း မေမေ သူ့ကို မျက်ထောက်နီကြီးနဲ့ကြည့်ပြီး ဒေါသတကြီး ပေါက်ကွဲတတ်သည်။

''ထွန်းသစ်စ နင့်ကို ငါ မွေးဖွားလာတာ၊ ငါ့အမေရဲ့ အမွေကို ဆက်ခံဖို့ပဲဟဲ့ သိရဲ့လား၊ ငါ့အမေက ဒီအလုပ်နဲ့ငါတို့တစ်မိသားစုလုံးကို မတောင့်မတ မကြောင့်မကြ ရှာကျွေးလာတာ၊ အခု သူ အသက်ကြီးပြီး အနားယူမှုဖြစ်တော့မှာ၊ သူ မသေခင် ဒီပညာကို နင်ရအောင် သင်ရမယ်၊ တတ်အောင်သင်ရမယ်၊ ဒီအလုပ်ကို မင်းမဖြစ်မနေလုပ်ကို လုပ်ရမှာ''

ထိုအချိန်က သူ ရှစ်တန်းကျောင်းသားအရွယ်တောင် မရှိသေး။ သုံးလေးနှစ်တည်းကလည်း အဘွားနတ်တင်သွားရာ နတ်ကနားပွဲသွားကရာ နေရာများကို မေမေ့ကို ကြောက်လန့်စိတ်နှင့် လိုက်ခဲ့ရသည်။ ကိုယ်လုံးတော်ကြီးကိုယ်တော်လေးနှင့် လက်ထပ်ခိုင်းပြီး အခြောက်စိတ်သွင်းလေ။



www.burmeseclassic.com

www.burmeseclassic.com



သူ ဘယ်လိုမှ ရှောင်လို့မရ၊ တိမ်းလို့မရ။ ဒါပေမဲ့ ကိုယ့်စိတ်ကို ကိုယ့်ဘာသာထိန်းသည်။ မေမေ့ရှေ့မှာ မေမေ စိတ်ကျေနပ်အောင်နေပေးကာ ကွယ်ရာမှာတော့ သူဟာ ယောကျ်ားတစ်ယောက်အသွင်ဖြင့်ပင် နေခဲ့၏။

အခုဆို အဘွားဆုံးပြီးကတည်းက သူ ကနားစီးတစ်ယောက် ဖြစ်ခဲ့သည်။ မေမေတို့ကို ဒီအလုပ်နှင့်ပင် အသက်မွေးဝမ်းကျောင်းပြု ရှာကျွေးခဲ့ရ၏။

"ဟဲ့ အထွန်းမ ဘာကြောင်ကြည့်နေတာလဲ၊ ဟိုကပြန်ဖို့ နှုတ်ဆက်နေတယ်လေ"

"ဟင် ဪ ဟုတ်ကဲ့"

သူသူ ပခုံးပုတ်ပြောမှ အတွေးက လန့်နိုးရ၏။ ခွန်းတုံ့ဇော်တို့က နေရာက ထရပ်လို့တောင်နေပြီ။

"ဇော်တို့ ညနေမှ တစ်ခေါက်လာခဲ့ပါမယ်၊ အထွန်းတို့လည်း တစ်ရေးတမော အိပ်နားချင်မှာပေါ့"

"ဪ ဟုတ်ကဲ့၊ ကျွန်တော်ရှေ့ထိ လိုက်ပို့ပါ့မယ်"

"နေပါစေ မိတို့ဘာသာ သွားလိုက်ပါမယ်"

"ပို့ပါစေဟဲ့၊ အထွန်း ဇော်တို့ကားနားအထိ လိုက်ပို့နော်"

ခွန်းတုံ့ဇော် စကားကြောင့် ထွန်းသစ်စ အပြုံးလွင်လွင်လေးနှင့် လိုက်ပို့၏။ ခွန်းတုံ့ဇော်က မြင့်မားသော ထွန်းသစ်စ အရပ်ကြီးကိုခြေဖျားလေးထောက်၍ ကိုင်းကြည့်သည်။





"ဘာဖြစ်တာလဲ"

"ကိုယ့်ကိုယ်ကိုယ် အရပ် အဲလောက်ပုမယ်မထင်ဘူး၊ အထွန်းနဲ့မှ ကိုယ့်အရပ်အမောင်းက မြေကြီးထဲပုဝင်သွားသလိုပဲ၊ ဟို နည်းနည်းလောက် ခါးကုန်းပြီးလျှောက်ပါလားဟင်၊ အထွန်းကိုကြည့်ပြီးလမ်းလျှောက်ရတာ လည်ပင်းညောင်းလို့"

ထွန်းသစ်စ ပြုံးလိုက်မိပြန်သည်။ ဒီကောင်မလေးက တကယ့်ကို ကလေးလေးတစ်ယောက်လို ဟန်ဆောင်မှုကင်းလွန်းသည်။ မျက်နှာလေးကလည်း ဖွေးနုသန့်စင်ပြီး အပြစ်ကင်း၏။

ချစ်စရာကောင်းမလေးကို သူ အလိုလိုက်စွာ ခြေထောက်တွေကွေးညွှတ်၍ ပုပေးလိုက်၏။

"ဟင်း ဟင်း အခုမှ အထွန်းမျက်နှာကို သေချာမြင်ရတော့တယ်၊ အဲဒီမိတ်ကပ်တွေသာ ဖျက်လိုက်ရင် အရမ်းကြည့်ကောင်းမှာသိလား"

"မိတ်ကပ်မပါတဲ့မျက်နှာကိုကြည့်ချင်တယ်ပေါ့"

"အင်း ကြည့်ချင်တယ်"

"ညနေ ပြန်လာမယ်ဆို၊ အဲဒီအချိန်ဆို မျက်နှာမှာ မိတ်ကပ်တွေ မရှိတော့ပါဘူး"

"ညနေကျ မကတော့ဘူးလား"

"ခြောက်နာရီလောက်ဆို အိမ်ပြန်မှုဖြစ်မှာ၊ ည ရှစ်နာရီလောက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခေါက်လာရမှာပေါ့''

''ဟဲ့ ဖော်၊ ညနေ ငါမလိုက်နိုင်ဘူးနော်၊ အမေ့ကို ဆေးခန်း လိုက်ပို့ရမှာ''

''အေးပါဟယ်၊ ငါကလည်း နင့်ကို ဖွတ်မခေါ်ပါဘူး၊ အထွန်း နဲ့ ခင်နေပြီဥစ္စာ၊ တစ်ယောက်တည်းလာလည်း မကြောက်ပါဘူး နော် အထွန်းရာ''

''အင်း အင်း ဟုတ်တယ်၊ ကျွန်တော် ရှိတာပဲ၊ ကြောက်စရာ မလိုပါဘူး''

ခွန်းတုံ့ဖော်တို့ နှလုံးပီတိ ဂွမ်းဆီထိသလို ကျေနပ်သွားသည် သူမက အဲလို အလိုလိုက် အလျှော့ပေးသူကိုမှ စိတ်ရောကိုယ်ရောနှစ်ခြိုက် ခင်တွယ်တတ်တာ။

''ပြန်မယ်နော် အထွန်း၊ ညနေမှလာမယ်''

လက်လေးပြကာ ထွက်ဆက်ထွက်သွားသော ကောင်မလေးရဲ့ ကားကို သူ မျက်စိတဆုံး လိုက်ငေးကြည့်နေမိသည်။ ရင်မှာဘာကြောင့် လှုပ်လှုပ်ခတ်ခတ် ဖြစ်မိသွားလဲမသိပါ။ သူ အများဆုံး ဆက်ဆံပေါင်း သင်းရသည်က ယောကျ်ားလေးတွေပင်။ ကြီးငယ်ရွယ်လတ် ဆိုဒ်စုံ အလွှာစုံ။

အချစ်တော်ထားဖို့ မြှူဆွယ်စည်းရုံးကြသူတွေရှိသလို အထင် သေးကာ စမ်းသပ်နှိမ့်ချချင်သူတွေလည်း ရှိ၏။





ကိုယ်က စိတ်မပါသော်လည်း ဒီလောကမှာ ကျင်လည်နေရသူ မို့ အလိမ္မာသုံးကာ ဉာဏ်ရှိရှိနှင့်ရှောင်ရှားရသည်။

ဒါဟာ သူ့ရဲ့ဝဋ်ကြွေးတစ်ခုလား။

ဒီဝဋ်ကြွေးတွေ မြန်မြန်ကျေပါစေ ဆုတောင်းနေပါသော် လည်း...။

---

www.burmeseclassic.com

## အခန်း (၃)

"ဒါက ဘယ်ကိုသွားဦးမလို့လဲ သမီး၊ ညနေသင်တန်းလည်း ရှိတာမဟုတ်ဘဲနဲ့ အိမ်ကပ်ပါဦးလား"

"အာ မေမေကလည်း သူငယ်ချင်းတစ်ယောက်အမေကို ဆေးခန်းလိုက်ပို့ပေးရမှာမို့ပါ၊ ဇော် နည်းနည်းနောက်ကျမယ်နော် မေမေ"

"ဟဲ့ မိဇော် နေဦး"

ပြောရင်းဆိုရင်း ကားသော့လေးကိုင်ကာ ကသောကမျော လှမ်းထွက်ဖို့ပြင်လိုက်စဉ်မှာ မေမေက အလျှင်အမြန်ပင် သူမလက်လေးကို ဖမ်းဆွဲထား၏။

"ထိုင်ဦး မိဇော်၊ ဘာလဲ မိန်းကလေးဖြစ်ပြီး လတ်လျားလတ်လျားနဲ့ မေမေ လုံးဝမကြိုက်ဘူး၊ ညည်းအဖေကို ဖုန်းလှမ်းဆက် တိုင်လိုက်ရမလား"





"မေမေကလည်း"

"မေမေကမလည်းနဲ့၊ မိဘနှစ်ပါးလုံးက အလိုလိုက်ထားလို့ သမီး စည်းပျက်ကမ်းပျက် ဖြစ်လွန်းနေတယ်၊ ဆယ်တန်းမှာလည်း ဆရာဝန်ဖြစ်မလားလို့ မျှော်လင့်ချက်ထားခဲ့ပေမယ့်၊ ရိုးရိုးဘွဲ့တစ်ခုပဲရတယ်၊ အခု ဟိုသင်တန်း ဒီသင်တန်း လျှောက်တက်နေပြီး စက်ရုံမှာလည်း ဘာအကူအညီမှမရဘူး၊ တစ်ခါတလေ ဖေဖေနဲ့ စက်ရုံလိုက်သွားပြီး ဆော့လာပါတော့လား"

"ဇော်က အချိန်တစ်ခုစောင့်နေတာပါ မေမေရဲ့၊ စက်ရုံမှာ မန်နေဂျာတွေရော လုပ်သားတော်တွေရော ရှိနေတဲ့ဥစ္စာ၊ နောက်တော့ ဖေဖေ့ကို အိမ်မှာ အေးအေးဆေးဆေး အနားယူခိုင်းပြီး ဇော် တာဝန်ယူပါ့မယ်"

ဒါကတော့ ဒီလိုပြောမိတိုင်း သမီးရဲ့လက်သုံးစကားပင်။ နောက်တော့မှ ဟိုအချိန်မှ ဒီအချိန်မှနဲ့ အလုပ်နဲ့ပတ်သက်ပြီး နည်းနည်းမှကို အလေးအနက်မရှိ။

ဖအေဖြစ်သူကလည်း ဦးစားပေး အလိုလိုက်ချစ်လိုက်တာမှ တုန်လို့။

"သမီးက ငယ်ပါသေးတယ်၊ ကျောင်းပြီးတာတောင် ရည်းစားသနာ ဘာသံမှကြားရတာ မဟုတ်ဘူး၊ အဲဒါကြောင့် ကိုကျော်ဆင့်တို့ဘက်က ချွေးမလေးဆိုပြီး ဖူးဖူးမှုတ် တန်ဖိုးထားနေကြတာပေါ့၊ သူ့သား ဆရာဝန်ဖြစ်ရင် သမီးက အိမ်ထောင်ပြုရတော့မှာ၊ ဒီကြားထဲ သူ့မိတ်



www.burmeseclassic.com

ကြိုက် ပျော်သလိုနေပါစေ''

ကိုယ့်ကိုတောင် ဒီလို တရားချသေးတာမို့ ဖအေနှင့်ငြိမ်းခြောက်လည်း သမီးက သိပ်မမှုပေ။ ဖေကြီးကတောင် ဘာမှမပြောဘဲနဲ့ဟု မိမိကိုတောင် အပြစ်ပြန်တင်ချင်သူ။

မိမိကတော့ မိခင်စိတ်နှင့်ဟိုလမ်းမသွားနဲ့ ဒီလမ်းမသွားနဲ့ စိုးရိမ်ပူပန်နေရတာ။ သားယောကျ်ားလေးသာဆိုလျှင် စက်ရုံမှာလည်း သူ့အဖေ မျက်နှာလွှဲရနိုင်သည်။ ဒီလိုမျိုးလည်း ပူပန်နေရမှာမဟုတ်။

''မေမေ''

''ဟင်''

သူမပြောတာ ဘာမှပြန်မပြောဘဲ မေမေ ငြိမ်နေတော့ စိတ်မရှည်စွာ မေမေ့ကို ဆောင့်ခနဲ ခေါ်လိုက်သည်။ မေမေက မျက်လွှာပင့်ကြည့်လာကာ

''ဆင်ခြေတွေအမျိုးမျိုးပေးပြီး ထွက်တော့မှာပဲမဟုတ်လား သွားသွား ဖေကြီးမရောက်ခင် မြန်မြန်ပြန်လာခဲ့''

ဟုတ်ကဲ့လို့ ကတိမပေးရဲ။ အခုက ထွန်းသစ်စဆီသွားမှာ နေ့လယ်ပြန်လာကတည်းက မိတ်ကင်းတွေ နတ်ကတော်အဝတ်အစားတွေနှင့် မြင်တွေ့ရတာ ရင်ထဲမှာ ဝမ်းနည်းသလိုလို၊ နှမြောသလိုလို

တခြား နတ်ကတော် အခြောက်တွေ ကတာခုန်တာ၊ မိတ်ကင်းလိမ်းတာကိုတော့ ဒီလိုမျိုး ခံစားမှုမဖြစ်တဲ့အပြင် သဘောတောင်ကျသေး





သည်။ မိန်းကလေးတွေထက်ပိုပြီး နုကြွနွဲ့ကြသည်မဟုတ်လား။

စကားပြောတော့လည်း ချွဲပျစ်သိမ်မွေ့လို့။ မိန်းမတို့ဣန္ဒြေ ရွှေပေးလို့မရဆိုတာ သူတို့ဆီမှာသာ တွေ့ရတာဖြစ်၏။ ဒါကြောင့်မို့ သူတို့တွေကို သူများတွေလို အထင်သေးတာမျိုးတွေ မရှိဘဲ ခင်မင်သဘောကျမိတာပင်။

''လမ်းခုံက ဂျမ်းဘုံတဲ့ဟေ့၊ ထန်းရေမြူအိုးလေးနဲ့ ကြက်အသည်းအမြစ်လေး စားရမှ ကျေနပ်မယ်ဟေ့''

ကားလေးကို မနက်က ကွမ်းယာဆိုင်မှာပင် အပ်ထားခဲ့ပြီး နတ်ကနားပွဲထဲ တိုးခွေ့ဝင်လာခဲ့တော့ ထွန်းသစ်စ အမေဂျမ်းဝင်၍ ခေါင်းတခါခါ ဆေးလိပ်တဖွာဖွာဖြင့် ညစ်တီးညစ်ပတ်တွေပြောကာ ကလိုက်သောက်လိုက်။

အထိန်းတော်တွေကိုလည်း အရက်တွေတိုက်၊ ဆိုင်းသမားတွေကိုလည်း အရက်တွေတိုက်။ အကလည်းကောင်းတော့ ရင်ဘတ်မှာလည်း ဘစ်ထောင်တန်တွေ ငါးထောင်တန်တွေ ချိတ်ဆွဲလို့။

ဒီအဖြစ်ကိုမြင်ရတာ၊ အရင်လို ရင်ထဲမှာပျော်မနေ။ ဒီလို နတ်ကတော်လုပ်တာ မျိုးရိုးကြောင့်လား၊ ဝါသနာပါလို့လား။ ဒါမှမဟုတ်

''နတ်ကတော်လုပ်တာ အချောင်နေ အချောင်စားရလို့တဲ့၊ ငိုစားငယ်စားထဲမှာ သူတို့လည်းပါတယ်၊ လူတွေကို လိမ်ညာတဲ့နေရာမှာ သူသာသားပါတယ်၊ အသိဉာဏ်နည်းတဲ့သူတွေကတော့ သူတို့ကို အထုတ်

www.burmeseclassic.com



မှတ်ကိုးကွယ်နေကြတာပေါ့၊ ကပေါက်တိကပေါက်ချာ လျှောက်ပြောရင်းက အပေါက်အလမ်းတည့်သွားရင် လူတွေက ယုံကြည်သွားတော့တာပဲ၊ တကယ်တမ်းက ကိုယ်လုပ်မှကိုယ်ရတာ၊ ကိုယ်သာမလုပ်ရင် သူတို့က လာကျွေးမှာလား''

အပြန်လမ်းမှာ မီမီခိုင်ပြောတော့ သူမ စိတ်ဆိုးမာန်ဆိုး လိမ်ဆွဲပစ်လိုက်မိသည်။ လူဆိုတာ ကိုယ်ကျွမ်းကျင်ရာနှင့် အသက်မွေးဝမ်းကျောင်းပြုရတာပဲမဟုတ်လား။ သူများက ဒါလုပ်လို့ ကြီးပွားပေမယ့် ကိုယ်က လိုက်လို့မှမဖြစ်တာ။ အသိုက်အဝန်း အသိမိတ်ဆွေဆိုတာမျိုး အရင်းအနှီး အထောက်အပံ့ဆိုတာမျိုးတွေ ရှိဦးမှ။

''ခွန်းတုံ့ဖော် ဒီရှေ့လာလေ''

''ဩော် သူသူ''

သူသူက ဘယ်လိုက ဘယ်လိုမြင်သွားသည်မသိဘဲ နတ်ကသည့်အဝတ်အစားကြီးနှင့် သူမကို လာခေါ်သည်။ မနက်က မီမီခိုင်စားထားသည့် ကြက်ကြော်နှင့်လိမ္မော်ရည်တွေအတွက် ဆက်သမည့် ကတိစကားရှိတာကြောင့် သူမရှေ့တိုးထွက်လိုက်လာခဲ့သည်။

အခုမှ ထွန်းသစ်စလည်း မြင်သွားဟန်ရှိပြီး

''သမီးတော်ကြီး ရောက်လာပြီလားဟဲ့၊ အမေက သမီးကို မျှော်နေတာကွဲ့၊ အိမ်က ထွက်လာရတာရော အဆင်ပြေရဲ့လား''

ဒါက နတ်ကမေးတာ မဟုတ်ဘူးဆိုတာ သူမ သိသည်။ သူမ





သည်း ပြောင်ချော်ချော် ဖြေလိုက်ဖို့ စဉ်းစားပေမယ့် တခြားပရိသတ်ညည်းသည်တွေရှိနေတာမို့ ပြုံးစိစိနှင့်သာ ခေါင်းညိတ်ပြပြီး သူ့ရင်ဘတ်မှာ ငါးထောင်တန်လေးရှက်ချိတ်ပေးလိုက်သည်။

ထွန်းသစ်စက ရင်ဘတ်ချင်းဆွဲကပ်၍ သပြေပန်းတခါခါဖြင့်

''သမီးမှာ အနှောင့်အယှက်တွေရှိရင် လမ်းဆုံက ဂျမ်းဘုံအမေရှင်းပေးရင် ကျေနပ်တယ်မဟုတ်လားဟော့''

''ကျေနပ်ပါတယ် အမေ''

''အေး အေး တပေါင်းတန်ခူး အကြောင်းထူးစေရမယ်ဟော့၊ ဘယ်သွားသွား ဘယ်လာလာ အမေနဲ့အဖေ ကြည်ဖြူကျေနပ်အောင် အမေတော့ ပေးမယ်ဟော့ သမီးရေ''

''အားကိုးပါတယ် အမေ၊ အမေ စောင့်ရှောက်မှ သက်သာရာမှာပါ၊ အပြန်ကျ အမေကိုယ်တိုင် လိုက်ပို့ရင် ပိုပြီးအန္တရာယ်ကင်းတာပေါ့''

''ဟေ အေး အေး ပို့ရတာပ၊ ပို့ရတာပ၊ ငါ့သမီး စိတ်ချမ်းသာစေရမယ်ဟော့၊ အမေ ကျွေးမှစား၊ အမေခြုံမှလုံတယ်ဆိုရင် အမေကလည်း အမေ့ဟာနဲ့အုပ်ထားရတာပေါ့အေ၊ ငါ့သမီး ဒီလိုပြောတာ အမေ ကျေနပ်တယ်ဟော့ သမီးရေ''

အတိုင်အဖောက်ညီနေတာကို သူသူက အထာတော့ကျနေပြီ နတ်ထွက်ချင်လည်း ထွက်တော့ဟု တီးတိုးသတိပေး၏။



www.burmeseclassic.com

ခဏနေတော့ သူသူ့ကို နင်ထိန်းထားဟုပြောပြီး နတ်ပြန်ကြွ၍ ထွန်းသစ်စ နောက်ခန်းထဲဝင်ကာ အဝတ်အစားလဲသည်။ မျက်နှာက မိတ်ကပ်တွေကိုလည်း မျက်နှာသစ်ဆပ်ပြာနှင့် ရေဆေးချပစ်၏။

ခွန်းတုံ့ဇော်က ထွန်းသစ်စကို တစေ့တစောင်း အကဲခတ်ပြီး ကားနားကနေ သွားစောင့်နေလိုက်သည်။

"ဇော်"

ကန္တကလျှဟန်တွေပျောက်ပြီး လက်ထဲမှာ အထုပ်အပိုးတွေ ဆွဲလျက် ထွန်းသစ်စ ရောက်လာသည်။ စပို့ရှပ်အဖြူစင်းလက်တို၊ ပုဆိုး ကွက်စိပ်အဝါ[illegible]ဖြင့် ထွန်းသစ်စက ရှင်းသန့်ကာ ခံ့ညားနေသည်။

"လက်ထဲက ဘာတွေလဲ"

"ဖေဖေ့အတွက် အရက်နဲ့အိမ်ကလူတွေအတွက် ကြက်ကြော်"

"ဟင် အဲဒါတွေ အိမ်သယ်တယ်"

"အင်း သယ်ရတာပေါ့၊ ဒီလို နတ်ပွဲရှိတဲ့အချိန်ပဲ၊ ဖေဖေက အရက်အကောင်းစားသောက်ရတာ၊ ကလေးတွေလည်း ကြက်ကြော် ကောင်းကောင်းစားရတာပေါ့ကွာ"

"အထွန်းမှာ ညီလေး ညီမလေးတွေရှိတယ်ပေါ့"

"ရှိတယ် ညီမလေးက ဆယ်တန်း၊ ညီလေးက ရှစ်တန်း။ ဖေဖေကတော့ အသက်ကြီးပြီဆိုတော့ အလုပ်သိပ်မလုပ်နိုင်တော့ဘူးလေ၊ မေမေက ဖေဖေ့ထက်ငယ်ပေမယ့် အိမ်ထောင်မှုကိစ္စတွေနဲ့ မအားလပ်တော့ အိမ်ရဲ့စားဝတ်နေရေး ပညာရေး ကျွန်းမာရေးက ကိုယ့်တာဝန်တွေချည်းပဲ"

ရင်ဖွင့်တာလား၊ အသိပေးတာလား မသိပေမယ့် ကြားရတာတော့ စိတ်သက်သာစရာမရှိပေ။ အိမ်အထိ ကားနဲ့လိုက်ပို့လို့ရော သင့်တော်ပါ့မလား။ အစက နတ်ကတော် အခြောက်မို့ ကိစ္စမရှိပေမယ့် အခုက တကယ့်ကို ယောကျ်ားစစ်စစ်ကြီးလို ဖြစ်နေတော့. . .။

"ဇော် ပြန်တော့မှာလား၊ ဟိုနားက လက်ဖက်ရည်ဆိုင်မှာ ထိုင်ပါဦးလား၊ ကိုယ် တိုက်ပါ့မယ်"

"အထွန်းက အချိန်ရလို့လား"

"ကိုယ်ကစောထွက်လာတာပါ ဖြစ်ပါတယ်၊ သူတို့လည်း ညနေစားဖို့ နားတော့မှာလေ၊ ညရှစ်နာရီလောက်မှ ပြန်စမှာ"

"တစ်ညလုံးလား"

"ဆယ်နာရီလောက်ဆို ပြီးပါပြီ"

"သုံးရက်ကြီးတောင်ဆိုတော့ အထွန်းတို့ ပင်ပန်းမှာပဲနော်"

"အရင်ကဆို ခုနစ်ရက် ခုနစ်လီ ကနားပေးကြတာ၊ အခုတော့ ကနားတောင် တစ်နှစ်တစ်ခါပေးတဲ့သူ ရှားသွားပြီ၊ ဒီပွဲကလည်း သားသား သဘော်ပေါ်တက်ရအောင်ဆိုပြီး အဓိဋ္ဌာန်နဲ့ပေးတာ"

"အဲလိုလုပ်လိုက်တော့ သဘော်ပေါ်တက်ရရောလား"

"ဇော်ကတော့ မေးတော့မယ်၊ အယူသီးတဲ့သူတွေကြောင့် ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တို့လို လူမျိုးတွေ လုပ်စားလို့ ဖြစ်နေတာပေါ့၊ နုတ်ကတော့ သဘော်ပေါ် ဆွဲတင်တာမျိုး တတ်နိုင်ပါ့မလား။ ကြိုးစားမှုနဲ့ အရည်အချင်းရှိမှ တိုက်ဆိုင်တာမျိုးလည်း ဖြစ်သွားတာပေါ့၊ မဖြစ်တော့လည်း အမှားလုပ်မိထားတာလိုလို ဘာလိုလို အပြစ်ရှာရတာပဲ''

သူ ပွင့်လင်းစွာ ပြောတော့ ခွန်းတုံ့ဇော် ရယ်သည်။ သူက လက်ဖက်ရည်ဆိုင်လေးကို ဦးဆောင်ကာ သွားတော့ ခွန်းတုံ့ဇော်နောက်ကနေ လိုက်လာ၏။

''ဇော် ဘာသောက်မလဲ''

''ကော်ဖီကစ်ခွက်ပဲ၊ မေမေက အပြင်မှာ စားသောက်လာရင် ဆူမှာ''

''မိဘတွေကို အရမ်းကြောက်ရလား''

''အဲလိုလည်းမဟုတ်ပါဘူး၊ စေတနာနဲ့ ဆုံးမသွန်သင်တာသိနေတော့ နာခံရတာ လက်ခံရတာမျိုးတွေလည်း ရှိတာပေါ့၊ ဖေကြီးနဲ့ မေမေက ခွန်းတုံ့ကို အရမ်းချစ်ကြတာ''

''အဲဒါကို အခွင့်ကောင်းယူပြီး ဇော်ကလန်ကဆန်လုပ်တာပဲ မဟုတ်လား''

''အယ် အထွန်း ဘယ်လိုလုပ်သိလဲ၊ နုတ်ဝင်နေတာလည်း မဟုတ်ဘဲနဲ့''

''ဇော့်ပုံစံကိုကြည့်ပြီး ပြောတာပါ၊ ဇော်က ကလေးဆိုးလေးလို



''အဲလို မပြောပါနဲ့၊ ဟုတ်တယ်''

ဘာရယ်မဟုတ် နှစ်ယောက်သား ရယ်မိကြသည်။ စားပွဲထိုး …း လာချပေးသော ကော်ဖီခွက်ကို ထွန်းသစ်စက ဇွန်းလေးနှင့် …ချာမွှေပြီးမှ ခွန်းတုံ့ဇော်ရှေ့ တိုးပေး၏။

''ဇော် သောက်လေ''

''အင်း ဟိုလေ မေးမလို့''

''ဘာမေးမှာလဲ၊ မေးလေ''

''နုတ်ကတုန်းက အထွန်း အရက်တွေသောက်တယ်လေ၊ မမူး …လား၊ နုတ်ကသောက်လို့ မူးတာတွေ၊ သူတို့ ယူသွားတာလားဟင်''

''ဟား ဟား အရက်ကိုဖျက်တာ ရေတဲ့၊ နုတ်ကိုဖျက်တာ …တွေကွ၊ တကယ့် နုတ်အစစ်က အရက်သောက်ပါ့မလား၊ ကောင်းတာ …ပ်လို့ ကောင်းတဲ့ဘုံဘဝမှာ နေနေကြတာပါ၊ ရိုးရာအစွဲနဲ့ လူတွေရဲ့ …ကြည်မှုကနေ၊ တစ်မျိုးပြောရရင် မလေ့ထုံးစံလိုဖြစ်နေတာပေါ့၊ ကိုယ့် …နေနဲ့တော့ ဘယ်လိုပုဂ္ဂိုလ်မျိုးပဲဖြစ်ဖြစ် မေတ္တာပို့၊ ကိုယ်လုပ်တဲ့ကုသိုလ် …ွ အမျှအတန်းပေးဝေ၊ အဲလိုမျိုးပဲဖြစ်စေချင်တယ်၊ ကိုးကွယ်မှုတွေ …က်စွန်း မရောက်စေချင်တာပါ၊ လူတွေကြောင့် နုတ်တွေက အရက် …ဖြစ်၊ ကြက်သမားဖြစ်နဲ့ ပြီးတော့ အရက်သောက်တဲ့မိန်းမ နုတ်တွေ … ဗုဒ္ဓဘာသာနဲ့ မကိုက်ညီဘူးဆိုပြီး အပြစ်ပြောရမလား၊ သူတို့စွန့်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အရက်တွေကို မိန်းမတွေသောက်နေကြတယ်၊ အဲဒါ မကောင်းဘူး''

စကားတွေအများကြီးပြောပြီး မောသွားဟန်ဖြင့် ထွန်းသစ်စ ရှေ့မှာရှိသော ကော်ဖီခွက်လေးကို ကောက်မော့၏။ သူမကတော့ လုပ် သော အလုပ်နှင့် ထွန်းသစ်စ ပြောနေတာတွေက သဟဇာ မဖြစ်ဘူးဟု ထင်မြင်မိ၏။

''ဒါဆို အထွန်းက ဘာလို့ ဒီလိုတွေလုပ်နေတာလဲ၊ သူများ ပြောသလို လိမ်ညာစားနေတာလား''

''အဲလိုလည်း မဟုတ်ဘူး၊ ကိုယ် ဒါမျိုး မလုပ်ချင်ပါဘူး ဘာဖြစ်လို့လဲဆိုတော့ ကိုယ်ငယ်ငယ်က ဆရာတွေ အချင်းချင်း ပြော ကြားဖူးတယ်၊ နတ်ကတော်တွေကြောင့် ကလေးတွေ အတုနိုးမှားတော့ ပဲတဲ့၊ အရက်သောက်၊ ကြက်တိုက်၊ ဆေးလိပ်သောက်၊ လောင်းကစား တင်နိုင်းနဲ့၊ ပြီးတော့ ဒီလိုမကောင်းတာတွေလုပ်တာတောင် နတ်ပြ ရောက်သေးတာလို့ အတွေးမှား အသိမှားတော့မှာပဲတဲ့လေ''

''အဲလိုတွေသိရဲ့နဲ့ အထွန်း ဒီလိုတွေ လုပ်နေတာ၊ ဖော်ဖေ နားမလည်နိုင်အောင်ပဲ''

''ဆန္ဒနဲ့ဘဝ တစ်ထပ်တည်းမကျလို့ပေါ့ ဖော်ရယ်၊ ဒီဘဝ ကိုယ်ရုန်းထွက်လို့လည်းရမှာမဟုတ်တော့ပါဘူး''

''ဘာဖြစ်လို့လဲဟင်''

မေမေ့ကြောင့်ပါလို့ အမှန်အတိုင်း ဝန်ခံသင့်ရဲ့လား။ မိသား





အတွင်းရေးတွေ ဖွင့်ချလောက်အောင်ထိ ခွန်းတုံ့ဖော်နှင့် မရင်းနှီးသေးပါ။ အခုတောင် ဒီကောင်မလေးရဲ့ ချစ်စရာကောင်းသော အပြုအမူ အပြော အဆို စတိုင်လေးတွေကို နှစ်သက်သာယာနေလို့။

''ဒီလိုပဲပေါ့ ဖော်ရယ်၊ ကိုယ့်အိမ်ရဲ့စားဝတ်နေရေး ကိစ္စဝစ္စတွေ က ကိုယ့်တာဝန်တွေချည်းပဲဆိုတော့''

''တခြားလုပ်စရာအလုပ်တွေ ရှိသားပဲ''

''ကိုယ့်မှာ ပညာမရှိဘူး၊ အရင်းအနှီးမရှိဘူး၊ ပြီးတော့ ဘွား ဘွားရဲ့ပညာအမွေကို မေမေက ကိုယ့်ကို လက်ဆင့်ကမ်း သင်ယူခိုင်းခဲ့ တာ၊ ကိုယ် ဘာအကြောင်းပြချက်နဲ့မှ ရုန်းထွက်လို့မရဘူးဆိုပါတော့''

''ဟွန်း ရင်မောစရာကြီး''

ချို့တဲ့ခြင်းဆိုတာ သူမနှင့်စိမ်းသက်လွန်းတာမို့ ကြားရတာ တောင် ခံနိုင်ရည်မရှိပေ။ ထွန်းသစ်စအပေါ် စာနာသနားစိတ်လေးလည်း ဝင်မိကာ

''ဒီအလုပ်နဲ့ကရော အဆင်ပြေရဲ့လား အထွန်း''

''ဒီအလုပ်ကလည်း အမြဲတမ်း အဆင်ပြေနေတာမဟုတ်ပါဘူး၊ အရင်တုန်းကလို နတ်ကနားပွဲ အမြဲပေးနေကြတာမှ မဟုတ်တာ၊ ပြောင်း လဲတိုးတက်လာတဲ့ ခေတ်ကြီးမှာ ဒီအပျော်တွေနဲ့ သာယာယုံကြည်တဲ့ သူတွေ နည်းသွားတယ်၊ မှေးမှိန်သွားတယ်ဆိုပါတော့၊ ဒါပေမဲ့ အရိုးစွဲ ယုံကြည်နေတဲ့သူတွေလည်း ရှိသေးတာကြောင့် တောင်ပြုံးပွဲချိန်နဲ့ ဒီလို



www.burmeseclassic.com

www.burmeseclassic.com



ကနားပွဲလုပ်တဲ့သူတွေနဲ့ဆိုရင် အဆင်ပြေသေးတယ်လို့ပဲ ပြောရမလား"

"ဟိုလေ အထွန်းတို့လို အခြောက်တွေ"

"ဘာ"

"အဲ မိန်းမရှာတွေပြောတာ"

"ဇော်ကလည်း"

တခြားသူတွေ အဲလိုပြောတာ ဘယ်လိုမှမနေပေမယ့် ခွန်းတုံ့

ဇော်ဆီက ဒီလိုအသံကြားရတော့ ရှက်ရွံ့ထူပူကာ မျက်နှာတစ်ခုလုံး

နီမြန်းနေသည်။ ဒီကောင်မလေး တကယ်ကို အလိုက်ကန်းဆိုးမသိ

ဘာကိုပြောချင်တာလည်း မသိတာကြောင့်

"ပြောမယ့်ဟာကို မြန်မြန်ဒဲ့ပြောကွာ၊ အဲဒီ နာမ်စားကြီးကို

အသုံးမပြုဘဲ"

"အဲဒါ အစိကကို"

"ကဲ ပြောကွာ"

"ဟို အလှပြင်ဆိုင်တို့ ဒီဇိုင်နာတို့ အဲဒါမျိုးတွေ လုပ်ပါလား

ဟင်၊ အထွန်းတို့လို လူမျိုးတွေက အဲဒီဘက်မှာလည်း ပညာရှင်တွေ

တာပဲ၊ တချို့ဆို အရမ်းတောင် ချမ်းသာအောင်မြင်နေကြပြီ"

"ကိုယ့်ကို အဲလို အတတ်ပညာတွေ မေမေကမှ သင်ခွင့်မပေး

ခဲ့တာ၊ တခြားအလုပ်ပင်ပန်းချင် ပင်ပန်းပါစေ၊ လုပ်မယ်ဆိုတာလည်း

ခွင့်မပြုဘူး"





"ဘယ်လိုကြီးလဲ"

"ကိုယ်လည်း အဲလို ခဏခဏတွေးတယ်၊ မေမေ ဖြစ်ချင်တာ

ဘာ ဘယ်လိုလဲပေါ့၊ ဒါပေမဲ့ ဒါတွေက မေမေ့ ဒေါသတွေအောက်မှာ

အဆုံးသတ်သွားမြဲပါ၊ အဲဒါကြောင့် ဒီဘဝမှာပဲ ပျော်အောင်နေလိုက်တော့

တာ"

ဘာကြောင့်များ ရင်ထဲမှာ ထိနိုက်ခံစားမိသွားလဲ မသိပေ။

ဆန္ဒနှင့်ဆန့်ကျင်စွာ ရပ်တည်နေရသော ထွန်းသစ်စ ဘဝလေးကို

စာနာစိတ်တို့ ယိုဖိတ်မိတာတော့ အမှန်။

တွေ့ကြတာ မကြာသေးပါဘဲ ဝေဒနာအရိပ်တို့ ဆထက်တပိုး

တိုးပွားလာတာ ရေးဘဝ အတိတ်ကြောင့်လား။

ရှင့်ဘဝအကြောင်းတွေ တစ်စွန်းတစ်စမကျန် သိချင်လိုက်တာ။

အချိန်တွေရဲ့စေ့ဆော်မှုကြောင့် သူမ လက်က နာရီလေးကို

မော့ကြည့်ရ၏။

"ပြန်ချင်ပြီလား ဇော်"

"အင်း"

"ဒါဆို ပြန်တော့လေ၊ နောက်ရက်တွေ ဇော်လာဦးမယ် မဟုတ်

လား"

"အင်း"

"ကိုယ် ပြန်လိုက်ပို့ရဦးမလား"



www.burmeseclassic.com

www.burmeseclassic.com



''အင်း အဲ ရပါတယ်၊ ဟိုအထွန်းက ဒီကို ပြန်လာရဦးမှာ မဟုတ်လား၊ နောက်နေ့မှ ဖော် လာခဲ့မယ်လေ ဖော်''

''ဟုတ်ပါပြီ ကိုယ် မျှော်နေမယ်''

လမ်းခွဲရခြင်းရဲ့ အဓိပ္ပါယ်က ရင်မှာ လစ်ဟာရခြင်းဆိုတာ အခုမှ သိ၏။ ကားလေးကို လိုမ့်ထွက်စဥ်မှာ ခွန်းတုံ့ဖော် လက်လေးကို မသိမသာ လှုပ်၍ တာ့တာပြသည်။

ကလေးဆန်သော ထိုကောင်မလေးကို တမေ့တမော ငေး၍ လက်ကလေးပြမိ၏။ သူရော ကလက်တက်တက် ကလေးဆန်သွားခဲ့ပြီလား။ သူကတော့ ဒီအဖြစ်အပျက်လေးကို ကြည်နူးစွာဖြင့်. . .။

■ ■ ■

## အခန်း (၄)

''ဟာ ကိုကိုကြီး ပြန်လာပြီ၊ လက်တဲ့မှာ အရက်ပုလင်းလည်း ယ်၊ ကြက်ကြော်လည်းပါတယ်''

ညီငယ်က သူ့လက်ထဲက အထုပ်တွေကို လာဆွဲ၏။ မေမေက အတိုင်း မျက်နှာတည်တင်း သုန်မှုန်လျက် ခပ်လွှဲလွှဲ လုပ်ထားသလို လေးက မကျေမနပ် မျက်စောင်းဝင့်၏။

''ကိုကို နတ်ပွဲကပြီး ပြန်လာတာလား''

''ဪ အင်း ဟုတ်တယ် ညီမလေး၊ ဘော်ဒါက အလည်ပြန် က်နေတာလား၊ အပြန်သုံးဖို့ ပိုက်ဆံယူသွားဦးလေ''

''ကိုကိုရယ် အဲဒါကြီး မကာပါနဲ့လား၊ သူငယ်ချင်းတွေက နင့် ကိုက အခြောက်ကြီး၊ နတ်ကတော်ကြီးလို့ စကြနောက်ကြရင် ကြားဖြူ ရှက်တာပဲ''

www.burmeseclassic.com



"ညီမလေးရယ် ကိုကိုလည်း တခြားအလုပ်ပြောင်းလုပ်ချင် တယ်၊ အိမ်ရဲ့စားဝတ်နေရေး၊ ညီမလေးတို့ရဲ့ပညာရေးကြောင့် ဒီအလုပ်က ဝင်ငွေကောင်းတော့ ဒီလိုအဆင်ပြေပြေလေး နေနိုင်တာ ကွာ၊ နော် ညီမလေး အဲဒါကြောင့်ပါ"

"ဟင့်အင်း အဲဒီအလုပ်လုပ်မှ ညီမလေးကျောင်းတက်ရမှာ မတက်တော့ဘူး ကိုကို၊ ညီမလေး ကျောင်းထွက်မယ်၊ အလုပ်လုပ်မယ် ကိုကိုနဲ့တူတူ ဈေးရောင်းတာဖြစ်ဖြစ် လုပ်မယ်"

"ညီမလေးရယ် ဟို"

"မိကြာဖြူ"

မေမေ့အသံ ခပ်စူးစူးကြောင့် သူ စကားစဆက်လို့မရအော တိတ်ကျသွားရသည်။ မေမေက ညီမလေးနှင့် သူ့ရှေ့ဖျတ်ခနဲ ရောက် လာကာ

"ညည်းက ကလေးအရွယ်ရှိသေးတာ၊ ဘာအလုပ်လုပ်မယ် အကြောင်း ပြောနေတာလဲ၊ ထွန်းသစ်စ လုပ်နေတဲ့အလုပ်က ဘာမ သားတာရှိလို့ ရှက်တယ်ပြောရတာလဲ ပြောစမ်းပါဦး၊ ဒါ ညည်းတို့အဘွ ရဲ့ ပညာလေ၊ သူမှဆက်မထိန်းရင် မိဘရဲ့အသက်မွေးဝမ်းကျောင်း စော်ကားသလို ဖြစ်နေမှာပေါ့"

"ဒါတော့ ဒါပေါ့ မေမေရယ်၊ ကိုကိုက ယောကျ်ားရင့်မာကြီး ပါ၊ ဝါသနာလည်းပါတာမဟုတ်ဘူး"





"ဟဲ့ ဝါသနာပါတာ ရွေးလုပ်နေရင် ထမင်းငတ်သွားမှာပေါ့၊ အသက်ကြီးနေတဲ့ ယောက်ျားကလွဲရင် ဘာအလုပ်လုပ်နိုင်လို့လဲ၊ ဒီ ပညာလေး တတ်ထားလို့ ထမင်းဝနေတာ၊ ပုန်မကန်နဲ့"

"ကြာဖြူ ပုန်ကန်နေတာ စော်ကားနေတာ မဟုတ်ဘူး မေမေ၊ ကိုကို ဒီအလုပ်ကို မလုပ်ချင်ဘဲလုပ်နေရတာ ဘယ်လောက် သနားဖို့ ကောင်းလဲ၊ ကြာဖြူတို့ တစ်မိသားစုလုံးအတွက် ရုန်းကန်နေရတာ ပင်ပန်းပါတယ်"

"ဒါဆို ငါ အလုပ်ထွက်လုပ်ရမလား၊ ညည်းတို့ အကုန်လုံးကို ငါ ရှာကျွေးပါ့မယ်၊ အိမ်မှာဝေယျာဝစ္စ အိမ်ဖော်လိုလည်း လုပ်မယ်၊ အပြင်ထွက်ပြီးလည်း အလုပ်လုပ်မယ်"

"မေ မေမေရယ် မဟုတ်တာ၊ ညီမလေး သွားသွား၊ အခန်းထဲ သွားတော့၊ ကိုကို နောက်ပြီး မုန့်ဖိုးလာပေးမယ်နော်"

ညီမလေးကို လက်ဆွဲကာ အခန်းထဲလိုက်ပို့ပြီးမှ မေမေ့ရှေ့မှာ ပြန်လာထိုင်ရသည်။ မေမေက သူ့ကိုခပ်စိမ်းစိမ်းပင် မျက်စောင်းဝင့်၏။

"မင်းက ဒီအလုပ်ကို ဘယ်လောက်တောင် ဝါသနာမပါဘူး၊ မလုပ်ချင်ဘူး ညည်းညူထားလို့ ကြာဖြူက အတိုက်အခံ လုပ်နေရတာ လဲ ထွန်းသစ်စ"

"အဲလို မပြောမိပါဘူး မေမေရယ်၊ မေမေ့ကို ကျွန်တော် ပြောနေတာတွေကြားလို့ ဖြစ်မှာပါ၊ အရွယ်လေးလည်းရလာတော့ သူ့ဟာသူ



www.burmeseclassic.com

www.burmeseclassic.com



ချင်းတွေကြားမှာ ရှက်လို့ဖြစ်ပါလိမ့်မယ် မေမေ''

''ထားပါတော့ မင်းက ညည်းညူမိတာမဟုတ်ဘဲ၊ ငါ့ကိုပြောတုန်း ကြားတယ်ပဲထားပါ၊ ခုနက ကိုကိုလည်း ဘယ်လုပ်ချင်ပါ့မလဲဆိုတဲ့ စကားကရော ဘာလဲ၊ တခြားအလုပ်ပဲ လုပ်ချင်တယ်ဆိုတာကရော မင်းမလုပ်ချင်ဘဲ ငါက အဓမ္မအမိန့်ပေးခိုင်းနေတယ်ပေါ့၊ ဒီလိုမျိုး ကြားဖြူကို ပြောချင်တာလား''

''မေမေရယ်''

''မင်း လုပ်မကျွေးချင်ဘူးဆိုရင် မသဒ္ဓါဘူးဆိုရင်လည်း နေလိုက် ထွန်းသစ်ရေ၊ ငါ့ဘာသာ ခုနကပြောသလိုပဲ''

သူ မေမေ့လက်ကို ဖျတ်ခနဲပင် ဆုပ်ကိုင်လိုက်သည်။ မေမေ သည်သို့ အရွဲ့တိုက်တော့မယ်ဆို သူ လက်လျှော့ရမြဲပါ။

''မေမေ အဲလိုတွေ မပြောပါနဲ့၊ ကျွန်တော် ဒီအလုပ်ကိုလုပ်ပြီး မေမေတို့ကို ပြည့်စုံအောင်ထားမှာပါ၊ ရော့ မေမေ ဒီနေ့ငါးသောင်းလောက်, ရခဲ့တယ်၊ နောက်နှစ်ရက်လည်း ကျန်သေးတော့ ဒီလ အိမ်စရိတ်တော့ အဆင်ပြေသွားပါပြီ၊ ပွဲငှားလို့ သပ်သပ်ရတဲ့ဟာကို မေမေ ဆွဲကြိုးလေး ပြန်ရွေးပေးမယ်နော်''

''ဟိတ်ကောင် မင်းက မင်းအမေကိုပဲ ပေးနေတယ်၊ ငါ့ဖို့ရော မပါဘူးလားကွ''

ဖေဖေက ဒယီးဒယိုင်ဖြင့် အိမ်ထဲဝင်လာပြီး ပြောသည်။ ဖေဖေ့





[illegible]ကို အလျင်အမြန်ပင် တွဲကူလိုက်ရကာ

''ဖေဖေဖို့လည်း အရက်ပုလင်းအကောင်းစား ပါပါတယ် ဖေဖေ ကြက်ကြော်လည်းပါတယ်၊ ကျွန်တော် ပွဲပြင်ပေးမယ်နော် ဖေဖေ''

''အေး အဲလို လုပ်စမ်းပါ၊ ဒီနေ့ ဘောလုံးပွဲကောင်းတယ်ဆိုလို့ ဘောလုံးပွဲသွားထိုးရင်းနဲ့ မစိန်ဆိုင်မှာ နှစ်ရာဖိုး ဝင်သောက်လာခဲ့တယ်၊ အရက်ကလည်း ရေအတိုင်းပဲ၊ မူးလည်းမမူး၊ ဘာအရသာမှလည်း မရှိ [illegible]အေး ဘောလုံးပွဲထိုးဖို့ ပိုက်ဆံလေးလည်း ပေးခဲ့ဦးနော် သား''

သူ ခေါင်းညိတ်ပြရင်း အိတ်ကပ်ထဲမှာ ချန်ထားသော တစ်[illegible]ထောင်တန်သုံးရွက် ထုတ်ပေးလိုက်ရသည်။ ဖေဖေက အာလေးလျှာလေး [illegible] သူ့ပခုံးကိုပုတ်ကာ သာခုခေါ်၏။ ဖေဖေ့အတွက် အရက်ပုလင်းနှင့် [illegible]နှခွက်ချပြီး ကြက်သားဖတ်လေးတွေပါ ထွင်ပေးလိုက်သည်။

မေမေ့ထက် အသက်ဆယ်နှစ်လောက်ကြီးသော ဖေဖေက ပို[illegible]ဆိုစာ၏။ ဒါပေမဲ့ အလုပ်ပင်ပင်ပန်း[illegible]သော မလုပ်နိုင်တာ၊ အရက်[illegible]တော့ သောက်နိုင်သေးသည်။ မေမေနဲ့ဆိုလည်း တကျက်ကျက်။ အလု[illegible]န်တွေရှိနေသေးသော မေမေ့ကို ဖေဖေ စိတ်မချနိုင်ဖြစ်နေတာပဲဖြစ်[illegible]ည်ထင်၏။ မေမေကလည်း တကယ်ချစ်လို့ လက်ထပ်ထားတာနှင့်မတူ[illegible]တော်အောင်ကို အနေစိမ်းသည်။

အခု သူလုပ်ကိုင်ပေးနေတာတောင် နှာခေါင်းတရှုံ့ရှုံ့ပါ။

''နှင့်အဖေလည်း အဲဒီအရက်တွေသောက်ပြီး မြန်မြန်သေမှ



www.burmeseclassic.com

www.burmeseclassic.com



အေးမှာ၊ ငါ့ကကိုက ဆိုးတာပါ၊ ဒင်းတို့တွေကြောင့် ဒီလို အရက်သမား သက်ကြားရွယ်အိုကြီးနဲ့ ယူရတာ''

ဘယ်သူ့ကို ရည်ရွယ်ပြောတာ မသိပေမယ့် အဲဒီ ဒင်းတို့ဆိုတာ ကတော့ အခါအခွင့်ကြုံတိုင်း ကြိတ်မနိုင်ခဲမရ ဒေါသတွေဖြစ်နေမြဲပင် ဖေဖေ့ကိုလည်း ထိုသို့စကားလုံးများဖြင့် ကြိမ်းမောင်းပြောဆိုသော်လည်း ဖေဖေက မသိချင်ယောင်ဆောင်ကာ နားဝေတိမ်တောင် နေတတ်သည်။

ဒါပေမဲ့ အရက်အရှိန်မူးလာလျှင် ဖေဖေလည်း ဗလုံးဗထွေး ပြန်ပေါက်ကွဲတတ်၏။ သူကတော့ ထိုအချိန်ဆို အသံဗလံတွေကြားပြီး စိတ်မညစ်ရအောင် ညီလေးနှင့်ညီမလေးကို အဝေးတစ်နေရာ ခွဲခေါ် သွားရသည်။

အခုလည်း ဖေဖေ့ရဲ့တုံ့ပြန်အကြည့်စိမ်းကြောင့် မေမေနှင့် ပြဿနာဖြစ်မလား တွေးပူမိ၏။

''အချိန်တွေတောင် ကြာခဲ့ပြီ အဲဒါတွေကို မေ့ထားလို့မရသေး ဘူးလား မာလာဆွေ၊ ငါနဲ့ပေါင်းသင်းလို့ ကလေးတွေ ဒီအရွယ်ရောက်နေ တာတောင် အတိတ်ကို တူးဆွချင်တုန်းပဲလား''

''မေ့မှာစိုးလို့ကို ကိုယ့်ကိုယ်ကိုယ် အမြဲသတိပေးနေခဲ့တာ ကျွန်မ ဘဝတစ်ခုလုံး ဂျွမ်းထိုးမှောက်ခုံ ကပြောင်းကပြန် ဖြစ်အောင် လုပ်တဲ့သူတွေကို လက်စားချေရမှ ကျေနပ်နိုင်မှာ''

''အခုရော မင်းလက်စားချေနေတာမဟုတ်ဘူးလား၊ ထွန်းသ





တက''

''ကိုကျော်ဇွေ တော်ပြီ တော်ပြီ ရှင် ဘာမှဆက်မပြောနဲ့တော့၊ နို့ရင် အိပ်ရာထဲဝင်နေ၊ ထွန်းသစ်စ မင်းလည်းပြန်သွားရဦးမှာ မဟုတ် လား၊ နှင့်ညီမကို မုန့်ဖိုးပေးပြီးရင်သွားတော့''

''ဟုတ်ကဲ့''

မေမေ့ရဲ့ဩဇာအပြည့်နှင့် အမိန့်သံအဆုံးမှာ သူ ညီမလေး အခန်းဘက် ထလာခဲ့ရသည်။ သူ ရှိနေလျှင် မေမေတို့ ရန်ပွဲက အဆုံး သတ်သွားမြဲ။ မေမေက အော်ဟစ်ရပ်တန့်ပစ်လိုက်တာရှိသလို ဖေဖေက အရက်ခွက်ကို ဆက်တိုက်ကောက်မော့၍ သက်ပြင်းတွေချနေတာလည်း မြင်၏။

''ညီမလေး''

တံခါးခေါက်ကာ ညီမလေး အခန်းထဲ ဝင်လာခဲ့သည်။ ညီမ လေးက စာကျက်နေတာမဟုတ်တဲ့ စာကြည့်စားပွဲခုံနားမှာ ငြိမ်သက်စွာ ထိုင်လျက်ရှိသည်။

''ညီမလေးအတွက် မုန့်ဖိုးတစ်သောင်း''

''မယူချင်ဘူး ကိုကို''

စားပွဲပေါ်တင်ပေးသော ပိုက်ဆံကို ညီမလေးက သူ့လက်ထဲ ပြန်ထည့်၏။ သူ စိတ်မကောင်းဖြစ်ကာ ညီမလေးလက်ထဲ ပြန်ထည့်၍ ညီမလေးလက်ကို ဆုပ်ကိုင်ထားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



''ဘာဖြစ်လို့လဲ ညီမလေးရယ်၊ ကိုကို စိတ်မကောင်းအောင် မလုပ်ပါနဲ့''

''ကိုကို မလုပ်ချင်တဲ့ ဒီအလုပ်ကရတဲ့ငွေကို ညီမလေး မသုံး ချင်ဘူး ကိုကို''

''မဟုတ်တာဘဲကွာ၊ ဒီအလုပ်ကို ကိုကို ဝါသနာမပါဘူးဆို ပေမယ့် အသက်မွေးဝမ်းကျောင်းအနေနဲ့က ဒီပညာပဲတတ်တာ၊ ပြီးတော့ ဘွားဘွားရဲ့လက်ဆင့်ကမ်းအမွေလေ၊ မေမေကလည်း ဆန္ဒရှိနေတာ ကိုကို ဆက်ထိန်းရမှာပေါ့ ညီမလေးရဲ့၊ ဒါမှ တစ်မိသားစုလုံးကို တာဝ ယူနိုင်မှာ''

''ဒါကို ညီမလေး နားလည်ပါတယ်၊ ဒီလိုလုပ်မှ ပြည့်စုံတာ ထက် တခြား အလုပ်ကိုလုပ်လို့ အဆင်မပြေလည်း ညီမလေး စိတ်ချ သာနိုင်မယ်ထင်တယ် ကိုကို၊ သူငယ်ချင်းတွေကြားမှာလည်း အရှက် တယ်၊ ပတ်ဝန်းကျင်ကလည်း ကိုကို့ကို ယောကျ်ားတွေ တရှုန်းရှုန်း ဘယ်နေ့ အောက်ကျတယ် ကြားရမလဲမသိဘူးဆိုပြီး အထင်အမြင်သေ ဖြစ်နေကြတာ''

''ကိုကိုလည်း အဲဒီသိမ်ငယ်မှုကြောင့် ဒီဘဝကြီးက ရုန်းထွက် ချင်တာပါ။ ကိုယ့်ရဲ့စိတ်က ဘယ်လောက်ပဲ ရိုးသားပါစေ၊ ပတ်ဝန်းကျင် ကတော့ ဒီအတိုင်း မြင်နေကြမှာပဲ၊ ဒါပေမဲ့ ကိုယ်ကောင်းရင် ခေါင်း ဘယ်မှမရွှေ့ပါဘူး ညီမလေးရယ်''





''ကိုကို့မှာ ရည်းစားတွေဘာတွေ မရှိဘူးလား''

''ဟင် ဘယ် ဘယ်လိုရည်းစားကိုပြောတာလဲ''

''ကိုကိုက ယောကျ်ားကြီးပဲဥစ္စာ၊ မိန်းကလေးရည်းစားကိုပြော တာပေါ့၊ အဲလို မိန်းကလေးရည်းစား ကိုယ့်ကိုလည်း တကယ်ချစ်တယ် ဆိုရင် ခိုးပြေးပြီး ယူလိုက်''

''ဘာဖြစ်လို့လဲ ညီမလေးရ''

ညီမလေး ဘယ်လိုအတွေးတွေနှင့် ပြောနေလဲ သူ နားမလည်။ ညီမလေးက သူ့ကို ခုံတစ်လုံးမှာ ထိုင်စေကာ

''ကိုကို မိန်းမယူပြီး အိမ်ကထွက်သွားရင် ကိုကို ဒီဝဋ်ကြွေး က ကျွတ်ပြီပေါ့''

''ညီမလေးရယ် ကိုကို ဒီလိုလုပ်လိုက်ရင် ဒီမိသားစု ဘယ်လို နေကြ စားကြမလဲ၊ ညီမလေးနဲ့ညီလေး ပညာရေးတစ်ပိုင်းတစ်စ ဖြစ်သွားမယ်၊ ဖေဖေနဲ့မေမေလည်း အသက်ကြီးမှ အနေဆင်းရဲအစား ဆင်းရဲဖြစ်သွားမှာပေါ့။ ကိုကို ကိုယ်လွတ်ရုန်းမထွက်ရက်ပါဘူး ညီမလေး ရယ်''

''ကိုကိုရယ် ကိုကိုတစ်ယောက်တည်း ပေးဆပ်နေရတာ''

ထွန်းသစ်စကိုဖက်ကာ အိမ့်ကြာဖြူ မျက်ရည်ကျသည်။ မေမေ့ ရဲ့ဆူပူမာန်မဲမှုတွေ၊ မကောင်းမြင်မှုတွေကို အမြဲလို သည်းခံနေရသော ကိုကို့ကို ကြာဖြူ သနားလှပါသည်။ ငယ်စဉ်တည်းက မေမေရော ဖေဖေ

www.burmeseclassic.com



ရော ကိုကို့ကို မျက်နှာသာမပေးကြ။ သူမတို့ မောင်နှမနှစ်ယောက်အပေါ် လည်း အနစ်နာခံနိုင်းသည်။ ကျောပိုးပြီး ကျောင်းလိုက်ပို့နိုင်းလို့ ကိုကို ကျောင်းနောက်ကျရတာလည်း အကြိမ်ကြိမ်။

သူမတို့ကို ကိုကို ငြိုငြင်လျှင် ကိုကို့ကို လူးလိမ့်နေအောင် မေမေ ရိုက်သည်။ အငယ်တွေအပေါ် ဒီလောက်တောင် သည်းမခံနိုင်ဘူး လားတဲ့။

သူများမိဘတွေဆိုလျှင် သားဦးမြေးဦးကို ချစ်လိုက်ကြတာမှ တုန်လို့။ ဦးစားပေး အလိုလိုက်ကြလို့ ဆိုးမိုက်သွားသည့်သူတွေတောင် ရှိကြသေးတာ မဟုတ်လား။

အခုတော့ ကိုကို့ကို သူမတို့လောက် ဖေဖေနှင့်မေမေ မချစ် ကြတာလဲ။ မိသားစုအတွက် ဘာလို့ ဒီအလုပ်နှင့်အသက်မွေးဝမ်းကျောင်း ပြုပြီး ရှန်းကန်ပေးဆပ်နိုင်းနေတာလဲ။

ဒါဟာ ဝဋ်ကြွေးတစ်ခုသာ မဟုတ်ခဲ့ဘူးဆိုလျှင် ကိုကို လွတ် မြောက်နိုင်ပါစေ။

■ ■ ■



## အခန်း (၅)

"နင် ဘာတွေဆုတောင်းနေတာလဲ ဖော်၊ နင် လုပ်နေပုံက ...က်အတန်နဲ့ ရင်းနှီးမှုမဟုတ်ဘူး။ သံသရာရှည်ရှည် ပတ်သက်ချင်နေ ...လဲ"

"ငါက ဘာလုပ်လို့လဲ"

"ဟဲ့ တစ်ခါသွား တစ်ခါတွေ့ တော်ပြီပေါ့။ အခုက ဒီနတ်ကနား ...ဦးမချင်း မနက်သွား ညနေသွား။ ပြီးတော့ အိမ်အပြန်ကိုစောင့်ပြီး ...တစ်ဆိုင်မှာ စကားတွေပြော၊ လိုက်ပို့နိုင်း။ နင်တို့ ဘယ်အခြေအနေ ...ရင်းနှီးပတ်သက်နေကြပြီလဲ ဖော်"

မိမိနိုင် မေးခွန်းကို မဖြေဘဲ ခွန်းတုံ့ဖော် ဟီးခနဲ ရယ်ချ၏။ ...ိုင်က ဒေါသဖြစ်ကာ မျက်စောင်းဝင့်သည်။

www.burmeseclassic.com



''ယောက်ျားမဟုတ် မိန်းမမဟုတ် နတ်ကတော် အခြောက်
နင် ဘာလို့ ပတ်သက်ချင်နေရတာလဲ ဖော်ရယ်၊ သူနဲ့ခင်ရလို့ ကို
အတွက် ဘာတွေအကျိုးအမြတ်ရမှာမို့လဲ''

''ငါ ဘယ်အချိန်တုန်းက လူတစ်ယောက်ကို အကျိုးအမြ
ကြည့်ပြီး ခင်ဖူးလို့လဲ''

ခွန်းတုံ့ဖော်က မေးခွန်းပြန်ထုတ်တော့ မိမိခိုင် အနေခက်သွ
ရသည်။ ခွန်းတုံ့ဖော်က စိတ်ရင်းစေတနာကောင်းပြီး အခွင့်အရေးသ
မဟုတ်ပါ။ မိမိအပေါ်တောင် ကျောင်းစရိတ်ကအစ အစစအရာ
ပေးကမ်းထောက်ပံ့နေသူ။

မပြည့်စုံတဲ့သူဆိုပြီး နှိမ့်ချဆက်ဆံတာမျိုးလည်း မရှိ။

''ဒါပေမဲ့ ငါပြောတာက အဲဒီအခြောက်မှာ ဘာတွေအထ
စရာရှိမှာလဲ၊ ပတ်ဝန်းကျင်အမြင်မှာ ယောက်ျားလေးနဲ့တွဲတာလ
မဟုတ်၊ မိန်းကလေးချင်း အချစ်တော်ထားတာလည်း မဟုတ်၊ ချ
စားတာအပြင် အခွင့်အရေးယူရင် နင်ပဲနစ်နာမှာ''

''ချူမြှိုက်စားတယ်ဆိုတာက''

''ပိုင်းလုံးလုပ်တယ်လေ၊ နင်က သူဌေးသမီး၊ ဟိုက အ
မပြေလို့ ဒီအလုပ်လုပ်စားနေတာ''

''လူတစ်ယောက်အကြောင်းကို ဂဃနဏ မသိဘဲ အဲလေ
အထင်မသေးပါနဲ့ မိမိ၊ ဒီအလုပ်လုပ်နေကြပေမယ့် လူတိုင်း မရိုးသာ



တွေချည်း မဟုတ်ပါဘူး။ ဘဝမှာ လူဖြစ်လာတာချင်းတူကြပေမယ့်
ခြေအနေအဆင့်အတန်းတွေက တစ်တန်းတစ်စားတည်း မဟုတ်ကြ
ဘူး။ ကိုယ် ရောက်လာခဲ့တဲ့ ပတ်ဝန်းကျင်ရဲ့အခြေအနေအတိုင်း ရှန်း
န်ရင်ဆိုင်နေကြရတာပါ''

''နင် သူ့အကြောင်း ဘယ်လောက်သိထားလို့လဲ ဖော်''

ပြုံးပိုင်းနေသော ခွန်းတုံ့ဖော် မျက်ဝန်းလေး ရီဝေဝေနှင့်မှေး
ည်သွား၏။ ထိုင်ခုံမှာ ကျောကပ်ကာ ရှေ့က ကော်ဖီခွက်ကို အရသာ
ခပ်မျှဉ်းမျှဉ်းသောက်ပြီး စားပွဲပေါ်ပြန်ချသည်။

''နင် ဘာမှမသိလို့ အဲလောက်စဉ်းစားနေရတာ မဟုတ်လား။
သူနဲ့ပတ်သက်ပြီး ရှေ့မဆက်ပါနဲ့တော့ဟာ၊ အခြောက်နဲ့ ပတ်သက်နေ
လူမြင်လည်းမတော်ပါဘူး၊ လူကြားလို့လည်း မကောင်းပါဘူး''

''သူလည်း လူတစ်ယောက်ပဲလေ၊ ဘာလို့ လူလူချင်း ပတ်သက်
မသင့်တော်ဘူး၊ ကြားလို့မကောင်းဘူး ပြောရတာလဲ၊ လူတန်းစား
အရင်းရှင်ထဲမှာ ငါ မပါဘူး မိမိ၊ ငါက သူ့ဘဝကို စိတ်ဝင်စား
ယ်၊ ဒီအလုပ်ကို မလုပ်ချင်ဘဲ လုပ်နေရတဲ့သူ့အခြေအနေကို ဘယ်လို
ပြောင်းလဲပေးရင်ကောင်းမလဲလို့ စဉ်းစားနေတယ်''

''ဗုဒ္ဓေါ တကယ်ကြီးလား။ ဖော်၊ သူ့ကို အဲလိုတောင် စိတ်
က်နေပြီလား''

ကိုယ်ကို မတ်မတ်ပြင်ထိုင်၍ ခွန်းတုံ့ဖော် ခေါင်းညိတ်၏။

www.burmeseclassic.com

"ဟုတ်တယ် သူ ကနားပွဲပြီးလို့ နောက်နေ့မှာ သူ့ကို အ
အကြောင်းပြောဖို့ စဉ်းစားထားတာ"

"ဖော် နင့်မိဘတွေ ဘယ်လိုမှ လက်ခံမှာမဟုတ်ဘူး၊ နင့်
ရော သူ့ကိုပြုပြင်ပြောင်းလဲပေးရလောက်အောင် ငွေရှိလို့လား၊ နင့်မိ
တွေဆီက တောင်းမှုရမယ့်ဟာကို"

"လုပ်ငန်းတစ်ခုအတွက် အရင်းအနှီးထောင်ပေးလော
အောင်တော့ မဟုတ်ဘူးပေါ့ဟ၊ သူ ဘာလုပ်ချင်လဲ၊ သူ့ဆန္ဒကို မေး
မှာ၊ သူ့မှာ တခြားဆန္ဒမရှိဘူးဆိုရင်လည်း မရမက တိုက်တွန်းမှာ

"ဖော် နင် ပင်ကိုရိုးသားတဲ့စိတ်မဟုတ်တော့ဘူး၊ နင် သူ့
စိတ်ဝင်စားနေလား"

"သူ့ဘဝကို စိတ်ဝင်စားတာပါဆို"

"အပေါ်ယံဆို နင် အလေးအနက်ခံစားနေပုံမလား၊ န
အထူးအဆန်း နတ်ကတော်အခြောက်အတွက်များ အချိန်ကုန်ခံ
တယ်လို့ နင့်ဘဝ လိုတရနေနေရတာ၊ ဒိတ်ဒိတ်ကြဲ လူတန်းစားတွေ
ပဲ ခေါင်းခေါက်ရွေးစမ်းပါ၊ ဒါနဲ့ နင့်အဖေသူငယ်ချင်းရဲ့သား ဆရာ
လောင်း မိုးကျော်နဲ့ နင်စေ့စပ်ရတော့မှာ မဟုတ်လား၊ ဒေါက်တာ
ရင် လက်ထပ်ပေးမှာဆို"

"မသိပါဘူး အဲဒီကောင်ကို ဒါ ကြည့်လို့မရဘူး ကြီးက
လွန်းလို့"





"ဟဲ့ ချောပါခန့်ပါတယ်ဟဲ့"

ဒါကိုတော့ မိမိနိုင် ပြောတာ ခွန်းတုံ့ဖော် မငြင်းနိုင်ပေ။ မိုးကျော်
ယောက်ျားပီသပြီး ကြည့်ကောင်းသူပါ။ ဆယ်တန်းမှာ အမှတ်ကောင်း
ဆေးကျောင်းတက်ခွင့်ရပြီး သူ့ကိုယ်သူ လူတော်လူတတ်ကြီးလို
င်မြင့်နေသူ။

သူမနှင့်ဆို ဘယ်တော့မှ မျက်နှာကြောမတည့်။ သူမက လူ
ခြင်း အဆင့်အတန်းခွဲ အထာကိုင်လျှင် အရမ်းမုန်းသည်။ အိမ်လာ
သူ သန့်ပြန့်တာ သိစေချင်လို့ အိုဗာတွေများနေပြီဆို၊ သူမကလည်း
နှာတမ်း ရှုံ့မဲ့ပြဖို့ ဝန်မလေး။

"ဟဲ့ မျက်နှာကြီး ရှုံ့မဲ့နေတာ ဘာဖြစ်လို့လဲ"

"အဲဒီကောင်ကို အမြင်ကတ်လို့"

"ကိုယ် တစ်နေ့လက်ထပ်ရမယ့်လူပဲ၊ ကြည့်လို့ရအောင် ကြိုး
ား၊ ဟိုဟာဒီဟာနဲ့ အရှုပ်အရှင်းကင်းအောင်လည်းနေ"

မိမိနိုင်က တွန်းသစ်စနှင့် ယုံကြည်ဟန်မတူ။ အစက ဒီလောက်
တ်ပေးမယ့် အခုတော့ မိုးကျော်ကိုလက်ထပ်ဖို့ တိုက်တိုက်တွန်းတွန်း
သဘောတူနေပြန်သည်။

သူမက အမြင်ကတ်ကတ်နှင့် အရွဲ့တိုက်ဖို့ စိတ်ကူးလိုက်ကာ

"ဖေကြီးနဲ့ မေမေ သဘောတူတာကို မယူဘူး၊ ငါချစ်တဲ့သူကို
ယူမှာ"



www.burmeseclassic.com

www.burmeseclassic.com



"နင်က ဘယ်သူ့ကိုချစ်နေတာလဲ"

"ဒါကတော့"

"မသေချာသေးတဲ့ အနေအထားမှာ ရပ်တန်းက ရပ်ချင်ရ

နောက်ဆုတ်ချင်ဆုတ်၊ အချိန်မီပါသေးတယ် ဖော်၊ နင် ဒီနေ့ကစပြီ

ထွန်းသစ်စကို သွားမတွေ့နဲ့တော့"

"ဘာဖြစ်လို့လဲ"

"ဒီလောက်ပြောနေတာတောင် နင် မဝေးနဲ့ဟာ"

"ငါ့ကို အဲလိုတားရင် ငါ ပိုလုပ်ချင်တယ်"

"ဘာဟဲ့"

ခပ်တည်တည် မင်သေသေနှင့် ပြောလိုက်တာမို့ မိမိနိုင် အလ

တကြားပင် ဖြစ်ရ၏။ ကိုယ်က ဖွတ်အတင်း တားလို့ပဲ၊ အရွဲ့တိုက်

ရှေ့တိုးတော့မည့်အဖြစ်မျိုးပဲ မဟုတ်လား။ ကိုယ့်ကြောင့်ဆိုတာမျိုး

အဖြစ်လွဲချတာတော့ မခံနိုင်

ခွန်းတုံ့ဖော်က ပြောလျှင်ပြောသည့်အတိုင်း လုပ်တတ်သူ

"ဖော် နင် မစဉ်းစား မဆင်မခြင်တော့ မလုပ်နဲ့ဟာ၊ သူ

အတူတူ ကနေတဲ့ သူသူဆိုတဲ့ အခြောက်ကိုသိတယ်မဟုတ်လား"

"အင်း"

"အေး သူသူ နာမည်အရင်းက အောင်သူတဲ့၊ သူက

ရပ်ကွက်ထဲမှာနေတာ၊ ထွန်းသစ်စအကြောင်း အကုန်သိတယ်၊ သူ





ဦးတွဲလာတာ ငယ်ငယ်တည်းကလို့ပဲ ပြောရမလားပဲ"

"အဲဒါ ဘာဖြစ်လဲ"

"ဟဲ့ ထွန်းသစ်စအကြောင်းမေးလို့မြန်းလို့ရတာပေါ့။ သူ့မိသားစု

အခြေအနေ၊ သူ့ရဲ့စိတ်နေသဘောထား၊ အချူဖယား၊ ပိုင်းလုံး ကလိန်

ကျစ် ဖြစ်နေရင်တော့ နင့်မိဘတွေအထိ ငါအမုန်းခံပြီး အသိပေးရ

ဦးမယ်ဖော်၊ ဘာမဟုတ်တဲ့သူနဲ့ ကိုယ့်သူငယ်ချင်းကို အမှားမခံနိုင်ဘူး"

ဒါကိုတော့ ခွန်းတုံ့ဖော် ငြိမ်သက်စွာပင် နားထောင်နေသည်။

သူကို စေတနာနှင့် သတိပေးနေတာမို့ အတိုက်အခံ ကလန်ကဆန်

ပြီး မလုပ်ချင်လို့ပါ။ ထွန်းသစ်စ ရိုးသားပါစေလို့ ဆုတောင်းရင်းနဲ့ပေါ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

နတ်ကနားပွဲသိမ်းညက အရင်နေ့တွေထက် နောက်ကျလု သည်။ သူမ နာရီတကြည့်ကြည့်နှင့် ဖြစ်နေပေမယ့် စိတ်ရှည်ရှည်သာ စောင့်နေမိ၏။

''သမီး ဘယ်ဝင်နေတာလဲ၊ အိမ်မှာ ဖေကြီး ပြန်ရောက်နေပြီ မြန်မြန်ပြန်လာခဲ့တော့''

''အရမ်းနောက်ကျပြီး စိတ်ပူအောင်လုပ်မနေနဲ့၊ သမီး ဖေကြီး စိုးရိမ်တတ်တာ သိရဲ့သားနဲ့''

မေမေ့ဆီက ဖုန်းခဏခဏ ဆက်သည်။ အခု စက်ပိတ်ထား လိုက်မှ နားအေးသွားတာ။ ဒီလောက်အချိန်နောက်ကျနေတော့ မီမီနိုင်ကို အကူအညီတောင်းရသည်။

''နင့်အမေ ဆေးရုံတင်လိုက်ရလို့ နောက်ကျမယ်လို့ ငါ့ကို





ပြောပေး၊ နောက်ဆို နင့်စကား နားထောင်မယ်၊ မကူညီလို့ကတော့ နင်နဲ့တစ်သက်လုံး မခေါ်တော့ဘူး၊ ငါ လုပ်ချင်တာလုပ်မှာ''

အဲလို အကျပ်ကိုင်လိုက်တော့ မီမီနိုင် ဖျပ်ဖျပ်ခါသွားသည်။ မီမီနိုင်လည်း သူမကို စိတ်ရင်းအမှန်နှင့် နှစ်နှစ်ကာကာ ခင်သည့်သူပါ။ သူမ မခေါ်မပြော စိတ်ကောက်မှာကို သေလောက်အောင်ကြောက်သည်။

''ဇော်''

''ဪ သူသူ''

''အထွန်းမက ခဏစောင့်ဦး၊ ပြီးတော့မယ်တဲ့ သိလား၊ အဝတ်အစားတွေ ပစ္စည်းတွေသိမ်းပြီး သူ့အိမ်ကို ကားနဲ့တင်ပေးလိုက်ဖို့ လုပ်နေတယ်''

''ဟုတ်လား သူသူကရော သိမ်းပြီးပြီလား''

''အို သူသူ့ဟာက ဘယ်လောက်ရှိမှာလဲ ဟိုဟာ ဒီဟာ ကောက်ထည့်လိုက်တာနဲ့ ပြီးပြီပေါ့''

သူသူက ခွန်းတုံ့ဇော် ထိုင်နေသော ခုံတန်းလျားလေးမှာ ယပ်တောင် တဖျပ်ဖျပ် ခပ်ရင်းပြောသည်။

''ဒါတွေအားလုံးက အထွန်းပစ္စည်းတွေပေါ့နော်၊ နတ်ရုပ်တွေ ပြောတာလေ''

''ကနားစီးဆိုတော့ ဒါတွေပိုင်ရတာပေါ့''

''ဒါဆို အထွန်းတို့ အရမ်းချမ်းသာတာပဲလား''



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ဒါတွေအားလုံးက သူ့အဘွားရဲ့အမွေပဲပြောရမှာ
ပေါ့၊ အဲဒီအဘွားရှိတုန်းက သူတို့မိသားစုပြေလည်တယ်ပြောရမလားပဲ
လူတန်းစေ့နေနိုင်စားနိုင်တယ်၊ နောက်တော့ အဘွား ကျန်းမာရေ
မကောင်းတော့ ဆေးကုလိုက်ရတာနဲ့ ကုန်တာ၊ အခု အထွန်းက ကနားစီး
လုပ်၊ ပွဲမရှိတဲ့အချိန်ဆိုရင် အပြင်နတ်လိုက်ဟောနဲ့ မိသားစုတာဝန်ကို
အပြည့်အဝ ယူနေရတာ"

"အဖေ အမေက ဘာမှမလုပ်ကြဘူးလား"

"သူ့အဖေကြီးက အသက်ကြီးပြီလေ၊ အရက်ပဲသောက်နိုင်တာ
ဘာမှမလုပ်နိုင်ဘူး။ အမေက ငယ်သေးပေမယ့် အိမ်မှာ ဝတ်ဝတ်စားစာ
ကြွားကြွားဝါဝါ နေတာ၊ အထွန်းအပေါ်လည်း ကြင်ကြင်နာနာ မရှိပါဘူ
အငယ်တွေကို အနှံ့တာ မခံရင်လည်း ရိုက်ပုတ်ပြဿနာရှာတော့တာပဲ"

သူသူက ညည်းညူကာပြောရင်း ထွန်းသစ်စကို သနားနေဟ
ရှိသည်။ နားထောင်နေရသော သူမရင်ထဲမှာလည်း ဆို့ကျပ်လှိုက်မော
လို့နေသည်။

"အထွန်းဘဝကြီးကလည်းနော်၊ မိသားစုအတွက် တစ်ယောက်
တည်း ရုန်းကန်နေရတာ ပင်ပန်းမှာပဲ၊ သူညီနဲ့ညီမကရော လိမ္မာရဲ့လား"

"အငယ်ကောင်လေးက ဆိုးတယ်၊ မုန့်ဖိုးနဲ့ ကျောင်းစရိတ်
လောက်အောင်ပေးရတာ ခက်ခဲရတဲ့အထဲ အရွယ်လေးရောက်လာတော့
သုံးဖို့ဆွဲဖို့ အဝတ်အစားဝယ်ဖို့နဲ့ အစ်ကိုကို ရန်လုပ်တောင်းတော့တာပဲ





ဘာတွေက အလိုလိုက်ထားတော့ အစ်ကိုကို အနိုင်ကျင့်တာပေါ့"

"အကြီးမလေးကရော"

"သူလေးက သိတတ်တယ်၊ ကြာဖြူတဲ့ နာမည်လေးကလည်း
သိမ်မွေ့တယ်၊ လှုလေးကလည်းလှတယ်၊ အစ်ကိုဖြစ်သူ ဒီအလုပ်လုပ်ပြီး
အနစ်နာခံနေတာလည်း မကြိုက်ဘူး၊ ဒါပေမဲ့ မအေကို မလွန်ဆန်နိုင်ပါ
ဘူး။ ဒေါ်မာလာဆွေက အသက်ကြီးတဲ့ သူ့ယောကျ်ား ဦးကျော်ငွေကြီး
အပေါ်တောင် ဩဇာညောင်းတယ်၊ အရက်မမူးတဲ့အချိန်ဆို တုတ်တုတ်
တောင် လှုပ်ရဲတာ မဟုတ်ဘူး"

"ဪ အထွန်း"

သူမတို့စကားကောင်းနေဆဲမှာ ထွန်းသစ်စ အိတ်လေးလွယ်
ကာ အနားရောက်လာသည်။ မျက်နှာမှာ ခုနက လိမ်းခြယ်ထားသော
မိတ်ကပ်တွေလည်း မရှိတော့။ ပုဆိုးအညိုရောင် အကွက်ကျဲ၊ တီရှပ်
ပန်းရောင်ဖျော့ဖျော့နှင့် ဆံပင်တွေကို အပြောင်နောက်လှန်ဖြီးသင်ထား
တော့ ယောကျ်ားပီပီသသ ကြည့်ကောင်းနေသည်။

"သူသူ မင်း ငါ့အကြောင်းတွေ ဖောက်သည်ချနေတာလား"

"အမှန်တွေကို ပြောနေတာပါရှင်၊ မိန်းကလေးသာဖြစ်ခဲ့ရင်
အထွန်းမကိုယ့်ပြီး မောင်တစ်ထမ်း မယ်တစ်ရွက် လုပ်ကိုင်ကျွေးပါတယ်
သို့"

"တော်ပါ မင်းရဲ့အဆင်လေးတွေအတွက်ပဲ သုံးပါ ဖြန်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"အံမယ်လေး အဲဒါတော့ မပူနဲ့၊ ကိုယ့်ပျော်ရွှင်မှုအတွက် ကိုယ် ရှာတာ၊ လူ့ဘဝမှာ နေပျော်တယ်၊ အထွန်းသာ မိသားစုအတွက်ရုန်းကန် ပြီး ဘယ်သူကမှ အကောင်းမြင်ခံရတာမရှိဘူး"

"သူသူ မင်းပါးစပ်ပိတ်တော့၊ အခုတစ်ခါတည်း လိုက်မှာလား၊ မလိုက်ဘူးလားပြော"

"နေပါစေ တို့တာသာ ပြန်ပို့မယ်၊ ဒီမှာ ဖော်က လာစောင့်နေ တာ၊ ကန့်လန့်ကန့်လန့် မလုပ်ချင်ဘူး"

"အေး အဲလို အလိုက်သိတာ ကျေးဇူးတင်တယ်၊ လာ ဖော် သွားရအောင်"

ထွန်းသစ်စက ဖျတ်ခနဲပင် လက်ဆွဲခေါ်၏။ သူမရင်တွေ ပရမ်း ပတာ ဆတ်ဆတ်ခုန်သွားတာ ဒီနတ်ကတော် မသိပါလား။

"ကားနဲ့ပြန်မယ် သူ့ကိုလိုက်ပို့မယ်လို့ပြောရတာ တစ်မျိုးကြီးပဲ၊ ဆိုင်တစ်ဆိုင်မှာ တစ်ခုခုစားပါလား ဖော်၊ ကိုယ်ကျွေးပါ့မယ်"

စားချင်လို့တော့ မဟုတ်ပေမယ့် အထွန်းနှင့်ကြာကြာနေခွင့် ရမည့် အချိန်လေးကိုတော့ သူမ တောင့်တပါသည်။ ပေါ့ပါးစွာပင် ကားလေးကို ရှောခနဲ မောင်းထွက်လာခဲ့ရင်း အထွန်းကို ငဲ့စောင်းကြည့် မိ၏။ မိတ်ကပ်များကို ဆပ်ပြာနှင့် မျက်နှာသစ်လာခဲ့သည်မို့ နှုတ်ခမ်းမွေး ပါးမြိုင်းမွေးအရာများက စိမ်းစိမ်းမြမြ။

မျက်နှာတစ်ခုလုံးကလည်း ဖွေးသန့်စင်နေကာ မပွင့်တပွင့်





အပြုံးများက ဆွဲဆောင်မှုအရှိဆုံး ဖြစ်မည်ထင်၏။

မျက်ဝန်းညို ကြည်လဲ့လဲ့လေးက ကြင်နာတတ်မည့်အရိပ် အရောင်များဖြင့် သူမဘက်ကို အနည်းငယ် ယိမ်းနွဲ့လာသည်။

"မင်းကိုယ့်ကို ဘာလို့ ခင်တာလဲ ဖော်"

"ဟင်"

"သြော် ကိုယ်လိုကောင်ကို ဘယ်သူမှ အရေးတယူ လူရာသွင်း ပြီး မဆက်ဆံချင်ကြဘူးလေ၊ နတ်ကတော် အခြောက်ဆိုတဲ့ ဂုဏ်ပုဒ်က သူအထင်ကြီးစရာမှမဟုတ်ဘဲ"

"ဖော်ကတော့ လူထဲက လူတစ်ယောက်လို့ မြင်ပါတယ်၊ ဘယ် လိုလုပ်ငန်းစားကိုမှ အထင်သေးစရာလို့ မထင်ဘူး"

"ဘဝအကြောင်းတွေ မင်းသိပ်မသိသေးဘူးထင်တယ်၊ ဂုဏ် ပုဒ်တွေကို ခုံမင်တဲ့သူတွေက အဆင့်အတန်း ခွဲခြားတတ်လာကြတာချည်း ပဲ ကိုယ့်ကို ခုလို လူတစ်ယောက်လို ဆက်ဆံပြီးခင်မင်ပေးတာ ကျေးဇူး တင်ပါတယ်"

"ဖော်ကို အဲဒါတွေ မပြောပါနဲ့၊ အခု ဖော်ပြောတာ နားထောင် ဦး ဟိုရှေ့က အအေးဆိုင်မှာ ရပ်လိုက်မယ်နော်"

ခွန်းတုံ့ဖော်က သူမဘာသာပြော၍ အအေးဆိုင်ရှေ့မှာ ကား လေးထိုးရပ်လိုက်သည်။ လူရှင်းသည်ဆိုသော်လည်း ဝါးပင်အပုအရိပ် များဖြင့် ဆိုင်လေးက အေးချမ်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



စားပွဲဝိုင်း သုံးလေးဝိုင်းမှာ စုံတွဲတချို့ တွေ့ရ၏။

"ထိုင်လေ အထွန်း၊ ဘာသောက်မလဲ"

"ဖော် မှာပါ ကိုယ်က ပွဲသိမ်းနေ့ဆိုတော့ သောက်တာရော စားတာရော များသွားလို့ ဗိုက်တော်တော်တင်းနေတာ"

"ဒါဆို ဖော် ချောကလက်မစ်ရှိတ် တစ်ခွက်ပဲ မှာလိုက်မယ်"

ခွန်းတုံ့ဖော်က စားပွဲထိုးလေးကိုမှာလိုက်ပြီး ချွေးစို့နေသော မျက်နှာလေးကို ပန်းနုရောင် လက်ကိုင်ပဝါလေးဖြင့် ခပ်ဖွဖွတို့သုတ်သည့် အခါ ဝင်းဝင်းဝါဝါ မျက်နှာလေးက ပို၍လှပနေ၏။ ခေတ်ရေ့ပြေးနေသော မိန်းကလေးဆိုပေမယ့် ခွန်းတုံ့ဖော်က အဝတ်အစားဝတ်တာတော့ မရိုင်းပေ။

အနက်ရောင်ကိုယ်ကျပ်လေးကို ရှော့ပန်အတိုလေးနှင့် တွဲဝတ် ထားပြီး ကြိုးသိုင်းအိတ်ရှုံ့လေးကို စလွယ်သိုင်းလွယ်ထားတာမို့ ကလေ ဆန်ဆန် အပြစ်ကင်းလှသည်။

ပါးပြင်ပြည့်ပြည့်မျက်လုံးဝိုင်းဝိုင်း၊ နှုတ်ခမ်းပါးလေးနှင့် တကယ် ကို ချစ်စရာကောင်း၏။

"ဘာကြည့်နေတာလဲ"

"ဟင် ဘာမှမဟုတ်ပါဘူး ဟို"

"သိပါတယ် ဖော့အလှကို အထွန်း မင်တက်သွားတာ မဟုတ် လား"





ခက်လေပြီ။ ဒီကောင်မလေး သူ့အလှသူ ဘဝင်မြင့်တာက ဒွင့်လင်းလွန်းပါလား။ သူ့ တကယ်ကို မျက်နှာပူလွှဲဒီလွှဲ လုပ်ပြီး ရှက် သွားခဲ့တာ။

"မျက်နှာကြီးက အီးမှန်သွားသလို နီရဲရှုံ့မဲ့သွားတာပဲ၊ ဘာ ဖြစ်တာလဲ ဖော်ကစတဲ့ဥစ္စာကို"

"တော်ပြီကွာ တခြားဟာပြော"

ရှက်ရမ်းရမ်းကာ ငေါက်ဆတ်ဆတ် ပြောတော့ ခွန်းတုံ့ဖော် ငယ်မိသည်။ မိန်းမတစ်ယောက်နှင့် ထိတွေ့ဆက်ဆံရလို့ ဒီလိုဖြစ်သွား ခြင်းက မိန်းမရှာအခြောက်စိတ် ဝင်နေခြင်းမဟုတ်ဘူးဆိုသည့် သက်သေ မဟုတ်လား။

သူမ ရင်တွေလှိုက်လှိုက်ခွေးလို့ပါ။

"အထွန်း တခြားအလုပ်လုပ်ဖို့ ဆန္ဒရှိတယ်ဆိုရင် ဖော် ကူညီ နိုင်လို့ပါ"

"ဘာ"

"ဟိုလေ ယောကျ်ားလေးလုပ်တဲ့အလုပ်တွေ အများကြီးပဲ ထွန်းရယ်၊ နောက်ဆုံး လက်သမားလုပ်လုပ်၊ ပန်းရံလုပ်လုပ်၊ ဆိုက်ကား နင်း တင့်တယ်တာပဲမဟုတ်လား၊ ယောကျ်ားလေးဖြစ်ပြီး နတ် ဘော်လုပ်နေတာ အထွန်း စိတ်ထဲမှာလည်း သိမ်ငယ်တယ်မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



''ကိုယ်လည်း မလုပ်ချင်ပါဘူး''

''အဲဒါကြောင့်ပြောတာ၊ အထွန်း ကားမောင်းမလား။ ကုမ္ပဏီ တစ်ခုခုမှာ ဝင်လုပ်မလား။ ဖော် အသိမိတ်ဆွေတွေဆီမှာ ပြောပေးမယ် ဒါမှမဟုတ် ဖော်တို့အိမ်နဲ့ စက်ရုံမှာလည်း''

''မေမေ ခွင့်ပြုမှာမဟုတ်ဘူး ဖော်၊ ဒီကိစ္စနဲ့ပတ်သက်ပြီး မေမေ့ ကို အတိုက်အခံလုပ် အခွင့်အရေးတောင်းဆိုလို့ မရဘူး၊ မေမေက ဒီ နတ်ကတော်အလုပ်ပဲ လုပ်စေချင်တာ''

''ဒီထက် ဝင်ငွေကောင်းတဲ့အလုပ်ဆိုရင်ရော''

''ဖြစ်မှာမဟုတ်ပါဘူး''

''ဒါဆို ဒီအလုပ်ပဲ တစ်သက်လုံး လုပ်မှာလား''

တိကျသော အမေးမှာ ခေါင်းခါဖို့ တွေဝေနေသလို ခေါင်းညိတ် ဖို့လည်း မပြတ်သားပေ။

''တစ်နေ့နေ့ လွတ်မြောက်ဖို့ ရုန်းထွက်ဖို့ ကိုယ် ကြိုးစားကြည့် မှာပါ''

''တစ်နေ့နေ့ ဆိုတာကြီးက မသေချာမရေရာနဲ့၊ အထွန်း ဘာ ကိုယ့်ဘဝကိုယ် မစီမံနိုင်ရတာလဲ''

''မိဘစကားဆိုတာ လွန်ဆန်လို့ကောင်းတာမှ မဟုတ်ဘဲ ဖော် ရယ်''

''ကောင်းတာဆိုရင်တော့ ဟုတ်ပါတယ် အခုက''





''ရိုးသားတဲ့အသက်မွေးဝမ်းကြောင်းပညာပဲ မဟုတ်လား၊ မေ့ဆန္ဒဆိုရင် ငယ်ငယ်တည်းက ကိုယ် မလွန်ဆန်ရဲခဲ့ဘူး''

''သူသူပြောတယ်၊ မိဘတွေနဲ့ ညီလေးတစ်ယောက်ရဲ့ အနွံတာ လူးလိမ့်နေအောင် ခံနေရတာဆို''

သူသူ ပြောထားတာဖြစ်မှာပဲဟု နားလည်လိုက်ကာ၊ မရှုတ်မ ခေါင်းညိတ်ပြလိုက်ရ၏။

''ကိုယ် အနစ်နာခံရတယ်လို့ ဘယ်တုန်းကမှ မတွေးခဲ့ဖူးပါဘူး၊ သားစုအပေါ်မှာ တာဝန်ကျေဖို့ပဲ ကိုယ်ကြိုးစားချင်တယ်၊ မိဘကျေးဇူး ဆိုတာ ဘယ်လိုနည်းလမ်းနဲ့ပဲဖြစ်ဖြစ် ဆပ်ရမှာပဲမဟုတ်လား''

''ကျေးဇူးမဆပ်နဲ့လို့ ပြောနေတာမှ မဟုတ်တာ''

''ကိုယ် နားလည်ပါတယ်၊ မင်းဖြစ်စေချင်တာတွေ ကိုယ်သိ ပါတယ် ဒါပေမဲ့ မိသားစုအတွက် ကိုယ့်ရဲ့ဆန္ဒတွေကို စတေးထားရတာပါ ဖော် မခင်ချင်ဘူးဆိုရင်တောင် ဒီအတိုင်း နေလိုက်ရတော့မယ်

''ဪ''

သူမ ဝမ်းနည်းစွာ တိုးတိတ်သော အာမေဍိတ်သံလေး ထွက် သည်။ သည်သို့ ဆုံးဖြတ်ချက်များဖြင့် ဟန့်တားလောက်အောင် အရေးမပါသေးပါလား။

ဒီလိုတော့ အဖြစ်မခံနိုင်ပါ။ သူမ ထွန်းသစ်စကို ခင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီထက်ပိုသော ခံစားမှုများဖြင့် ငြီးငွေ့ယမ်ပြီဆိုတာလည်း ကိုယ့်ကိုယ်ကို ဝန်ခံမိ၏။

သူမ ဘာလုပ်ရမလဲ။ ရပ်တန့်လိုက်ဖို့ အချိန်မီပါသေးလျှ ရှေ့တိုးဖို့သာ ဆန္ဒတွေ စောနေခဲ့သည်။

ဒါဟာ ဖော့ဘက်ကအရှုံးဆိုလျှင်တောင် ကျေနပ်လိုက်ချင် ရဲ့ အထွန်းရယ်။

■ ■ ■



အခန်း (၇)

"ဒါတော့ မဟုတ်သေးဘူး၊ အဓိပ္ပါယ်မရှိတာ ဖော်ရယ်၊ နင် ဘွေမက်ပြီး အခြေခံမအတွက် စွန့်စားချင်နေတာလဲ"

"အဲလို အခြေခံမလို့ မခေါ်ပါနဲ့"

"မဟုတ်ရင် နတ်ကတော်မလို့ ပြောရမှာလား"

"မီမီ"

"ငါ နင့်ဘက်က စေတနာနဲ့ နာနေတာ ဖော်၊ ယောကျ်ားစိတ် တွေ နင့်အနားမှာ ဝိုင်းနေတာ၊ ခေါင်းခေါက်ရွေးစမ်းပါ ဖော်ရယ်၊ ာဆောင်ရင်တောင် ကမ္ဘည်းတပ်ဖို့မတင့်တယ်တဲ့ အသိုင်းအဝိုင်းပါ"

"ဘယ်သူက အဲဒီအခြေအနေထိ စိတ်ကူးယဉ်နေလို့လဲ"

"ဒါဆို အပျော်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဒါကို ဝန်ခံလိုက်ဖို့လည်း သတ္တိမရှိပေ။ အခြေအနေမှန်ကို
ဖွင့်ပြောပြီးမှ မိမိနိုင် ဘာပြောပြောလည်း သည်းခံရတော့မှာ။ နောက်ပြီး
မိမိနိုင်ကို ခုတုံးလုပ်ဖို့ အကြံအစည်တွေလည်း ရှိနေသေးသည် မဟုတ်
လား။

ငြိမ်သက်သွားသော ခွန်းတုံ့ဖော် မျက်နှာကို မိမိနိုင်က မဲ့
ကာ အကဲခတ်ပြီး

''နင် ဝန်မခံလည်း ငါသဘောပေါက်တယ် ဖော်၊ ဒီကိစ္စ
ကိုငါ အားပေးမှာမဟုတ်ဘူး''

''မေမေတို့ကို မတိုင်ရင် ပြီးတာပဲ''

''အဲဒါတော့ အာမမခံဘူး''

''အပျော်လို့ ပြောနေတာကို မီနော်''

ခွန်းတုံ့ဖော် မျက်နှာက ငိုမဲ့မဲ့။ မိမိနိုင်ကိုလည်း မကျေမနပ်
မျက်စောင်းထိုးလို့။

နောက်ဆုံး မိမိနိုင်ပဲ အလျှော့ပေးရတော့မှာ။

''နင် တကယ် အပျော်လား ဖော်''

''အင်း''

''နင် ထွန်းသစ်စကို လုံးဝ ယောကျ်ားတစ်ယောက်လို
မသွားရဘူး''

''အခြောက်ကြီးကို ယောကျ်ားလို ချစ်ပါ့မလား''





''အေး အဲဒါဆို ပြီးရော၊ နင့်မှာ နင့်မိဘတွေ ရည်ရွယ်ထား
သားရှိတယ်ဆိုတော့ ငါ သိပ်စိတ်မပူပါဘူး၊ တစ်နေ့နေ့ အဲဒီလူနဲ့ပဲ
တော်ထပ်ရမှာမဟုတ်လား''

အခုမှ ခွန်းတုံ့ဖော် မျက်နှာ ပိုရှုံ့မဲ့သွားရတာ။ ထွန်းသစ်စကို
သက်ရဘူးဆိုလည်း မိုးကျော်ဆိုသော ဘဝင်ရူးကိုတော့ လက်မထပ်
ပေ။

ထွန်းသစ်စနဲ့ ရှေ့ဆက်ဘယ်လိုရင်းနှီးအောင် ဖန်တီးရမလဲ
နေချင်တာ။

''ငါတို့ ရုပ်ရှင်သွားကြည့်ရအောင်''

''ဘာလဲ အဆက်အစပ်မရှိ''

''သုမ္ဘတမှာ ကုလားကားတင်နေတာ အရမ်းကောင်းတာဟဲ့၊
အောင်ပါ''

''မဟုတ်က ဟုတ်က''

''ဟုတ်ပါတယ်ဆို''

''ကဲ အဲဒါဆိုလည်းကွာ၊ သင်တန်းက ပျက်ရက်များလို့ ထွက်
ည်း အေးတာပေါ့''

မိမိနိုင် အရှုံ့တိုက်ပြောလည်း ခွန်းတုံ့ဖော် မမှုပေ၊ မနေ့က
ည်းက ထွန်းသစ်စနှင့် ထိုနေရာမှာ ချိန်းခဲ့ပြီးသားမဟုတ်လား။

''ရုပ်ရှင်ရုံမှာ တွေ့ရအောင်နော်၊ ဖော်က မိမိနဲ့လာမှာ၊ မသိချင်



www.burmeseclassic.com

www.burmeseclassic.com



ယောင်ချောင်နေ သိလား။ အမှတ်တမဲ့တွေ့တဲ့ပုံမျိုးပေါ့။ မဟာရင် …
စိတ်ဆိုးမှာနော်"

သူမ ထိုသို့ပြောတော့ မိမိခိုင်ရဲ့မလိုလားမှုကိုပါ ထွန်းသ…
သတိထားမိသွားသည်။ ကြည့်ဖြူတယ်ဆို ဒီလို ဖန်တီးစရာမလိုမှာ …
သစ်စ သဘောပေါက်ပေမပေါ့။

"ငါ အချဉ်ထုပ်နဲ့ ရေသန့်ဘူး ဝယ်ဦးမယ်"

ရုပ်ရှင်ရုံရောက်လာတော့ သူမက အကြံအစည်များဖြင့် မျ…
လုံးတို့က ဂနာမငြိမ်။ ထိုအချိန်မှာပင် ထွန်းသစ်စက ရုပ်ရှင်လက်မှ…
လေးတွေကိုင်ကာ သူမတို့အနား လျှောက်လာသည်။

"ဟော ဖော်နဲ့မိမိ ရုပ်ရှင်လာကြည့်တာလား"

"ဟင်"

မိမိခိုင် အံ့သြသလို ဖြစ်သွားပေမယ့် ခွန်းထုံဖော် မျက်နှ…
အပြုံးပန်းတို့ ဝေဆာသွား၏

"အထွန်းရော ရုပ်ရှင်လာကြည့်တာလား"

"အင်း သူငယ်ချင်းနှစ်ယောက်နဲ့ ချိန်းထားတာ၊ အခုထိ မ…
သေးဘူး။ ရုပ်ရှင်ပြဖို့ကလည်း နီးနေပြီ၊ ဒီမှာလက်မှတ်ကြီးကိုင်ပြီး …
လုပ်ရမှန်းကို မသိတော့ဘူး"

"ဒါဆို ဖော်တို့ကို ရောင်းပါလားဟင်၊ ဖော်တို့ ရုပ်ရှင်လက်…
မဝယ်ရသေးဘူး"

"ရပါတယ် ဖော်တို့ကြည့်မှာဆိုရင် ပိုက်ဆံမပေးပါနဲ့"

"ဟင် အထွန်းက မကြည့်ဘူးလား"

"မကြည့်တော့ပါဘူး သူငယ်ချင်းနှစ်ယောက်မှ မလာရင် ပြန်
…က်တော့မယ်"

"အို ဘာလို့ပြန်မှာလဲ၊ ဖော်တို့နဲ့ပဲ ကြည့်လိုက်ပေါ့၊ အဖော်
…ာင်ရသေးတယ်"

ထွန်းသစ်စက မိမိခိုင် မျက်နှာကို တစ်ချက်လှမ်းကြည့်အကဲ
…ပြီး

"မိမိက လိုက်စေချင်ရဲ့လား မသိဘူး၊ ကျွန်တော် အားနာလို့"

"ရပါတယ်၊ ဒီရောက်မှ ကြည့်ပြီး ပြန်ပေါ့"

မိမိခိုင် အောင့်သက်သက်နှင့်ပင် လက်ခံလိုက်ရသည်၊ ခွန်းထုံ
…် အကြံအစည်ဆိုတာ မသိလို့တော့မဟုတ်။ မလိုက်လျောလျှင် ခွန်း
…ဖော် ပြဿနာရစ်တော့မည်ဆိုတာ သိနေလို့ပင်။

ရုပ်ရှင်ရုံထဲရောက်တော့ ခွန်းထုံဖော်က ထွန်းသစ်စနှင့် မိမိခိုင်
…ထဲကခုံကို အမိအရ ဝင်ထိုင်၏။

ပိတ်ကားပေါ်မှာ ပြနေသော ကုလားကားကိုလည်း စိတ်ဝင်စား
…တာပါ။ ဘေးစောင်းတိုက် မြင်နေသော ထွန်းသစ်စမျက်နှာကိုသာ
…င်ငေးမောကြည့်လျက် ထွန်းသစ်စလက်ထဲကို စားစရာတွေ တစ်ခု
…ခု ထည့်ပေးနေခဲ့သည်။

www.burmeseclassic.com



''ဟဲ့''

ခွန်းတုံ့ဇော်ကို ပခုံးချင်းတိုက်ကာ ခေါ်လိုက်သောတာ ဘာလဲ
သော သဘောဖြင့် မျက်ခုံးပင့်မေးငေ့ါပြ၏။

''နင် အဲလောက်အကဲပိုနေရလား။ ကျွန်တော့်ပျက် သိကွာပျက်

''ဘာဖြစ်လို့လဲ''

''ရုပ်ရှင်မကြည့်ဘဲ ဘယ်ကြည့်နေတာလဲ''

''ငါ ဘယ်ကြည့်တယ်ဆိုတာ နင်ကလည်း ရုပ်ရှင်မကြည့်
ငါ့ကို ဂရုစိုက်နေလို့ မြင်တာပေါ့၊ နင့်ဘာသာ နေစမ်းပါဟာ''

''ဇော်နော် နင် အပြောနဲ့လုပ်ရပ်တွေက တခြားစီ''

သူမတို့ တိုးတိုးကြိတ်ကြိတ် ရန်ဖြစ်နေခြင်းကို ထွန်းသစ်စ
ဘာမှန်းညာမှန်း သိပုံမပေါ်။ သူ့ဘာသာ ပိတ်ကားပေါ်မှာ အာရုံစ
လျက် သိနေလျက်နှင့် မသိချင်ယောင်ဆောင်နေတာနှင့်လည်း တူသည်

ခွန်းတုံ့ဇော်က မီမီနိုင်ကို အရွဲ့တိုက်ကာ ထွန်းသစ်စ
တည့်တည့်ပင်လှည့်ကြည့်လိုက်ပြီး

''အထွန်း''

''ဟင်''

''အထွန်းကိုလေ အထွန်းလို့ မခေါ်တော့ဘူး''

''ဘယ်လိုခေါ်မလို့လဲ''

''ကိုကိုလို့''





''ဟာ ဇော် မဟုတ်တာ''

သူ ရှက်သွားတာလား၊ ကျေနပ်သွားတာလား၊ မခွဲခြားတတ်
မှာ မျက်နှာဘယ်လိုထားရမှန်းမသိပေ။ ခွန်းတုံ့ဇော်က ဒါကိုပင် သဘော
ကျသွားကာ သူ့ပခုံးပေါ်မှာ ခေါင်းလေးမေးတင်ချလိုက်ပြီး

''နော်လို့ ကိုကိုလို့ခေါ်မယ်''

ကောင်မလေးအသံက ချွဲပျစ်ချိုအီလာ၏။ ဆိုးနွဲ့တတ်သော
ကလေးဆိုးလေးလိုပင်။ သူ့ပခုံးမှာ မှေးတင်ထားသော သူမ ခေါင်းလေး
ကို ထွန်းဖယ်မပစ်ရက်ဘဲ သူမ ဆံနွယ်လေးတွေကို ရွရွလေးဆွဲဖွမိကာ

''မင်း ခေါ်ချင်သလို ခေါ်၊ ကိုယ်ကျေနပ်ပါတယ် ဇော်''

''တကယ်နော်''

''အင်းပေါ့''

''ဇော် ဆိုးရင်ရော သည်းခံမှာလား''

''ဇော်က အဆိုးလေးမဟုတ်မှန်း ကိုယ်အစတည်းက သိပါ
တယ်''

''ဒါဆို''

''မင်းဆန္ဒတွေကို ကိုယ် လိုက်လျောမှာပါ ဇော်ရယ်၊ နတ်က
တော်အလုပ်ကို စွန့်လွှတ်ရမှာကလွဲရင်''

ခွန်းတုံ့ဇော် နားလည်စွာ ခေါင်းညိတ်ပြမိသည်။ နတ်ကတော်
သိက္ခာမ်းခင်မင်ပြီးမှ ဒီအလုပ်ကို မလုပ်ပါနဲ့လို့ ဘယ်လိုအင်အားတွေ



www.burmeseclassic.com

နှင့် တားဆီးရမှာလဲ။ အခြေအနေက ဒီအတိုင်းဆိုလည်း သူမ ကျေနပ် ရတော့မှာပင်။

အဲဒါ ဘယ်လိုညှို့ဓာတ်တွေလဲဆိုတာ သူမ ဆန်းစစ်ချိန် မရလိုက်ဘဲ. . .။

■ ■ ■



## အခန်း (၈)

"မရဘူးလို့ ပြောလို့ဖြစ်မလား။ ငါက ဒီဘက်မှာ စကားတွေ ...နေပြီ၊ မြေဈေးတွေက အရမ်းကောင်းနေတာ၊ အခုဝယ်ပြီး အခုပြန် ...တ်ရင်တောင် အမြတ်က မက်လောက်အောင် ကျန်မှာဟဲ့"

"အဲဒါ အတိအကျ ဟုတ်ရင်တောင် ဒါကိုရင်းဖို့ သိန်းရာချီပြီး ...ား ဘယ်ကရှာရမှာလဲ မေမေ"

"ဟဲ့ နင့်ကို ယုံကြည်ကိုးကျ...နေတဲ့ သူဌေးတွေရှိနေတာပဲ၊ ...တို့ဆီ အကူအညီတောင်းကြည့်ပေါ့။ သူတို့အောင်မြင်တိုးတက်အောင် ...င် လုပ်ပေးထားတာပဲ"

"မေမေရယ် "

နတ်ကလုပ်တာ မဟုတ်ပါဘူး။ သူတို့ကံနဲ့အရည်အချင်း အစွမ်း ...ကြောင့် ဖြစ်တာပါလို့ အထွန့်တက်မိလျှင် နင်က ကျေးဇူးရှင်တွေကို



www.burmeseclassic.com

www.burmeseclassic.com



စော်ကားတာလား။ နတ်ကိုင်လိမ့်မယ်လို့ ပြန်ပြီးခြိမ်းခြောက်ခံရပေလိမ့်မည်။ အခုလည်း မကျေမချမ်း မဲ့ရွဲ့မျက်စောင်းထိုးလို့ပါ။

"မင်း ငါ့ကို ဟိုဟာဒီဟာ အကြောင်းပြမနေနဲ့ ထွန်းသစ်စ ငါ့ကို ဒီကိစ္စ ဖြစ်အောင်လုပ်ပေး၊ တစ်ပတ်အတွင်း ငွေချေရမှာ၊ အလွန်ဆုံး သုံးလအတွင်း ပြန်ဆပ်မယ်လို့ပြော"

"မဖြစ်ပါဘူး မေမေရယ်၊ လူချင်း ဘယ်လောက်ပဲ ရင်းနှီးရင်းနှီး ဒီလောက်ငွေအများကြီးကို အာမခံပစ္စည်းမပါဘဲ ဘယ်သူက ယုံယုံကြည်ကြည်ပေးမှာလဲ"

"အဲဒါကြောင့် ဒီအိမ်ပေါင်ထားတာကို မြန်မြန်ရွေးပါလို့ ငါ ပြောနေတာပေါ့၊ ဒီအိမ်ဂရန်သာရှိရင် မင်းကို ဒီလိုတောင် ပြောမနေဘူး ငါ့ဘာသာ လုပ်ပစ်လိုက်တယ်"

သူ ဟင်းခနဲပင် သက်ပြင်းရှိုက်မိသည်။ ဒီအိမ်ပေါင်တာ သူ့မှာပဲ အပြစ်ရှိနေသလိုလို၊ တကယ်ဆို သူ့ကိုယ်ကျိုးအတွက် သုံးလိုက်ရတာ ဘာမှမရှိပါ။

မေမေ ကျန်းမာရေးမကောင်းလို့ အရေးပေါ် ဆေးရုံတင်လိုက်ရသည်။ အငယ်ကောင်က ဆိုင်ကယ်ပူဆာပြီး ကျန်သည့်ငွေတွေက မေမေ ပွဲစားလုပ်လိုက်တာ ရှုံးသလိုလိုဖြင့် အစအနပင် မမြင်ရ။

"ငါလည်း နင့်လုပ်စာ မျှော်စားနေရတာ လည်နင်လို့ ရင်းနှီး မြုပ်နှံကြည့်တာပဲ၊ ကံကောင်းလို့ အလိမ်ခံလိုက်ရတာ ဘာမှမတတ်နိုင်





ဘူး"

သူကပဲ ရှာဖွေကျွေးနေတာ ငြိုငြင်မိသလိုလိုဖြင့် အပြစ်ပြော ထွက်ခဲ့ပေ၊ သူ ဘာလုပ်လုပ် အကောင်းမမြင်၊ ဘာပြောပြော အကောင်း ဆင်။

စေတနာလို့ သတ်မှတ်မခံရခြင်းအတွက် ရင်နာဖို့လည်း အခွင့် အရေးမရှိခဲ့ပါ။

"မင်း ဆင်ခြေပေးဖို့ တွေးမနေနဲ့ ထွန်းသစ်စ၊ မိသားစုကို တာဝန်ယူနေရတယ်ဆိုပြီး ငါ့ကို ပမာမခန့် ပြန်မရှင်းနဲ့၊ ဖြစ်အောင်လုပ် ပေးပါမယ်ဆိုတဲ့ စကားကိုပဲ ငါ ကြားချင်တယ်"

"အဲဒါ မေမေ မလွန်လွန်းဘူးလား"

"ဟင် ညီမလေး"

"ကြာဖြူ ညည်း"

ကျောင်းလွယ်အိတ်လေး ဘုတ်ခနဲ ချကာဝင်ပြောတော့ ဒေါ် ဘာခွေ ဒေါသက ကြာဖြူဘက် မြားဦးလှည့်သွား၏။ ထွန်းသစ်စနှင့် သက်လျှင် ကြာဖြူ နေရာတကာ ဝင်ပါလွန်းသည်။

ငယ်ငယ်တည်းက ထွန်းသစ်စအပေါ် ဆိုးနွဲ့တာမျိုးရှိသော်လည်း ကျင့်တာမျိုး မဟုတ်ခဲ့ပါ။ ကိုကို့ကို မရိုက်ပါနဲ့ မပြောပါနဲ့ဟု ကိုယ် တတ်သူ။

"မိကြာဖြူ ညည်း ကလေးပဲရှိသေးတယ်၊ ကလေးနေရာမှာနေ၊



www.burmeseclassic.com

www.burmeseclassic.com



ဒါ လုပ်ငန်းကိစ္စ၊ ငွေရေးကြေးရေးကိစ္စ ပြောနေတာ၊ နေရာတကာ ဝင်မပါနဲ့''

''ကိုကို တတ်နိုင်တာကိုပဲ ပြောမှာပေါ့ မေမေရယ်၊ ကိုကို့မှာ အိမ်မိသားစု စားဝတ်နေရေးအတွက် ရှန်းကန်နေရသေးတယ်၊ ပညာရေးကျန်းမာရေးက အစလည်း တာဝန်ယူနေရတာမဟုတ်လား''

''ဒါတွေ မယူလို့ ဖြစ်မလား၊ သူက ဒီအိမ်မှာ သားအကြီးဆုံး အစ်ကိုအကြီးဆုံး၊ သူ့ကိုအားမကိုးလို့ ဘယ်သူ့အားကိုးရမှာလဲ''

''အခု အားကိုးရုံမကဘူး၊ အနိုင်ကျင့်နှိပ်စက်သလို ဖြစ်နေပြီ မေမေ''

''ညီမလေး''

ထွန်းသစ်စ အလန့်တကြားပင် ကြာဖြူလက်ကိုဆွဲ၍ ဟန့်တား မိသည်။ မေမေ့ကို သူ ပြန်မပြောရဲတာတွေ ညီမလေးက ကူပြောပေး ကြခိုပေးမယ့် တစ်ခါမှ ပြေလည်သွားခဲ့တာမျိုး မရှိပါ။ ညီမလေး ကွယ် မှာ ထိုထက်ပိုသော စွပ်စွဲချက်တွေဖြင့် တိုက်ခိုက်ခံရမြဲ ဖြစ်သည်။''

''ထွန်းသစ်စ''

''ဗျာ ဗျာ မေမေ''

''ကြာဖြူကို မင်းဘယ်လို နားရိုက်သွင်းထားလို့လဲ''

''သား သားဘာမှမပြောပါဘူး မေမေရယ်''

ပြန်ပြောသော ကြာဖြူထက်သူက အပြစ်ပိုများနေလာ၏။





က်တောက်နီကြီးနှင့်ကြည့်ပြီဆို သူ ခြေဖျားလက်ဖျားတွေ အေးစက်တုန် သ်လျက် ကြောက်ရွံ့ရမြဲပါ။ ငယ်ငယ်ကဆို ကြိမ်လုံးကိုင်၍ တစ်ကိုယ်လုံး ရှိုးရာထင်အောင် အရိုက်ခံခဲ့ရတာ။

''မေမေရယ် ကိုကိုက ကြာဖြူကို ဘာပြောမှာလဲ၊ ကိုကိုမပြော ည်း ကြာဖြူ မြင်တွေ့နေတာပဲဉစ္စာ၊ ကိုကို့ကို စိတ်ရောလူရော ပင်ပန်း အောင် မလုပ်ပါနဲ့''

''ညီမလေးရယ် မပြောပါနဲ့၊ ညီမလေးက အဲလိုပြောပေးနေရင် မေက ကိုကို့ကို တစ်မျိုးထင်တော့မှာပေါ့''

''ဘာလဲ ငါက မင်းကို ဘာမဟုတ်တာ အပြစ်မြင်နေတယ်လို့ ိုလိုတာလား၊ ငါက မတရားဘူး၊ အနိုင်ကျင့်နေတယ်ပေါ့၊ ယုတ်မာနေ ယ်ပေါ့''

''မ မဟုတ်ပါဘူး မေမေရယ်၊ သား ရဲရဲကြီးအောင် အဲလိုတွေ ပြောပါနဲ့၊ မေမေပြောတဲ့ကိစ္စကို သား ကြိုးစားကြည့်ပါမယ်''

''ကိုကို တစ်ကျပ်တစ်ပြားမှတ်လို့ အလွယ်ပြောနေတာလား''

''ဖြစ်မယ်လို့ အာမခံနေတာမှ မဟုတ်တဲ ညီမလေးရယ်၊ ကြိုး ကြည့်မယ်လို့ ပြောတာပါ''

''အေး မဖြစ်ခဲ့ရင်တော့ ငါ အရှက်ကွဲရမှာ ထွန်းသစ်စ၊ ငါ့ကို ကျစေချင် အရှက်ရစေချင်ရင်တော့ မင်းသဘောပဲ၊ ငါ အခု ာက မိသားစုအတွက် အထောက်အပံ့ဖြစ်စေချင်တာ၊ မင်း ကိုချည်း



www.burmeseclassic.com

www.burmeseclassic.com



မှိုနိုနေရတာ အားနာလို့''

ထိုစကားတစ်ခွန်းအတွက်တော့ သူ့ရင်ထဲမှာ ကြည်နူးသလို ဖြစ်သွားရပါသည်။ သူ့ကိုအားနာရမှန်း မေမေ သိသေးသည်ပဲ။

''ကိုကို ဘယ်လဲ၊ ညစာ ထမင်းစားရအောင်လေ၊ ညီမလေး ထမင်းပွဲပြင်လိုက်မယ်''

''အစောကြီးရှိသေးတာပဲ၊ ကိုကို အပြင်သွားလိုက်ဦးမယ် ညီမလေး''

''ကိုကို စောစောပြန်လာနော်''

''အင်းပါ ညီမလေးရဲ့''

စိုးရိမ်တတ်သော ညီမလေးကို ခေါင်းလေးဖွဖွပုတ်ကာ သူ ထွက်လာခဲ့သည်။ ဒီအိမ်မှာနေရခြင်းက ညီမလေးကြောင့် စိတ်သက်သာ ရာရနေတာ။ ညီမလေးလည်း မေမေတို့လိုသာဆိုလျှင် မွန်းကျပ်ပိတ် လှောင် အသက်ရှူရပ်ပြီး သေမှာပဲ။

■ ■ ■



## အခန်း (၉)

''ဒီကိစ္စကြီးကတော့ အထွန်းမ အမေလွန်တာပေါ့၊ အိမ်ပေါင်· ...တာလည်း အထွန်းနဲ့ပဲ ဆပ်နေရတာ၊ မိသားစုစားဝတ်နေရေးလည်း ...န်းပဲ ရှန်းနေရတာ၊ သူတို့က ရတာလေးနဲ့လောက်အောင် ခြိုးခြံ ...တာတယ်ဆိုတာလည်းမရှိ၊ စည်းကမ်းနဲ့သုံးစွဲတာလည်း မဟုတ်၊ ...န်း ဘယ်လောက်ရှာပေးပေး ပိုတယ်လျှံတယ်ဆိုတာကို မရှိဘူး''

''ညီမလေးကတော့ သိတတ်ရှာပါတယ်''

သူ့ဘက်က ခုံကာကွယ်စရာဆိုလို့ ဒီတစ်ခုပဲ ရှိသည်။ သူသူ ...ရဲ့ကာ ဆံပင်တွေကို ခါပစ်လိုက်ပြီး

''ကြာဖြူရော ဘာတတ်နိုင်လို့လဲ၊ အထွန်းဘက်က ကာကွယ် ...မယ့် အဆုံးတော့ မအေကို လွန်ဆန်နိုင်တာမှ မဟုတ်တာ''



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါလည်း ငါ့အတွက် အားဆေးတစ်ခွက်ပါပဲ ညီမလေး အားပေးမှုမရှိခဲ့ရင် ငါ အသက်ရှုချင်စိတ်တောင် ရှိတော့မယ်မထင်ဘူး"

"အခု အဲဒီလောက်ငွေကို ဘယ်ကရှာမှာလဲ၊ ဘာလုပ်မှာလဲ"

"ငါလည်း မသိဘူးကွာ၊ ဘာလုပ်ရမှန်းကိုမသိတာ"

"ဟို ခွန်းတုံ့ဇော်ဆိုတဲ့ ကောင်မလေးက အရမ်းချမ်းသာ တယ်၊ သူ့ကို အကူအညီတောင်းကြည့်ပါလား"

"အာ မလုပ်ချင်ပါဘူး၊ အလိုလိုမှ ငါတို့လို လူမျိုးတွေကို တကာက အထင်သေးချင်နေကြတာ၊ သူလေးမှာ အဲလိုအသွေးအရေး အဆင့်အတန်း မခွဲခြားတတ်တဲ့စိတ်လေးရှိလို့ ငါ လေးစားနေတာ သူ အထင်သေးရှုံ့ရှာသွားမယ့်အဖြစ်မျိုး ငါ မလုပ်ချင်ဘူးကွ"

"အမယ်လေးဟဲ့"

သူသူက နှာခေါင်းရှုံ့မျက်စောင်းထိုးပြီး သူ့လက်မောင်းကိုလည် လှမ်းပြီး လိမ်ဆွဲလိုက်ကာ

"အဖြစ်သည်းနေလိုက်တာ၊ ဖုံးပေါ်လအော ဒီလောက်အ အရေးပေးနေတဲ့ မိန်းကလေးကို အမိအရ ဆွဲစိလိုက်တော့ ဘာဖြစ် လဲ၊ ရသလောက်ယူပြီးမှ ခွာလိုက်လည်း အရှုံးမရှိဘူး"

"သူသူ မင်း အဲလို စိတ်ပုပ်စိတ်ယုတ် မတော်တရော် စ တွေ မပြောစမ်းပါနဲ့၊ ငါတို့အတိတ်မှာ ဘယ်လိုမကောင်းမှုတွေလုပ် ဒီလို ယောကျ်ားမဟုတ် မိန်းမမဟုတ် လူအထင်ကြီးမခံရတဲ့ဘဝ





ဖြစ်နေတယ်ဆိုတာ မပြောတတ်ဘူး"

"အမယ်လေး သူသူတို့ကတော့ ဒီလိုဘဝနဲ့ နေရတာ ကျေနပ် ယ်၊ ဒီလိုဘဝဆိုတာ လူတိုင်းဖြစ်ချင်လို့ ဖြစ်ရတာမှမဟုတ်တာ"

သူသူက ဒီဘဝကို လူဖြစ်ရှုံးတယ်လို့ ဘယ်တော့မှ မထင်ပေ။ သာ မပျော်မွေ့နိုင်တာ။

"ထားပါ လူဖြစ်လာရတာခြင်းတူပေမယ့် စိတ်ဆန္ဒခြင်းကတော့ တူပါ့မလဲ၊ မင်းကိုငါ အပြစ်မပြောပါဘူး၊ ကိုယ်ရထားတဲ့ ဘဝကို နပ်နေတာလည်း တစ်မျိုးကောင်းပါတယ်"

"အထွန်းအတွက်တော့ စိတ်မကောင်းဘူး၊ အထွန်း မဖြစ်ချင် ကို မကျေနပ်ပေမယ့် ရောင့်ရဲနေရတာလေ၊ ဆွဲထုတ်ပေးမယ့်သူ တောင် အထွန်း ရုန်းမထွက်နိုင်ဘူး"

ခွန်းတုံ့ဇော်ကို ရည်ရွယ်ပြောမှန်း သူ သိသည်။ သူဟာမှိုမိုသူ ယောက် မဖြစ်ချင်ပါ။ အခွင့်အရေးသမားတစ်ယောက်လည်း မလုပ်

"အဲဒါက ငါ့ဘဝလေ၊ မကျေနပ်လည်း ဒီဘဝမှာပဲ ငါပျော် နေရမှာ၊ မေမေ ငြိုငြင်တာကိုလည်း မခံစားနိုင်ဘူး၊ ကျန်တဲ့လူ လည်း မစွန့်လွှတ်နိုင်ဘူး"

"သံယောဇဉ်တွေကြီးလို့ ဒုက္ခများလိုက်တာ အထွန်းရယ်၊ ကဲ ထားပါ၊ အထွန်းအမေ တောင်းထားတဲ့ငွေက ဘယ်လိုလုပ်မှာလဲ၊

www.burmeseclassic.com



သူသူလည်း အကြံမပေးတတ်တော့ဘူး၊ ဟို သူသူအိမ်ကိုပေါင်ပြီး ဖြေ
လိုက်ပါလားဟင်၊ အံ့မေ့ကိုပြောလိုက်မယ်''

''မလုပ်ပါနဲ့ သူသူရယ်၊ အဲလိုပြောတာနဲ့တင် ကျေးဇူးတင်
ပြီ၊ ငါ့ကိစ္စ ငါ့ဘာသာပဲ ဖြေရှင်းပါမယ်၊ ဒီတစ်ရက်နှစ်ရက်အတွ
နည်းလမ်းရှာရမှာပေါ့''

''မဖြစ်ရင်''

''မေမေ ကျိန်ဆဲပေါက်ကွဲသမျှ လည်စင်းပေးရုံပဲပေါ့''

မောတယ်ဟု သူသူ တီးတိုးညည်းညူ၏။ သူ့မှာတိုင်ပင်
ဆိုလို့ သူသူ တစ်ယောက်သာရှိသည်။

အလုပ်ကိစ္စမရှိလျှင် ညဘက်တိုင်း သူသူ့အိမ်ဘက်ကို
ရောက်လာတတ်မြဲ။ သူသူက သူ့အိမ်မိသားစုလောက် အဆင်မပြေ
မျိုးတော့ မဟုတ်ပါ။ အမေတစ်ခုသားတစ်ခု၊ နှစ်ယောက်တစ်ဘ
သူသူ ရှာဖွေပေးတာတောင် အကုန်မသုံးဘဲ တခြားမှာ
အောင်လုပ်၍ သူသူ အလုပ်မရှိသည့်အခါမျိုးမှာ သုံးဖို့ဆွဲဖို့ ပြန်တော
ပေးသည်။ မိဘနှင့်သားသမီး ကြင်နာနွေးထွေးမှုလည်းရှိ၏။ သူသူ
လုပ်လုပ် ဘယ်လိုနေနေ အပြစ်လည်းမမြင်။

သူသူ့ဘဝကို အားကျတာမျိုး မဟုတ်ပေမယ့် တစ်ခါတ
ကိုယ့်ဘဝကိုယ် ဝမ်းနည်းမိတာတော့ အမှန်ပင်။

''အထွန်း''





သူ့ရဲ့မရှိမဆုံ့ သက်ပြင်းရှိုက်သံကြားတော့ သူသူ ပြူးပျာစွာပင်
လန့်တကြားခေါ်၏။ သူ့ ခေါင်းကိုရမ်းကာ နံရံမှာ ကျောကပ်ပစ်လိုက်
သည်။ ခဏနေတော့ သူသူ့ကို နှုတ်မဆက်ဘဲ သူ ထပြန်လာခဲ့၏။

တက္ကစီမစီးလျှင် ဆိုက်ကားစီးမှ အဆင်ပြေသော ဒီလမ်းကို
ခြေလျင်လျှောက်ကာ ပြန်ခဲ့ပြီး ပတ်ဝန်းကျင်ကိုပင် ဂရုမမူမိ။

''ရှုတ် ရှုတ်''

''သည်းပေါက်လိုက်မလား''

''အပြုံစုကောင်းရင် ပိုပိုသာသာလေး ပေးမယ်၊ တို့တွေက
ကြင်နာတတ်ပါတယ်''

နောက်က လိုက်လာသော လူသုံးယောက်ရဲ့ ရိသဲ့သဲ့စကားသံ
ကြောင့် ကိုယ့်ကိုယ်ကိုယ်ယူကျုံးမရဖြစ်ကာ လက်သီးကို တင်းတင်း
ဆုပ်မိ၏။ သူ့ဘဝအနေအထားက ဘာလဲ။ မိန်းမရှာဖို့ အကဲစမ်းကာ
ကင်သေးကြခြင်းပင်။

''ချစ်လေး မင်းရဲ့ပွဲတိုင်းကို လာအားပေးတယ် သိလား၊ မင်းက
ကျေးဇူးပြန်သိတတ်ဖို့ကောင်းတယ်''

''နှုတ်ခမ်းလေးစူထားတာ အရမ်းချစ်စရာကောင်းတာပဲကွာ၊
ကြင်ရဘူးနော်၊ အချစ်ကြမ်းလိုက်မှာ''

''တစ်နေ့ရာသွားရအောင်ကွာ၊ ကြင်နာချင်လို့ပါ''

''ဟိတ်ကောင်တွေ''



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ပေါက်ကွဲမှုဒေါသအရှိန်အဟုန်က ကျယ်ကျယ်လော
လောင်ပင် ဖြစ်သွား၏။ သုံးယောက်လုံး မထိမဲ့မြင်နှင့် ပခုံးတွန့်
ရယ်ကျဲကျဲ ဖြစ်သွားကြသည်။

သူ့ကိုယ်ကိုလည်း ဟိုနေရာဒီနေရာ တို့ကနန်းဆိတ်ကန
ထိကပါးရိကပါး လုပ်လာကြ၏။

ယောကျ်ားချင်း ဘာတွေအရသာခံနေကြတာလဲ။

"တောက်"

"ဟာ ဆော်တယ်ဟေ့ ချကွာ"

"အခြောက်မ ဂန်ဒူးမ၊ လူပါးဝလို့"

လက်သီးထိုးတာ ရန်ဖြစ်တာ အတွေ့အကြုံမရှိသော သူ့အ
က မခံချင်စိတ်များဖြင့် တုံ့ပြန်ခဲ့မိသော်လည်း ထိုလူသုံးယောက်ရဲ့ ခေ
အောက်မှာ အရိုးတွေကျိုးကျေမတတ် အလူးအလှိမ့် ခံလိုက်ရသည

ဒါဟာ ယောကျ်ားတစ်ယောက်ရဲ့ အစွမ်းအစတွေ ပျောက်
အောင် ပုံသွင်းကြိုးကိုင်ခဲ့သော မေမေ့ရဲ့အစွန်းရောက် အတွ
ကြောင့်. . .။

■ ■ ■



## အခန်း (၁၀)

"ထားလိုက် အဲဒီအတိုင်း သေပစေ ပစ်ထားလိုက်၊ ဘာလဲ
ကောင်းရန်တွေ့ရုံဆို တော်သေးတယ်၊ ယောကျ်ားတွေနဲ့များ ယှဉ်
သွားမိုက်ရတယ်လို့ သူ့ကိုယ်သူ ဘာများအောက်မေ့နေလဲ မသိဘူး"

"ကိုကိုလည်း ယောကျ်ားပဲလေ မေမေရဲ့၊ သူ့ကို မခံချင်အောင်
မှတော့ ယောကျ်ားမာနနဲ့ တုံ့ပြန်ချင်မှာပေါ့"

"ဟဲ့ သူက ယောကျ်ားစစ်စစ်လား၊ အခြောက်မ ဂန်ဒူးမ၊
တော်မလေ၊ ကိုယ်က ယောကျ်ားတစ်ယောက်လို အရည်အချင်း
အစမရှိဘူးဆိုတာ ကိုယ့်ကိုယ်ကိုယ် သိနေရမှာပေါ့"

"အဲဒီလိုဖြစ်အောင် မေမေလုပ်နေတာလေ၊ ကြမ်းတမ်းတဲ့
င်တွေ မနိုင်းရက်တာလိုလို၊ ဘွားဘွားအမွေ ဆက်ခံရမယ့်သူက
တော်ပဲလုပ်ရမှာ၊ လက်သီးထိုးတာတစ်ရာမလိုဘူးဆိုပြီး အစွမ်းအစ



www.burmeseclassic.com

www.burmeseclassic.com



မရှိအောင် နှိမ့်ချထားခဲ့တာပဲ မဟုတ်လား၊ ကိုကို ဒီလိုသူများအနိုင်က ခံရတာ မေမေကြောင့်၊ ကိုကို့ကို မေမေ ပစ်စလက်ခတ် မလုပ်သင့် ဥပေက္ခာမပြုသင့်ဘူး''

''တောက် မိကြာဖြူ ညည်းပါးစပ်ပိတ်၊ အခုပိတ်လိုက် ငါ ဘာမှထပ်မကြားချင်ဘူး''

မေမေနှင့်ညီမလေးရဲ့ အပြန်အလှန် ပဋိပက္ခသံတွေကို အခန်းထဲကနေ ဒီအတိုင်း ကြားနေရပါသည်။ သူ့ဘက်ကနေ ညီမ အတိုက်အခံလုပ်ပေးနေတာ ကြည်နူးရပေမယ့် မေမေရဲ့ စိမ်းသက် ကိုတော့ မခံစားနိုင်ပေ။ ညကနေ ခုချိန်ထိ သူ့အနားကို မေမေ ခေါက်မှ လာမကြည့်သေးပါ။ ဆေးရုံဆေးခန်းလည်းမပို့ ဂရုစိုက်ပြု လည်း မရှိဘဲ စိုးရိမ်တကြီး ဖြစ်နေသော ညီမလေးကိုတောင် ရန်လုပ် သေးသည်။

''ကိုကို''

ခဏနေတော့ ဆန်ပြုတ်ပန်းကန်လေးနှင့် ညီမလေး သူ့အ ရောက်လာ၏။

''ကိုကို ဒီဆန်ပြုတ်လေးသောက်လိုက်ဦးနော်၊ ပြီးရင် ဆေး သွားရအောင်၊ ညီမလေးမှာ စုထားတဲ့ပိုက်ဆံရှိပါတယ်''

''အကိုက်အခဲပျောက်ဆေးသောက်ရင် သက်သာသွား ညီမလေးရယ်၊ ကိုကို ဆေးခန်းမသွားတော့ပါဘူး''





''ဘယ်ဖြစ်ပါ့မလဲ ကိုကိုရယ်၊ မျက်နှာက ဖူးယောင်နေတာ ကျသေးဘူး။ လက်တွေမှာလည်း ပွန်းပဲ့လို့၊ ညကတည်းက ဆေးခန်း သွားလိုက်ရမှာ''

''မေမေက ညကတည်းက သောင်းကျန်းနေတာ ညီမလေး ရဲ့သားနဲ့ ကိုကို မှားတာပါ၊ ဘယ်လောက်ပဲ ရန်စစ ရှောင်တိမ်းလာရင် စ်တဲ့ဟာကို''

''အဲလိုတော့ မပြောပါနဲ့ ကိုကိုလည်း ယောကျ်ားပဲဥစ္စာ၊ မခံ ချိစိတ်နဲ့တုံ့ပြန်တာ မမှားဘူး၊ ကိုကို ခံရတဲ့ဆိုပေမယ့် ယောကျ်ားမာန လို့ တန်ပါတယ်''

''ညီမလေးရယ်''

သူ့ စိတ်ပြေသာအောင် အားပေးစကားပြောပေးသော ညီမ လေးလက်ကို သူ ခပ်တင်းတင်း ဆုပ်ကိုင်၍ မျက်ရည်တွေလည်လာ သည်။

''ကျေးဇူးတင်ပါတယ် ကိုကို့ကို အဲလို အားပေးလို့ ကျေးဇူး ပါတယ် ညီမလေးရယ်''

''ကိုကိုရယ် ကျေးဇူးတင်တယ်ဆိုတဲ့စကားကို ညီမလေးကို ရလား၊ ညီမလေးက ကိုကို ဒီလိုဖြစ်သွားတာကို တကယ် စိတ် ကောင်းဖြစ်နေတာ၊ ဆေးခန်းသွားလိုက်ရအောင်နော် ကိုကို၊ ဒဏ်ရာ နဲ့ ကိုကို ဖျားနေမှာစိုးလို့''



www.burmeseclassic.com

www.burmeseclassic.com



"မိကြာဖြူ"

အပေါက်ဝက မေမေ့အော်သံကြောင့် သူ ဆတ်ခနဲပင် တု
သွားရသည်။ မေမေ့မျက်နှာမှာ သူ့အတွက် စိတ်မကောင်းသော ကြင်န
နွေးထွေးသော အရိပ်အရောင်များ ရှိမနေ။

"ညည်း ကျောင်းနောက်ကျတော့မယ်၊ အခန်းထဲဝင်ပြီ
ဘာလုပ်နေတာလဲ"

"ကြာဖြူ ဒီနေ့ ကျောင်းမတက်တော့ဘူး မေမေ၊ ကိုကို
လောက်ဖြစ်နေဘာ ပြုစုရမှာပေါ့"

"အမယ်လေး မလိုပါဘူးအေ၊ ငါတို့အိမ်မှာ ကျန်ခဲ့တဲ့လူတွေ
အကျိုးအကန်းတွေ မဟုတ်ပါဘူး၊ လုပ်ပေးသင့်တာ လုပ်ပေးလိုက်ပါ့မယ်
ညည်းသာ ဒီနှစ် ဆယ်တန်းပညာရေးကို ဂရုစိုက်၊ နည်းနည်းမှ ပေါ့
ရတာမဟုတ်ဘူး"

"ဟုတ်ပါတယ် ညီမလေးရယ်၊ ကိုကိုက ဒီလောက်ဖြစ်
မဟုတ်ပါဘူး၊ ကိုယ့်ဘာသာ ထနိုင်သွားနိုင် စားနိုင်ပါတယ်၊ ပညာ
အရေးကြီးတယ် ညီမလေးရဲ့၊ ဆယ်တန်းက ကျောင်းရက်ပျက်လို့
လို့မဖြစ်ဘူး၊ ကျောင်းသွားနော် ညီမလေး"

သူ ထိုသို့ပြောမှ ညီမလေး ငိုမဲ့မဲ့နှင့် ထသွားသည်။ ဆန်ပြု
ပန်းကန်လေးကို ကိုယ့်ဘာသာ ယူသောက်နေချိန်မှာ မေမေက အနား
ဝင်ထိုင်၏။





"ကြာဖြူ မရှိတုန်း ပြောရဦးမယ်၊ မနေ့ညက ငွေရှာဖို့အတွက်
ပြင်ထွက်သွားတာမဟုတ်လား၊ အဆင်ပြေခဲ့လား ထွန်းသစ်စ"

"သားဒဏ်ရာတွေ သက်သာလားလို့ အရင်မေးပါလား မေမေ"

"မင်း သေလောက်တဲ့ဒဏ်ရာမရှိတာ ငါ မြင်နေတာပဲ၊ ဘာကို
စိုက်ခံချင်နေတာလဲ၊ မင်းယောက်ျားစစ်စစ် သိပ်ဖြစ်ချင်တယ် မဟုတ်
ား၊ ဒါလေးတောင် ခံနိုင်ရည်မရှိဘူးလား ထွန်းသစ်စ"

"မေမေရယ် ဘာပဲဖြစ်ဖြစ် မိဘရဲ့ပြုစုယုယမှုကို သားသမီး
င်း ခံချင်ကြတာချည်းပါပဲ၊ မေမေ ဘာလို့ သားအပေါ် မေတ္တာတွေ
ေးတာလဲ၊ မနွေးထွေးတာလဲဟင်"

"ထွန်းသစ်စ"

မေမေက ဒေါသဖြင့် ဟန့်တားလိုက်ပေမယ့် သူ ထိတ်လန့်
န်လှုပ်သွားတာမျိုး မဖြစ်တော့ဘဲ ဆို့နင့်ဝမ်းနည်းစွာ မျက်ရည်တွေ
င်းကျလာသည်။

"သားလည်း မေမေတို့ရဲ့သားတစ်ယောက်ပါ၊ သားကြီးမို့
ိုကြီးမို့ တာဝန်အကြီးကြီးတွေ ယူရမယ်ဆိုတာ သား နားလည်
ယ်၊ ဒါပေမဲ့ မိဘတွေရဲ့ မေတ္တာနဲ့ နွေးထွေးမှုကိုတော့ တခြားသား
တွေနည်းတူ လိုချင်ပါတယ် မေမေ"

"အခု ငါ့ကို ပြဿနာရှာနေတာလား ထွန်းသစ်စ"

"အဲဒီလို ဘာလို့ ထင်တာလဲ မေမေ၊ မေမေ့သားတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

အနေနဲ့ သားမှာ ရင်ဖွင့်ခွင့်မရှိဘူးလား''

''မရှိဘူး ရှိလည်း ငါ နားလည်မပေးနိုင်ဘူး၊ ငါတို့ဘဝ
အဲလို အနုအရွတွေ ခံစားနေဖို့ အချိန်မရှိဘူး၊ မင်းရှာကျွေးတာ
စားနေရတယ်ဆိုပြီး တောင်းပန်ခယကျိုးနွံပြီး နေစေချင်တာလား''

''မေမေရယ်''

သူ ဘာမှပြောချင်စိတ်မရှိတော့ပါ။ သူ ဘာပြောပြော အကောင်
မှ မထင်ခံရဘဲ။ သူ ဒီလို ရင်ဖွင့်မိတာပဲ အပြစ်ကြီးတစ်ခု ကျူးလွန်
သလို ဖြစ်နေခဲ့ပြီ မဟုတ်လား။

ရှိပါစေတော့ ဒါဟာ သူ့ဘဝဆိုလျှင်လည်း . . ။

■ ■ ■



## အခန်း (၁၁)

''ဘာ ဘာဖြစ်တယ် အထွန်း၊ အထွန်းက''

''ဟုတ်တယ် အဲဒီနေ့ည သူသူဆီကအပြန်မှာ ဖြစ်တာ၊ သူ့ရု
ညီး အထွန်းညီမလေး လာပြောမှသိရတာပါ၊ သူ ကျောင်းသွားရမှာ
မဖြောင့်ဘူး၊ သူသူကို သွားဂရုစိုက်ပေးပါတဲ့လေ၊ သူ့အစ်ကိုကို
တော် သံယောဇဉ်ကြီးရှာတယ်''

''သူသူ အထွန်းဆီ ရောက်ပြီးပြီလား''

သူသူ မျက်နှာငယ်လေးနှင့် လေးပင်စွာ ခေါင်းညိတ်၏။

''စိတ်မချမ်းသာပါဘူး ဇော်ရယ်၊ ဒဏ်ရာပြင်းလို့ အထွန်း
ဆုံ ခံစားနေရတာတောင် အနားမှာ ဘယ်သူမှမရှိဘူးလေ၊ ဖအေ
သူက ခေါင်းရင်းဘက် အိမ်အောက်မှာ အရက်ပုလင်းနဲ့၊ မအေက
စလင်းဘတ်အိတ်လွယ်ပြီး အပြင်ထွက်သွားတယ်လေ၊ အငယ်
င်ကတော့ လမ်းမှာကတည်းက ဘောလုံးပိုက်ပြီး ထွက်သွားတာ



www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်တာ၊ အထွန်းလေ သူသူကိုဖက်ပြီး ငိုတယ် သိလား''

''ဟင် အထွန်း ငိုတယ်၊ သူ အရမ်းဝမ်းနည်းလို့ဖြစ်မှာ၊ ဖော်ကို အထွန်းဆီ လိုက်ပို့ပါလား သူသူရယ်''

''အမလေး ဘာသွားလုပ်မှာလဲ၊ သူ့အမေနဲ့တွေ့ရင် ပြဿနာ ဖြစ်နေပါဦးမယ်''

''ဘာပြဿနာဖြစ်ရမှာလဲ၊ ဖော်က အထွန်းကို လူနာသွားမေ မှာပဲဥစ္စာ၊ အထွန်း အရမ်းအားငယ်ဝမ်းနည်းနေမှာ၊ ဖော်ကို လိုက်ပို့ပါ နော်၊ သူသူ လိုက်မပို့ချင်လည်း ဖော်ကို လိပ်စာပြောလိုက်''

ခွန်းပ္နဲဖော်ကတော့ ဖွတ်တရွတ်မှ တကယ့် ဖွတ်တရွတ်။

လိုက်မပို့လည်း ဘာကိုမှ ဂရုမစိုက်ဘဲ အရောက်သွားဖို့ ဆန္ စောလျက်ရှိသည်။ အဝါရောင်ရင့်နေသော မျက်နှာလေးလည်း အထွန်း အတွက် စိတ်မကောင်းစွာ ပန်းသွေးရောင်ပြေးလို့ပါ။

''ကဲ လိုက်ပို့ပါမယ်ရှင်၊ တကတည်း ဖြစ်နေလိုက်တာ သူသူ မနာလိုဖြစ်လာပြီနော်''

''လိုက်ပို့မှာဆိုလည်း အိုဗာများမနေနဲ့၊ ပဲလှော်လုပ်မနေနဲ့ သွားမယ် လာ''

ခွန်းတုံ့ဖော်က စိတ်မြန်လက်မြန်ပင် ကားပေါ်တက်ကာ စော နိုးသည်။ သူသူမှာ ပျာပျာသလဲ အပြေးတက်လိုက်ရသည်။

''အဲလောက် အပူတပြင်းနိုင်ရလားဟယ်၊ သူသူ ယောက်





ဘဲ မသေချင်သေးဘူးနော်''

''အရေးထဲ ယောကျ်ားက လိုချင်နေသေးတယ်''

''လိုချင်တာပေါ့တော်၊ လူ့ဘဝမှာ လူဖြစ်ဖို့ ခဲယဉ်းတယ်၊ လူ တုန်းခဏလည်း လူဖြစ်ရကျိုးနပ်ချင်သေးတာပေါ့''

''ယောကျ်ားမရရင် လူဖြစ်ရှုံးတယ်လို့ ပြောချင်တာလား၊ အံ့သြ သပဲ နော်ဘူး''

သူသူက ဘယ်လောက်ပြောပြော စိတ်မဆိုးဘဲ စပ်ဖြဲဖြဲသာ နေသည်။

''အဲဒီအိမ်ပဲ''

သူသူပြောတော့ ထုံးအဖြူများ သုတ်ထားသော သစ်သားဝင်း လေးနှင့် အိမ်ရှေ့မှာ ကားအရှိန်လျှော့၍ ဘရိတ်အုပ် စက်သပ်ကာ ိုက်သည်။ အိမ်လေးက ပေနှစ်ဆယ် ပေခြောက်ဆယ် သွပ်မိုးပျဉ် င် သပ်သပ်ရပ်ရပ်လေးပါ။ အိမ်ရှေ့မှာ သီးပင်စားပင်များမတွေ့ရ ည့် ကျိုးတိုးကျဲတဲ ပန်းပင်လေးများကြောင့် စိမ်းစိမ်းစိုစိုတော့ မြင်ရ ည်။

''ဘယ်သူနဲ့တွေ့ချင်လို့လဲ ဘာကိစ္စလဲ သြော် သူသူ''

အသက်လေးဆယ်ကျော်ဟု မထင်ရလောက်အောင် နုပျိုသော ကြီးရဲ့အသံက မာဆတ်ဆတ်နှင့်။ နောက်မှ သူသူကို မြင်ကာ မှတ်ပြုလိုက်သော်လည်း မလိုလားမှုတွေအပြည့်၊ သူမကို ခြေဆုံး



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆုံး အကဲခတ် ကြည့်နေသော မျက်လုံးတို့ကိုလည်း မကြိုက်ပါ

"အထွန်း သက်သာတယ်မဟုတ်လားဟင်၊ သူ့ညေ့သည်က

အထွန်းကို လူနာသတင်းမေးချင်တယ်ဆိုလို့ပါ"

"သူက"

"ခွန်းတုံ့ဖော်ပါ"

"ထွန်းသစ်စကို ယုံကြည်ကိုးကွယ်နေတဲ့သူလား"

"ရှင်"

"ဪ အထွန်းက နတ်ကတော်မဟုတ်လား၊ လုပ်ငန်းကို

လူမှုရေးကိစ္စတွေအတွက် ယုံယုံကြည်ကြည် ကိုးကွယ်နေတဲ့သူတွေရှိတာ

လေ၊ အဲလိုထင်လို့"

သူသူ စင်ရှင်းပြမှ သဘောပေါက်သွားသော်လည်း ထွန်းသ

အပေါ် မကောင်းဘူးဟု သိထားသော ထိုအမျိုးသမီးကို မျက်နှာချို

ဆက်ဆံလိုစိတ်မရှိပေ။

တကယ်ဆို ထိုအမျိုးသမီးကြီးဘက်ကသာ ကိုယ့်သားဆီ ဖ

သော ဧည့်သည်ကို ချိုသာဖော်ရွေစွာ ဆက်ဆံသင့်သည်မဟုတ်လာ

"ဟင် သူသူ ဧည့်သည်လည်းပါလာတာလား"

ကျောင်းဝတ်စုံလေးနှင့် လွယ်အိတ်လေးလွယ်ကာ အပြုံး

လေးနှင့် နှုတ်ဆက်လိုက်သူက အထွန်းညီမလေး ဖြစ်ရမည်။

"ဟုတ်တယ် ကြာဖြူရဲ့၊ အထွန်းဧည့်သည်ပါလာတာ၊ အ





လူနာသတင်းမေး လာတာလေ၊ ကြာဖြူ အခုမှကျောင်းက ပြန်လာ

လား ကျူရှင်ရော"

"ကိုကို နေမကောင်းတာနဲ့ ကျူရှင်မတက်တော့ဘူးဆိုပြီး ပြန်

တာ၊ သူသူတို့အိမ်ထဲဝင်လေ၊ ကိုကိုနဲ့တွေ့ရအောင်၊ မမလာပါ"

ကြာဖြူက သူမ လက်ကလေးကို ဆွဲခေါ်သည်။ ဒေါ်မာလာဆွေ

ကြာဖြူရှေ့က ပိတ်ကာတားပြီး

"ကြာဖြူ ညည်းက ကျူရှင်မတက်ဘဲ ပြန်လာတာ၊ ငါ့ကို

ခန့်လုပ်တာလား၊ စာမေးပွဲနားနီးလို့ စာကြိုးစားမှဖြစ်မှာပါဆိုတာ

ောက်ပြောနေတာတောင် ညည်း နားမလည်ပါလား ကြာဖြူ"

"ကိုကို နေမကောင်းနေတုန်းမို့ပါ၊ စာမေးပွဲမကျစေရပါဘူး

ရယ်၊ ဧည့်သည်တွေလည်းရှိနေတုန်း ဘာမှမပြောပါနဲ့တော့"

ဒေါ်မာလာဆွေ မျက်စောင်းထိုးနေသော်လည်း ကြာဖြူက ဂရု

ာ်တော့ဘဲ ခွန်းတုံ့ဖော်တို့ကို အားတုံ့အားနာဖြင့် ဖွတ်ဆွဲခေါ်သွား

ည်။

"အထွန်း"

"ဟင် ဖော်"

ဘေးစောင်းလေး လှဲနေရာမှ ထွန်းသစ်စ အံ့သြတကြီး လှူးလဲ

ည်။ သူမတို့သုံးယောက် ထွန်းသစ်စအနား ဝင်ထိုင်လိုက်ကြ၏။

"ဘာလို့ အိမ်လိုက်လာတာလဲ ဖော်၊ အားနာလိုက်တာ"

"ဘာလို့ အားနာရမှာလဲ၊ သူသူပြောတော့ ဖော် စိတ်ပူပြီး



www.burmeseclassic.com

www.burmeseclassic.com



လိုက်လာတာ၊ အထွန်း သက်ရောသက်သာရဲ့လားဟင်၊ မျက်နှာမှ… အညှိုအမည်းတွေကိုစွဲလို့ ဆေးခန်းတွေဘာတွေ သွားတာမဟုတ်ဘူး…

မျက်ဝန်းအိမ်မှာ မျက်ရည်တွေ ရစ်ဝိုင်းလျက် ထွန်းသစ်… မျက်နှာလေးကို ဖွဖွလေး ပွတ်သပ်စိတ်မကောင်းဖြစ်နေသော ခွန်းတုံ့ဇော်… ကို ကြာဖြူ မျက်ဝန်းလေးပြူးလည်ကာ အကဲခတ်နေမိသည်။

ကိုကိုရဲ့ ရိုးရိုးသားသား မိတ်ဆွေမှ ဟုတ်ရဲ့လား။ ကိုကို… နတ်ကတော် မိန်းမရှာမှာ ချစ်သူမိန်းကလေးရှိတာလည်း တစ်ခါမှ မကြား… ဘူးပါ။

"ကိုကို ကြာဖြူကိုမှီပြီး ထိုင်မလားဟင်"

"ရပါတယ် ညီမလေးရဲ့၊ ကိုကို ထိုင်နိုင်ပါတယ်၊ တော်တော်… လေးသက်သာနေပါပြီ၊ ဟို ဧည့်သည်အတွက်ပဲ တစ်ခုခုလုပ်ပေးပါနော်"

"ကိုကို ဟိုလေ မေမေလည်းရှိနေလို့ ပြန်မှ လမ်းထိပ်လ… ဖက်ရည်ဆိုင်မှာ ညီမလေးလိုက်ပြီး ဧည့်ခံလိုက်ပါ့မယ်"

"ဪ အင်း အင်း ဇော်ကို အရမ်းအားနာစရာကောင်းနေပြီ…"

မောင်နှမနှစ်ယောက်လုံး အမေဖြစ်သူကြောင့် သူမကို အား… နေကြသည်။ သူမကတော့ မျက်နှာနွမ်းနွမ်း စိတ်ပင်ပန်းနေသော ထွ… သစ်စကိုပဲ သနားနေမိတာပါ။

ဘာကြောင့်များ သူ့အမေ အကြင်နာမဲ့လွန်းရတာလဲ၊ ဂရုဏာ… ရှိသော ကြာဖြူကိုတောင် မကျေနပ်ချင်သလိုပင်။

သူမရင်ထဲ ထွန်းသစ်စအတွက် ဝမ်းနည်းလွန်းစွာ သူ့လ…

ဗျူး၈၁၉၆

…ကို အားပေးသလို ဆုပ်ကိုင်ထားမိပြီး

"အထွန်း အားမငယ်နဲ့၊ ဇော်ကိုလည်း အားမနာနဲ့၊ စိတ်…ောင်းမဖြစ်နဲ့နော်၊ ဇော် အားလုံး နားလည်တယ် သိလား၊ ဇော်…နေ့တွေလည်း ထပ်လာဦးမယ်"

"ဟာ မလာပါနဲ့၊ မေမေက လူမှုရေးဘက်မှာ အားနည်းလို့ပါ၊ …ထပ်ပြီး အားနာရတာမျိုး မဖြစ်ချင်ဘူး"

"ဇော် ဂရုမစိုက်ပါဘူး၊ အထွန်းကို တွေ့ချင်လို့ လာမှာပဲဥစ္စာ"

"ကိုယ် နေကောင်းမှပဲ"

"ဟင့်အင်း ဇော်လာမှာပဲ"

"ဆိုးတယ်ကွာ"

"ဇော် ဘယ်လောက်ဆိုးဆိုး သည်းခံနိုင်ပါတယ်ဆို"

"ဒါက"

ကြာဖြူနှင့်သူသူ့ကို မလုံမလဲ လှည့်ကြည့်ရင်း ထွန်းသစ်စ …ားဆက်ပြောရမှန်းမသိပေ။ ညီမလေးရော သူသူရော တစ်မျိုး …ားနိုင်သည်မဟုတ်လား။

သူ့ရဲ့စိတ်တွေကရော ရိုးသားရဲ့လား။ ပုံမှန်ဟုတ်ရဲ့လား။ အခု …သောဆယ်မှာတော့ ခွန်းတုံ့ဇော် ပြန်သွားသည်နှင့် သူ့ကို ညီမလေး …ပေါင်းများစွာ မေးချင်နေသည်ဆိုတာ သူကလည်း သိနေနှင့် …...

■ ■ ■

ဗျူး၈၁၉၆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

''ကိုကိုနဲ့ အဲဒီမမနဲ့က ဘယ်လိုပတ်သက်မှုမျိုးလဲ ကိုကို''

သူထင်ထားသလိုပင် ခွန်းတုံ့ဇော်တို့ကို အိမ်ရှေ့ထိ လိုက်ပို့ ပြန်လာသော ညီမလေးက ခပ်စူးစူးကြည့်ကာ မသင်္ကာမေးခွန်းများ သူ့အနားဝင်ထိုင်သည်။

သူက မဖြေချင်သလို မျက်နှာကို ခပ်လွှဲလွှဲလုပ်၍ သက်ပြင်း ရှိုက်တော့ ညီမလေးက မကျေနပ်သလို မျက်ခုံးလေးတွန့်ချိုးသွား

''ကိုကိုက ကြာဖြူကိုတောင် ပြောမပြချင်ဘူးပေါ့''

''မဟုတ်ပါဘူး ညီမလေးရယ်၊ ထူးထူးဆန်းဆန်း ပြောစရာ မရှိသေးလို့ မပြောချင်တာပါ''

''ထူးဆန်းတယ်ဆိုတာက''

''ရိုးရိုးသားသား ခင်ကြတာကို ပြောချင်တာ''





''မယုံဘူး''

''ဟင်''

''မယုံရတဲ့အကြောင်းအရင်းနှစ်ခုရှိတယ်ကိုကို၊ တစ်ခုက ကိုကို့ကို ဆက်ဆံတဲ့ အဲဒီမမရဲ့မျက်လုံးတွေ မရိုးသားဘူး။ ကိုကိုလည်း သံမလဲ မပွင့်မလင်း ဖြစ်နေတယ်၊ နောက်တစ်ခုက ကိုကိုလိုလူမျိုးကို ဘာကြောင့်ပတ်သက်ချင်ရတာလဲ၊ မိန်းမရှာ ဂန့်ဒူးအခြောက်ဆိုတာ ကလေးတွေ စိတ်ဝင်စားတဲ့ ဂုဏ်ပုဒ်မှမဟုတ်တာ''

ညီမလေးပြောလိုက်မှ သူ့မှာ ဘာတန်ဖိုးမှမရှိတော့။ ညီမလေး တော့ သူ စိတ်မဆိုးရက်။ အမြဲတမ်း သူ့ဘက်က ရပ်တည်ပေးချင်ခဲ့ မဟုတ်လား။

ခွန်းတုံ့ဇော်နှင့် ပတ်သက်တာလည်း သူ့မှာပြောဖို့ခက်နေပါ သည်။ ဇော်က သူ့ထက်နှစ်နှစ်သုံးနှစ် ငယ်မည်ထင်ရပြီး ကလေးဆန်စွာ ခင်ချင်တာလည်း သူ့မှာအပြစ်မဆိုရက်။

တစ်ခါတစ်ရံ လူကြီးဆန်ဆန် တွေးခေါ်မှုလေးများဖြင့် သူ့ အတွက် စဉ်းစားပေးတတ်တာလည်း လေးစားလောက်ပေသည်။ ဒါဟာ သားမှုမဟုတ်တဲ့ ဘယ်လိုပတ်သက်မှုမျိုးပါလို့ ညီမလေးကို ဝန်ခံရမလဲ။

''ကိုကို''

''ဟင်''

''ဘာတွေ အဲလောက်ကြီးတွေးနေတာလဲ၊ ကိုကိုတို့ ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေပဲရှိရှိ ညီမလေးက ကန့်ကွက်ချင်လို့ သေချာအောင်

တာမဟုတ်ပါဘူး ကိုကို၊ အဲဒီမမက သွက်လက်ပွင့်လင်းသလို ထက်

မယ့်ပုံစံလေးပါ၊ ကိုကို့ကိုလည်း စာနာသနားနေတာ စိုးရိမ်နေတာ

မဆောင်နိုင်အောင်ပဲ၊ သူက အရမ်းချမ်းသာသလားဟင်''

''ကိုကို အဲဒါတွေထိ မသိသေးပါဘူး ညီမလေးရယ်၊ ကို

တွေ့ကြခင်ကြတာ မကြာသေးပါဘူး၊ နတ်ပွဲကရင်း ဆုံတာဆို

သူကလည်း ညီမလေးလိုပဲ ဒီအလုပ်ကို မလုပ်စေချင်ဘူး၊ တခြား

ရေးလုပ်ပါလား၊ သူ ကူညီမယ်လို့လည်း အားပေးတယ်''

''ဪ စိတ်ရင်းလေးက မဆိုးဘူးနော်၊ ခင်စရာလည်း

ပါတယ်၊ ခုနက လက်ဖက်ရည်ဆိုင်မှာ လိုက်ညှိခံမယ်ဆိုတော့

သူ မငြင်းဘူး၊ အဆင့်အတန်း မခွဲချင်တာ၊ ကိုကို့နဲ့ပတ်သက်ပြီး ညီ

ကို ရင်းနှီးချင်တာလည်းပါမှာပေါ့လေ''

''ညီမလေးကို သူ ဘာတွေပြောခဲ့သေးလဲ''

''ကိုကို့ကို ဂရုစိုက်ပေးပါတဲ့၊ ညီမတစ်ယောက်ကို အဲ

အလေးအနက်မှာနေပြီဆိုကတည်းက သူလည်း ကိုကို့အခြေအ

သိသင့်သလောက် သိနေပြီထင်တယ်၊ ကိုကို ပြောပြထားတာလ

နံရံမှာ မှီထိုင်နေလျက်က သူ ဖြည်းလေးစွာပင် ခေါ်

လိုက်ကာ

''သူသူ ပြောတာပါ၊ အဲဒါကြောင့် သူ နားလည်နေ





''ဒီအခြေအတိုင်း ရပ်မနေဘဲ ရှေ့ဆက်တိုးပါ ကိုကို''

''ဟင် ဘာပြောတာလဲ ညီမလေး''

''သူလည်း ညီမလေးလိုပဲ၊ ကိုကို့ကို ဒီဘဝထဲမှာ မနစ်မွန်းစေ

ချင်တဲ့ စေတနာတွေရှိနေတယ်၊ ပြီးတော့ ချမ်းသာပြည့်စုံတယ်၊ သွက်

ဘက်ထက်မြက်မှုရှိတယ်၊ အဲလို မိန်းကလေးနဲ့ ချစ်သူရည်းစားတော်လိုက်

ကိုကို ရုန်းထွက်လို့ အဆင်ပြေမှာ''

''ညီမလေးရယ် ကိုကို ရုန်းထွက်ရင်ရော မေမေက ခွင့်ပြုမှာ

လို့လား၊ တကယ်လို့ ရုန်းထွက်လို့ ရခဲ့ရင်ရော ညီမလေးတို့ ဘယ်လို

နေခဲ့မှာလဲ၊ ဒီမိသားစုကို ကိုကိုတယ်တော့မှ ဥပေက္ခာမပြုဘူး ညီမလေး''

''ကိုကို''

''ညီမလေး စေတနာမေတ္တာကို ကိုကို နားလည်ပါတယ်၊ ဒါပေမဲ့

မေမေ့ကို မလွန်ဆန်နိုင်သလို မိသားစုကိုလည်း တာဝန်မမဲ့ချင်ဘူး

ညီမလေး''

''မမဇော်ဘက်က ရှေ့တိုးလာရင်ရော''

''ဟင်''

''ဒီထက်ပိုပြီး ရင်းနှီးလာမယ်၊ အခွင့်အရေးပေးလာမယ်၊ တစ်

ဘက်လာမယ်ဆိုရင်ရော ကိုကို ရှောင်တိမ်းနိုင်မှာလား''

သူ မဖြေနိုင်။ ရှောင်တိမ်းဖို့ ဆန္ဒမရှိတာလည်း ဖြစ်နိုင်ပြီး

ဇော်ရဲ့ ဆိုးနွဲ့မှုလေးတွေ၊ နွေးထွေးမှုလေးတွေကို သာယာနေမိတာ



www.burmeseclassic.com

www.burmeseclassic.com



လည်း အမှန်ပင်။

မေမေရဲ့ လွှမ်းမိုးမှုနှင့် မိသားစုတာဝန်တွေရဲ့ ဖိစီးမှုကြေ
ခွန်းတုံ့ဖော်ရဲ့ သာယာမှုတွေကို မက်မောတောင့်တမိတာလည်း ဖြ
သည်။ မွန်းကျပ်နေသော သူ့ဘဝအတွက် ထိုငြိတွယ်မှုလေး လိုအ
တာ အမှန်ပါ။

"ကိုကို ဖြေလေ၊ မမဖော်ကို ကိုကို မချစ်တဲ့ နေနိုင်မှာလာ

"အဲဒီကိစ္စမျိုးက ဖြစ်ချင်မှလည်း ဖြစ်လာမှာပါ ညီမလေးရ

"အခု မရေရာပေမယ့် နောက်သေချာနိုင်တာ ကိုကို ခံ
နေတယ် မဟုတ်လား"

"တော်ပြီ ညီမလေးရာ၊ ဖော်နဲ့ပတ်သက်ပြီး မဆွေးနွေ
သေးဘူး။ စိတ်ကူးယဉ်မယ်ဆိုရင်တောင် အခြေအနေအဆင့်အတန်
က အရမ်းကွာပါတယ်"

စိတ်ပျက်အားငယ်စွာကာ ပြောခဲ့ပြီး ညီမလေးအနားက
ထထွက်လာခဲ့သည်။ ညီမလေးက သူ့နောက်က လိုက်လာကာ 
မောင်းကိုတွဲကိုင်ပြီး

"ထမင်းစားတော့မလား ကိုကို"

"အင်း စားတာပေါ့၊ မေမေတို့ရော စားပြီးပြီလား"

"မစားသေးဘူး ထင်တယ်၊ ခုနက ဖေဖေ အရက်ဆိုင်သ
လို့ ပေါက်ကွဲနေတာ၊ မမဖော်တို့ ကိုကို့ကို လူနာသတင်းလာမေ





လည်း မကြိုက်ဘူးထင်ပါတယ်"

သူ ဘာမှမပြောတော့ဘဲ ထမင်းစားဝိုင်းမှာ ထိုင်လိုက်သည်။
ညီမလေးက သူ့အတွက် ခူးခပ်ပြင်ဆင်ပေး၏။

"ဒီနေ့ငါးဟင်းနဲ့သီးစုံပဲဟင်းပဲချက်တာ၊ ညီမလေး ငါးအရိုး
နှင်ပေးမယ်နော်၊ ကိုကို ငါးမကြိုက်တာသိပေမယ့် ဈေးဖိုးက ဟို"

"ကိုကို နားလည်ပါတယ် ညီမလေးရယ်၊ မေမေ့ဆန္ဒကို ကိုကို
လုပ်ပေးနိုင်သေးလို့ မေမေ ဆန္ဒပြနေတာ၊ ညီမလေးတို့ပါ ဟင်းကောင်း
ကောင်း မစားရတော့ဘူးပေါ့"

"ညီမလေးတို့က ရပါတယ်၊ ငါးဟင်းလည်း ကြိုက်တာပဲ၊ ကိုကို
သာ"

"ငါတို့ကတော့ မကြိုက်ဘူးဟေ့၊ မင်း နတ်မတင်ရတော့ ကြက်
ကြော်နဲ့တောင် အရက်မမြည်းရဘူး။ မင်းဘာလုပ်ပေးမှာလဲ ထွန်းသစ်စ"

"ဖေဖေ"

ထမင်းဝိုင်းမှာ ယိုင်ထိုးကာ ဖြုန်းခနဲ ထိုင်ချလိုက်ရင်း ဖေဖေ
သနားရှာနေသည်။ အရင်လို အရက်ဖိုးအမြည်းဖိုး ပေးပြီး အသံတိတ်
အောင်လုပ်ဖို့ သူ့လက်ထဲမှာ ပိုက်ဆံမရှိ။

"သားနေကောင်းရင် ဖေဖေသုံးဖို့ ရှာပေးပါ့မယ် ဖေဖေ"

"ဒါဆို မင်း နေမကောင်းမချင်း ငါက ဒီအတိုင်းနေရမှာလား
အမေကို မင်းပိုက်ဆံအပ်ထားတာ ရှိတယ်မဟုတ်လား၊ ငါ့ကို ငါး



www.burmeseclassic.com

www.burmeseclassic.com



ထောင်တစ်သောင်းလောက် တောင်းပေးစမ်း၊ အခု အကြွေးသောက်ထ
တာကွ၊ အခုအကြွေးလည်းဆပ်ရမယ်၊ နောက်ထပ်လည်း သောက်
သေးတယ်''

''မေမေ့ဆီရောက်ပြီးသား ပိုက်ဆံကို ဘယ်အချိန်တုန်းက
တောင်းရလို့လဲ ဖေဖေရယ်၊ မေမေလည်း သူ့ဟာသူ သုံးစရာရှိလို့
နေတာ ကုန်မှာပေါ့၊ သားနောက်နေ့ကျ တကယ်ရှာပေးပါမယ်၊ ထ
စားပြီးရင် အိပ်လိုက်ပါတော့နော်''

''မရဘူး ပိုက်ဆံပေးစရာမရှိရင် နတ်ကတော် အဝတ်အ
တွေ ထုတ်ပေး သွားပေါင်မယ်''

''ဖေဖေ''

နှစ်ယောက်ကြားမှာ ဝင်ရပ်လျက် ကြာဖြူ အကျယ်ကြီး
ပစ်သည်။ ဖေဖေက ညီမလေးကိုတော့ သူ့အပေါ်လောက် အနိုင်မ
ပါ။ သမီးဆိုပြီး ချစ်သောစိတ်နှင့် အော်လိုက်လျှင်လည်း ငြိမ်သွား
တာမျိုး။

''ကိုကို နေမကောင်းနေတာလေ၊ ထမင်းမစားနိုင်တာ
နှစ်ရက်ရှိပြီလဲ ဖေဖေ သိလား၊ အခုမှ ထမင်းစားအောင် ကြာ
ကျွေးနေတာပါ၊ ကိုကို့ကျန်းမာရေးထက် ဖေဖေ့အရက်ဖိုးက အဲ
အရေးကြီးနေလား၊ ကိုကို့ကို နည်းနည်းလောက် သနားကြပါဦး

''ကြာဖြူရယ် ဟိုလေ ဖေဖေက''





''ကောင်းနေတဲ့အချိန်မှာ ဖေဖေတို့ တောင်းတိုင်းပေးနိုင်အောင်
ကိုကို အလုပ်လုပ် ငွေရှာနေတာပဲ၊ နေမကောင်းတဲ့အချိန်လေးတော့
နားလည်ပေးဦးမှပေါ့၊ ဖေဖေ ဒီလောက်သောက်ချင်နေတယ်ဆိုရင် ကြာဖြူ
အဝတ်အစားတွေ အကုန်ယူသွား၊ အကုန်ပေါင်ပြီး အရက်
ဝယ်သောက်လိုက် ဖေဖေ''

''ညီမလေး တော်တော့၊ ဖေဖေ့ကို အဲလိုမပြောရဘူး၊ ငရဲကြီး
တတ်တယ်၊ ညီမလေးလည်း စာကျက်ချေးမှာ၊ သွားတော့ ကိုကို့ဘာသာ
ထမင်းစားလိုက်မယ်''

သူ ညီမလေးလက်ကိုဆွဲကာ တွန်းလွှတ်သော်လည်း ညီမလေး
က မသွားပါ။ သူ့ ထမင်းပန်းကန်ထဲ ဟင်းတွေပုံထည့်၍ ငါးအရိုးနွှင်ပေး
နေသည်။ ကြာဖြူ စိတ်ဆိုးတာသိတော့ ဖေဖေ ငြိမ်သက်သွားသည်။

ထိုအချိန်မှာ မေမေက ထမင်းစားခန်းတွင်း ဝင်လာကာ
ထမင်းစားပွဲကို နှစ်ချက်လောက် တဒုန်းဒုန်းပုတ်လိုက်ပြီး

''ဒီအိမ်မှာ အလုပ်အကိုင်မရှိ မှိန်နေတဲ့ မိဘတွေဆိုပြီး ဘယ်သူ
လေးစားရမှန်း ရိုသေရမှန်း မသိကြတော့ဘူးလား၊ ကြာဖြူ ညည်းက
နှင်းသစ်အတွက်နဲ့ ဖအေကို နှုတ်လှန်ထိုးနေတယ်ပေါ့၊ မိဘကိုစော်
ကားရင် ဘာဖြစ်မယ်ဆိုတာ ညည်းတို့ အတန်းပညာမှာ မသင်ယူရဘူး
လား''

''ဒါ စော်ကားနေတာ မဟုတ်ပါဘူး မေမေ၊ ကိုကို နေမကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတဲ့အချိန်မှာ နည်းနည်း နားလည်ပေးစေချင်လို့ပါ''

''နားမလည်ရအောင် ငါတို့က ဘာတွေလုပ်နေလို့လဲ၊ ငါတို့
သူ့ဆီက မသထာရေစာ လက်ဝါးဖြန့်တောင်းသုံးနေရတဲ့ ဘဝပါ၊
ဒီဘက်မှာ ကတိပေးထားတဲ့ကိစ္စက သုံးရက်ပဲလိုတော့တယ်၊ ငါ့ဂု
သိက္ခာက သူ့အပေါ်မှာ မူတည်တယ်၊ သူလုပ်မပေးဘူးဆိုရင် ငါ့ဘ
သူများတံတွေးခွက်ထဲ ပက်လက်မျောပြီ၊ အခု ညည်းအဖေ''

မေမေက ဖေဖေ့ဘက် မေးငေါ့လှည့်ကြည့်လိုက်ပြီးမှ

''အိမ်မှာ ပုလင်းထောင် အမြည်းအကောင်းစားနဲ့သောက်
တဲ့သူက အခု အရက်ဆိုင်သွားပြီး အကြွေးသွားသောက်ခဲ့ရတာ
ဘယ်လောက်သိက္ခာကျလဲ၊ သူတစ်ယောက်တည်းတင်မဟုတ်ဘူး၊
သားစုလုံးသိက္ခာကျတာ၊ အဲဒါကျတော့ နင်တို့ နားမလည်ကြဘူး မ
လား''

''ဩော်''

သူ့ရင်ထဲက မခံစားနိုင်လွန်းစွာ တိုးတိတ်သော အာမေဋိ
ပင် ထွက်သွားရပါသည်။ အလျှင်မီအောင် ပြည့်စုံအောင် ရှာမပေ
သော သူ့မှာသာ အပြစ်ရှိသည်ပေါ့။

ပြောရက်လေခြင်းလို့ မညည်းညူချင်တော့ပါ။ ကြားထဲက
မလေးလည်း စိတ်ဆင်းရဲနေရသည်မို့ ထမင်းစားချင်စိတ် မရှိတော့
ခေါင်းကြီးငုံ့ကာ တို့ကနန်း ဆိတ်ကနန်း စားနေလိုက်သည်။





ဒါကို မေမေက ကျေနပ်ပုံမပေါ်ပါ။ ထိုင်ခုံကို ကျီးခနဲနေအောင်
[illegible]ထိုင်လိုက်ပြီး

''မိဘတွေ ဒီလိုဖြစ်နေတာတောင် မင်းတို့ ထမင်းစားဝင်တယ်
[illegible] မင်းရင်ထဲမှာ မိသားစုသိက္ခာကျလည်း အကြောင်းမဟုတ်ဘူး၊ ရ
င်ရှာပေးမယ်၊ မရလည်း မတတ်နိုင်ဘူးလို့ တွေးနေတာလား ထွန်းသစ်
[illegible]''

''မေမေရယ်''

''ညည်း ဘာမှဝင်မပြောနဲ့ ကြားဖြူ၊ ညည်းရှေ့ကနေ ကာဆီး
ာဆီးလုပ်နေလို့ ဒီကောင်ပမာမခန့် ဖြစ်လာတာ၊ မိသားစုကို သူ
ာဝန်ယူရတယ်ဆိုပြီး မထီလေးစား ပုံစံချိုးလာတာ ညည်းသိရဲ့လား''

မခံစားနိုင်အောင် ဖြစ်လာပြီမို့ မွန်းကျပ်နေသောရင်ကြီး သက်
ာအောင် ပေါက်ကွဲပစ်လိုက်ချင်သော်လည်း သက်ပြင်းမောကြီး မှုတ်
ာ၍ ထမင်းစားပွဲက ထရပ်လိုက်သည်။ သူ့အတွက် နာကျင်ကာ
ာ်ရည်တွေဝဲနေသော ညီမလေးကိုလည်း မကြည့်ရက်။

စိုစွတ်သော အထိအတွေ့ကြောင့် သူ့ပါးပြင်မှာလည်း မျက်ရည်
ာ ရှိနေလိမ့်မည်ဆိုတာ သူ သိသည်။

''မေမေလိုတဲ့ငွေကို သား မရရအောင် မဖြစ်မနေ ရှာပေးပ့ါ
ယ် ညီမလေးကို ဘာမှမပြောပါနဲ့တော့၊ သားကို မတရားသဖြင့်
ပြောနေတာတွေလည်း နည်းနည်းလောက်လျှော့ပေးပါ မေမေ၊ သား

www.burmeseclassic.com



မခံစားနိုင်တော့လို့ပါ''

''ကိုကို ကိုကို ဘယ်သွားမှာလဲ''

ညီမလေး ကြာဖြူ စိုးရိမ်တကြီး မေးနေတာကို သူ မဖြေခဲ့တော့ပါ။ မွန်းကျပ်လှောင်ပိတ်ဆို့နင့်နေသော ဒီနေရာကနေ ခဏလေးဖြစ်ဖြစ် ထွက်ပေါက်ရလိုရငြား ရှောင်ပြေးလိုက်ချင်သည်။

ကယ်တင်ရှင်ကို သူ မရှာဖွေပါ။ လွတ်မြောက်ဖို့ သူ မကြိုးစားချင်ပါ။

ဒါပေမဲ့ သူ့မှာတောင့်တမှုတွေ ရှိသည်။ မေမေ သူ့အပေါ်နားလည်နိုင်ပါစေ။ နွေးထွေးကြင်နာသော မေတ္တာတွေ ပေးတတ်ပါစေ။

ပြီးတော့ တခြားတစ်ယောက်ဆီက သူလိုချင်သော တစ်ခုံတစ်ရာ. . . ။

■ ■ ■

ဗျူး၄၁၉၀

## အခန်း (၁၃)

''သူသူ''

''ဟယ် ခုနကမှ ပြန်သွားတယ်၊ အခု ဘာပြန်လာလုပ်ပြန်တာ ခော်ရဲ့''

ခေါ်သံကြားလို့ အိမ်ခန်းထဲက ပြန်ထွက်လာရသော သူသူက တပြုံးတည်ပြင် မေး၏။ ကားပေါ်က ဆင်းလာသော ခွန်းတုံ့ဖော် လက်ထဲ အထုပ်အပိုးတွေနှင့်။

''အထွန်းအတွက် စတိုးဆိုင်က မုန့်နဲ့ဆေးတွေ ဝယ်ပြီးပြန်လာ သူသူ သွားပို့ပေးပါနော်''

''အမယ်လေး သူသူ့ကို ပို့ခိုင်းတယ် ဟုတ်လား၊ မလုပ်ပါနဲ့ ယ် အထွန်းအမေကြီးနဲ့ နောက်တစ်ခါ မျက်နှာချင်းမဆိုင်ချင်ပါဘူး၊ သားကို လူနာသတင်းလာမေးတာပဲ ကောင်းကောင်းမွန်မွန် ဆက်

ဗျူး၀၁၉၀

www.burmeseclassic.com

www.burmeseclassic.com



ဆံမယ်မရှိဘူး၊ မျက်နှာရှစ်ခေါက်ချိုးနဲ့ တကယ့်အလန်''

သူသူက နှုတ်ခမ်းတလန်လန်ဖြင့် မဲ့ကာရွဲ့ကာ ပြောသည်။

သူမမှာ ရယ်ချင်လိုက်ချင်သော်လည်း ထွန်းသစ်စအတွက် စိတ်မကောင်း ဖြစ်နေသေးတာမို့ မျက်နှာလေးပင် မလန်းဆန်းတော့ပါ။

''အဲဒီ ဒေါ်မာလာဆွေ မျက်နှာကို မကြည့်ချင် မကြည့်နဲ့ပေါ့ သူသူရဲ့၊ ကိုယ်က အထွန်းတစ်မျက်နှာနဲ့ သွားတာပဲဥစ္စာ၊ အထွန်းခမြာ သနားပါတယ်၊ ဒီလောက်ဖြစ်တာတောင် ဆေးခန်းလည်း မသွားရ မအေ့ကလည်း ဂရုတစိုက် ကြင်နာမှုမရှိနဲ့ ဧည့်သည်တွေကိုတောင် အားနာရမှန်း မသိဘူးနော်၊ ရိုင်းပျလိုက်ပုံက''

''အဲဒါကြောင့် မသွားချင်ပါဘူးဆို''

''မသွားလို့တော့ မရဘူး၊ အထွန်းအတွက် ဒါလေးတွေ ပေးဖြစ်အောင်ပေးချင်တာ''

''ပေးချင်ရင် ဇော်ဘာသာ နောက်နေ့မှသွားပေး၊ သူသူတော့ ဆလဲ ဆလဲ''

''တကယ်ပေါ့ သူသူက အထွန်းမိတ်ဆွေ သူငယ်ချင်းမဟုတ် ဘူးလား၊ တခြားလူမျက်နှာကြည့်ပြီး ဒါလေးတောင် မကူညီချင်ဘူး ဒါဆို အထွန်းကို အနစ်နာခံ ပေါင်းတဲ့ သူငယ်ချင်းကောင်း ဘယ်တ ပါတော့မလဲ''

''လုပ်ပြီ မညှာမတာ ပြောတော့မယ်''





သူသူက မျက်စောင်းရွယ်ပြီး သူမလက်ထဲက အထုပ်တွေ ဆွဲအောင်ယူ၏။

''ပေးပေး ထားခဲ့ ထားခဲ့၊ တကတည်း သူနဲ့ကျမှပဲ အထွန်း ထမ်းကြွဲရတော့မယ် တကယ်ပဲ၊ ကိုယ့်ဘာသာ သွားပေးတာ မဟုတ်

''ဪ လူကတော့ သွားမှာပါ၊ ဒါတွေနဲ့ဆိုရင်သာ ပိုးကြေး ကြေးပေးတယ် အထင်ခံရမှာစိုးလို့''

''ဖြစ်ရမယ် အဲလို အထင်ခံရမှာစိုးလည်း အထွန်းနဲ့မပတ်သက် ဘဲနေတော့ပေါ့''

''မနေနိုင်ပါဘူး''

''အံမယ် ဘာလို့''

''ပြောရရောလား၊ သူသူ မသိလည်းရတယ်''

''အဲတော် အဲလိုကိစ္စတွေ ရှိသေးလား၊ ဇော်တို့ကတော့ မရိုး ဘူးနော်၊ အထွန်းတော့ ပွတာပဲ''

''ဘာပွတာလဲ''

''သူဌေးသမီးရဲ့တော်ကောက်ခြင်းခံရတော့မှာမို့လေ၊ အထွန်းတို့ ချက်များ၊ ယောကျ်ားအချင်းချင်းလည်း စိတ်ဝင်စားခံရ၊ မိန်းမတွေ ပေးခံရ၊ ကံမကောင်းတာ တစ်ခုပဲရှိတယ်''

''ဟင် အဲဒါဘာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"အဲတော် တကယ်လား"

သူသူ ဝမ်းသာအားရ ထပ်မေး...
ခေါင်းညိတ်ပြလိုက်ရသော် လည်း မိန်းကလေးပီပီ ရင်တွေ...
အရှက်သည်းသွားသည်။

"ကဲပါ သူသူက ဘာတွေလျှောက်မေးမှန်းမသိဘူး ဖော်...
...ကည့် ...ျားမယ် သွားမယ်"

ပန်းသွေးရောင် မျက်နှာ ရှက်ကိုးရှက်ကန်းဖြင့် ခွန်းတုံ...
ကားပေါ်တ...ကာ မောင်းပြေးသွားသည်။ ပွင့်လင်းသွက်လက်လှပြီး...
သော်လည်း ထွန်းသစ်စနှင့်ပတ်သက်တော့ ဒီမိန်းကလေး ရှက်တ...
သားပဲ။

"ဟွန်း ရှုပ်ပါတယ်၊ ဒုက္ခတွေပေးခဲ့တာ"

လက်ဆွဲအိတ်တွေ ကိုင်လျက်က သူသူအသံထွက်ကာ ည...
ညူမိသည်။ ထွန်းသစ်စ အမေ ဒေါ်မာလာဆွေ ရှေ့မှာ ပေးမိလျှင်...
မေးခွန်းတွေနှင့် အသက်ရှူကျပ်သွားနိုင်ပေသည်။

"သူသူ"

"ဟောတော်"

အိမ်ထဲ လှည့်မဝင်ရသေးခင်မှာပင် နောက်ထပ်ခေါ်သံ...
တအံ့တသြပင် လှည့်ကြည့်သည်။





"ဟယ် အထွန်းမ"

"ငါ့ကိုမြင်တာ အဲလောက် အံ့သြစရာကောင်းလို့လား"

"အံ့သြတာပေါ့ဟယ်၊ ခုနကမှ တွေ့ခဲ့သေးတာ၊ အိပ်ရာပေါ်
...ရှိမယ်ထင်တာပေါ့၊ ဘယ့်နှယ် ရုတ်တရက်ကြီးရောက်ချလာတာလဲ"

"ဒီလိုပဲပေါ့ကွာ"

"ဖော် လိုက်လာတာက မီးစလား"

"ဖော် မလာလည်း လောင်နေတာပါပဲ၊ အေးချမ်းဟိ...
...ာ ဒါနဲ့ မင်းလက်ထဲက အထုပ်တွေက"

"ဩော် အေး မေ့နေတာ၊ အထွန်းအတွက် ဖော်ပေးခဲ့တာ"

"ဟင် ဖော်က မင်းနဲ့အတူတူ ပြန်သွားရင်းနဲ့ ဝယ်ပေးခဲ့တာ
..."

"မဟုတ်ဘူး အခုမှ တစ်ခေါက်ပြန်လာပေးတာ၊ အခုလေးပဲ
...ပြန်သွားတယ်၊ သူသူတောင် အိမ်ထဲမရောက်သေးဘူး၊ လာ အိမ်ရှေ့
...ခန်းလေးမှာပဲ ခဏထိုင်ရအောင်"

ဖော် လာသွားသည်ဆို၍ ပြန်သွားနိုင်သည့်လမ်းမဘက်ကို
...တမော ငေးမျှော်ကြည့်နေမိ၏။

"ဟဲ့ ဩော် လာပါဆိုမှ၊ ဖော်က သူ့အိမ်တောင် ပြန်ရောက်
...လောက်ပြီ၊ မျှော်တော်ရောင်လုပ်မနေနဲ့"

"မဟုတ်ပါဘူး"

www.burmeseclassic.com



ရုက်ကိုးရုက်ကန်းပြောကာ သူသူ့အနားမှာ ဝင်ထိုင်လိုက်သ

သူသူက နီစွေးစွေး ဖြစ်နေသော သူ့ကိုလှည့်ကြည့်ကာ နဖူးလေ

ခပ်ဖွဖွလာစမ်းဖေး။

"အဖျားသွေးရှိနေသေးတာ ဘာလို့ ထွက်လာတာလဲ၊ အိ

ပဲ သက်တောင့်သက်သာ လှဲနေတာ မဟုတ်ဘူး"

"အိမ်မှာနေတဲ့ အချိန် ဘယ်မှာ သက်တောင့်သက်သာ

လို့လဲ၊ အပြင်ထွက်လာမှ အသက်ဝဝရှူရတာ၊ ဟိုငွေရှာမပေးသေ

အချိန်တိုင်း အရွဲ့အစောင်းနဲ့ပေါက်ကွဲနေတာ"

"အဲဒါ ဘယ်လိုလုပ်မှာလဲ"

"ရှာပေးရတော့မှာပေါ့၊ အဲဒီကိစ္စလုပ်ဖို့ပဲ ထွက်လာခဲ့တာ

"ဟင် ဘာလုပ်မှာလဲ၊ ဘယ်လိုရှာမှာလဲ"

"အိမ်ကရဲ့ ပေါင်ထားတဲ့ ဒေါ်တင်စိန်ကြီးဆီမှာ ထပ်ချေ

တယ်"

"ဟယ်တော် ဒ...ုပ်ယူထားတာ မကျေသေးဘူး မဟုတ်လ

သိန်းတစ်ရာကြီးတောင် ဒေါ်တင်စိန်က ပေးမယ့်မထင်ဘူး၊ နင် ဘယ်

လုပ်ခဲ့တာလဲ အထွန်းမ"

သူသူ စိုးရိမ်တကြီး ဖြစ်နေသလို ထွန်းသစ်စလည်း အသက်

ပြင်းပြင်းမရှူနိုင်ပေ။

"အရင်အိမ်ကရဲ့ပေါင်ထားတာ ဆယ်သိန်းလောက်ဆပ်ဖို့





တယ်၊ မေမေ မသိအောင်တစ်မျိုး သိအောင်တစ်မျိုး ငါ ဆပ်နေတာ

ဒေါ်တင်စိန် သိတယ်၊ အဲဒါကြောင့် အဲဒီငွေတွေတော့ ထုတ်ပေးလိုက်

ယ် ဒါပေမဲ့ အိမ်ကရဲ့တင်မဟုတ်ဘူး၊ နတ်ပွဲခွင်တွေပါ သူ ကန်ထရိုက်

ိုက်တာ၊ ပွဲလုပ်လို့ရတဲ့အကျိုးအမြတ်ကို သူတစ်ဝက်ဖြတ်ယူမှာ၊

ရှာပေးတဲ့ပွဲခွင်တွေလည်း ငါ လိုက်ကရမှာပေါ့၊ ပွဲမရှိရင် နတ်ပစ္စည်း

နတ်ရုပ်တွေအားလုံး သူ့အိမ်ပို့ထားရမှာ"

"ဟင် အဲလိုလုပ်ရင် အထွန်းအမေ ဘယ်လက်ခံပါ့မလဲ၊ သူ့

အမွေအနှစ်ဆိုပြီး ဆတ်ဆတ်ထိ အစွန်းအပွန်းခံခဲ့တာမဟုတ်ဘဲနဲ့

နားအကြီးအကျယ် တက်မှာ"

"ငါလည်း သိတယ်၊ ဒါပေမဲ့ ဒီလိုမလုပ်ရင် ဒေါ်တင်စိန်က

တ်ပေးမှာမဟုတ်ဘူး၊ အဲဒီငွေမရရင်လည်း နေ့တိုင်း ငါတို့ ပြဿနာ

မှာပဲ"

"ဒီလောက် အပြည့်အဝရှာပေးနေတာတောင် အိမ်မှာ အပို

ဆိုတာရှိတာမဟုတ်ဘူး၊ ဒေါ်တင်စိန်ကို တစ်ဝက်ခွဲပေးရမယ်ဆို၊

ပိုပြီး ပင်ပန်းတော့မှာပဲ"

"ဘယ်တတ်နိုင်တော့မလဲ သူသူရာ၊ လူပင်ပန်းတာကို ခံနိုင်ပါ

စားပူပြီး စိတ်ပင်ပန်းတဲ့ဒဏ်ကိုတော့ တကယ်ကို မခံစားနိုင်တော့

ဘာက ဘယ်လိုအကျိုးပေးနဲ့ ကံဆိုးနေရလည်း မသိတော့ပါဘူး



www.burmeseclassic.com

www.burmeseclassic.com



လေးပင်သွားသော အဆုံးသတ်စကားများက ပင့်သက်ရှိ
များဖြင့် လုံးထွေးသွား၏။ ရင်ဘတ်ထဲမှာ တဆစ်ဆစ်နှင့် ဘာကိုနာ
ရမှန်းလည်း မသိပါ။ စိတ်ပျော့လွန်းသော သူသူက မျက်ရည်
တစမ်းစမ်းဖြင့်

"ဖော်ကလည်းလေ အထွန်းအတွက် တော်တော် စိတ်မ
ဖြစ်သွားတာ၊ ညည်းသည်တွေရှိတာတောင် အားနာရမှန်းမသိဘဲ အ
ကို မျက်နှာသာမပေးတာ ဖော် ခံစားသွားရတယ်ထင်တယ်"

"ဖော်ကို ငါ အရမ်းအားနာတာပဲ၊ အဲဒါကြောင့် နောက်
ဆို အိမ်ခေါ်မလာခဲ့ပါနဲ့"

"အမလေး အခုလည်း သူသူ ခေါ်လာတာ မဟုတ်ပါဘူး
လိုက်မပို့လည်း သူ့ဘာသာ တစ်ယောက်တည်းသွားမယ်ဆိုလို့ လိ
ရတာပါ၊ အခုလည်း ဘယ်သူမှ ဂရုမစိုက်ဘူး၊ နင့်ဆီကိုရောက်
လာဦးမှာတဲ့"

"ဟင်"

သူသူက နှုတ်ခမ်းကိုမဲ့ပစ်ကာ ခေါင်းညိတ်၏။

"သတ္တိကတော့ အလန်းပဲ၊ တို့တောင် လိုက်မမီဘူး၊ ပြီး
ပြောရဦးမယ်သိလား"

ပြောရဦးမယ်ပြောပြီးမှ မပြောနိုင်သေးဘဲ ထွန်းသစ်စကို
ကာ တခွိခွိ ရယ်၏။ ပြီးမှ





"အထွန်းကို ချစ်တယ်တဲ့တော်"

"ဘာ"

ရင်တွေဖျပ်ဖျပ်ခါပြီး ယောင်ယမ်းကာ ခုန်ထလိုက်၍ သူသူ
မျက်လုံးမျက်ဆန်ပြူးသွား၏။ ထွန်းသစ်စ လက်ကိုလည်း ဆောင့်ဆွဲကာ
ထိုင်စေသည်။

"ဒါလေးပြောတာနဲ့ ဘယ့်နှယ် ကြခြေမရ ခုန်ထရတာလဲ"

"လန့်သွားတာ"

"ဩော် မိန်းကလေးက ချစ်တယ်ပြောတာ လန့်စရာလား ဒို့
ဟိုက ပွင့်လင်းတယ်နော်၊ အထွန်းသာ ဖွင့်ပြောရင် လက်ခံဖို့ အဆင်သင့်
ပဲ အဲဒါ အထွန်းဘယ်လိုသဘောရလဲ၊ အထွန်းလည်း ဖော်ကို ချစ်နေ
တယ် မဟုတ်လား"

"အာ ငါ ဘယ်လိုပြောရမှာလဲ ဟို"

"ဟိုတွေဒီတွေ လုပ်မနေနဲ့ ဒီကိစ္စမျိုးက ဘယ်သူ့ကိုမှ နောက်
ဆံမတင်းဘဲ ကိုယ်တိုင်ဆုံးဖြတ်ရမှာနော်၊ ကိုယ်မပျော်မွေ့တဲ့ဒီဘဝကြီး
မှာ အထွန်း နစ်မြောမနေသင့်ဘူး၊ သူသူက စေတနာနဲ့တိုက်တွန်းတာပါ"

"ငါ နားလည်ပါတယ် သူသူ၊ ဒါပေမဲ့ ဖော်ကို ငါ့ဘဝထဲ ဆွဲ
မခေါ်ရက်ဘူး၊ သူ့ဘဝထဲလိုက်နေဖို့လည်း သတ္တိမရှိဘူး၊ သူကငါ့ကို
ချစ်နေတယ်ဆိုရင်တောင် သူ့အသိုက်အဝန်းကတော့ အခြေအနေ အဆင့်
အတန်းကွာခြားလွန်းတဲ့ ငါ့ကို ဘယ်လိုလုပ် လက်ခံမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အခုချိန်က အဲဒါတွေ တွေးနေရမှာမဟုတ်ဘူး၊ ဖော်နဲ့ချစ်ရ ဖြစ်ဖို့ပဲ အရေးကြီးတာ၊ ဖော်ကို အရင်ဆုံး ဖွင့်ပြောလိုက်၊ မိန်းကလေး ကစပြီးရင်ဖွင့်နေတာ အားနာဖို့ကောင်းပါတယ်၊ နော် အထွန်း"

သူသူ ဖွတ်အတင်း တိုက်တွန်းနေပေမယ့် ထွန်းသစ်စ ခေါင်း တရမ်းရမ်းနှင့် သက်ပြင်းတွေ မှုတ်ထုတ်နေမိသည်။

ဘယ်လိုမှ သဟဇာတမဖြစ်နိုင်တာကို တစ်ကိုယ်ကောင်းမဆေ ချင်ပါ။ ကိုယ့်ဘက်မှာ ဖေဖေ မေမေ ညီမလေး ညီလေး မိသားစုရှိသည် ဖော်ဘက်မှာ ဖော့မိဘ အသိုက်အဝန်း...။

■ ■ ■

အခန်း (၁၄)

"သမီး လာထိုင်ဦး"

ဖေဖေ လေသံမာမာကြောင့် အခြေအနေမကောင်းတော့ဘူး ဆိုတာ ဒက်ခနဲ သိလိုက်သည်။ မေမေ မျက်နှာကလည်း မကြည်မလင် ဘင်းတင်းမာမာပါ။

စလွယ်သိုင်းထားသော ဂျင်းအိတ်ရှုလေးကို ကျောဘက်တွန်းပို့ လိုက်ရင်း ဖေဖေနှင့်မေမေရဲ့ မျက်နှာချင်းဆိုင် ဆိုဖာခုံမှာ ခပ်ရှိန့်ရှိန့် မျက်နှာပိုးသတ်၍ ဝင်ထိုင်လိုက်ရသည်။

"အချိန်နဲ့အိမ် ပြန်မလာတာ ဘယ်နှစ်ရက်ရှိနေပြီလဲသမီး"

"ဟို သူငယ်ချင်းအမေ နေမကောင်းတာ ဆေးရုံတင်ထားလို့ သူငယ်ချင်းနဲ့အတူတူ ကူစောင့်ပေးနေတာပါ"

"အဲဒါက ဟုတ်သည်ထား၊ မဟုတ်သည်ထား၊ သမီး အမေ ပြောထားလို့ ဖေဖေ သိပြီးပြီ၊ ဒါပေမဲ့ ဒီလောက်အချိန်နောက်ကျတဲ့အထိ





www.burmeseclassic.com

www.burmeseclassic.com



တော့ နေ့စဉ်နေ့တိုင်း ကိုယ်ဖိရင်ဖိ ဂရုမစိုက်သင့်ဘူးထင်တယ်''

''ရှင်''

''သမီးအဖေက ဟိုဘက်ကို ဂရုမစိုက်စေချင်တာမျိုးတော့ မဟုတ်ပါဘူး။ မိန်းကလေးမို့ အသွားအလာ အနေအထိုင် ဆင်ခြင်ပြီး ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်စေချင်တာ၊ ဟုတ်တယ်မဟုတ်လား ကိုနိုင်''

''အင်း အင်း ဟုတ်တယ် သမီးအမေပြောသလိုပဲ''

တစ်ခါမှလေသံမာမာနှင့် ပြောဆိုဆုံးမဖူးတာမျိုးမဟုတ်တော့ စိတ်တိုတိုနှင့်ပြောထွက်လိုက်တာ အဆီအငေါ်မတည့်။ ဒေါ်သဖင်နို ဝင်ထောက်ပေးမှ သမီးဘက်ကို မျက်နှာတင်းတင်းနှင့် လှည့်ကြည့်ရသည်။ ဒီသမီးက ငယ်စဉ်တည်းက အလိုလိုက်ထားလို့ ဆိုးနေတာပါ။ ဒါပေ ရည်းစားသနာ ထားပြီး နာမည်ပျက်နှင့်ရှုပ်နေတာ မဟုတ်၍ တော်ပါသေး သည်။

''ကဲ သမီး ဖေကြီးပြောတာ သဘောပေါက်လား''

''ပေါက်တော့ ပေါက်ပါတယ်၊ ဒါပေမဲ့ အဲဒါ ဖေကြီးပြောတာ မဟုတ်ဘူးလေ၊ မေမေပြောတာ''

''အေး အဲဒါ ဘယ်သူပြောတာဖြစ်ဖြစ် သမီး ဆင်ခြင်ရေ နာခံရမှာမဟုတ်ဘူးလား''

''ဟုတ်''

''တွေ့လား သမီးက ပြောရင်သဘောပေါက်ပါတယ်၊ သမီး





း မဟုတ်ပါဘူး။ ကိုယ့်သမီးက လိမ္မာပြီးသား''

သမီးပခုံးလေးကို လှမ်းပုတ်၍ပြောတော့ ဦးနိုင်မင်းကို ဒေါ် ခင်နိုင်ကို မျက်စောင်းရွယ်သည်။

''သမီးဆုံးမဖို့ သူ့အားကိုးပါတယ်ဆိုမှ သမီးက ခေါင်းတစ်ခါ တာနဲ့ အဲလောက် စိတ်လွယ်သွားရလား။ ကိုနိုင်သမီးက ရှေ့မှာသာ ကဲ့ ဟုတ်ကဲ့ ကွယ်ရာမှာလုပ်ချင်တာလုပ်နေတာ''

''မေမေကလည်း ဖော်က ဘာတွေလုပ်နေလို့လဲ၊ သမီးလေး ယောက်မွေးထားပြီး ငါ့စကားနားရပြောမယ်ဆိုတာချည်းပဲ''

''အံမယ် ကိုနိုင် ရှင့်သမီး ပြောတာကြည့်ဦး၊ ငါတို့မိဘတွေ လေ သားယောက်ျားလေးမွေးထားရင် အဲလောက်ပူနေမှာ မဟုတ်ဘူး ား၊ သမီးမိန်းကလေးမို့ စိုးရိမ်နေရတာ၊ ပြီးတော့ အနေအထိုင် တ်လို့ မောင်မိုးကျော်တို့ဘက်က ငြိုငြင်မှာလည်း လက်မခံနိုင်ဘူး''

''သမီးလိမ္မာလေးပါ၊ ရော့ အင့်ဆိုပြီး ထိုးအပ်ချင်တာ မဟုတ် း မေမေတို့များနော် ကိုယ့်သမီးလေးကို ငုံထားမတတ် ချစ်တယ် ီး ယောက်ျားပေးစားချင်တာလည်း နှံ့နှံ့ကိုပြေးနေတာပဲ''

''ဟဲ့''

ဖအေရှေ့လည်း စကားပြောဆင်ခြင်ရမှန်း မသိပေ။ မထိမဲ့မြင် လေးစားနိုင်တာ မဟုတ်ပေမယ့် ပြောတော့မည်ဆို ဟောဟောဒိုင်း ပွင့်ပွင့်လင်းလင်း။



www.burmeseclassic.com

www.burmeseclassic.com



ဖအေရှေ့မှာဆို ပိုပြီးရောင့်တက်သည်လို့ ပြောလို့ရသည်။

''သမီးနော် သမီးကို မချစ်လို့ ယောကျ်ားပေးစားချင်တာမှ မဟုတ်တာ၊ သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်မယ့်အချိန်မှာ မတော်မရော် မဟုတ်မဟတ်တွေနဲ့တွေ့ပြီး မှားမှာစိုးလို့ မိဘတွေက အဆင့်အတန်းတူ ဂုဏ်ဒြပ်တူတဲ့သူကို ရွေးချယ်ပေးတာ''

''အဲလိုတွေယူပြီး ကိုယ်ကျင့်တရားမကောင်းတဲ့သူ၊ ဇော်ကို မကြင်နာတတ်တဲ့သူဆို ဘယ်လိုလုပ်မလဲ''

''ဩော် သမီးရယ်၊ မောင်မိုးကျော်က သမီးကို ချစ်ပါတယ် မေမေတို့ကိုလည်း မ…ားတာပဲ၊ အိမ်လာရင် လက်ဆောင်ပစ္စည်းတွေ ဝယ်လာရတာ၊ မျက်နှာလိုမျက်နှာရ လုပ်ရတာမောလို့''

''ကြွားချင်လို့ မေမေရာ၊ သူ့အကြောင်းမသိရင် ခက်မယ် သူ့ဂုဏ်ပုဒ်ကို လူသိစေချင်လို့ မွေးနေ့ဆိုတာလည်း ခြောက်လတစ်ကြိမ် များလုပ်နေလား မသိပါဘူး''

''ကဲ မလိုတာနဲ့ သူများကို လျှောက်ပြောမနေနဲ့၊ အဲဒါ သမီး တစ်နေ့လက်ထပ်ရမယ့်သူ၊ သူတို့ဘက်က အခုထောင် စေ့စပ်ထားချင် တာ၊ မိဘတွေကလည်း သူတို့သားလေးက ဆရာဝန်ဆိုတော့ မတော် တရော် အပိုင်ဖမ်းမယ့် မိန်းကလေးတွေနဲ့ တွေ့သွားမှာစိုးလို့ ထင်ပါရဲ့''

''မေမေရာ''

''သမီး''





ဂျစ်တီးဂျစ်ကန် ဖြစ်လာတော့ ဦးနိုင်မင်း လေသံမာမာနှင့်ဝင် နှဲ့ရသည်။ ဘယ်လောက်ပဲ ချစ်လွန်းလို့ အလိုလိုက်လိုက်၊ အိမ်ထောင် ကိစ္စ ဆန္ဒကျင်မှာမျိုးတော့ အဖြစ်မခံနိုင်ပေ။ ဒါ သမီးလေးဘဝအ တွက် အရေးအကြီးဆုံးပဲ မဟုတ်ပါလား။ ဒီမိသားစုမှာက အိမ်ထောင် နှင့်ပတ်သက်လျှင် အစဉ်အလာကြီးသည်၊ စည်းကမ်းတွေ ဘောင်တွေ နှင့် တင်းကျပ်တတ်၏။

အမှားအယွင်း အစွန်းအထင်း မခံချင်တာမျိုးပါ။ ဒေါ်သဇင်နိုင် မေက ဒေါ်သဇင်နိုင်တို့မောင်နှမကို ဒီအတိုင်းပဲ အုပ်ချုပ်ကြိုးကိုင်ခဲ့ ။ သားစဉ်မြေးဆက် အဆင့်အတန်း ဂုဏ်ဒြပ်ရှိစေချင်လို့ဟု ဆိုသည်။

ဒါကြောင့် သမီးအလှည့်မှာလည်း နိုင် ဘယ်လိုမှ နားလည် မှာမဟုတ်ပေ။ ကိုယ်က နိုင်ကို သမီးအိမ်ထောင်ရေးနှင့်ပတ်သက် စိတ်မပင်ပန်းစေချင်။ မိသားစုသုံးယောက်တည်းမို့ စိတ်ဝမ်းမကွဲစေ ။

ဒါကြောင့်မို့ မျက်နှာကို အတတ်နိုင်ဆုံး တင်း၍

''မိဘတွေက ကောင်းစေချင်လို့ စီစဉ်ထားတဲ့ကိစ္စကို ကန့်လန့် ဆန့်ကျင်နဲ့ သမီး၊ တခြားအရာတွေကို အားလုံး ဖြည့်ဆည်းနိုင် သမီး အိမ်ထောင်ရေးနဲ့ပတ်သက်ရင်တော့ လိုက်လျောမှာ မဟုတ် အဲဒါကို သမီး ဦးနှောက်ထဲမှာ ရိုက်သွင်းထားပါ''

ခွန်းတုံ့ဇော်မျက်နှာ စိတ်ရှုပ်သလို ရှုံ့မဲ့သွားကာ



www.burmeseclassic.com

www.burmeseclassic.com



"ဇော်နဲ့ပေါင်းသင်းရမှာ ဇော်ချစ်တဲ့သူကို လက်ထပ်လို့ မရဘူး လား ဖေဖေ"

"ဟင် သမီးမှာ ချစ်သူရှိနေပြီလား"

ထိတ်ပျာကာ ရေးကြီးသုတ်ပျာ မေမေ့မေးခွန်းကို မဆိုင်းမတွ ခေါင်းညိတ်ဖို့တော့ အင်အားမရှိသေးပေ။

"ချစ်သူရှိလို့ ဇော်ပြောတာ မဟုတ်ပါဘူး မေမေ၊ မိုးကျော်ကို မှ ဇော် မချစ်တာ"

"လက်ထပ်ပြီးရင် ချစ်မလာတောင် အတူပေါင်းသင်းလို့ သံ ယောဇဉ်ရှိလာနိုင်ဘာပဲ သမီး"

"အဲဒါ မသေချာတဲ့ကိစ္စပါ မေမေ၊ သူစိမ်းတစ်ရံစာ နှစ်ယောက် ချစ်ခင်နှစ်သက်ခြင်းမရှိဘဲ အချိန်အကြာကြီး အတူနေ ပေါင်းသင်း ဆိုတာ မလွယ်ပါဘူး၊ သံသယတွေနဲ့ မကြာခင်မှာပဲ အပြစ်ရှာကွဲကွ သွားနိုင်ပါတယ်"

"အဲလို ဖြစ်လာရင်တောင် အသိုက်အဝန်း ဂုဏ်သိက္ခာအတွ မဖြစ်မနေ ထိန်းသိမ်းရမှာပဲ သမီး၊ မဖြစ်သေးတာကို ကြိုတွေးပြ မိဘတွေကို စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်ပါနဲ့၊ ဘာဖြစ်ဖြ မောင်မိုးကျော်ကို သမီး လက်ထပ်ရမှာ၊ အဲလိုပဲ သိထားပါ"

"အာ ဘာတွေမှန်းလည်း မသိဘူး"

အသံထွက်ပြီးတော့ မပြောရဲပါ။ ဖေဖေရော မေမေရော မျက်





ဘင်းမာမှုန်ကုတ်နေပြီမို့ ခြေသံရှုပ်ရှုပ်နှင့် ထထွက်လာခဲ့သည်။ းထဲရောက်မှ ခုတင်ပေါ် ဝုန်းခနဲ ပစ်လှဲချကာ အနားမှာရှိသော ေပ်ကြီးကို ပွေ့ပိုက်ဖက်တွယ်၍ စိတ်ကို ဖြေဖျောက်လိုက်ရ၏။

မေးဆင်းကျလာသော မျက်ဝန်းထဲမှာ ထွန်းသစ်စ အပြုံးများ ပင်ယောင်လာပြီး ပင့်သက်မောတို့ ချမိပြန်သည်။

အကကောင်းသော နတ်ကတော်လေးကိုမှ စွဲလန်းမိသည့် ဒီ ပြည့်စုံမှုတွေနှင့် ချို့တဲ့လွန်းသော သူ့ရဲ့ဘဝကို စာနာသနားမိ ဒီစိတ်။

ကိုယ့်နှလုံးသားကိုယ် နားလည်ရခက်ကာ ရပ်တန့်နောက်ဆုတ် သည်း ဆန္ဒမရှိပေ။

ဘာကြောင့်များ မိဘတွေ လက်မခံနိုင်လောက်သော ထွန်းသစ် ယ်တာသွားမိတာလဲ။ မဆုံနိုင်ဘူးဆိုလျှင်တောင် ချစ်သူတော်စပ် သူမ ဆက်ကြိုးစားနေမှာ. . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"အဲဒါက ဘာတွေလဲ"

အိမ်အဝင်မှာ ငေါက်ဆတ်သော အမေးကြောင့် ခြေလှမ်း… တုံ့ခနဲဖြစ်လျက် ရှေ့ဆက်မရတော့ပေ။ မအိပ်သေးဘဲ စောင့်နေတာ… သူ့ကို စိုးရိမ်ပူပန်လို့တော့ မဖြစ်နိုင်။

"နင့်လက်ထဲက အထုပ်တွေက ဘာတွေလဲလို့ မေးနေတာ… ဒီကိုလာ"

"ဟုတ်ကဲ့"

တိုးတိတ်သော နာခံမှုဖြင့် မေမေ့ရှေ့က ဆက်တီခုံမှာ အသ… ဝင်ထိုင်ရသည်။ မေမေက သူ့လက်ထဲက အထုပ်တွေဆွဲယူ၍ အပြင်ထုတ်… ဖွဆွကြည့်ကာ

"မုန့်ထုပ်တွေ၊ မုန့်ဘူးတွေ၊ ဆေးတွေ၊ ဘောင်းဘီနဲ့ အင်…

ဗျူး၈၁၄၀



…ဒါလိုက်သေးတယ်၊ မိတတွေကျတော့ ထုတ်ပေးစရာ မရှိသလိုလို …ဘူး၊ နင့်အတွက်ကျတော့ ဒါတွေဝယ်ဖို့ ပိုက်ဆံရှိတယ်ပေါ့"

"မဟုတ်ပါဘူး မေမေ၊ ဒါတွေက သားမှာ ပိုက်ဆံရှိလို့ သား… …သားဝယ်လာတာ မဟုတ်ပါဘူး၊ သူများပေးလိုက်တာပါ"

"ဘာ သူများက အဲလောက်အများကြီး ဝယ်ပေးလိုက်တယ်၊ …လဲ၊ ဒါ ဘယ်သူဝယ်ပေးလိုက်တာလဲ"

"ဇော် အဲ ခွန်းတုံ့ဇော်"

"ဩော် ညနေကလာတဲ့ ကောင်မလေးလား၊ ထောင့်မကျိုး …နဲ့ နေပါဦး အဲဒီကောင်မလေးနဲ့နင်နဲ့က ဘယ်လိုပတ်သက် …နတ်တင်ရုံ နတ်မေးရုံ ရင်းနှီးတာ မဟုတ်ဘူးဆိုတာ ငါ သိတယ် …အရင် ငါ ထမင်းစားလာတာ၊ လှည့်ပတ်ဝေ့ဝိုက်ပြီး မဖြေနဲ့"

ဖြေဖို့ခက်အောင် အတိအကျ ချည်ပြီးတုတ်ပြီးသား၊ အမှန် …ဖြေလည်း နားလည်လက်ခံပေးမှာ မဟုတ်မှန်း သိလျက်နှင့် …ရဲ့မရဲ၊

"ဒီလိုပဲ ခင်ကြတာပါ မေမေ၊ နတ်ပွဲမှာ စသိတာ"

"နတ်ပွဲမှာ စသိတာဆို နတ်ပွဲမှာ ပြီးပြီလေ၊ ဘာလို့ အိမ်အထိ …လဲ၊ ငါ့ကိုကြည့်တဲ့ မျက်လုံးတွေကလည်း မကြည့်မလင် မချေ …ကအကြောင်းတွေ နင် ဘာပြောထားလို့လဲ"

"မ မပြောပါဘူး မေမေ၊ ဒီလိုပဲ သူသူက တစ်ဆင့် နည်းနည်း

ဗျူး၈၁၄၀

www.burmeseclassic.com

www.burmeseclassic.com



ပါးပါးတော့ သိမှာပေါ့၊ ဒီလောက်ပါပဲ''

''အေး ရှုပ်ရှုပ်ယှက်ယှက် ဇရုတ်ဇရက်တော့ မကြားချင်... ကိုယ်က နတ်ကတော်၊ နတ်တင်ဖို့ နတ်ကဖို့ကလွဲပြီး ကျန်တာ မစဉ်း... နဲ့ နေပါဦး အရေးကြီးပြောဖို့ ထိုင်စောင့်နေတာတောင် ပြောဖို့မေ့နေတာ... ငါပြောထားတဲ့ ငါ့ကိစ္စ မင်းဘယ်လိုလုပ်ပေးမှာလဲ၊ ညနေကတော့... စေရပါမယ်လို့ လေကြီးမိုးကြီး ပြောထားတယ် မဟုတ်လား''

''ဟုတ်ကဲ့ မနက်ဖြန် ငွေရမှာပါ၊ မပူပါနဲ့ မေမေ''

''ဘာ သေချာလုချည်လား၊ ဒီငွေအများကြီးကို ဒီလော... မြန်မြန် နင်ဘယ်ကရတာလဲ၊ ဘယ်သူ့ဆီကလဲ''

မေမေက ဒီအတိုင်းရတယ်လို့ ပြောလည်း ဝမ်းသာအား... ငြိမ်မနေ။ ဘေးကျပ်နံကျပ်ဖြစ်စေသော မေးခွန်းများဖြင့် သူ့ကို ဗိ... ပေးနေသည်။ သူ ဘာပြောမလဲဆိုတာကို ဖော် ပေးလိုက်သော အ... တွေ တွန်းထိုးဖယ်ရှားလျက် စိတ်ဝင်တစား။

မပြောလည်း ပါးစပ်ဖွာသော ဒေါ်စိန်တင်ကြောင့် တစ်နေ့... သိမှာပဲမို့ သက်ပြင်းတွေ အရင်ချ၍

''သား အိမ်ဂရုံထဲက ထပ်ယူလိုက်တယ်၊ နတ်ပစ္စည်းနဲ့ နတ်... တွေကို အပေါင်ထားလိုက်တယ် မေမေ''

''ဘာ ဘာပြောတယ် မင်း''

မေမေ သူ့ကိုလက်ညှိုးကြီးနှင့်ထိုးကာ ဒေါသတကြီး အော...





...သူ တုန်ခန်ဲဖြစ်ကာ ထိတ်လန့်နေသော်လည်း မတတ်နိုင်ပါ။ ဒီ...က်ငွေကို အပေါင်မထားဘဲ ဘယ်က အလွယ်တကူရမှာလဲ။

ပြန်ဆပ်ရမှာလည်းသူ။ ဒါတောင် မေမေက သူ့ကိုနားလည်...ပါလား။ ဒီလောက်နှင့် မကျေနပ်သေးတဲ မေမေက သူ့ရင်ဘတ်ကို...တွန်းပစ်ကာ

''မင်း ဒါတွေကို မင်းသဘောနဲ့မင်း လက်လွှတ်စပယ် လုပ်ပစ်...သား၊ ဒါ ငါ့အမေရဲ့ အသက်မွေးဝမ်းကြောင်း အမွေအနှစ်တွေ''

''သား ကိုယ်ကျိုးအတွက် အလကားသုံးဖြုန်းပစ်တာ မဟုတ်... မေမေ၊ ဒီလိုမှမလုပ်ရင် ဒီလောက်များတဲ့ငွေတွေ ဘယ်ကရမှာ

''ဒါ နင့်အစွမ်းအစနဲ့ တခြားကရအောင်ရှာပေါ့၊ ငါ့အမေဟာ...အလွဲသုံးစားလုပ်ခွင့်မပြုနိုင်ဘူး''

''သား အမြန်ဆုံး ပြန်ရွေးနိုင်အောင် ကြိုးစားမှာပါ''

''ဘာ ရသမျှ သူ့ကိုတစ်ဝက်ပေးနေရမှာ၊ ဘယ်လိုလုပ် အမြန်...ရွေးနိုင်မှာလဲ၊ နင် စဉ်းစဉ်းစားစားပြော ထွန်းသစ်''

''ဒါဆို သား ဘယ်လိုရှာရမလဲ၊ နည်းလမ်းပြောပါ မေမေ၊ ...တိုက်ရမလား၊ ခါးပိုက်နှိုက်လုပ်ရမလား၊ ဒါမှမဟုတ်''

''တော်တော် နင်အပိုတွေ မပြောနဲ့၊ နင်က တစ်သက်လုံး ...ဘာမှလုပ်စရာမလိုဘူး၊ အဲဒီနတ်ပွဲက နတ်ကတော်လုပ်ပြီးပဲ



www.burmeseclassic.com

www.burmeseclassic.com



ငါတို့တစ်မိသားစုလုံးကို ရှန်းကန်ရှာကျွေးရမှာ၊ အဲဒီအလုပ်နဲ့

ဘဝ အဆုံးသတ်ရမှာ''

''မေမေ''

အဲဒါ မင်းအတွက် တစ်သက်တာ အပြစ်ဒဏ်လို့ ပြော

အောင် ထိန်းချုပ်လိုက်ရတာ လည်ချောင်းထဲမှာဆို့နင့်လျက် ရင်

မှာ အောင့်လာ၏။ တက်ခေါက် အံကြိတ်ရုံနှင့် ကျေနပ်လို

ထွန်းသစ်စ သိမှာမဟုတ်။

အနာဂတ်ရေတွေ အကောင်းမသေနိုင်သော ဒဏ်ရာတွေဖြ

ထားခဲ့ရသော အခြေအနေတစ်ခုဟာ နာကြည်းစရာကော

အဝိတ်ရဲ့ကျိန်စာတွေကြောင့်ဆိုပါလျှင် . . ။

■ ■ ■



## အခန်း (၁၆)

''နင့်ခြေလှမ်းတွေ တော်တော်ပျက်နေတယ်ဆို ဇော်''

''ခြေလှမ်းသွက်တယ် ပြောစမ်းပါဟယ်၊ အနုအရွတွေ ခံစား

နိုင်နေတာ၊ စကားလုံးကြမ်းကြမ်းတွေ နားမထောင်ရဲဘူး''

ခွန်းတုံ့ဇော်တို့က စကားလုံးမြှားဦးတွေ ပစ်လွှတ်မခံရခင် အရင်

ဦးအောင် တိုက်စစ်ဆင်နေသည်။ မိမိခိုင်ကလည်း သူသူကတစ်ဆင့်

ခွန်းတုံ့ဇော်ရဲ့ စိတ်အခြေအနေကို သိပြီးပြီမို့ နှုတ်ပိတ်နေဖို့ ဆုံးဖြတ်မထား

သေး

''နင် ဟိုနေ့က ငါတို့ရပ်ကွက်ထဲက သူသူ့အိမ်ကို ရောက်လာ

တယ်ဆိုတာ ငါ သိပြီးပြီနော်''

''ဪ သူသူဆီလာပြီး နင့်အိမ်မဝင်လို့ စိတ်ဆိုးနေတာလား''

''ငါ စိတ်ဆိုးတာ အဲဒီကိစ္စကြောင့်မဟုတ်ဘူးဆိုတာ နင် သိပါ

တယ်၊ ထွန်းသစ်စကို ချစ်နေတဲ့အကြောင်း သူသူကို နင်ဝန်ခံတယ်ဆို''



www.burmeseclassic.com

www.burmeseclassic.com



"ဟာ သူသူကတော့ အချွန်နဲ့မနေပြီ"

"မဟုတ်ဘူးလား"

"ဟုတ်တယ်"

"ဘာ"

"မအော်ပါနဲ့ဟဲ့၊ လန့်သွားလို့ လိပ်ပြာလွင့်သွားရင် အသည်း နှလုံးကိုပါ ထိခိုက်သွားဦးမယ်"

"ဖော်"

"ပြော"

"နင် ငါ့ကို အရွဲ့တိုက်နေတာလား"

"အမှန်အတိုင်း ပြောနေတာပါ"

"နင် တကယ်ကို"

"ကိုကို့ကို ငါချစ်တယ်"

ကျွတ်ခနဲ ပါးစပ်က အသံမြည်လျက် မိမိခိုင် ကိုယ့်နှုတ်ခမ်းကို ပြန်းခနဲ ရိုက်ချလိုက်မိသည်။ ခွန်းတုံ့ဖော် ဒီတစ်ခါ ပွင့်လင်းလွန်း ကိုယ့်ကို တမင်တကာ အရွဲ့တိုက်နေသလို ခံစားနေရ၏။ ထွန်းသစ် ပတ်သက်ပြီး တတွတ်တွတ် အတန်တန် တားနေခဲ့တာ မဟုတ်ပါလား

"နင် မဟုတ်သေးဘူးဖော် ဒီကိစ္စက"

"ငါ့ကို တရားလာမဟောနဲ့ဟာ၊ ငါဦးနှောက်ကလည်း မဖြစ်နိုင် ဘူးလို့ သံပါတ်ပေးနေတာပဲ၊ ဒါပေမဲ့ နှလုံးသားက လက်မခံဘူး၊ သူ့ဘာ





ကို သိလေ စာနာမိလေပဲ"

"အဲဒါ ဘဝမဟုတ်ဘူးနော်"

"နှလုံးသားရဲ့ဆာလောင်မှုအတွက်တော့ အာသာပြေစေတာပဲ"

"ဒီအတိုင်းလေးနဲ့ နင် ရောင့်ရဲမှာမို့လား၊ ချစ်သူဖြစ်ပြီးလာရင် တွေ့နေချင်လာမယ်၊ အဲဒီမှာ နှစ်ဖက်လုံးရဲ့ ကန့်ကွက်မှုတွေနဲ့ နင်တို့ ဆုံးသတ်ကောင်းမှာမဟုတ်ဘူး"

"ဘာ သူ့ဘက်က ငါနဲ့ကန့်ကွက်နေလို့လား"

"သူသူပြောတာ ရိုးရိုးသားသား ခင်တယ်လို့ ပြောရုံလေးနဲ့ ကောင် ထွန်းသစ်ရဲ့ အမေက ခါးခါးသီးသီး ကန့်ကွက်တယ်တဲ့၊ ထွန်း သစ်ကို နှုတ်ကတော်အလုပ်ကလွဲပြီး တခြားဘာကိုမှ စိတ်မဝင်စားစေ ဘူးတဲ့လေ"

မိမိခိုင် ပြောလိုက်သော စကားတွေက နားထဲ ကန့်လန့်တိုက် သွားလျက် မျက်နှာပါရှုံ့မဲ့သွားစေသည်။

"မိ နင့်စကားကြီးက နိမိတ်မလှဘူး၊ တကယ်ဆို ငါနဲ့ကိုကိုက သူတွေတောင် ဖြစ်သေးတာ မဟုတ်ပါဘူး"

"အဲဒါကြောင့် ငါပြောတာ၊ နောက်ဆုတ်ဖို့ အချိန်ရှိပါသေးတယ် နင်က တစ်နေ့မှာ မိုးကျော်နဲ့လက်ထပ်ရမှာ ကျိန်းသေနေတာပဲ၊ သစ်ကို ဝေဒနာတွေ မပေးပါနဲ့၊ ဟိုကအလိုလိုမှ ယိုင်နဲ့နဲ့ရယ်"

"ဘာ"



www.burmeseclassic.com

"သူ့မိသားစုနဲ့သူရှုပ်ထွေးနေတာကို ပြောတာပါ"

"စေတနာသက်သက်နဲ့ သူ့ဘက်က စာနာပေးနေတာ မ
ဘူးမဟုတ်လား။ အားလုံးက မဖြစ်နိုင်ဘူးပြောလေ ငါ့ဘက်က အရွဲ့
ချင်လေပဲ၊ လူလူချင်း ဘာမဖြစ်နိုင်စရာရှိလို့လဲ"

"ဒါ အရွဲ့တိုက်လို့ကောင်းတဲ့အရာမဟုတ်ဘူး ဖော်၊ ဘဝ
လုံးနဲ့ သက်ဆိုင်တယ်၊ ထွန်းသစ်စက ဘာအခြေအမြစ်မှ မရှိတဲ့

"အဲဒါကြောင့် ငါ ပိုသနားတာ"

"ဟင်း ဖော်ရယ် ခက်ပါတယ်"

မီမီခိုင် လက်လျှော့ရတော့မလို ဖြစ်လာသည်မို့ သက်ပြင်း
မိသည်။ နောက်ဆုတ်ဖို့ ပြောလို့မရလျှင် ရှေ့တိုးလို့တိုက်တွန်းရ
မှာလား။

ခွန်းတုံ့ဖော်က အကူအညီပင်လိုမည့်ပုံမပေါ်ပါ။ တစ်ကိုယ်
စွန့်စားရဲလောက်အောင် ခွန်အားသတ္တိတွေတောင် ရှိနေသလိုပဲ

ခွန်းတုံ့ဖော်က မိမိဘာတွေတွေးနေသလဲ။ ဇွဲစောင်းထိုး
ကာ

"ငါ့ကို မကူညီချင်နေဟာ၊ မကန့်ကွက်နဲ့၊ နင်နဲ့ငါ သူငယ်
အဖြစ်က အခင်မင်မပျက်ချင်ဘူး။ နင် အခု အိမ်ပြန်မှာမဟုတ်
ငါ လိုက်ပို့မယ်"

"အရင်က တကူးတက အိမ်လိုက်မပို့ဖူးပါဘူး။ အခု သူ





သွားမလို့မဟုတ်လား"

"ဟုတ်တယ် အဲဒီမှာ ကိုကိုနဲ့ချိန်းထားတယ်၊ တခြားနေရာသွား
ဖို့ခေါ်တာ ကိုကိုက ဘာမှလည်းမဟုတ်ဘဲ အဲလိုချိန်းတာမျိုးတွေ မလုပ်
ချင်ဘူးတဲ့"

"ဘာ မချိန်းချင်ဘူးပြောပြီး သူသူအိမ် ဘာလို့သွားတွေ့မှာလဲ၊
သူသူ အမေလည်း ရှိတာမဟုတ်ဘဲနဲ့"

"ဘာ သူသူ အမေက ဘယ်သွားလို့လဲ"

"ရွာက အဒေါ်နေမကောင်းလို့ဆိုလား မနက်က ခရီးဆောင်
အိတ်နဲ့ ကားဂိတ်ထွက်သွားတာ ငါနဲ့တွေ့လိုက်တယ်"

"အဲဒါဆိုလည်း သူသူ ရှိတာပဲလေ၊ ငါတို့က စကားပြောရုံပဲ
ပြောမှာ၊ ဘာလုပ်ကြမှာမို့လဲ"

"အေး လုပ်ချင်လုပ် မလုပ်ချင်နေ၊ ဟိုကရှောင်နေတာတောင်
နင်က ဖွတ်တိုးချင်နေတာဆိုတော့ ငါလည်း ဘာပြောရမှန်း မသိတော့
ဘူး"

မီမီခိုင်က စိတ်ကုန်သလို နဖူးကို ဆလံဆယ်ခါလောက် လုပ်
ပစ်လိုက်သည်။ ခွန်းတုံ့ဖော်နှင့်ခင်ခဲ့သည့် သက်တမ်းတစ်လျှောက် ဒီ
တစ်ခါလောက် စိတ်ညစ်တာ မရှိဘူးပေ။ ဘာကြောင့်များ ခွန်းတုံ့ဖော်
အသည်းအသန် ခေါင်းမာနေရသည်မသိ။

နင့်သဘောလို့ ပြောလိုက်မှ အရွဲ့တိုက်ပြီး ရပ်သွားမလား။



www.burmeseclassic.com

www.burmeseclassic.com



အေး ကျေးဇူးတင်တယ် အဲလိုလုပ်စမ်းပါလို့ အားတက်သွားလျှင်လည်း အခက်။

ခွန်းတုံ့ဇော်အပေါ် သံယောဇဉ်ကြောင့် အတွေးတွေတောင် အနိမ့်အမြင့် အတက်အကျ မမှန်စွာ ယောက်ယက်ခတ်လို့ . . ။

■ ■ ■

ဗျူးစာပေ

## အခန်း (၁၇)

မီမီခိုင်ကို သူ့အိမ်ဝင်ပို့ခဲ့ပြီး သူသူတို့အိမ်ဘက် ကားမောင်းလာ သည်။ ဟွန်းတစ်ချက်တီးလိုက်ရင်ပဲ သူသူ အိမ်ရှေ့ပြေးထွက်လာကာ

“ဟော အခုမှ လာရသလား၊ အထွန်းက ရောက်နေပြီ”

“ဟင် အထွန်းရောက်နေတာ ကြာပြီလား”

“အခုလေးတင်ပါပဲ ရှေ့ဆင့်နောက်ဆင့်၊ လာလေ အထဲဝင် လေ၊ ပေါ်မှာ အထွန်း ထိုင်စောင့်နေတယ်၊ ထမင်းစားပြီးမှပြန်နော်၊ မေ တောသွားလို့ ကိုယ်တိုင် စားဖို့မှူးလုပ်နေတာ”

“သူသူက ချက်တတ်တယ်ပေါ့၊ ကောင်းသားပဲ စားပြီးမှ ပြန် မ

“အိုကေ ချက်ပြီးရင် လှမ်းခေါ်လိုက်မယ်၊ အဲဒီမှာ အထွန်းနဲ့ စကားပြောရင်းစောင့်နေ”

ဗျူးစာပေ

www.burmeseclassic.com

သူသူက အိမ်ထဲ ကန့်ကလျ ပြေးဝင်သွားသည်။ ဒါန်းလေးပေါ်မှာ ထိုင်နေသော အထွန်းက ခွန်းတုံ့ဖော်ကိုမြင်တော့ မျက်ဝန်းများ အရည်လဲ့ကာ ပြုံးပြ၏။

"ကိုကို"

"ဖော် ထိုင်လေ"

ထွန်းသစ်စက ဒါန်းလေးတစ်ဖက်ခြမ်းကို တိုးရွှေ့ပေး၏။ ခွန်းတုံ့ဖော်က ထွန်းသစ်စ ကိုယ်နှင့်နီးအောင် တိုးကပ်ထိုင်ပြီး

"ဖော်ကို ဒီအိမ်လာဖို့ ဘာလို့ခေါ်တာလဲဟင်"

"မဖော် ကိုယ့်အိမ်ထပ်လာရင် မေမေကြောင့် အားနာစရာတွေ ဖြစ်မှာစိုးလို့ ပြီးတော့"

အားနာသလို မဝံ့မရဲ ရှိလှသော ထွန်းသစ်စ စကားတွေက သူမကြားချင်တာတွေ မဟုတ်ပါ။ မျက်ခုံးလေးတွန့်ချိုး မျက်မှောင်ကုတ်သွားရရင်း ထွန်းသစ်စဘက် တည့်တည့်လှည့်ထိုင်ချလိုက်သည်။

"ကိုကို"

"ဟင်"

သူသူ့ဆီကတစ်ဆင့် သူမ ရင်ထဲက ဆန္ဒတွေ သိနေမှာဖြစ်ပေမယ့် ကိုကိုက အနေအေးစက် စိမ်းသက်လွန်းလှသည်။ ထိကပ်နေသော သူမကိုယ်နှင့် မသိမသာ ခွာလျက် သက်ပြင်းချသံ ကိုကို အသက်ရှူသံ ပြင်းပြင်းကိုလည်း ကြားရ၏။





"ဖော်ကို မခင်ဘူးလားဟင်"

"ခင်ပါတယ်"

"သူသူက ဘာပြောလဲ"

"ဟင်"

ကြောင်တောင်တောင် မသိချင်ယောင်ဆောင်သလို ဖြစ်နေတာ သူမ အသည်းတွေယားလှသည်။ မိန်းကလေးသိက္ခာတွေ ဘာတွေ ...တွေက်နိုင်ဘဲ အစဖော်ပေးနေတာတောင် ကိုကိုက မတုန်မလှုပ်။

"ကိုကို သူသူ ဘာမှပြောမထားဘူးလားလို့"

"ပြော ပြောပါတယ်"

ကတုန်ကယင် ထစ်ငေါ့စွာဖြေပြီး ထွန်းသစ်စ မျက်နှာခပ်လွှဲ ...ပင့်သက်ရှိုက်သံ ကသုတ်ကယက် လွင့်ထွက်လာပြန်၏။

"ဘာတွေကို ကြောင့်ကြ နောက်ဆံတင်းနေတာလဲ ကိုကို၊ ...ကို မိန်းကလေးတန်မဲ့ အရှက်နည်းတယ်၊ ရဲတင်းလွန်းတယ်လို့ ... အထင်သေးနေတာလား"

"မဟုတ်ပါဘူး ဖော်ရယ်၊ ကိုယ့်ဘဝက မိုက်ရူးရဲဆန်ဖို့ အခြေ ...ပေးလို့ပါ"

"မိုက်ရူးရဲဆန်တဲ့အဓိပ္ပါယ်က ဘာကိုပြောတာလဲ ကိုကို၊ ဖော်နဲ့ ...ဘာဇဉ်ဖြစ်ရမှာ ဘာတွေက အဟန့်အတား ဖြစ်နေတာလဲ"

"ဖော် သိပြီးသားဖြစ်မှာပါ၊ အခြေအနေ အဆင့်အတန်း

www.burmeseclassic.com



အသိုက်အဝန်း ဘယ်ဘက်ကမှ လက်မခံနိုင်တဲ့အကြောင်းတရားတွေ"

"အဲဒါတွေထိ မတွေးဘဲ ရိုးရိုးလေး ငြိတွယ်သွားလို့ရော မဖြစ်ဘူးလား ကိုကို"

"ဖော်ရယ် အဲလိုငြိတွယ်ပြီးသွားရင် ဖော်ရော ကိုယ်ရော ဒီအတိုင်း ရပ်တန့်နေနိုင်ကြမှာလား၊ ကလေးကို မုန့်ပေးကျွေးရာလည်း ကိုယ့်မှာ ဘာမှမရှိပါဘူး။ ဖော်ကို မိုးခိုရင်းနဲ့ ပိုင်းလုံးတစ်ယောက်လို့လည်း အထင်မခံနိုင်ဘူး"

"ကျွတ် ကိုကိုက အရမ်း အဝေးကြီးတွေးနေတာပဲ"

"ကိုကိုက လူကြီးလေ ကလေးရယ်၊ ကိုယ့်ဘက်က ပြည့်စုံနေရင် တစ်မျိုးပေါ့"

အဲလို သိမ်ငယ်တတ်တာတွေကြောင့် ရင်မှာပိုပြီး ထိခိုက်လွယ်တာပါဟု မဖွင့်ဟဖြစ်။ ရင်ခွင်ကျယ်မှာ တိုးဝင် မှီခွဲခွင့်လေးပဲ ရချင်တာပါလို့တော့ ဝန်ခံလိုက်ချင်သည်။

"ကိုကို"

"ဟင် ပြောလေ ဖော်"

"ဖော် ကိုကို့ကို သူစိမ်းမဆန်ချင်ဘူး၊ ကိုကိုလည်း ဖော့်ကို သူစိမ်းမဆန်ပါနဲ့၊ ဝေးရမယ်ဆိုလည်း ကံကြမ္မာအတိုင်းပဲ ရှိပါစေ ကိုကို အကြောက်လွန်ပြီး ဆန္ဒတွေကို မျိုသိပ်လိုက်ရတာက စစ်မရောက်ခင်က မြားကုန်နေတဲ့ စစ်ရှုံးသမားနဲ့ အတူတူပါပဲ၊ လူတစ်ယောက်မှာ ကိုယ့်





...ယ်ကို ဆုံးဖြတ်နိုင်တဲ့ ကိုယ်ပိုင်လွတ်လပ်ခွင့်တွေ ရှိကြပါတယ်"

စကားတွေ မနားတမ်းပြောရင်း သူ့ကိုလည်း မျက်လွှာလေး ...လှန်ကြည့်သေး၏။ ထိုမျက်လုံးဝိုင်းဝိုင်းလေးက သူ့နှလုံးသားတွေ ...ဖွဲ့ညှို့သိမ်းပိုက်နေသည်သို့ ရှိသည်။ ဒူးဖုံးရုံ စကဒ်အတိုလေးနှင့် ...ရောင် တီရှပ် လက်စကလေးက သူမအသားအရေကို ပို၍ ဝင်းဖန့် ...ာက်ပစေပြီး၊ ကြိုးသိုင်း အိတ်ရှုံ့လေးကို အမြဲလို စလွယ်သိုင်းထား ...သတာလည်း အပြစ်ကင်းသော ကလေးငယ်လေး တစ်ယောက်လိုပင်။ ...သင်းရဲတင်းသည်ဟု ထင်ရသော်လည်း သူ အပြစ်မမြင်ရက်ပါ။

သူမရဲ့ စကားလုံးတွေအောက်မှာပဲ အပြစ်သားတစ်ယောက် ...အကျဉ်းကျလျက် ရုန်းထွက်ချင်စိတ်တွေလည်း မရှိတော့တာ နှလုံး ...သားရဲ့ တောင့်တမှုကြောင့်ပဲ ဖြစ်မည်။

ဖော် ရေ ကိုယ့်မှာလည်း တောင့်တမှုတွေနဲ့ပါဟု သူမလိုပင် ...သင်းပစ်လိုက်ချင်၏။

တကယ်ဆို မချစ်လို့မှ မဟုတ်ဘဲ။

"ကိုကို ဖော့်ကို ဘာမှမပြောဘဲ ဒီအတိုင်း ကြည့်နေတော့မှာ ...း"

"ဟင်"

သူမစကားတွေ နားထောင်ရင်းဖြင့် တမေ့တမော ငေးမျှော် ...ခဲ့လေသလား။ သူမ ပခုံးလေးတိုက်ကာ ပြောမှ ပြန်သတိဝင်ရတဲ့



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်။

သူ ရှက်သလို ဖြစ်သွားပေမယ့် အရင်လို အိုးတိုးအမ်း
မဝံ့မရဲတော့ မနေတော့ပေ။ သူမလေး ပြောသလို ကံကြမ္မာအ
ပဲလို့ သဘောထားလိုက်ရတော့မလား။

ဝေးကွာရမည်ဆိုတာ ကြိုတင်ခံစားမိပြီးသားမို့ ခံနိုင်
ရှိအောင် ကြိုးစားရုံကလွဲပြီး ..။

■ ■ ■

ဗျူး၁၁၆ပေ

## အခန်း (၁၈)

"ကဲ စကားတွေ ပြောမကုန်ဖြစ်နေကြတာ ထမင်းစားဖို့တောင်
နေကြပြီလား၊ သူသူ ထမင်းပွဲပြင်ပြီးပြီ လာစားကြ"

"အိုကေ အိုကေ လာပြီ၊ ကိုကို ထ သွားမယ်"

ဇော်က သူ့လက်ကို ဆွဲကာရပ်ခိုင်းပြီး အိမ်ထဲထိ သူ့လက်
င်းကို တွဲခိုလျက် ပျော်နေသည်။ သူ ခပ်ခွာခွာ နေလိုပေမယ့်
တ်သာပါ။ ရင်ခုန်လှုပ်ရှားခြင်းတွေ မရပ်တန့်တဲ့ ကြည်နူးမှုတွေလည်း
ုံးမသတ်နိုင်။

"တို့ကတော့ ချက်တတ်သလို ချက်ထားတာပဲ စားနိုင်ရင်
ကြ အားမနာနဲ့"

"ဟင်းတွေက မွှေးနေတာပဲ၊ ဒါပေမဲ့ ဇော်က ကြက်သား
ကျ်ဘူး၊ ဝက်သားနဲ့ထမင်းစားဝင်တာ"

ဗျူး၁၁၆ပေ

www.burmeseclassic.com

www.burmeseclassic.com



''အံမယ်လေး ဝက်သားအကြောင်း ဒီအိမ်မှာ မပြောလိုက်
ကိုယ်တော်တို့က မကြိုက်ဘူး တော်ကြာ ထွန်းသစ်စ ကိုင်တာမခံ
ကိုယ်တော်တို့က အရင်ကိုင်တာ ခံနေရဦးမယ်''

''ဟင့် ဝက်သားစားတာနဲ့ သူတို့က ဘာလို့ကိုင်မှာလဲ''

''သူသူ ရာ ဇော် နားမလည်တာတွေ မပြောစမ်းပါနဲ့
လက်ရာကို ငါတို့အားပေးမယ်ဆို ပြီးရောပေါ့''

''ဟွန်း သူပြောပုံက တို့ကပဲ ကျေးဇူးပြန်တင်ရမလိုဟဲ အ
နော် ဇော်နဲ့တွေ့မှ ဝဲတို့ကို အရမ်း သူစိမ်းဆန်တာပဲ''

''ရုပ်ကြမ်းကြီးနဲ့ လာနွဲ့မနေနဲ့ ဇော် က ဇာတ်တူသား စာ
သလားဆိုပြီး တစ်မျိုး ထင်နေဦးမယ်''

''အံမယ်လေးတော် အခုမှ ဇော်ကို ချစ်ကြောက်ရှိသေ ဖြ
လိုက်တာ၊ ပြေလည်သွားကြပြီလား ဟင်''

''အင်း''

သူက ဆွံ့အနေဆဲမှာပင် ဇော်က သွက်လက်စွာ ခေါင်းညိတ်
သူ အသာငြိမ်နေလိုက်တော့ ဝန်ခံလိုက်သလို ဖြစ်သွားသည်။ သူ
ဝမ်းသာအားရဖြစ်ကာ ..

''အဲလို ဆုံးဖြတ်လိုက်တာ ကောင်းပါတယ် အထွန်း
ဒါမှလည်း အထွန်း ရှန်းထွက်အားရှိမှာ၊ ဒါနဲ့ ငွေရေးကြေးရေး
အထွန်း အဆင်ပြေသလို စီစဉ်လိုက်တာ အထွန်းအမေ ဘာပြော
လဲ''





''ကြိုတွေးထားသလို ပေါက်ကွဲတာပဲပေါ့၊ တစ်ညလုံး အိပ်လို့
အောင် တတွတ်တွတ်ပဲ''

''အခုရော''

''မကျေနပ်သေးဘူး၊ အကုန်လုံး ငါတာဝန်ယူရမှာတောင် အဲလို
ပ်တာ အပြစ်ကြီးကျူးလွန်သလို ဖြစ်နေတာ အမြန်ဆုံး ဒီကိစ္စ ပြေ
ည်စေရပါမယ်လို့ ကတိပေးထားရတယ်''

''တောင်ပြုံးပွဲတော့ မျှော်လင့်ချက် ရှိပါသေးတယ်''

''အပြည့်အဝ ကိုယ်ရတော့မှာမှ မဟုတ်တာ၊ ရေရှည် စီမံကိန်း
ရှုန်းကန်ပြီး ကြိုးစားဆပ်ရတော့မှာ''

''ဒါကိုတောင် အထွန်း အမေနားလည်မပေးတာ အထွန်း
သ်မနာဘူးလား''

ထွန်းသစ်စ ခေါင်းညိတ်လိုက်သလား ခေါင်းခါလိုက်သလား။
မင်းငုံ့စားနေတာမို့ သေချာ မမြင်လိုက်ပေမယ့် အထွန်း နှုတ်ဆိတ်
နေတာကို ကြည့်ခြင်းအားဖြင့် အထွန်းရင်ထဲ နာကျင်မှု ဖြစ်နေမှာတော့
တတ်သိလိုက်သည်။

ဒီဝေဒနာတွေကို သူမ အချစ်တွေနှင့် ကုစားပေးချင်ပါသည်။

''အထွန်း စားလေ၊ စကားများမနေနဲ့၊ သူသူကလည်း ထမင်း
းတုန်း ဘာတွေ လျှောက်မေးနေတာလဲ''

''ဟုတ်ကဲ့ ဘာမှ မမေးတော့ပါဘူး၊ ကျွန်တော်မျိုးမ မှားသွား



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်ရှင်၊ ကျွန်တော်မျိုးမ သေသင့်ပါတယ်''

သူသူက အရယ်အရွှန်းဖြင့် ထွန်းသစ်စ စိတ်ပြောင်းအော

လုပ်၏။ အထွန်း မျက်နှာလေး ပြုံးယောင်သမ်းလာပြီး ခွန်းတုံ့ဖေ

ပန်းကန်ထဲကို ဟင်းတွေ ခပ်ထည့်ပေးသည်။

''အလှူလက်ဖက်နဲ့ မျက်နှာလုပ်ရတော့မှာပဲ ကိုယ်က ဖေ

အိမ်လာတာတောင် ကောင်းကောင်း ဧည့်မခံနိုင်ဘူး''

''ဖော်လည်း အဲဒါကို စဉ်းစားမရတာ၊ ကိုကိုနဲ့ပတ်သက်

ဖော့်ကို ဘာလို့ အမြင်မကြည်တာလဲ၊ ငြိုငြင်တာလဲ၊ တကယ်ဆို ဖော်

မိန်းကလေးနဲ့ ရင်းနှီးတာကို ဂုဏ်တောင်ယူရဦးမှာ၊ ဟို ဖော် ဘဝပြ

ပြီး ပြောနေတာ မဟုတ်ဘူးနော်၊ ဖော်ကြောင့် ဘာတွေဆုံးရှုံးသွားစ

အကြောင်းရှိလို့လဲ''

''အမလေး အဲဒါတော့ မသိဘူး၊ ဖော့်နဲ့မပတ်သက်ရဘူး

အတိအကျတောင် အမိန့်ထုတ်မထားတာတဲ့၊ နတ်ကတော်အလုပ်

လွဲပြီး ကျန်တာကို စိတ်ဝင်စား ရာမလိုဘူးတဲ့လေ''

''ဟုတ်လား ကိုကို''

ဒီတစ်ခါတော့ ထွန်းသစ်စ မငြင်းဖြစ်။ အမှန်တကယ်မို့ အ

အတင်တွေတောင် ဖြစ်ခဲ့ကြသေးတာပဲ။

ဒါတွေထိ ပြောလို့ကတော့ ဖော် ဘယ်လိုမှ ကျေနပ်နိုင်မှ

မဟုတ်ပေ။ တကယ်ဆို ဖော်က သူဌေးသမီး ဥစ္စာပေါရုပ်ချော၊ ပညာ

တတ် အဆင့်အတန်း ဂုဏ်ဒြပ်နှင့်။





သူမပြောသလို ကိုယ့်ဘက်က နစ်နာစရာအကြောင်းလည်း

ဘဲနှင့် ခါးခါးသီးသီး ငြင်းဆန်တာ အံ့သြစရာကောင်းပေသည်။

ကြောင်း ဒီအကြောင်း ပြောရင်း ထမင်းစားပြီးလို့ ဧည့်ခန်းထဲရောက်

ဒိုင်အောင် စကားတွေက အမျှင်မပြတ်။ သူသူက အလိုက်သိစွာ

င်းစားခန်းထဲမှာ ပန်းကန်ဆေးကျန်ခဲ့ပြီး ခွန်းတုံ့ဖော်နှင့်အထွန်း

က် ကော်ဖီနှစ်ခွက် လာချပေးထားကာ

''အေးအေးဆေးဆေး အချိတည်းရင်း စကားပြောကြဦး၊

ဖေးမှာ ပန်းကန်ဆေးပြီး အလုပ်တွေ လက်စသတ်လိုက်ဦးမယ်''

ပြောပြီး ထွက်သွားတော့ ဧည့်ခန်းထဲမှာ သူမတို့နှစ်ယောက်

ည်း။

''ကိုကို့အမေက အမေရင်းရော ဟုတ်ရဲ့လားဟင်''

''ဘာ ဘယ်လို မေးလိုက်တာလဲ ဖော်၊ ကိုယ်တောင် အဲလို

ိုင်သလားလို့ တစ်ခါမှ မတွေးဖူးဘူး''

''ကြားနေရတာတွေက အကြင်နာကင်းမဲ့နေသလားလို့ပါ ကိုကို့

ါလည်း အရမ်းစိမ်းလွန်းသလိုပဲ''

''မိခင်မေတ္တာနဲ့ မနွေးထွေးဘူးတာတော့ အမှန်ပဲ၊ ဒါပေမဲ့

ိက သားအကြီးဆုံး အစ်ကိုအကြီးဆုံးလေ၊ တာဝန်ယူရတာကို

ငြင်ပါဘူး၊ တစ်ခါတလေ ကိုယ့်ကိုနားလည်မပေးတာကိုပဲ ဝမ်းနည်း

ပြီးတော့ အမိန့်တွေသုံးပြီး မဖြစ်မနေ တာဝန်ယူခိုင်းနေတာကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ရင်နာတယ်၊ ဘယ်လိုပြောရမလဲ၊ ကိုယ် သိတတ်စအရွယ်ကတည်း
မညှာမတာ နိုင်းခဲ့တယ်လို့ ကိုယ်ခံစားရတယ်''

''ဟင် ငယ်ငယ်ကတည်းက''

သူ ကော်ဖီခွက်ကို တစ်ဝုံဝုံရင်း ခေါင်းညိတ်ပြလိုက်၏။ ဇော်
အံ့အားသင့်သလို မျက်လုံးလေးပြူးဝိုင်းနေကာ

''ဒါတော့ လွန်တာပေါ့၊ ကိုကို့ကို ပညာရေးဆုံးခန်းတိုင်အော
သင်မပေးဘဲ သူတို့လည်း လုပ်နိုင်ကိုင်နိုင် အရွယ်ရှိသေးတာကို၊ တ
သက်သက် အပြစ်ကြွေးဆပ်ခိုင်းနေသလို ဖြစ်မနေဘူးလား''

''ဟင်''

ဇော်က သူ မတွေးဘူးတာတွေနှင့် သူ့အတွက်ရင်နာလျှ
သည်။ သူက နာကျင်မှုတွေရှိသော်ငြားလည်း ဒီလို ခံစားနေမိတာ
မဟုတ်ပါ။ ဖေဖေနှင့်မေမေကို ချစ်သည်။

ညီမလေးနှင့်ညီလေးကိုလည်း သူ ရင်နှင့်အမျှ ချစ်၏။

တာဝန်ဝတ္တရားတွေ ကျေပွန်အောင် ကြိုးစားရင်းဖြင့် ဘယ်
အပေါ်မှလည်း အာဃာတ မရှိခဲ့။

အခု ဇော် ပြောနေတာတွေလည်း နားလည်အောင် မကြိုး
ချင်ပေ။

ဖြစ်နေတာတွေဟာ သူ့ဆန္ဒတွေနှင့် ဆန့်ကျင်ကာ အရာရာ
သိမ်မွေ့စွာ လွဲမှားနေလျက်. . .။

■ ■ ■



## အခန်း (၁၉)

''လွဲမှားတယ်လို့ ယူဆနေရင် တည့်မတ်အောင် ကြိုးစားကြည့်
ပေါ့ အထွန်းရယ်၊ အခုပဲ ဇော်ကို ပြတ်ပြတ်သားသား ပြောမယ်ဆိုပြီး
သူ့အဆင့်တောင် ရောက်သွားပြီ၊ စိတ်ညစ်နေတာတွေလည်း အိမ်
မရောက်ခင် ခဏတော့ ပြေပျောက်ပေ့ါပါးနေတာပဲ မဟုတ်လား''

သူသူက ပျောက်ပြယ်မသွားသေးသော သူ့ရဲ့အပြုံးကိုကြည့်ကာ
ပျော်တွေနှင့် ဝေဖန်၏။ သူ အခုထိ ဇော်ပြန်သွားသော်လည်း အိမ်
ပြန်ဖြစ်သေးပါ။

သူသူ့အမေ အိမ်မှာမရှိတာမို့ အားမနာနိုင်ဘဲ ဇော်ကို လိုက်ပို့
သူသူဆီ ပြန်လာခဲ့သည်။ အိမ်ပြန်ရောက်လျှင် ဇော်နှင့် ကြည်နူး
မှုတွေ ခဏချင်းနှင့် အစပျောက်သွားနိုင်သည် မဟုတ်လား။

''ငါ မှန်ရဲ့လား သူသူ''



www.burmeseclassic.com

''မမှားတာတော့ သေချာပါတယ်၊ မိသားစုအတွက် ဘယ်လောက်ပဲ တာဝန်တွေ ထမ်းနေရနေရ ကိုယ့်ခံစားမှုအတွက်လည်း လွတ်လွတ်လပ်လပ် ဆုံးဖြတ်ပိုင်ခွင့် ရှိတာပဲ၊ အထွန်းက ယောကျ်ားလေး... နစ်နာစရာ ဘာအကြောင်းမှ မရှိဘူး''

''အဲလိုတွေနဲ့ မတိုင်းတာချင်ပါဘူး၊ ဖော်ကို တန်ဖိုးမထားသလို... ဖြစ်မှာစိုးတယ်''

''အကဲပိုနေလိုက်တာ အထွန်းရယ်၊ အစကတော့ ဒိုင်တင်ကြီး... တစ်ခွဲသားနဲ့ အခုတော့ အရူးအမူး ဖြစ်နေပြီပေါ့''

''ငါ ကလေးမဆန်ပါဘူး၊ ဖော်ကို အလိုလိုက် အလျှော့ပေးပြီး... ငါ ချစ်တတ်သလို အစွမ်းကုန် ချစ်သွားမှာ''

''အမယ်လေး ရင်တောင် ခုန်လာပြီ၊ တို့များတော့ အဲလို... ချစ်မယ့်သူ တစ်ယောက်တောင် မရှိဘူး၊ နွာမယ် ချူမယ်၊ စားလို့ဝသွား... ရင် ထားပစ်ခဲ့တာချည်းပဲ''

''အထုံမပါအောင် ငါနဲ့ဖော် ကူညီပေါ့ကွာ၊ ငါက အချစ်နဲ့ယ... သက်ရင် အတွေ့အကြုံ မရှိဘူး၊ အမှန်အတိုင်း မရှက်တမ်း ဝန်ခံရရင်... ငါ ဖော်ကို မကြုံဘူးလို့ ချစ်မိသွားတာ''

ထွန်းသစ်စ ရင်ဖွင့်စကားက ရိုးစင်းလွန်းသည်။ ဒါပေ... အဓိပ္ပါယ်တွေ အများကြီးပဲဟု ခံစားလို့ရနေသည်။ အချစ်ဟာ နှ... သိမ်မွေ့သလောက် ထွန်းသစ်စ ဘဝက ကြမ်းတမ်းလွန်းသည်ပဲ။



''အဲဒီအတွက် ဘာမှ မပူနဲ့ အထွန်း၊ တို့ အထွန်းကို ကူညီမှာပါ၊ ...ထွန်းနဲ့ဖော် ချစ်သူတွေ ဖြစ်သွားတာ၊ တတ်နိုင်သလောက် ဖုံးဖိပေး... အထွန်းကို့ချစ်နေတာ၊ နှစ်ဖက်လုံးက သိသွားရင် မိုးမီးလောင်မှာ၊ ...ားလေး ကောင်းစားပါစေတော့ဆိုတဲ့ စေတနာနဲ့ အထွန်းအမေ ...ခံပေးမယ် ထင်သလား''

''မထင်ပါဘူး ဘာမှမဖြစ်ခင်က မိတ်ဆွေအဆင့်နဲ့တောင် မလို... ...တဲ့အကြောင်း အတိအလင်း သတိပေးထားသေးတာပဲ၊ နတ်ကတော်... ...ပဲကလွဲပြီး ကျန်တာကို စိတ်မဝင်စားရဘူးတဲ့''

''အထွန်းအမေ တော်တော်ဆိုးတာပဲနော်''

''ခုနက ဖော်လည်း အဲလိုပြောတယ်၊ သားအရင်းမှ ဟုတ်ရဲ့... ...တဲ့''

''ဟင်''

ပြောပြီး နာကျင်သွားဟန်တူသော ထွန်းသစ်စ မျက်နှာက ...တွေ ပျောက်ဆုံးကာ အေးစက်လ...။ ခဏနေတော့ ပြန်မယ်ဟု ...တ်စွာ ပြောလျက် ထရပ်၏။

''ပြန်တော့မလို့လား''

''ဒီထက် နောက်ကျရင်လည်း သံသယတွေနဲ့ ပေါက်ကွဲခံရတော့ ...ဒါတင်စိန်ဆီ ပိုက်ဆံဝင်ယူရဦးမယ်၊ ငွေမြင်ရင် မေမေ စိတ် ...ငြိမ်းမယ် ထင်ပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဖိုးသူတော် အိပ်ချင်မူးတူး ကြေးစည်ထခေါက်သလိုပဲ ရှိမှာ
သူသူကတော့လေ၊ အထွန်း အမေ စိတ်ပြောင်းမယ်လို့ မထင်"

သူသူ အရယ်အရွှန်းဖြင့် စနောက်သော်လည်း အိမ်ပြန်လ
က အရင်လိုပင် အပြုံးများ ပျောက်ဆုံးလျက်ပါ။ ဘာတွေပြောဆိုမ
အပြစ်ရှာမလဲ စိုးရိမ်စိတ်တွေနှင့် ခြေလှမ်းတွေက ယိမ်းယိုင်မြဲ။

"ငါးဆယ်ရာခိုင်နှုန်းဆိုရင် ဒီငွေရဲ့ အတိုးကို မင်း သပ်
ပေးရမှာနော်"

"ဗျာ"

ငွေရေပြီး လက်မှတ်ထိုးချိန်မှာ ဒီစကားပြောတော့ ဒေါ်တင်
ကို မျက်လုံးလှန်ကြည့်ရင်း လက်တွန့်သွားသည်။

"ဟုတ်တယ်လေ နတ်ပွဲက အချိန်မရွေး ကနေရတာမှ မဟု
တာ၊ နတ်ရုပ်တွေ အိမ်မှာသိမ်းထားရတာရော ဘာတန်ဖိုးရှိလို့ 
ဘာလုပ်ရမှာလဲ"

"အခုတောင် နတ်ပွဲကဖို့ ချိတ်ထားတာ သုံးပွဲရှိပြီဆို"

"အဲဒါက ငါပေးထားတဲ့ငွေ နည်းတာမှမဟုတ်တာ၊ ပြန်ရအေ
ပွဲရှာရတာပေါ့"

"အတိုးအမြတ်တင် မဟုတ်ဘဲ နတ်ပွဲစားဖြစ်နေပါရော
ဒေါ်တင်စိန်၊ ဒီလိုလုပ်ရင် ကျွန်တော် ဆယ်နှစ်လောက် ဆပ်
ကျေမှာမဟုတ်တော့ဘူး၊ အိမ်ရဲ့စားဝတ်နေရေးကလည်း ရှိသေး





"အဲဒါတော့ မင်းသဘောလေ၊ ငါကတော့ ခုနစ်ဆယ်ရာခိုင်နှုန်း
လောက် မရရင် ငွေမပေးနိုင်တော့ဘူး၊ ငါ ရင်းနှီးမြှုပ်နှံထားရတာ
နည်းတာမှ မဟုတ်တာ၊ ဘာအာမခံချက်မှလည်း ရှိတာ မဟုတ်ဘဲနဲ့"

"အိမ်ဂရံ ပေးထားတာပဲ ဒေါ်တင်စိန်ရယ်"

"ဟဲ့ နင်တို့အိမ်ဂရံက ငါးဆယ်လောက်တန်တာ၊ ငါက အခု
...ရာတောင် ထုတ်ပေးထားရတာ၊ မင်း ကျေနပ်ရင်လည်းလုပ်၊ မကျေ
...လည်း မတတ်နိုင်ဘူး၊ ငါ့ဘာသာ ငွေတိုးချေးစားရင် ဒီထက်မက
...ယ်"

ဒေါ်တင်စိန် မျက်နှာထား တင်းတင်းဖြင့် အပြတ်သားဆုံး
...သည်။ သူ ဘာလုပ်ရမလဲ။ ဒီငွေ အိမ်ပါမသွားလို့တော့မဖြစ်ပါ။
ဒီလိုလုပ်လိုက်တာကိုသာ မေမေက အပြစ်မြင်နေတာ။ ငွေ
...ချင်လည်း တစ်သက်စာ ဆူပူပေါက်ကွဲလို့ဆုံးမှာမဟုတ်ပေ။ ထိုသို့
...နေပါက ညီမလေးလည်း သူ့အတွက် စိတ်ချမ်းသာရမှာ မဟုတ်။

"ဟင်း"

သက်ပြင်းတွေ လေးတွဲ့စွာ ချကာ

"ဒေါ်တင်စိန် ခင်ဗျား ကျေနပ်သလိုသာ လုပ်ပါတော့၊ ခင်ဗျား
...ကို အဆင်ပြေအောင် ကျွန်တော် ပင်ပန်းချင်လည်း ပင်ပန်းပါစေ၊
...တွေထိ လက်ခံချင်လည်း လက်ခံပါ၊ ကနားပွဲ မနားရမှ ကျွန်တော့်
... စားဝတ်နေရေးလည်း အသက်ရှူချောင်မှာ"



www.burmeseclassic.com

www.burmeseclassic.com



''အေး နင် ကျေနပ်ရင် ပြီးတာပါပဲ၊ ပွဲမနားရအောင်ရေ
ငါ့ တာဝန်ထားလိုက်၊ ဒါပေမဲ့ မိုးတွင်းကတော့ နင်ရော ငါရော အ
နာမှာပဲ၊ နင့်နတ်တွေကို တိုင်တည်ပေါ့ဟယ်''

သူ ဘာမှပြောမနေတော့ဘဲ စာချုပ်မှာ လက်မှတ်ထိုးပြီး
တွေယူ၍ အိမ်ပြန်လာခဲ့သည်။ လက်ထဲမှာ ဖေဖေ့အတွက် အရက်ပုလ
ညီလေး ညီမလေးတို့အတွက် ခေါက်ဆွဲကြော်၊ မေမေ့အတွက်ဆေ
မေမေ ကြိုက်သောငွေ။

''ဟေး ကိုကို ပြန်လာပြီ၊ ဟာ ခေါက်ဆွဲကြော်တွေ၊ ကို
ညီစာအုပ်တွေ ဝယ်ရဦးမှာ၊ စာမေးပွဲနီးလို့ အထူးထုတ်ဝယ်ရမှာ
ကိုကို့ရဲ့ ငါးထောင်လောက်ရယ်၊ ကျူရှင်ခက သုံးသောင်း၊ မုန့်ဖိုးလ
ကုန်နေပြီ ကိုကို''

အိမ်ရှေ့အဝင်မှာကတည်းက သက်ပြင်းချလိုက်မိတာ။ အ
ပြင်းတစ်ခါချတိုင်း အသက်တစ်ရက်တိုမည်ဆိုလျှင် အသက်ရှင်ဖို့ရ
ကျန်တော့မည် မထင်တော့။

''အေး အေး ပေးမယ်နော် ညီလေး၊ အခု ခေါက်ဆွဲ
ယူပြီး မမနဲ့သွားစားလိုက်''

''ရက်ရွှေ့လို့ မရဘူးနော်၊ ဘိုင်ပြတ်နေပြီ၊ စာမေးပွဲပြီးရင်
သူငယ်ချင်းတွေနဲ့ ချောင်းသာလိုက်သွားချင်တာ၊ မေမေကိုလည်း ပိုက်
တွေပေးမနေနဲ့၊ ညီဖို့လည်း ချန်ထားဦး''





နောက်တစ်ခါ သက်ပြင်းမချမိအောင် ညီရှေ့ကနေ အိမ်ထဲ
ပြန်ဝင်လာခဲ့သည်။ ညောင်ခန်းထဲမှာ မေမေ့ကို မတွေ့။ ဖေဖေကသာ
ကိုမြင်တာနှင့် တအေးအေး လေချဉ်တက်ပြနေသည်။ အသုပ်တစ်ပွဲ
နဲ့ အရက်ပုလင်းကို ဖေဖေ့ရှေ့ ချလိုက်ပြီး

''ဒီနေ့တော့ ပွဲမရှိလို့ ကြက်ကြော်ပါမလာဘူး ဖေဖေ''

''ရပါတယ်ကွာ၊ ငါက ဒါနဲ့ တန်တယ်ဆိုလည်း တန်သလိုပေါ့၊
ဆိုက ဘာပါလို့ တောင့်တနေရင်ရော မင်းက ဘယ်သဒ္ဒါပါတော့မလဲ''

ဒီလို အလိုက်တသိ ဝယ်လာတာတောင် အကောင်းမမြင်ဘဲ
ရဲ့အစောင်း ထေ့ငေါ့ခံရသေးသည်။ ဖေဖေ အရက်ပုလင်းဆွဲကာ
ထဲဝင်သွားတော့ ဝတ်စားပြင်ဆင်ထားသော မေမေ ညောင်ခန်းထဲ ဝင်လာ
သည်။

မျက်လုံးတွေကတော့ နှုတ်ခမ်းမျိုးခြင်းတွေကင်းလျက် အစိမ်းရောင်
ကဲ့သက်ပါ။

''ဒီမှာ မေမေ ရှာခိုင်းတဲ့ငွေပါ၊ ဒေါ်တင်စိန်ဆီက မရမကကို
ယူလာခဲ့ရတာ''

''ငါ့အိမ်ဂရုံ ငါ့အမေပစ္စည်းတွေ အပေါင်ထားပြီး ပင်ပန်းချင်
ောင်မဆောင်ပါနဲ့၊ နင့်အစွမ်းအစ အရည်အချင်းနဲ့သာဆို ထမင်း
ောင် ဝဝ စားရမှာမဟုတ်ဘူး''

''ဒါတွေလည်း သားတစ်ယောက်တည်း ဆပ်ရမှာမဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



လား၊ သားလုပ်သမျှကို အကောင်းမြင်ပေးပါလို့ တောင်းဆိုနေတာ မဟုတ် ပါဘူး၊ နေရာတိုင်း အပြစ်မြင်နေတာတော့ မလုပ်ပါနဲ့လား မေမေရယ်

"ဘာ နှင် ဒါလေးလုပ်ပေးပြီး ငါပြောတာ မခံချင်လော အောင် နာတာတ်နေသလား။ မိဘက အဲလိုလေးတောင် ပြောခွင့်မရှိ ပေါ့"

"မဟုတ်ပါဘူး မေမေရယ်၊ သားက အဲဒီသဘော ပြော မဟုတ်ပါဘူး။ ဒီလိုအချိန်လေးမှာ ဘယ်သူမှ အပြစ်တွေမပြောဘဲ ပျော်ရွှင်ရွှင် နေစေချင်တဲ့ စေတနာပါ"

"နင် ကျွေးတာစားနေလို့ နင် ပျော်အောင်လုပ်ပေးရမယ် နင် စိတ်ချမ်းသာအောင် ထားရမယ်ပေါ့၊ ဒီမှာ ထွန်းသစ်စ နှင့် အသက်ရင်းပြီး ဗိုက်အနာခံ မွေးခဲ့ပြီးပြီ၊ အရွယ်ရောက်တဲ့အထိ မွေးပြုစုစောင့်ရှောက်ပြီးပြီ၊ ငါတို့က ခုချိန်မှာ နင့်အရိပ်အကဲကြည့် နင် မငြိုငြင်အောင် ပြုံးပြဖြဲပြ အလိုက်တသိ ရှိသေလေးစားပြနေရ လား"

"ကျွတ်"

မချင့်မရဲ စုတ်သပ်လိုက်မိပေမယ့် အသံထွက်သွားတာ မဟုတ်ပါ။ သူ ပြောချင်တာ သူ ခံစားပြီး ရင်ဖွင့်နေတာကို နားမလည်ပါလား။

နားလည်ရဲ့နဲ့ နားမလည်ချင်ယောင်ဆောင်နေတာဆို

ဒီလိုအချိန်မျိုးမှာ ငွေတွေအများကြီး ယူလာခဲ့သော သူ့ကို အပြုံးတု ဖြစ်ဖြစ် နှစ်သိမ့်သင့်သည်။ မေမေ့ရှေ့မှာ အသက်ဝဝ ပြင်းပြင်းပင် တော့ဘဲ ညစာစားချင်စိတ်လည်း မရှိတော့တာကြောင့် အိပ်ခန်း ဝင်ဖို့ ခြေလှမ်းပြင်လိုက်သည်။

"ဒါတွေ အမြန်ပြန်ရွေးဖို့ အာရုံစိုက်ပြီး ကြိုးစားဦး၊ ဒါတွေ သတ်နေရတာနဲ့ အိမ်မှာချို့ချို့တဲ့တဲ့ ချွေတာပြီး နေနေရဦးမယ်၊ ရှေ့လထဲမှာ ပွဲနှစ်ပွဲ လက်ခံထားတယ်၊ အိမ်ပွဲစားအဖွဲ့ မနက် အိမ်မှာနတ်မေးဖို့ ချိန်းထားတာလည်း ရှိတယ်၊ ဘယ်မှသွားဖို့ ထွက်ဖို့ မစဉ်းစားနဲ့၊ နတ်တင်ဖို့ ရေစင်ဖိုးတစ်ဝက်က ယူသုံးထား "

ရင်ထဲ ခံစားရသလောက်သာဆိုလျှင် အခန်းတံခါးကို ဂျုန်းခနဲ မြည်အောင် ပိတ်ပင်လိုက်မိမည်လားမသိ။ လက်တွေ့မှာတော့ တောင် ပြင်းပြင်း မနင်းရဲဘဲ ဖွဖွလေးလျှောက်၍ အခန်းထဲရောက် ရာပေါ် အရုပ်ကြိုးပြတ် ပုံလှဲချပစ်လိုက်သည်။

သူ့အနားမှာ ဖေးမမည့်သူ မရှိ။ ကြင်နာမည့်သူ မရှိ။

ဘယ်သူ့ကို အပြစ်ပြောရမှန်းလည်း မသိ။

ဒါဟာ ဝဋ်ကြွေးတစ်ခုကို ပေးဆပ်နေရခြင်းလား။

■ ■ ■




www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

''ဟင်''

သင်တန်းပြီးလို့ မီမီခိုင်နှင့်အတူတူ ကားမောင်း၍ ပြန်လာ ကျောင်းစိမ်းဝတ်စုံလေးနှင့် လမ်းဖြတ်ကူးလာသော ထွန်းသစ်စ ညီ ကို ဖျတ်ခနဲ တွေ့လိုက်ရသည်။ သူမ ဘေးမှာ ထိုင်လိုက်လာ မီမီခိုင်ကတော့ သတိထားမိမှာ မဟုတ်။

''မီ နင် ဒီကနေ လမ်းလျှောက်တော့ဟာ၊ ငါ ကိစ္စလေး

''ဟဲ့ အိမ်အထိလိုက်ပို့မယ်ပြောပြီး အခုမှ ဘာကိစ္စက

ရတာလဲ''

''ဩော် နင်ကလည်း ဘာဖြစ်ဖြစ်ပေါ့၊ စကားကိုများ မြန်မြန်ဆင်းပါ၊ နောက်နေ့မှ နင့်ကို အိမ်တိုင်ရာရောက် လိုက်ပို့

''အေး အခုတစ်မျိုး တော်ကြာတစ်မျိုးနဲ့ အရှုလင်လုပ်





ဘယ်သဝေထိုးချင်နေတယ်ဆိုတာ ငါ သိတယ်နော်''

မီမီခိုင်က သူမ ကားလေးသွားရာ လိုက်ကြည့်ရင်း ပါးစပ်က ပေါက်ဖောက်ကာ ကျန်ရစ်ခဲ့သည်။

''ပွမ် ပွမ်''

အနားကပ်ကာ ကားဟွန်းတီးတော့ ကြာဖြူ လန့်သွားကာ လှည့်ကြည့်၏။

''ဟယ် မမဇော်''

''ညီမလေး ကျောင်းပြန်လား၊ နောက်ကျလိုက်တာ၊ ကားပေါ် လေး၊ မမ လိုက်ပို့မယ်''

''ဩော် နေပါစေ ရပါတယ်၊ ကြာဖြူ လမ်းလျှောက်ပြန်နေကျ ကျောင်းက အပြန် ကျူရှင်တက်ပြီး ဒီအချိန်မှ ပြန်ရတာ''

''လာပါကွာ မမလည်း အထွန်းကို တွေ့ချင်လို့ လမ်းကြုံနေ

''ဩော် အင်း ဟုတ်ကဲ့''

မေမေနှင့်ပြဿနာတက်မှာ စိုးရိမ်ပေမယ့် ကိုကို့ကိုတွေ့ချင်လို့ လည်း မငြင်းသာ။ ခွန်းတုံ့ဇော် ကားလေးပေါ်တက်ထိုင်မိမှ ဆပ်ဖျားမှ မေးခွန်းတွေ အပြည့်။

''ကိုကိုနဲ့ မမဇော်တို့ ဆက်ဆံရေးက ဘယ်အခြေအနေ ရောက် ဟင်''

''ဟင် ကြာဖြူက ဘာကိုမေးတာလဲ၊ ဘာသိချင်တာလဲ''



www.burmeseclassic.com

www.burmeseclassic.com



လို့ စာနာမိလို့ ချစ်သူဖြစ်တဲ့အထိ တို့ ရှေ့ဆက်တိုးလာခဲ့တာ၊ သူ့
အချစ်သက်သက်နဲ့ ပတ်သက်ခဲ့တာမဟုတ်ပါဘူး၊ အနှုံးဆုံး ဝန်ခံ
သူ့ကို နတ်ကတော်ဘဝထဲမှာ နစ်မျောနေမှာလည်း နမြောမိတယ်''

''ကိုကို့ကို နတ်ကတော် အခြောက်ဘဝကနေ ကယ်ထုတ်
ပေါ့နော်''

''အဲလို လုပ်ချင်ပေမယ့် ကြာဖြူ့အစ်ကိုက ရှန်းထွက်နိုင်မ
မထင်ဘူး၊ သူ့အမေကို မလွန်ဆန်ရဲသလို မိသားစုအပေါ်မှာ တာဝ
တဲ့သူ မဖြစ်ချင်ဘူးတဲ့လေ''

ကြာဖြူ အင့်ခနဲ ရှိုက်သည်။ မနေအပ်သောအရပ်လို ခါး
နေသော မိသားစုအတွင်းမှာ ကိုကို ဘာကြောင့် တွယ်ကပ်နေချင်ရ
လဲ။ ရှန်းထွက်ဖို့ ကြာဖြူ ဘယ်လောက်ပင် တိုက်တွန်းနေပါသော်လည်း
ဝဋ်ကြွေးပါလာသောကိုကိုက ချစ်သူကိုတောင် ဒီအကြောင်းတွေ ဖွင့်
ဝန်ခံထားသတဲ့လား။

''ကြာဖြူ အိမ်ရောက်ပြီလေ၊ ဆင်းရအောင်''

မမဇော် သတိပေးမှ ကိုကို့အတွက် စမ်းနည်းစွာ ကျနေသော
မျက်ရည်တွေကို ကပျာကသီ သုတ်လျက် ကားပေါ်က ဆင်းလိုက်ရသည်

''မမဇော်လာလေ၊ မေမေတော့ရှိနေတယ်ထင်တယ်၊ ဘာ
ပြော နားလည်ပေးပါနော်''

ကြာဖြူက အိမ်ထဲအဝင်မှာပင် အားနာစကားဆို၏။ သူ့အ





ကြောင်းသိနေလို့ ဖြစ်မည်။ ထိုအချိန်မှာပဲ

''ကြာဖြူ''

လေသံက အနားကပ်ကာ ဟိန်းခနဲမို့ ကြာဖြူက ဆတ်ခနဲ
သွားကာ သူမလည်း မျက်လွှာတစ်ချက်ပင့်သွား၏။

''ညည်းက ကားတွေဘာတွေနဲ့ ပြန်လာရအောင် ခြေကျိုးနေ
ဘူး''

''မေမေကလည်း ဧည့်သည်ပါလာတာကို''

''ငါဖိတ်ထားတာမဟုတ်ပါဘူး၊ နေစမ်းပါဦး မင်းက ခွန်းတုံ့ဖော်
ယောက်ျားလေးတစ်ယောက်ရှိတဲ့အိမ်ကို ဘာလို့ ခဏ ခဏ လာ
တာလဲ''

''ရှင်''

အဲလို ဒဲ့တိုးကြီးပေါ်ပေါ်တင်တင် တိုက်ခိုက်မည် မထင်တာ
ကြောင့် ယောင်နသွားပေမယ့် ဣန္ဒြေပျက်လောက်အောင်တော့ မျက်နှာ
ပျက်သွင်းမသွားခဲ့ပေ။ အားမနာတတ်သည့်သူကို အားနာတတ်အောင်
ပေးရုံပဲ ရှိတော့တာပေါ့။

ပြီးတော့ ဒေါ်မာလာဆွေက ကိုကို့အမေ။

''ဟို ဇော်က အထွန်းဆီ လာတာပါ''

''သိတယ်လေ၊ အဲဒါကြောင့် မေးနေတာ''

''တခြားမျက်ကွယ်ရာမှာ ချိန်းတွေ့တာထက် ဒီလိုအိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com



လာတွေ့ပြီး စကားပြောကြတာက မိန်းကလေးတစ်ယောက်အတွက် ထို
မယ်ထင်လို့ အများအမြင်မှာ သင့်တော်မယ် ထင်လို့ပါ"

"ဘာ"

"အန်တီကို ကိုကို့မိဘအနေနဲ့ ဖော် လေးစားပါတယ်၊ ဖော်
အသိအမှတ်ပြုပေးပါနော်"

"တောက်"

ရဲတင်းကလက်လွန်းလှသော ဒီမိန်းကလေးကို အိမ်ထဲက
ချက်ချင်း ဆွဲထုတ်ပစ်လိုက်ချင်သည်။ အတန်တန် တားနေတဲ့ကြား
ထွန်းသစ်စ ဒါ ဘာလုပ်တာလဲ။ ချစ်သူတွေဖြစ်၊ လက်ထပ်၊ အိမ်ကထွ
သွား။ မိသားစုက တော်ပြတ်လက်မှဲ့ဖြစ်ပြီးကျန်။

ဒါမျိုးတော့ အဖြစ်မခံနိုင်ပါ။ ထွန်းသစ်စက အသက်ခွေ
အထိ မိမိတို့မိသားစုကို နတ်ကတော်အဖြစ်နဲ့ အသက်မွေးဝမ်းကြော
ပြုပြီး လုပ်ကိုင်ကျွေးရမှာ။

"ကြာဖြူ သူ့ကိုပြန်ပို့လိုက်"

"မေမေ"

"ခွန်းတုံ့ဖော် မင်းနောက်တစ်ခါ ငါ့အိမ်ကို မလာပါနဲ့၊ ငါ့သ
နဲ့အဆက်အသွယ်မလုပ်ပါနဲ့၊ မနေနိုင်မထိုင်နိုင် မိဘတွေ လက်ခံ
မလားဆိုပြီး အပြင်မှာ ဗိုက်ကြီးလာလည်း ငါ အသိအမှတ်ပြုမှာမဟု
ဘူး"





"အန်တီ့စကားတွေက အသက်အရွယ်အရ လူကြီးဖြစ်နေပေ
သို့ နည်းနည်းများရိုင်းနေသလားလို့"

"ယဉ်ကျေးအောင် မဆက်ဆံသင့်တဲ့သူအတွက် ငါ့ဘက်က
လည်းမတတ်နိုင်ဘူး၊ ဒါပေမဲ့ မင်းလို ယောက်ျားလေးတစ်ယောက်
 ဝင်လိုထွက်လိုထွက်၊ ပေါ့ပျက်တဲ့မိန်းကလေးရဲ့ ဝေဖန်တာ မခံနိုင်
 ခွန်းတုံ့ဖော်" -

"ပေါ့ပျက်တယ်ဆိုတဲ့စကားကို ပြန်ရုပ်သိမ်းပေးပါ အန်တီ၊
တို့မှာလည်း သားသမီးတွေ ရှိပါတယ်၊ သားသမီးချင်းစာနာပြီး
ထိန်းသိမ်းသိမ်း ပြောပေးပါ"

"စာနာရအောင် မင်းက ငါ့သမီးမှမဟုတ်ဘဲ"

"ဒါဆို ထွန်းသစ်စကိုလည်း အန်တီ့သား အရင်းမဟုတ်လို့
ကြင်နာကင်းမဲ့ ခိုင်းစားနေတာလား"

"ဘာ မင်း ခွန်းတုံ့ဖော်"

ဒေါ်မာလာဆွေ ရှူးရှူးရှားရှား ဆတ်ဆတ်ခါသွားသည်၊ သူစိမ်း
ပုံစာ မိန်းကလေး သူများမိသားစုအကြောင်း ဘာတွေသိလို့ စွက်
ရတာလဲ။ ထွန်းသစ်စ ဒင်းဘာတွေ ဘယ်လောက်ထိတောင် ပြော
သလဲ။

"ခွန်းတုံ့ဖော် မင်းငါ့အိမ်ထဲက ထွက်သွား၊ ငါ့ရှေ့ကနေ အခု
သွားတော့၊ မင်း ရှက်တတ်ရင် ငါ့သားနဲ့ လုံးဝမပတ်သက်ပါနဲ့၊



www.burmeseclassic.com

www.burmeseclassic.com







အခုကတည်းက ငါ့ကို ပမာမခန့် လုပ်ရဲတဲ့မင်းကို ငါတစ်သက်လုံး အသိအမှတ်မပြုဘူး၊ လက်မခံဘူး။ အဲဒါကိုမင်းမြဲမြဲမှတ်ထား''

''ဟာ ဇော် ရောက်နေတယ်၊ မေ မေမေတို့ဘာဖြစ်နေတာလဲ''

အခုမှ အပြင်က ပြန်ရောက်လာဟန်ရှိသော ထွန်းသစ်စက အခြေအနေမှန်ကို အလုံးစုံမသိသေးပေမယ့် စိုးရိမ်တကြီး ပျာပျာသလဲ မေးသည်။

ဒေါ်မာလာ့ဆွေက ထွန်းသစ်စလက်ကို ဖျတ်ခနဲ ဆောင့်ဆွဲ လိုက်ပြီး

''မင်း အိမ်ထဲဝင်နေစမ်း ထွန်းသစ်စ''

''မေမေ''

''ငါ ဒီလောက်အတန်တန် သတိပေးထားနေတဲ့ကြားက ဒီကောင်မလေးနဲ့ မင်းနဲ့ ချစ်သူတွေ ဖြစ်သွားကြပြီဆို''

''ဟုတ် ဟုတ်ကဲ့''

''ငါ့ကို ဂရုမစိုက်တဲ့သဘောလား ထွန်းသစ်စ''

''မ မဟုတ်ပါဘူး မေမေရယ်၊ သားလည်း အရွယ်ရောက်နေ ပြီပဲ''

''မင်းဘဝအတွက် မင်းရွေးချယ်ခွင့်မရှိဘူး ထွန်းသစ်စ၊ ငါခင်း တဲ့လမ်း ငါလျှောက်ခိုင်းတဲ့ လမ်းပေါ်မှာပဲ မင်းစိတ်မပါပါ လျှောက်ရမယ် ငြင်းပယ်ခွင့် အယူခံဝင်ခွင့် မရှိဘူး။ မတရားဘူးလို့ မင်းစွပ်စွဲချင်သေး လား''



''မေမေရယ် သားက''

ရင်ထဲမှာ နာကျင်လွန်း၍ ဘယ်လိုတွေ ချေပရမှန်းပင် မသိပါ။ ဇော့်ကို မျက်နှာပူ အားနာမိတာလည်း ရင်ထဲမဆံ့လောက်အောင်ပင်။

''ဇော် လာ ကိုယ်ပြန်လိုက်ပို့မယ်နော်''

''ထွန်းသစ်စ နင်ဒါဘာလုပ်တာလဲ၊ အိမ်ထဲဝင်စမ်း''

''ဇော့်ကို သားပြန်လိုက်ပို့ပါရစေ မေမေ၊ အပြန်ကျမှ မေမေ ပြောချင်ပြော ရိုက်ချင်ရိုက်ပါ''

''တောက်''

''ဇော် လာ''

မေမေ တက်ခေါက်တာကို ဂရုမစိုက်နိုင်။ ဇော့် လက်ကို ဆွဲ၍ ထွက်လာခဲ့သည်။ သူ့အပေါ် မေမေဘာတွေ မကျေနပ်ချက် များနေ ဘာလဲ။

သူဘာတွေ အမှားလုပ်မိလို့လဲ။

ယောက်ျားလေးတစ်ယောက် ဇော့်လို မိန်းကလေးတစ်ယောက် ကို ချစ်မိတာ ဘယ်လောက်တောင် အပြစ်တွေ ကြီးမားသွားလို့လဲ။

ဒီနတ်ကတော်ပဲ ဖြစ်စေချင်နေသော မေမေ့ကို နားမလည်နိုင်။

ဘာတွေဖြစ်ဖြစ် ဇော့်လက်ကို ဆုပ်ကိုင်ထားမိသော သူ့ရဲ့လက်တွေက မြဲသို့ ..။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

''ဘာပြောတယ် သမီးက နတ်ကတော် အခြောက်နဲ့ ကြိုက်နေကြတာ ဟုတ်သလား၊ မိမိခိုင်၊ အန်တီ့ကို ပြန်ပြောစမ်းပါဦး''

''ဟုတ်ပါတယ် အန်တီ၊ နတ်ကနားပွဲ သွားကြည့်ရင်းနဲ့ ဆုံကြတာပါ၊ အဲဒီ ထွန်းသစ်စ ဆိုတဲ့သူက ကနားစီး''

''ဘုရား ဘုရား ကိုနိုင် ရှင့်သမီး နတ်ကတော်နဲ့ ကြိုက်နေတာတဲ့၊ ဘယ်လိုလုပ်ကြမလဲဟင်၊ ပြောပါဦး ကိုနိုင်ရယ်၊ ဒုက္ခပါပဲ''

''နေစမ်းပါဦး ခိုင်ရယ်၊ မိမို့ကို သေချာမေးကြည့်ပါဦး၊ သမီး ကနားပွဲ သွားကြည့်ရင်း ခင်ရုံခင်ခဲ့တာမျိုးလည်း ရှိမှာပါ၊ ဘယ်နှယ့် နတ်ပွဲကတဲ့ ယောကျ်ားမဟုတ်၊ မိန်းမမဟုတ် နတ်ကတော် အခြောက်ကို ဘယ်မိန်းကလေးက ကြိုက်ပါ့မလဲ''





ဦးမင်းနိုင်က ဒေါ်သဇင်ခိုင်ကို ဖြေသိမ့်ရင်းနှင့် ကိုယ်တိုင်လည်း ...ကြည့်ဖို့ ခက်နေဆဲပင်။ သမီးက အနေအထိုင် အပြောအဆို ပွင့်လင်း ...င်းတယ်ဆိုပေမယ့် ပေါ့ပျက်ပျက် အဆင့်အတန်းမဲ့တာမျိုးတော့ လုပ် ...မဟုတ်ဘူး။

ဒါပေမဲ့ မိမိခိုင်ကလည်း သမီးရဲ့ အချစ်ဆုံးသူငယ်ချင်းမို့ ...ားစွာ အတိုင်အတောထူမှာတော့မဟုတ်။

''ပြောပါဦး မိမိရယ် အန်တီက အရမ်းစိုးရိမ်နေပြီ၊ အန်ကယ် ...ည်း မယုံနိုင်အောင်ဘဲကွယ်၊ သမီးက ဒေါက်တာမိုးကျော်လို အဆင့် ...တန်း ဂုဏ်ဒြပ်ရှိတဲ့သူကိုတောင်မှ စေ့စပ်ဖို့ကို မနည်းတိုက်တွန်းနေ ...ာ၊ တခြားချစ်သူရည်းစား ရှိတယ်လို့လည်း အန်ကယ်တို့ကို တစ်ခါ ... ပြောဖူးဘူး''

''ဟုတ်ပါတယ် ဖော့မှာ တခြားချစ်သူ ရည်းစားမရှိပါဘူး၊ အခု ...တ်ကတော်နဲ့လည်း အပျော်ခင်ရုံပဲ ခင်တယ်ထင်တာ၊ မိက ရှေ့ဆက် ...ဖို့ မပတ်သက်ဖို့ တားခဲ့ပါတယ်၊ ဒါပေမဲ့ ဖော်က လက်မခံဘူး၊ မို့ ...ရုမစိုက်တော့ဘဲ ခြေလှမ်းတွေပျက်နေလို့ အဲဒီနတ်ကတော်ရဲ့ သူငယ် ...င်း သူ့သူကို သွားမေးမှ သေချာသိခဲ့ရတာ''

''ဘာတဲ့လဲ တကယ်ချစ်သူတွေ ဖြစ်နေကြပြီတဲ့လား''

''ဟုတ်ကဲ့ အသေအချာပါပဲ အန်တီ''

''ဘုရား ဘုရား မိဘမျိုးရိုးကရှောကွယ်''



www.burmeseclassic.com

www.burmeseclassic.com



"မပြည့်မစုံနဲ့ပါပဲ၊ ဖအေက အရက်သမား၊ မအေကလည်း အရှယ်ကောင်းသေးပေမယ့် ဘာအလုပ်မှ လုပ်တာမဟုတ်ဘူး၊ ညီ... တစ်ယောက် ညီမလေးတစ်ယောက်ရဲ့ ပညာရေးအတွက်ရော၊ မိသား... စားဝတ်နေရေးအတွက်ပါ သူတစ်ယောက်တည်း အပင်ပန်းခံပြီး ရုန်း... နေရတာ"

"အမလေး တော်တော်ဆိုးပါလား၊ သမီးဘာတွေများ မက်... ပြီး မိုက်ရူးရဲဆန်ပါလိမ့်၊ ခိုင်တော့ သေချင်တော့တာပါပဲ ကိုနိုင်ရယ်"

ဒေါ်သဇင်ခိုင် မျက်ရည်လည်ရွဲနှင့် ရင်ဘတ်ထုနေသည်... ဦးမင်းနိုင်ငြ ည်း အသံမထွက်တော့၊ မိမိခိုင်ကတော့ ပြောလက်စ... မရပ်မနားပြောဖို့ ဆုံးဖြတ်ထားကာ

"အန်တီတို့ ဇော်ကို အကြမ်းကိုင်ပြီး နှင်ပဲဆေ ပြောလို့... ဇော် လက်ခံမယ်မထင်ဘူး၊ ဇော်က ကန့်လန့်တိုက် အရွဲ့တိုက်တာလည်း... အန်တီတို့ သိသားနဲ့၊ မိ ဒီလောက်ပြောဆို တားနေတဲ့ကြားက ဒီ... အခြေအနေထိကို ဖြစ်သွားတာ"

"အဲဒီ အခြောက်က ပိုင်းလုံးလား၊ သမီးဆီက ချုပ်မြိုက်စား... လို့များလား"

"အဲဒါတော့ မိလည်းမသိဘူး၊ ဇော်ကို ချော့မော့ပြောမ... ဟိုဘက်ကို ငွေပေးပြီးတော့ပဲဖြစ်ဖြစ်၊ မိဘတွေကို သွားဖျောင်းဖျနိုင်... ပဲဖြစ်ဖြစ် အဲလိုလုပ်ကြည့်ပါ အန်တီ၊ မိကတော့ ဇော်ကို အဲလို အသ...





...ခန်းထဲ မရောက်စေချင်ဘူး"

"အဲဒါ မှန်တာပေါ့၊ မိမိက သူငယ်ချင်းကောင်းပီသပါတယ်၊ ...ဆို အသိပေးတာ ကျေးဇူးတင်ပါတယ်ကွယ်၊ အန်တီလည်း ဒီလို ...ကတော်မျိုးနဲ့ ဘယ်အဖြစ်ခံနိုင်ပါ့မလဲ"

"ဒါဆို ကိုယ်တို့ တစ်ခုခု စီစဉ်မှဖြစ်မယ်၊ ဟိုဘက်က လူကြီး ...တွေကိုလည်း သွားပြောပြီး မောင်မိုးကျော်နဲ့လည်း အမြန်ဆုံး စေ့စပ်ပေး ...မယ်၊ အိုကွာ တစ်ခါတည်း လက်ထပ်ပေးသင့်ရင်လည်း ပေးလိုက်မယ်"

"အဲလို လုပ်လိုက်တာ ကောင်းသားပဲ ကိုနိုင်"

ဦးမင်းနိုင်က စိတ်မြန်သလို ဒေါ်သဇင်ခိုင်ကလည်း ကပျာကသီ ...ောက်ခံသည်။ သမီးကိုချစ်ပေမယ့် အိမ်ထောင်ရေးနှင့်ပတ်သက်လျှင် ...မီးဆန္ဒအတိုင်း ဆုံးဖြတ်ခွင့်မပေးနိုင်။ တစ်ခဏ အမှားက တစ်ဘဝ ... ဆုံးရှုံးနစ်နာသွားနိုင်သည်မဟုတ်လား။

အိမ်ထောင်ရေးနဲ့ပတ်သက်ပြီး အမှားမဖြစ်အောင် စည်းကမ်း ... ထိန်းသိမ်းကြပ်မတ်လာတာ အစဉ်အလာနှင့်မို့ သမီးကိုလည်း ...တိုင်းပဲချုပ်ကိုင်ရမည်။ အခု မိမိခိုင် သူငယ်ချင်းကောင်းပီသကာ ...စီးစွာ ကြိုတင်လာပြောလို့ တော်သေးတာပေါ့။

အချိန်တွေကြာလို့ သံယောဇဉ်တွေ ခိုင်မာအမြစ်တွယ်ပြီး စွန်း ...များယွင်းပြီးမှဆိုလျှင် မခက်ပေဘူးလား။

"အန်တီတို့ အချိန်မီလောက်ပါသေးတယ်နော် မိမိ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘာပြောတာလဲ အန်တီ"

"ဩော် အပြင်မှာ ချိန်းတွေ့ပြီး ဘာဘာညာညာတွေ"

"အဲလိုတွေတော့ မဖြစ်လောက်သေးပါဘူး၊ ဒါပေမဲ့ အခုတေ

သွားတွေ့နေကြတာ ထင်တယ်၊ မီကို လမ်းမှာချထားခဲ့ပြီး ထွန်းသင်

ညီမလေးနောက်ကို တောက်လျှောက်လိုက်သွားတာပဲ၊ အန်တီ့ကို ပြော

လို ဖော်ကို အလိမ္မာသုံးမေးမြန်းပြီးတာနဲ့ လုပ်သင့်တာ အမြန်ဆုံးလုပ်

လိုက်တာ အကောင်းဆုံးပါပဲ"

"အေး အေးပါကွယ်၊ ကျေးဇူးတင်ပါတယ် မီမီရယ်"

"ဟိုလေ အန်တီ၊ မီပြောလို့ သိတာမျိုးတော့ မဖြစ်စေချင်ဘူ

ခုချိန်မှာ ဘယ်သူက ဘာပြောပြော စေတနာလို့ သူ မြင်မှာမဟုတ်ဘူ

အန်တီ"

"အန်တီ နားလည်ပါတယ်ကွယ်၊ မီမီ အပြစ်မဖြစ်စေရပါဘူး"

"ဟုတ်ကဲ့ အဲဒါဆို ပြန်ခွင့်ပြုပါဦးနော် အန်တီ"

မီမီနိုင် ပြန်သွားပြီးချိန်မှာ တိုင်ကပ်နာရီကို လှမ်းကြည့်

လင်မယားနှစ်ယောက်လုံး အကြည့်ချင်းဆုံကာ သက်ပြင်းချမိကြသည်

ဒီသမီးအတွက် ဒီလိုအပူမျိုး ဒီတစ်ကြိမ် ပထမဦးဆုံး ခံစားကြ

ခြင်းပင်။

သမီးရဲ့အချစ်တွေ သံယောဇဉ်တွေ ထိုနတ်ကတော်အခြော

လေးဆီမှာ နက်ရှိုင်းနစ်မျောမှု မရှိပါစေနှင့်ဟု ကိုယ်စီ ဆုတောင်းနေ





...နှင်း အခု ဘယ်နေရာမှာ ဘယ်လိုတွေ့ပြီး ဘာတွေပြောနေကြမလဲ

...နိုးရိမ်စိတ်တွေဖြင့်. . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"ဘာလို့ စိုးရိမ်နေတာလဲ၊ ဇော် ဘာမှမဖြစ်ဘူး၊ ဇော်က ကိုကိုအတွက် စိတ်ပူတာ၊ ကိုကို့အမေက ကိုကို ပြန်သွားရင် ရိုက် ရိုက်နေမလား မသိဘူး"

"ကိုယ်ထိလက်ရောက်တော့ ရိုက်မှာ မဟုတ်ပါဘူး၊ စကား နဲ့ သတ်တာလောက်ကလည်း ကိုကို့အတွက် ရိုးနေပါပြီ ဇော်သာ ေ တစ်ခါ အိမ်ကို မလာခဲ့နဲ့နော်၊ ဇော်ကို အားနာရတာ မျက်နှာပူရ ကိုကို ရှူးလိမ့်မယ်၊ မေမေ့ရဲ့ ရိုင်းပျမှုတွေအတွက် တောင်းပန် ဇော်ရယ်"

"ကိုကိုကလည်း ကိုကို့မှားတာလည်း မဟုတ်၊ အပြစ်လု လည်းမဟုတ်တဲ့နဲ့ ဇော်ကို မတောင်းပန်ပါနဲ့၊ ဇော်ကြောင့် ကိုကို အ အဆိုခံရတော့မှာကိုပဲ ဇော် စိတ်မကောင်းဖြစ်နေတာ၊ ဇော် တ မယ် ကိုကို၊ သေသေချာချာ ရင်ထဲရှိသလို ဖြေနော်"





သူ့မျက်နှာနားကပ်ကာ မျက်နှာလေးမော့၍ အလေးအနက် နေတော့ သူ ခေါင်းတဆတ်ဆတ် ညိတ်ပြလိုက်ရ၏။

"မေးလေ ဘာမေးမှာလဲ"

"ဇော်ကို တကယ်ချစ်တာလားဟင်"

"ဇော်ရယ် ဒါက မေးစရာလား၊ ဇော်ကို ကိုကို တကယ်တန်ဖိုး ားပြီး ချစ်တာပါ"

"ကိုကို့မိသားစုထက်ရော ပိုချစ်နိုင်လား"

"ဟင်"

"ဖြေလေ ကိုကို"

"ဇော်ရယ် ဒီမေးခွန်းက မမေးသင့်ဘူး ထင်တယ်၊ မိဘ ချင်းမောင်နှမဆိုတာ သံယောဇဉ်တွေနဲ့ သွေးတွေရောနှောနေတဲ့ ဘသက်သက်လေ၊ ဇော်နဲ့က အကြောင်းရေစက် တိုက်ဆိုင်လို့ ဆုံ တာ၊ အချစ်နဲ့မေတ္တာ အတူတူ နီးနီးလေးလို့ ထင်ရပေမယ့် ကဏ္ဍ အကန့်တွေတော့ ခြားနားပါတယ်"

"အဲလောက် အရှည်ကြီး ရှင်းမပြပါနဲ့ ကိုကို၊ ဇော်ကို စွန့်လွှတ် ယ်၊ မိသားစုကို မပစ်ပယ်နိုင်ဘူးလို့ ရှင်းရှင်းပြောလည်းရပါတယ်"

စိတ်မကောင်းသလို မျက်နှာလေးမဲ့ကာ တစ်ဖက်လှည့်သွား သူမ မေးဖျားလေးကနေ ဖွဖွလေးကိုင်၍ သူ့ဘက် ဆွဲလှည့်လိုက် ည်



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို့ကို နားလည်မှုမလွဲပါနဲ့နော်၊ ကိုကို့ဘ၀မှာ အချစ်
တာကို မကြုံဘူးလို့ ဖော်ကို အသည်းနင့်အောင် ရင်နဲ့အမျှ တန်ဖိုးထား
ပြီး ချစ်မိပါတယ်၊ ဖော်ကို စွန့်လွှတ်ရမှာလည်း သေလောက်အော
ကြောက်ပါတယ်၊ ဒါပေမဲ့ သူများတွေလို မိသားစုကို စွန့်ပစ်ရက်တဲ့အ
တော့ မစွန့်စားရဲဘူး၊ ငယ်ငယ်တည်းက ချုပ်ကိုင်လွှမ်းမိုးခံလာ
မေမေ့ကို မလွန်ဆန်နိုင်တာက ၀ဋ်ကြွေးတစ်ခုပဲ ထင်ပါတယ်"

ကိုကို့စကားတွေကြောင့် သူမ အင်အားတွေမဲ့ကာ ငိုချင်
သည်။ ကိုကို ဘာလို့များ သူမကိုချစ်တယ်ပြောပြီး ပျော့ညံ့နေရတာ
အားမလို အားမရ ဖြစ်မိသော်လည်း ကိုကို့ကို ဒီထက်ပိုပြီး မညှင်
ချင်တော့ပါ။ ကိုကို့မျက်နှာကို သူမ လက်ချောင်းလေးတွေနှင့် ပွတ်
တို့ထိပြီး

"ဖော်ကို တကယ်မချစ်လို့ မစွန့်စားရဲတာလို့ မစွပ်စွဲရက်ပါ
ကိုကို၊ ဒါပေမဲ့ ဒီဘ၀ထဲမှာပဲ နစ်မွန်းခံချင်နေတဲ့ ကိုကို စိတ်ကို
ဖော် နားမလည်တော့ဘူး၊ ဘာလို့လဲ ဒီဘ၀မှာ ပျော်မွေ့တာ
မဟုတ်ဘဲနဲ့ ၀ဋ်ကြွေးတစ်ခုလို့အောက်မေ့ပြီး ဘာလို့ပေးဆပ်နေတာ
ကိုကို"

"ဟင်"

"ဖော့ကိုချစ်တယ်ဆို"

"ချစ်ပါတယ်"





"ဖော်နဲ့အတူတူ မနေချင်ဘူးလား"

"ဖော်ရယ်"

မျက်နှာချင်း ထိကပ်လုနီးပါး တိုးတိတ်စွာညှို့ယူနေတာမို့ သူ့
သည်းတွေ တစ်စစီပဲ့ကြွေကျတော့မည် ထင်သည်။ အသက်ရှူသံ
ပြင်းဖြင့် ရင်တစ်ခုလုံးလည်း တုန်ခါလှိုက်မောနေ၏။ သွေးတွေလည်း
ပွက်ဆူလို့၊ သူမကိုယ်လေးကို လက်နှစ်ဖက်ဖြင့် သိမ်းပိုက်ဖက်တွယ်
ထား၏။

ညှို့ရီနေသော မျက်လုံးချင်း ဆုံမိုက်မှာ သူမ နှုတ်ခမ်းဖူးဖူး
ကို ပွတ်သိပ်စွာ နမ်းရှိုက်ပစ်လိုက်သည်။ ငြင်းဆန်မှုမပြုသော
ထိတွေ့မှုများသည် သူ့နှလုံးသားတွေကို ရမ္မက်များဖြင့် ဖြားယောင်း
သလို

"ဖော်"

"ရှင်"

"အရမ်းချစ်တယ်"

"ဖော်လည်း ကိုကို့ကို ချစ်တယ်"

ဟု ရေရွတ်ကာ သူ့ရင်ခွင်မှာ မျက်နှာအပ်၏။ နှုတ်ခမ်းဖူးဖူး
အစား ဆံနွယ်တွေကို နမ်းရှိုက်မိခိုက်မှာ ရင်ခုန်နှုန်းမြန်စွာဖြင့်
လုံးသားတွေ ဖျပ်ဖျပ်ခါ ဖြောင်းဆန်နေသည်။ ဒီချစ်သူလေးကို
ဘယ်လိုခွဲနိုင်ပါ့မလဲ။

"ကိုကို စွန့်စားဖို့ ကြိုးစားကြည့်မယ် ဖော်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့"

"ဇော်ကို မခွဲနိုင်လို့ပေါ့၊ ဒါပေမဲ့ အချိန်တွေတော့ အဆိုက်အတ…
ကြာဦးမယ် ထင်တယ်၊ အကြွေးတွေ အများကြီးဆပ်စရာရှိသေးတယ်"

"သူသူကပြောတယ်၊ သိန်းတစ်ရာကျော်တယ်ဆို၊ အစတည်…
က ဇော်ကို ပွင့်ပွင့်လင်းလင်း ပြောတာမဟုတ်ဘူး၊ ဇော်မှာ သိန်းသုံးဆ…
ရာမက ဇော့်နာမည်နဲ့ ဘဏ်မှာအပ်ထားတာရှိတယ်၊ အဲဒါနဲ့ ဖြေရှင်…
လိုက်ပါလား"

"မလုပ်ပါနဲ့ ဇော်ရယ်၊ ချူမြိုက်ပိုင်းလုံးလုပ်စားတဲ့သူလို့ နာမည်…
ဆိုးနဲ့ ဇော်ကို မချစ်ချင်ဘူး"

"ကိုကို့ကို ဇော် နားလည်ရင် ပြီးပြီပေါ့၊ ဒီလိုမှမလုပ်…
ဇော်တို့ ဘယ်တော့နီးရမှာလဲ၊ ကိုကို့ဘက်ကလည်း ကိုကို့အမေက ခ…
သီးသီး ကန့်ကွက်တယ်၊ ဇော့်ဘက်ကလည်း ဘယ်လိုမှ လက်ခံပေး…
မဟုတ်ဘူး၊ သူတို့ သဘောတူတဲ့သူနဲ့ပဲ ဇော့်ကို ဖွတ်အတင်းပေးစား…
မှာ"

"ဟင် ဇော်မှာ မိဘသဘောတူထားတဲ့သူ ရှိတယ်ပေါ့"

"ဟုတ်တယ် ဒေါက်တာ မိုးကျော်တဲ့၊ ဖောက်(စ်)ဆင်းပြီးတာ…
စေ့စပ်ပေးဖို့ စီစဉ်ထားကြတယ်"

"ဟား"

ဘာပြောရမှန်းမသိအောင်ပင် ရင်တွေပူပြင်း လောင်မြိုက်…
သည်။ သူ့အတွက် ကံကောင်းခြင်းဆိုတာ တစ်ခုမှမရှိပါလား။





"ကိုကို စိတ်ဓာတ်ကျအောင် ဇော် ပြောတာမဟုတ်ပါဘူး၊
…ဒေါက်တာမိုးကျော်ဆိုတဲ့လူက ဖွတ်အတင်းလက်ထပ်ချင်နေပြီ၊ ဇော်
…ကို ချစ်သူတွေဖြစ်တာ မေမေတို့ မသိသေးလို့ ဇော် အချိန်ဆွဲပြီး
…သို့ရနေတာ ကိုကို"

"သိသွားရင် မဖြစ်မနေ အဲဒီလူကို လက်ထပ်ရမယ်ပေါ့၊ ကိုကို
…ယ်လိုလုပ်ရမှာလဲ ဇော်ရယ်"

"ချစ်သူကောင်းစားဖို့ဆိုပြီး ဇော်ကို စွန့်လွှတ်လိုက်ဖို့တော့
…စားနဲ့နော်၊ အဲဒီ ရိုးရာအစွဲတွေနဲ့ ဇော်ကို ထားမပစ်ခဲ့နဲ့၊ ဇော်
…ကိုပဲ ချစ်တာ"

"ဘယ်လို အင်အားတွေနဲ့ ပြိုင်ပြီး ဇော်ကို ပိုင်ဆိုင်ရအောင်
…ားရမလဲ ဇော်ရယ်"

"ဘာအကြောင်းပဲရှိရှိ ဇော်ကို မစွန့်လွှတ်ဘူးဆိုတဲ့ ကတိပေးပါ
… ကိုကိုနဲ့ခွဲရရင် ဇော် သေမှာ"

ရင်ခွင်မှာ တိုးခွေ့ဝင်လာပြန်သော ချစ်သူလေးကို လွှတ်ထွက်
…အောင် တင်းကြပ်စွာ ဖက်ထားမိပြန်၏။

သမုဒယကြိုးတွေ မြဲမြဲအောင် မင်းပြုစားနေလေသလား ဇော်
…ဘဝ ဝဋ်ကြွေးတွေထဲက ရုန်းထွက်နိုင်အောင်ပဲ ဆုတောင်းပေး

…

ဒီရင်မှာ ချစ်တတ်သမျှတွေ မင်းအတွက်ပဲ ပေးချင်လို့ပါ ဇော်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

အိမ်ပြန်ချိန် နောက်ကျခဲ့တော့ ခြေလှမ်းတွေက ကတုန်ကယ
အပြစ်မဲ့သော မျက်ဝန်းတွေ မဟုတ်တာကြောင့် မေမေတို့ရှေ့ရောက်
စဉ်မှာ ဟိုဟိုဒီဒီ လွှဲယက်ဖြင့် အခန်းထဲရောက်ဖို့သာ စိတ်စောနေသ

"သမီး"

"ရှင်"

ခေါ်သံကြောင့် တုန်ခနဲ ဖြစ်သွားရရင်း ဆင်ခြေပေးဖို့လ
အဆင်သင့်ဖြစ်နေခဲ့၏။ ဖေဖေနှင့်မေမေရဲ့ မျက်နှာက ဒီနေ့တစ်
ဖြစ်နေသည်ဟု ထင်မိသည်။ ဖော်က လွယ်အိတ်လေးကို ရင်ဘတ်
မှာပင် ပိုက်ထားရင်း ဖေဖေတို့နှင့် မျက်လုံးချင်းမဆုံစေဘဲ ဆိုဖာ
ဝင်ထိုင်လိုက်၏။





"နှုတ်သွက်လျှာသွက် မရှိတာ ဒီနေ့ ဘာအများတွေ အပြစ်တွေ သုပ်လာခဲ့လို့လဲ သမီး၊ မိမိနိုင် အမေ နေမကောင်းလို့ဆိုတဲ့ ဆင်ခြေ ပေးစရာ မရှိတော့လို့လား"

"ရှင်"

သူမ မျက်လုံးလေး ပြူးဝိုင်းကာ ပင့်တက်သွား၏။ ခဏချင်းမှာ ပင် ပြန်ငုံ့ကျသွားကာ အိတ်ရဲ့ကြိုးစလေးကို လုံးချေပွတ်သပ်ကာ ခံစစ် အတွက် အကြံဉာဏ်တွေ ထုတ်နေမိသည်။

"နောက်ထပ် ဆင်ခြေတစ်မျိုး ကြားရမှာစိုးလို့ ဘယ်ကပြန်လာ တာလဲလို့ မမေးတော့ပါဘူး၊ သမီး သွားလေရာ လိုက်မကြည့်နိုင်တော့ သမီးပြောသမျှကိုပဲ ယုံနေရတာ"

"မေမေကလည်း ဖော်က ဘာတွေမဟုတ်တာ လုပ်နေလို့လဲ၊ သူငယ်ချင်းတွေနဲ့ သင်တန်းကအပြန် လည်တာပဖော်တာ၊ ရုပ်ရှင်ကြည့်၊ ဈေးပင်ထွက်တာလောက်ပဲ ရှိပါတယ်"

"သူငယ်ချင်းအပေါင်းအသင်းနဲ့ဆိုရင် မေမေ မပြောလိုပါဘူး သမီး၊ အခုဟာက သမီးကိုယ်သမီး ဘယ်ခြေလှမ်း လှမ်းနေတယ်ဆိုတာ သိဆုံးဖြစ်မှာပေါ့၊ မေမေတို့က သမီးအပြစ်ကို ဆွဲထုတ်ပြနေရဦးမှာ လား"

ဒီလောက်ပြောနေမှတော့ သိသင့်တာထက် ပိုသိနေပြီဟု သူမ သည်လိုက်၏။ ခေါ့လည်ကြောင်ပတ် ရှောင်တိမ်းနေလျှင် ပို၍ အပြစ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးသွားနိုင်သည်။ နှုတ်ဆိတ်နေသော ဖေဖေက သူမအံ့ရိပ်အကဲကို မျက်လုံးမလွှဲတမ်း အကဲခတ်လို့ပါ။

လိမ်ညာလို့လည်း အရာမဝင်ဘူးဟု ဖိအားပေးနေသလိုလို။

''သမီး ဘယ်သူနဲ့တွဲနေတယ်၊ ဘယ်လိုလူနဲ့ပတ်သက်နေတယ် ဆိုတာ မေမေတို့ သတင်းအတိအကျ ရထားပြီးပြီ သမီး''

''မီမီခိုင် ပြောတာမဟုတ်လား''

''သူများကို အပြစ်ပုံမချနဲ့၊ ကောင်းစေချင်တဲ့ စေတနာကို သမီး မမြင်တောင် ယုတ်မာတဲ့စိတ်နဲ့ မဟုတ်ဘူးဆိုတာတော့ သမီး သိထားရမယ်၊ ပြီးတော့ မီမီခိုင် ပြောမှ မေမေတို့ သိနိုင်တဲ့ကိစ္စ မဟုတ်ဘူး သမီး၊ ဟုတ်ရင်ကျော် ပုပ်ရင်ပေါ်တဲ့၊ သမီး ဖုံးကွယ်ထားတာကိုပဲ မေမေတို့ ရင်နာတယ်''

''ဖော်က ဟို''

''မှားတတ်ကြပါတယ်၊ အမှားကင်းအောင်နေဆိုတဲ့ စကားကို မမှားခင်ကတည်းက မေမေတို့ အတန်တန် သတိပေး ဆုံးမခဲ့ပြီးပြီ သားသမီးကိုချစ်ကော့လည်း မိဘစကားကို ဂရုမစိုက်ပေမယ့် ဆက်ချစ်နေရဦးမှာပေါ့၊ ဒါပေမဲ့ ဆက်မှားဖို့တော့ လုံးဝ ခွင့်မပြုနိုင်ဘူး သမီး''

''ဟုတ်တယ် သမီး၊ ဒီအရွယ်မှာ စိတ်ကစားတတ်တာ ဖေဖေတို့ နားလည်ပေးမယ်၊ ဖြစ်ခဲ့သမျှကို ဖေဖေတို့ ဆုံးမသွန်သင်တာ နား မထောင်ရက်လေခြင်း၊ မနာခံရက်လေခြင်းလို့ စိတ်မကောင်းဖြစ်ပြီး သမီး





မပြောတော့ပါဘူး၊ ခုန သမီး မေမေပြောသလိုပဲ ဒီကိစ္စကို ရပ်တမ်း ရပ်လိုက်ပါ၊ ဆက်မဆိုက်ပါနဲ့တော့ သမီး''

သိန်မွှေ့ဖွာ သိမ်းသွင်းနေကြတာကို နားလည်ပေမယ့် ခေါင်း တ်လက်ခံဖို့ ဆန္ဒမရှိပေ။ နှလုံးသားနှင့် ရွေးချယ်ထားသော အချစ် အတွက် သူမ တိုက်ပွဲဝင်ရမှာ၊ ခုခံကာကွယ်ရမှာ ကြိုတင်ပြင်ဆင်ပြီး ပါ။

''ဖော် သူ့ကိုချစ်တယ် ဖေဖေ၊ သူ့ကိုပဲ လက်ထပ်ချင်တယ်''

''ဒီစကားပဲ ကြားရမယ်ဆိုတာ ဖေဖေတို့ သိပြီးသားပါ၊ သမီး ချင်တာကို ချစ်ကြည့်ပြီးပြီ မဟုတ်လား၊ လက်ထပ်ဖို့အထိတော့ ဖေတို့ ခွင့်မပြုနိုင်ဘူး၊ အဲဒီ နတ်ကတော်အခြောက်ရဲ့ မိဘအသိုက် မ်း အခြေအနေ၊ သမီး သိပြီးသားဖြစ်မှာပေါ့၊ ဖေဖေတို့ အဆင့်အ န်းနဲ့ ဘယ်လိုမှ သဟဇာတ မဖြစ်နိုင်ဘူး''

''မိဘတွေပဲဆိုပြီး မေမေတို့ အခွင့်အာဏာ မသုံးချင်ဘူး၊ မီး ဦးနှောက်နဲ့ စဉ်းစားဆုံးဖြတ်ပါ၊ အိမ်ထောင်ရက်သားကျတဲ့အခါ ချစ်က အရေးမကြီးတော့ဘူး၊ ဂုဏ်အဆင့်အတန်းကပဲ သားစဉ်မြေး ဆက် ထည်ဝါမှုရှိမှာ သမီး''

''ဟင့်အင်း ဂုဏ်ပကာသနဆိုတာ လုပ်ယူဖန်တီးလို့ရတဲ့ အရာ အချစ်ကတော့ အဲလို မဟုတ်ဘူး ဖေဖေ''

''တော်ပြီ သမီး၊ အခု ဖေဖေတို့ အချစ်အကြောင်း ဆွေးနွေး



www.burmeseclassic.com

www.burmeseclassic.com



နေတာ မဟုတ်ဘူး။ သမီး ရှေ့ဆက်လျှောက်ရမယ့် အနာဂတ်အတွက် အိမ်ထောင်ဘက်လူရွေးမမှားဖို့ ဆုံးမနေတာ၊ မောင်မိုးကျော်ကို လက်ထပ်ရမယ်''

''ဟင့်အင်း''

ဇော် ထပ်ခေါင်းရမ်းတော့ လင်မယားနှစ်ယောက် အကြည့်ချင်း ဆုံလျက် မျက်နှာတွေ တင်းမာသွားကြ၏။ ဒီသမီးက လေသံပျော့ပျော့ နှင့် အလျှော့ပေးလိုက်လျောနေတာလည်း နားမလည်ပါလား။

အကြမ်းဖက်လျှင်လည်း ဖွတ်တိုးမိုက်ရူးရဲဆန်သွားနိုင်သည် လျှော့လို့မရ၊ တင်းလို့မရနှင့်။ လုပ်စရာတစ်ခုပဲ ကျန်တော့သည်ပဲ။ သ ပြင်းတွေ လေးပင်စွာချမိရင်း

''သမီး ဖေဖေတို့စကားကို လုံးဝ နားမထောင်တော့ဘူးလား ဒီလို အဆင့်အတန်းမရှိတဲ့ နတ်ကတော်တစ်ယောက်ကို ဘာတွေ စွဲလ နေတာလဲ သမီး''

''ဟိုက နတ်နဲ့တိုက်ပြီး ပြုစားထားတာနေမှာပေါ့ ကိုနိုင်ရယ် နတ်တွေနဲ့တိုင်တည်ပြီး ခိုင်တို့ကို စီးပွားပျက်အရှက်ရအောင် လုပ်ချင် လုပ်နေမှာ''

''မေမေတို့ ဘာတွေလျှောက်ပြောနေတာလဲ၊ ကိုကို့မှာ အဲ အောက်တန်းကျတဲ့စိတ် မရှိဘူး။ ဆင်းရဲချို့တဲ့တိုင်း ကိုယ်ကျင့်တ ပျက်ပြားနေကြတာ မဟုတ်ပါဘူး ဖေဖေ''





''ဘာ ကြည့်စမ်းပါဦး။ ကိုနိုင့်သမီးက အခြောက်ကိုများ ကိုကို တွေ ဘာတွေဖြစ်နေပြီ၊ ခွန်းတုံ့ဇော် ညည်း မိဘတွေကို သေတွင်းထဲ ွန်းပို့နေတာလား။ အမယ်လေး မွေးရကျိုးမနပ်လိုက်တာ ဇော်ရယ်''

''ကဲပါ ဘာမှမပြောပါနဲ့တော့ ခိုင်ရယ်၊ ခိုင့်ကျန်းမာရေးသာ ှုစိုက်ပါ၊ သူကမှ မိဘတွေအပေါ် ရက်စက်ရဲရင် ဘယ်တတ်နိုင်မှာတော့ လဲ၊ ကိုယ်တို့ကံပေါ့ကွာ''

ယူကျုံးမရ ရင်ဘတ်ထုကာ အော်ဟစ်ငိုလိုက်သော ဒေါ်သဇင် ကို ဦးမင်းနိုင် ပခုံးလေးဖက်၍ နှစ်သိမ့်နေသည်။ ဒီသမီးက ကြိုတင် ဆင်မှုတွေဖြင့် ဆုံးဖြတ်ချက်မပြင်တော့ဘူးဆိုတာ သူတို့ သိလိုက်ကြ သည်။

သူတို့ဘက်မှာလည်း နည်းလမ်းတစ်ခုသာ ရှိ၏။ ဒါကိုသာ ဖြစ်မနေ ကြိုးစားကြည့်ဖို့ ဆုံးဖြတ်လိုက်ကြကာ . . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

ဒေါ်နိုင် ပြောလိုက်သော လိပ်စာအတိုင်းဆိုလျှင် ရှေ့ကအိမ်

ကားအကောင်းစားကြီးကို အိမ်ရှေ့ရပ်ရမှာပင် မတန်မရာ။ သမီးအတွ

ရင်တွေနာရင်း နှာခေါင်းပါရှုံ့လိုက်မိ၏။

"ဒီနေ့ နတ်ပွဲက ပြန်လာရင် ငါ့အတွက် ကိုကြီးကျော်ကို

တဲ့ အရက်နဲ့ ကြက်ကြော်ယူခဲ့ဖို့ မမေ့နဲ့"

"ကိုကြီး ညီ ချောင်းသာလိုက်သွားမှာလည်း ငွေလုံးလုံး

လောက် တစ်ခါတည်းရှာလာခဲ့ ကိုကြီး ဟိုနေ့က ပေးတဲ့ဟာက စာ

နောက်ဆုံးနေ့က သူငယ်ချင်းတွေနဲ့ စားသောက်ဆိုင်ထိုင်လိုက်တာ

သွားပြီ၊ များများရှာခဲ့နော်၊ ငွေက အသုံးမခံဘူး"

"အမယ်လေး နင်တို့တွေက အစီအရီ မှာနေလိုက်ကြ

ထမင်းငတ်နေကြမှာကျနေတာပဲ၊ ဟဲ့ ထွန်းသစ်စ ညပြန်လာရင်





အိတ်နဲ့ဆီပုံး တစ်ခါတည်းဆွဲလာခဲ့ လက်လီစိတ်ပြီး ဝယ်စားရတာ ဈေးကြီးသေး၊ ရှက်ဖို့လည်း ကောင်းတယ်၊ နင် အဲဒီကိစ္စကို ခေါင်းနဲ့စဉ်းစားဘဲ လုပ်လိုက်လို့ ဒီလိုမျိုး ချို့ချို့တဲ့တဲ့ တိုင်းထွာသုံးနေရတာ သိလား၊ ဒီအကြောင်းတွေးမိရင် နင့်ကိုသတ်ပစ်ချင်တယ် သိလား"

အတိုင်းသား ကြားနေရတာတွေက ထွန်းသစ်စအပေါ် ဘယ်လောက် ဩဇာအာဏာညောင်းတယ်၊ နိုင်ထက်စီးနင်းနိုင်တယ်ဆိုတာ သိသာနေသည်။ စရိုက်ကြမ်းသော ဒီမိသားစုအတွင်းကို သမီးမှို့ မကြောက်မရွံ့ဝင်ဖို့ ကြိုးစားရသည်။

"ဩော် ဧည့်သည်တွေပါလား၊ ဘယ်သူနဲ့တွေ့ချင်လို့ပါလဲရှင်"

ကပျာကသီ ထွက်လာပြီး မေးသော ကောင်မလေးကတော့ သိမ်သိမ်မွေ့မွေ့လေးပင်။ လင်မယားနှစ်ယောက် အကြည့်ချင်းဆုံပြီးမှ

"ဒါ ထွန်းသစ်စတို့အိမ် ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ်ရှင်၊ ကိုကိုနဲ့တွေ့ချင်လို့လား"

"အင်း ဆိုပါတော့ကွယ်၊ အန်တီတို့က ခွန်းတုံ့ဖော်မိဘတွေပါ၊ ထွန်းသစ်စ မိဘတွေနဲ့လည်း စကားပြောချင်လို့ပါကွယ်"

"ရှင် ဟုတ် ဟုတ်ကဲ့"

"ဟဲ့ ကြာဖြူ အိမ်ရှေ့က ဘယ်သူတွေလဲ၊ နတ်ပွဲလာငှားတဲ့သူတွေလား၊ အိမ်ထဲခေါ်ခဲ့လေ"

အိမ်ထဲက ခပ်စူးစူး အော်သံကြောင့် ကောင်မလေးက အန်တီ

www.burmeseclassic.com



တို့ လာပါရှင်ဆိုပြီး အိမ်ထဲခေါ်သွားသည်။ မကျဉ်းမကျယ် ဧည့်ခန်းငယ်လေးထဲမှာ ရှိနေသော မိသားစုများက ဒေါ်သဇင်နိုင်တို့လင်မယားကို စိတ်ဝင်တစား။

"ဟင် ညည်း ညည်း မာလာဆွေ"

"ဩော် ဧည့်သည်တွေဆိုလို့ ဘယ်သူတွေများလဲမှတ်တယ် မိတ်ဟောင်း ဆွေဟောင်းတွေကိုး၊ ဘာကိစ္စ ငါ့အိမ်ထဲကို ကျူးကျူးကျော်ကျော် ဝင်လာတာလဲ သဇင်နိုင်"

တအံ့တဩ ဖြစ်သွားချိန်မှာပင် ဒေါ်မာလာဆွေက အရင်ဦးအောင် ခနိုးခနဲ့ တိုက်ခိုက်သည်။ အတိတ်က အနာမဆွေးသေးကြောင်း သက်သေထူတာလည်း ဖြစ်နိုင်၏။

"ညည်းအိမ်ကို လာချင်လို့လာတာ မဟုတ်ဘူး၊ ငါ့သမီး ခွန်းတုံ့ဇော်ကိစ္စကြောင့် ငါလာခဲ့တာ၊ ညည်းအိမ်မှန်းသာသိရင် အစတည်းက ခြေချမိမှာတောင် မဟုတ်ဘူး"

"ဘဝင်လေဟပ်ပြီး မာနတွေခေါင်ခိုက်နေတုန်းပါလား၊ ဘာ ခွန်းတုံ့ဇော်က ကိန်းခန်းကြီးကြီး သဇင်နိုင်ရဲ့သမီးတဲ့လား၊ ဟား ဟား တိုက်ပဲတိုက်ဆိုင်လွန်းတယ် သဇင်နိုင်ရယ်၊ ညည်းသမီးက ဘယ့်နှယ် ငါ့သား နတ်ကတော်နဲ့ လာကြိုက်ရတာလဲ၊ သဇင်နိုင် ဒီတစ်ခါတော့ ငါ မရှုံးတော့ဘူး၊ ဟား ဟား ပွဲက ကြည့်ကောင်းနေပြီ"

ဒေါ်မာလာဆွေ ဘာတွေသဘောကျမှန်းမသိဘဲ အားရပါး



ယ်နေသည်။ ဦးကျော်ငွေက အပြစ်သားတစ်ယောက်လို ဒေါ်သဇင်နိုင်လင်မယားကို မော်မကြည့်ရဲဘဲ ခေါင်းကိုသာ တွင်တွင်ငုံ့လျှိုထား၏။ န်းသစ်စတို့မောင်နှမတစ်တွေလည်း ဘာတွေဘယ်လိုဖြစ်နေလဲ နားလည်နိုင်ကြပါ။

ဇော်မိဘတွေဟု သိလိုက်ရသည်နှင့် မေမေ့ကြောင့် မျက်နှာအားနာပြီး ထွန်းသစ်စ နေမထိထိုင်မသာ ဖြစ်နေရသည်။

"အန် အန်တီတို့ ထိုင်ကြပါဦး ခင်ဗျာ"

"ဟဲ့ ထွန်းသစ်စ သူတို့လို ဆွေကြီးမျိုးကြီးက ငါတို့လို အိမ်ကို ဘယ်ထိုင်မှာလဲ၊ ဒီအိမ်ထဲဝင်မိတာတောင် သနတယ်လို့ ထင်နေဦးမယ်၊ ဟုတ်တယ်မဟုတ်လား သဇင်နိုင်"

"သိပ်မှန်တာပေါ့ မာလာဆွေ၊ ဒီလို အောက်တန်းစားနေရာကို ခဲ့မိတာကိုက ငါမှားတာ၊ ဒါပေမဲ့ ငါ့သမီးနဲ့ပတ်သက်ပြီး ပြတ်ပြတ်သား ပြောခဲ့ရဦးမယ်"

"ပြောစမ်းပါဦး၊ နားထောင်ကြည့်ရအောင်၊ နင့်အစ်ကို အောင်မြင့်နဲ့တုန်းကထက် ဘယ်လိုစကားလုံးတွေ ပိုလာဦးမလဲလို့"

"အေး ပြောရမယ်၊ နင့်သားကလည်း နင့်လိုပဲ၊ ငါ့အစ်ကိုကို ဖြားယောင်းသလို ဖြားယောင်းနေတယ်၊ မတန်မရာမှန်း သိမ်းသွင်းတယ်၊ နတ်ကမှ စားရတဲ့ အောက်တန်းစားစိတ်နဲ့ချုပ်ကိုင်ဖို့ ကြိုးစားတယ်"



www.burmeseclassic.com

www.burmeseclassic.com



“နားထောင်လို့ ကောင်းလိုက်တာ သဖင်နိုင်ရယ်၊ ဆက်
ဒီထက် နစ်နစ်နာနာလေး ပြောစမ်းပါဦး၊ ဟဲ့ ထွန်းသစ်စ နင့်ကိုပြော
တာ ကြားတယ် မဟုတ်လား။ သေချာနားထောင်၊ နင့်ကို အောက်
စား မတန်မရာမှန်း ချူမြိုက်စားနေတာတဲ့၊ ငါနဲ့သူ့အစ်ကို ကြိုက်
ကလည်း ငါ့ကိုနတ်ကတော်သမီးဆိုပြီး အဲလိုအပြောခံခဲ့ရတာ၊ ဒီ
ငါ့ကိုပြောတုန်းက အသည်းဆတ်ဆတ်ခါအောင် နာတယ်၊ အခု
အပြောခံရတာ ငါ အားရကျေနပ်လိုက်တာ၊ ဝမ်းသာလိုက်တာ
တကယ် ရင်ထဲမှာ ဘယ်လိုကြည်နူးပီတိဖြစ်မိမှန်းမသိဘူး ဟင်း

“မေမေ”

သူ့အပေါ် အငြိုးကြီးလှချည်လားဟုပင် ရင်မှာတဖျ
နာကျင်သွားသည်။ ဘယ်မိဘမဆို ကိုယ့်သားသမီးကို ဒီလို သူစိမ်း
စာက ပြောဆိုမောက်မာတာ ဘယ်ခံပါ့မလဲ။

ကိုယ့်သားသမီးမှားမှားမှန်မှန် ရှေ့ကနေ မားမားမတ်
ကာကွယ်ပေးကြမှာပင်။ အခုတော့ မေမေ ပြုံးနေလိုက်တာ၊
အားရနေလိုက်တာ။ ဒီထက်ပိုပြီး ပြောပါဦးဟုတောင် တိုက်တွန်း
ဘာသဘောပါလဲ။

ညီမလေးကတော့ နေသာဟန်မတူ။ သူ့ရှေ့ကနေ ဝင်

“အန်တီ ကြာဖြူ ကိုကို့ကို အဲလောက်ထိ မပြောပါနဲ့
မမဇော်ဆီက ဘာမှချူမြိုက်မစားဖူးပါဘူး။ အရှိုးခံသက်သက်





စ်နဲ့ ချစ်ခဲ့တာပါ”

“အဆင့်အတန်းမတူမှန်းသိရဲ့နဲ့ ချစ်တယ်ဆိုတဲ့စကား မသုံး
်းပါနဲ့၊ ပြီးတော့ ကိုယ်က ယောက်ျားစစ်စစ်လား၊ မိန်းမလိုထဘီဝတ်
တ်ကနေတဲ့ အခြောက်က ကိုယ့်ဘာသာ မနေနိုင်ရင် ယောက်ျားယူ
ဲ့ ဘာလို့ ငါ့သမီးနဲ့ပတ်သက်ရတာလဲ၊ မျိုးရိုးလိုက်ပြီး အောက်တန်း
ရတယ်ဆိုတာ ဒါမျိုးနေမှာ၊ မအေတူပြီး ပိုင်းလုံးလုပ်ချင်တာ”

“အန်တီ စကားကို သားသမီးချင်း ကိုယ်ချင်းစာပြီး ထိန်းသိမ်း
င်ခြင်ပြီး ပြောပါ”

“ဟဲ့ ကြာဖြူ ထွန်းသစ်စကိုပြောတာ နင်က ကြားထဲက
လို့ ဝင်နာနေတာလဲ၊ တစ်ဝကြီးပြောချင်သလောက် ပြောစမ်းပါစေ၊
င်နိုင် နင် ဘာဖြစ်ချင်တာလဲ၊ ဘာတွေထပ်ပြောချင်လဲ ပြော”

“အေး ပြောမယ်၊ နင့်သားကို ငါ့သမီးနဲ့ လုံးဝ မပတ်သက်
နဲ့ နင့်တုန်းကလည်း ဘယ်လိုပုံစံမျိုးနဲ့ နောက်ဆုတ်အရှုံးပေးလိုက်
ယ်ဆိုတာ နင် သိမှာပါ၊ နင့်သားကို နင့်လိုအဖြစ်မဆိုးအောင်
ခန်းစာလေး ပေးလိုက်ဦး”

ဒေါ်မာလာဆွေ ခနိုးခနဲ့ မဲ့ပြုံးများဖြင့် ခေါင်းယမ်းသည်။

“နင့်တို့ပေးလိုက်တဲ့ သင်ခန်းစာ ဒီနေ့ထိ ငါမမေ့သေးပါဘူး
နိုင်၊ တစ်မှိုစိမ့် နာကြည်းမှုတွေနဲ့ အမှတ်ရနေအောင်၊ ငါ့ဘေးမှာ
ထင်ရှား လူတစ်ယောက်လုံး ရှိနေတာပဲ၊ နင့်အစ်ကို အထင်လဲ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို မေ့သွားအောင်၊ နင်တို့အိမ်က ခြံစောင့်မာလီ သက်ကြားရှုယ်
ကြီးနဲ့ ဖမ်းပိတ်ပေးစားခံခဲ့ရတာ၊ ငါဒီတစ်သက် ဘယ်တော့မှ မမေ့
မမေ့ဘူး သဇင်နိုင်''

ဦးကျော်ငွေကို အံကြိတ်ကာ လှည့်ကြည့်ရင်းပြောတော့ အ
ရာကို ထွန်းသစ်စ ခြုံငုံသုံးသပ်မိသလို ရှိ၏။ အသက်ကြီးကြီး ဖေဖေ
ယူခဲ့ရတာ ဒေါ်သဇင်နိုင်တို့ကြောင့်တဲ့လား။

အခုထိ မျက်နှာမဖော်ဝံ့အောင် ကျိုးနွံနေသော ဖေဖေ
အခုမှ နားလည်မိသည်။ မဖြောင့်ဖြူးသော ဖော်နှင့် သူ့ရဲ့ အချစ်ခရီး
က မိဘတွေရဲ့ အတိတ်အာဃာတတွေကြောင့် ပိုပြီးကောက်ကွေ့
တမ်းတော့မည်ဟု ထင်သည်။ မေမေကရော ထိုနာကြည်းမှုတွေအ
သူ့ကို ဘာလို့ဆွဲသွင်း အသုံးချနေတာလဲ။ မေမေရဲ့ အားရကျေနပ်
သော ရယ်သံလွင်လွင်မှာ အဆိပ်ဖြင့်အတိပြီးသော အမိဗ္ဗာယ်မျ

ဒါကို ဒေါ်သဇင်နိုင်က ဆတ်ဆတ်ခါနာကာ

''အခု နင်ပြုံးရယ်နေတာ ဘာတွေအနိုင်ရလို့လဲ မာလာ
''ဟင်း ဟင်း သိပ်သိချင်နေလား။ နောက်တော့ နင့်မျက်
ထဲက သွေးမျက်ရည်ကျအောင် ငါပြောပြမှာပါ၊ နင့်ရဲ့မောက်မာ
အတွက် သူများကို အထင်သေးစော်ကားချင်တဲ့ နင့်ရဲ့အတ္တတွေအ
နောင်တရပြီး သေချင်လာအောင် ငါလုပ်ပြမယ် သဇင်နိုင်''

''ဘာ''





''အံ့ဩမပြုနဲ့သဇင်နိုင်၊ ငါခံခဲ့ရတာနဲ့ တန်အောင် ငါတုံ့ပြန်တာ
မှားဘူး၊ ငါခံစားရသလို နင်ပြန်ခံစားစေရမယ်။ ငါနာကျင်ရသလို
လည်းနာကျင်ရမယ်၊ အခုတော့ ငါ့ရှေ့ကနေ အမြန်ဆုံးထွက်သွား
နင့်မျက်နှာကို ငါမကြည့်ချင်ဘူး မမြင်ချင်ဘူး''

''အေး ငါကလည်း နင်ရှိခိုးကန်တော့ပြီး တောင်းပန်တောင်
နေရာမျိုးမှာ မနေပါဘူး''

''ပြီးရောလေ နောက်တစ်ခါ ထွန်းသစ်စကို ပြောချင် နှိမ့်ချ
သေးတယ်ဆိုရင် ထပ်လာခဲ့ပါဦး၊ ငါ့ကို စော်ကားရင် အရင်လို
ငုံ့သည်းခံမှာ မဟုတ်ဘဲ တုံ့ပြန်မှာဆိုပေမယ့်၊ ထွန်းသစ်စကို ပြော
ချင်ရင်တော့ မကြာမကြာလာဖို့ ငါဖိတ်ခေါ်ပါတယ်''

''ထွန်းသစ်စကို ငါ့သမီးနဲ့ ဆက်ပြီးပတ်သက်ခိုင်း မယ်ဆိုတဲ့
ဘာလား။ ဘယ်လိုပြောပြော ရအောင်ယူခိုင်းမယ်လို့ အောက်တန်းကျ
ကြံစည်နေတာလား''

''နင့်သမီးကို နိုင်အောင်ထိန်းလေ၊ အဲဒီ ခွန်းတုံ့ဖော်ဆိုတဲ့
ဘာလေးကို၊ ငါ့အိမ်ကို အရှက်မရှိလာလာနေလွန်းလို့ နှစ်ပြားမတန်
အောင် ငါပြောဆို လွှတ်လိုက်တာ နင့်သမီးက နင့်ကို ပြန်ပြောမပြဘူး

''ဘာ နင် နင်ငါ့သမီးကို ဘာတွေပြောဆို လွှတ်လိုက်တာလဲ''
ကိုယ့်သမီး အပြောအဆို ခံရသည်ဆို၍ ဒေါ်သဇင်နိုင် ဆတ်



www.burmeseclassic.com

www.burmeseclassic.com



ဆတ်ခါသွားသည်။ ဒေါ်မာလာဆွေက ဟွန့်ခနဲ မဲ့ကာ ပြုံးလိုက်ပြီး

“ဘာကြောင့်လဲဆိုတော့ ထွန်းသစ်စ မိန်းမယူပြီး ကိုယ်လွတ် ရုန်းထွက်သွားမှာ စိုးလို့ပေါ့။ ထွန်းသစ်စဆိုတာ တစ်သက်လုံး နတ်ကတော် အခြောက်၊ လူတကာ အထင်သေးခံရတဲ့သူပဲ ဖြစ်ရမယ်”

“ဘာ”

“ဟုတ်တယ် တို့ တစ်မိသားစုလုံးကို အဲဒီနတ်ကတော် လုပ်ပြီး နတ်ကပြီး တစ်သက်လုံး ရုန်းကန်ရှာကျွေးရမယ်လို့ ငါကျိန်စာတိုက် သစ္စာဆိုထားတာ၊ အခုငါတို့တစ်မိသားစုလုံး သူနတ်ကတော်လုပ်ပြီး ရှာကျွေးနေတာကို ဖိမ်ရှိရှိနဲ့ အခန့်သား ထိုင်စားနေကြတယ်၊ မိန်းမယူ ပြီးရင် သူက နတ်ကတော်လုပ်မှာ မဟုတ်တော့ဘူးလေ၊ သူမဖြစ်ချင်တဲ့ နတ်ကတော်ဘဝက လွတ်မြောက်ပြီး သူစိတ်ချမ်းသာ ပျော်ရွှင်သွားမှာ ငါမမြင်ချင်ဘူး”

“ဟင်”

မာလာဆွေ ဘယ်လိုကွေးပြောနေတာလဲ၊ ဒေါ်သဇင်နိုင် နား မလည်နိုင်တော့။ ဦးမင်းနိုင်လည်း အံ့အားသင့်နေကာ သားတစ်ယောက် အပေါ် ကျိန်စာတိုက်နေသော မာလာဆွေကို ရူးနေသလားဟု ထင်မိသည်။

မျက်ရည်တွေ ရစ်ဝိုင်းပြီး သူ့အမေကိုကြည့်၍ လက်သီးကို ဆုပ် အံကြိတ်ခံစားနေသော ထွန်းသစ်စအတွက် ယောက်ျားချင်း စာနာ





စိတ်မကောင်းဖြစ်မိ၏။ ဒီလောက်တောင် ရေတည်တည်မှာ ပေါက်ကွဲ ဘာ ဒီကလေးဘယ်လောက်တောင် ပေးဆပ်နေခဲ့ရပြီးပြီလဲ။ တစ် လုံး သက်တောင့်သက်သာနေနိုင်ဖို့ ဒီကောင်လေး တစ်ယောက် နတ်ကတော်လုပ်၍ ရုန်းကန်ကျွေးမွေး နေရတာတဲ့။

အငြိုးတွေနှင့် ဝဋ်ကြွေးတစ်ခုလို လက်တုံ့ပြန်နေတာတော့ သည်။ ဒါဆိုဘာလဲ ဘာကြောင့်လဲ။

အိမ်ပြန်လမ်းမှာ ဦးမင်းနိုင်ရင်ထဲ အတွေးပေါင်းစုံပါလာသည်။ အကြိမ်ကြိမ် ခေါင်းယမ်းရင်း မတွေးအပ်ဘူးဟု ကိုယ့်ကိုယ်ကို နေရ၏။ ဒီလိုအခြေအနေကို သမီးရောသိနေလား . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

''သိပါတယ် ဒေါ်မာလာဆွေက အထွန်းကို ငယ်ငယ်တည်း အနိုင်ကျင့် နှိပ်စက်လာခဲ့တာ၊ ပညာကိုလည်း ဆုံးခန်းတိုင်အောင် မပေးဘူး၊ အငယ်နှစ်ယောက်ကိုချိုး ကျောင်းကြီးကျောင်းပို့ အကြော တစ်ခုခုရှိရင် အငယ်နှစ်ယောက်ကို ဦးစားပေး အလိုလိုက်ပြီး အထွန်း အရှုံးရာထင်အောင် သွေးထွက်အောင် ရိုက်နှက်ခဲ့တာတဲ့''

သမီးပြောပြနေ◌ာ နားထောင်ပြီး ရင်မှာကျဉ်ခနဲ ဖြစ်သွားသည်။ ရင်က လွယ်မွေးသော သားသမီးချင်းအတူတူ ဒီလို ဆက်ဆံတာ ဘယ်မိဘ ပီသပါတော့မလဲ။

သမီးက သူတို့လင်မယား စိတ်ဝင်တစား နားထောင်နေတာ မှ

''ဒီနတ်ကတော်အလုပ်ကိုလည်း အရွယ်မရောက်ခင်တည်း





သူ့အဘွားဆီမှာ ပညာသင်နိုင်းခဲ့တာတဲ့လေ၊ မလုပ်ချင်ဘူးလို့ မပြောရဲ အောင် ခြောက်လှန့်ကြိမ်းမောင်းပြီး နိုင်းခဲ့တာ၊ အရွယ်လေးရောက်လာ တော့ ရှက်ရမှန်းသိပြီး တခြားပင်ပင်ပန်းပန်း အလုပ်လုပ်ပြီး ရှာကျွေး ချင်မယ်၊ ဒီနတ်ကတော်အလုပ်ကို မလုပ်ပါရစေနဲ့လို့ ငိုယိုတောင်းပန်တာ တောင် မရဘူး၊ တစ်သက်လုံး တခြားပျော်ရွှင်မှု စိတ်ချမ်းသာမှုမရှာဘဲ ဒီအလုပ်နဲ့ပဲ သူတို့တစ်မိသားစုလုံးကို ပြည့်စုံအောင် အဆင့်အတန်းရှိ အောင် ထားနိုင်းတယ်''

''ဒီလို အသိုက်အဝန်းထဲ ဘာလို့များ မိုက်မိုက်မဲမဲဝင်ဖို့ ကြိုးစားတာလဲ သမီးရယ်၊ ညည်းပါ မာလာဆွေနှိပ်စက် ညှဥ်းပမ်းတာ ခံချင်လို့လား''

''အထွန်းကို သနားလို့ ဒီဘဝထဲက ရုန်းထွက်ဖို့ တွန်းအား ပေးချင်းလို့ပါမေမေ၊ ပြီးတော့ သူ့ကိုလည်း တကယ်ချစ်မိလို့ပါ၊ ဖော်နဲ့ ဆက်ထပ်လိုက်မှ သူ့အဲဒီဘဝထဲက လွတ်မြောက်မှာ''

''ညည်းထင်သလား၊ ညည်းကို ငါ့သမီးမှန်းသိရင် ထွန်းသစ်စ ကို နှိပ်စက်ဖို့အတွက် ဘယ်တော့မှ လွတ်မြောက်ခွင့်ပေးမှာမဟုတ်ဘူး၊ အခုပဲ သူ့အိမ်ကိုလာလို့ သူ့သားနဲ့ကြိုက်လို့ဆိုပြီး အရှက်ကန်းကုန် အောင် သူပြောဆို လှောတ်လိုက်တယ်ဆို''

ခွန်းတုံ့ဖော် မဖြေ။ အထွန်းအမေ ဒီစကားတွေပါ မေမေ့ကို ပြောလှတ်လိုက်တာ ရင်ထဲမှာဒဏ်ရာဖြစ်သွားသည်။ ဘယ်လိုအပြေးတွေ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဒေါ်မာလာဆွေ အတ္တတွေ ကြီးမားနေရတာလဲ။

"မေမေတို့ အတိတ်မှာ ဒေါ်မာလာဆွေနဲ့ ဘယ်လိုပြဿနာတွေဖြစ်ခဲ့ကြတာလဲ"

"ညည်း သိစရာမလိုဘူး၊ ညည်း လုပ်ရမှာက ဒီနေ့ကစပြီး မာလာဆွေသား နတ်ကတော်၊ ထွန်းသစ်စကို မေ့လိုက်"

"ဒီအတိုင်းတော့ မမေ့နိုင်ဘူး၊ သူ့ကိုအချစ်သက်သက်နဲ့မဟုတ်ဘဲ စာနာသနားပြီး သံယောဇဉ်ဖြစ်ခဲ့ရတာမို့ လွယ်လွယ်နဲ့မမေ့နိုင်ပါဘူး မေမေ၊ အကြောင်းရင်းကို ပြောပါ၊ ဘယ်လိုအငြိုးတွေ အာဃာတတွေနဲ့ ရန်သူတွေ ဖြစ်ခဲ့ကြတာလဲ"

"ပြောပြလိုက် ခိုင်၊ မဟုတ်ရင် ခိုင့်သမီးက နောက်ဆုတ်မှာ မဟုတ်ဘူး"

ဦးမင်းနိုင်က ခွန်းတုံ့ဖော်အကြောင်း သိနေသည်မို့ တိုက်တွန်းသည်။ ဒေါ်သဇင်ခိုင်လည်း သိတော့သိပေမယ့် သမီးက မိဘတွေကို အပြစ်မြင်နေမလားလို့ စိုးရိမ်နေမိတာ။

ဒါပေမဲ့ မပြောလို့လည်း မဖြစ်တော့။ မပေါင်းဖက်လို့ မရဘူးဆိုတာ သမီး နားလည်သွားမှ ဖြစ်မည်။

"ဒီလို သမီး၊ အဲဒီ မာလာဆွေနဲ့ သမီး ဦးဦးအောင်မိုးခိုင်က တက္ကသိုလ်မှာ ကျောင်းအတူတက်ရင်း ချစ်သူတွေ ဖြစ်ကြတယ်၊ မာလာဆွေတို့က အဆင့်အတန်းနဲ့ ပတ်သက်ရင်တော့ စားနိုင်သောက်နိုင်





...လတ်တန်းစားပေါ့၊ မအေက နတ်ကတော်၊ အဖေက အစိုးရဝန်ထမ်း၊ ...ခိုင်နဲ့ မာလာဆွေ အရမ်းကိုချစ်ကြတယ်"

"ဒါဆို လေးလေးတို့ ဘာလို့ လက်မထပ်ခဲ့ကြတာလဲ"

"သမီး ဘွားဘွားက သဘောမတူလို့ပေါ့၊ နတ်ကတော် မျိုးရိုး ...ကတော်သမီးနဲ့ လုံးဝ သဘောမတူဘူး၊ ခါးခါးသီးသီးကို ကန့်ကွက် ...သီးခဲ့တာ၊ ဒါပေမဲ့ ကိုနိုင်ရော မာလာဆွေရော နောက်မဆုတ်ကြဘူး၊ ...အချိန်မှာ ဘွားဘွား ကျန်းမာရေးမကောင်းတော့ဘူး၊ စိတ်အစွဲက ...ဘယ်လိုဖြစ်သွားလဲဆိုတော့ သူ့ကိုနတ်နဲ့တိုက်တယ်၊ နတ်ကိုင် ...တယ်၊ အောက်တန်းကျတယ်ပေါ့လေ"

"သမီးဘွားဘွားက မျိုးရိုးမာနလည်းကြီးတယ်ကွဲ့၊ ဖေဖေ့ကို ...င်မှ သူတို့ထက် ပညာတတ် အဆင့်အတန်းရှိလို့ သမီးမေမေနဲ့ ...ခဲ့တာ၊ အိမ်ထောင်တစ်ခုက ဂုဏ်ပကာသန ထည်ဝါပြည့်စုံမှ ...မှာဆိုတဲ့ အယူအဆစွဲလည်းရှိတယ်၊ ကိုနိုင်ကိုလည်း အဲလိုပဲ ...ချင်တဲ့ မိဘမေတ္တာပေါ့၊ ပြောလို့မရတော့ ဒေါသမောဟတွေဖြစ်၊ ...တ်နဲ့ပဲ အိပ်ရာထဲ ဗုန်းဗုန်းလဲ၊ နောက်ဆုံးတော့ အသက်ပါပေးလိုက် ...ထိပဲ"

"ဟင်"

ဘွားဘွား ဒါကြောင့် ဆုံးရတာပါလို့ တစ်ခါမှမပြောဘူးခဲ့။

www.burmeseclassic.com



ရှိုးရိုးသားသား အသက်ကြီးရောဂါနှင့် ဆုံးတယ်ပဲ အောက်မေ့ခဲ့တာ ဒေါ်မာလာဆွေနှင့် လေးလေးရဲ့ ပယောဂကြောင့်လို့ လုံးဝကို မထင်မိ ဖေဖေ သက်ပြင်းချနေချိန်မှာ မေမေက မျက်ရည်လေး စမ်းစမ်းဖြင့်

"ဘွားဘွားကို ဆုံးရှုံးလိုက်ရပြီးတော့ မေမေ ဘယ်လိုသည်း နိုင်တော့မလဲ သမီး၊ ကိုနိုင်က အရမ်းကို မာလာဆွေအပေါ် ဆေး ပြုစားခံရသလိုကို သစ္စာရှိချင်နေတယ်လေ၊ အဲဒါကြောင့် မေမေတို့အ မှာ ခြံစောင့်မာလီလုပ်တဲ့ ကိုကျော်ငွေနဲ့ ဖောက်လွှဲဖောက်ပြန်လုပ် ပုံစံမျိုး အကွက်ဆင်လိုက်တယ်၊ နောက်တော့ ကိုကျော်ငွေနဲ့ မာလာဆွေ ကို ဟိုတယ်တစ်ခုထဲမှာ ကိုနိုင်နဲ့ပက်ပင်းကြီး သွားတွေ့တယ်"

"ဟင်"

"အဲဒီမှာ မာလာဆွေကို ကိုနိုင် စိတ်အနာကြီး နာပြီး နိုင်ငံခြား ထွက်သွားတာ၊ ဟိုမှာ အိမ်ထောင်ပြု မိသားစုရ၊ အခု သေဆုံးတဲ့အ ထိ မြန်မာပြည်ကို တစ်ခေါက်မှ ပြန်မလာတော့ဘူး"

"ဒေါ်မာလာဆွေကတော့ ဦးကျော်ငွေကြီးကို ယူလိုက်တယ် နော်"

"မေမေတို့က ငွေပေးခိုင်းတာဆိုတော့ ကိုကျော်ငွေကလည်း မယူမဖြစ်တဲ့ အခြေအနေထိ ဖန်တီးတယ်၊ သူကိုယ်တိုင်လည်း အသ ငယ်ငယ်ချောချော မာလာဆွေကို တကယ်ချစ်နေတယ်လေ၊ ကိုနိုင် ချိန်းတွေ့တိုင်း ကားနဲ့မောင်းပြီး လိုက်ပို့နေရတော့ တွေ့ပါမြင်ပါများ





မာလာဆွေကို သံယောဇဉ်ကြီးနေရှာတာ"

"အသက်ဒီလောက်ကွာပြီး အဆင့်အတန်း နိမ့်တဲ့သူကိုလည်း ယူရတယ်၊ ချစ်တဲ့သူနဲ့လည်း ကွဲကွာရတယ်ဆိုတော့ ဒေါ်မာလာဆွေ အငြိုးအာဃာတကြီးမားသွားနိုင်တာပဲ"

"ဘာ"

မာလာဆွေဘက်က ရှေ့နေလိုက်နေသော သမီးကို ဒေါသဖြစ် သွား၏။ ကိုယ့်ဘက်က အဘွားတစ်ယောက်လုံး ဆုံးရှုံးခဲ့ရတာ။ ဒီလောက် ဆော့ တုံ့ပြန်သင့်သည်ဟု မအေဘက်က စာနာကြည့်ပါဦးတော့လား။

"ညည်း အနာအကျင်မရှိတာ အံ့ပါရဲ့အေ၊ အခု မာလာဆွေ ပြောတာတွေကိုရော ညည်း မရှက်တတ်ဘူးလား၊ မနာဘူးလား"

"သူပြောတာတွေ ရှက်ရုံနာရုံနဲ့ ကိုကို့ကို မခွဲနိုင်ပါဘူး မေမေ၊ နှန်းသစ်စက ထွန်းသစ်စ၊ ဒေါ်မာလာဆွေက ဒေါ်မာလာဆွေ၊ သီးခြားစီ တစ်ယောက်စီပါ"

"ဟဲ့ မာလာဆွေရဲ့ အသွေးအသားတွေနဲ့ တည်ဆောက်ထား တာပဲ၊ သူ့ရဲ့အသွေးအသားကို ညည်း ဘာနဲ့ဖြတ်မလဲ၊ မာလာဆွေက တစ်သက်လုံး ထွန်းသစ်စကို လွှတ်မြောက်ခွင့် မပေးဘူးဆို၊ ငယ်စဉ် ကတည်းက ခြိမ်းခြောက်ကြိမ်းမောင်းခံထားရလို့ ကြောက်ရွံ့လေးစားလာခဲ့ တဲ့ ထွန်းသစ်စကရော၊ ရုန်းထွက်လာရဲမယ် ထင်နေလား"

"ကိုကိုက ဖော်ကို ချစ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခွန်းတုံ့ဖော်"

"သူ့ဘဝ အရှမ်းကိုသနားစရာကောင်းလွန်းလို့ပါ မေမေ၊ ထ
မိသားစုလုံးကို ဒီအလုပ်နဲ့ပဲ ပေးဆပ်နိုင်းနေတာ၊ သားအရင်းရော ပြ
နိုင်ပါ့မလား"

"ဟင်"

ဦးမင်းနိုင် စိတ်ဝင်တစား ခေါင်းထောင်လာသည်။ ဒီအရေ
မျိုး ကိုယ့်ခေါင်းထဲမှာလည်း ရှိ၏။ မိခင်ရင်းသာဆိုလျှင် သားတစ်ယော
အပေါ် ဒီလောက်ထိ ရက်စက်ရက်လိမ့်မည် မထင်။

"အဲဒါတော့ ဖေဖေလည်း သံသယဝင်မိတယ်၊ ဘာကြော
ထွန်းသစ်စကို ဒီနတ်ကတော်ပဲ ဖြစ်စေချင်တာလဲ၊ နိုင်ကိုလည်း ထွ
သစ်စကို ပြောချင်သလောက် ပြောပါဆိုပြီး ခွင့်ပြုတယ်၊ ပြီးတော
အားရကျေနပ်ပြီး ရယ်နေတာလည်း ကြောက်စရာကောင်းတယ်၊ ရ
လွယ်ပြီး မွေးထုတ်ထားတဲ့ သားဆိုရင် ဘယ်မိဘက ကျိန်စာတိုက်
ပေးဆပ်ခိုင်းနေမှာလဲ"

"ကိုနိုင် အဲလိုတွေးမိနေလို့လားဟင်"

"ဟုတ်တယ်"

"နိုင်လည်းလေ ငါ ဒီတစ်ခါ မရှုံးတော့ဘူး၊ ကျေနပ်တာ
အားရတယ်၊ ထွန်းသစ်စကို နှစ်နှစ်နာနာ ပြောချင်သလောက် ပြော
လို့ အော်နေတဲ့ မာလာဆွေအသံကို ပြန်ကြားပြီး ကြက်သီးထော





ထမိတယ် ကိုနိုင်၊ သူ မိခင်စိတ်မရှိတာလား၊ နိုင်တို့ကို စိတ်ဒုက္ခပေးချင်
တာလား၊ ဒါမှမဟုတ်"

"နိုင်ရယ် ဘာမှမတွေးနဲ့၊ မာလာဆွေ ပြောတာတွေ ခေါင်းထဲ
ထည့်မနေနဲ့၊ ကိုယ့်ကျန်းမာရေးသာ ဂရုစိုက်၊ သမီး ဖေဖေပြောတာကို
အလေးအနက်နားထောင်၊ ဘွားဘွားကို အချိန်မတန်သေးဘဲ စွန့်လွှတ်
လိုက်ရသလိုမျိုး သမီးမေမေကို စွန့်လွှတ်ချင်သလား"

"ရှင် ဖေဖေကလည်း ဇော် ဘာလို့ မေမေ့ကို စွန့်လွှတ်ရမှာလဲ"

"ထွန်းသစ်စနဲ့က ဘယ်လိုမှ မဖြစ်နိုင်တာ သမီးရယ်၊ အခု
ကြားနေ၊ မြင်နေရတာတွေ သမီးအတွက် သာကောင်းတာရှိသလဲ၊ ဒီ
နတ်ကတော် အခြောက်ကိုရော ဘယ်နေရာမှာ သွားအားကိုးမလဲ သမီး၊
ပြီးတော့ မိဘရဲ့လွှမ်းမိုးမှုကို မလွန်ဆန်နိုင်တဲ့သူ"

မိုက်ရူးရဲမဆန်သင့်မှန်းသိပေမယ့် နှလုံးသားကို မထိန်းချုပ်နိုင်
ခဲ့တာဟု စာဒက တက်မနေချင်တော့။ သူမ ရှေ့တိုးဖို့ ကြိုးစားနေလျှင်
နောက်နှင့် ဖွတ်တရွတ် အမြန်ဆုံး စီစဉ်ပစ်နိုင်သည်။ နောက်မဆုတ်ဘူး
ဟု သန္နိဋ္ဌာန်ကို ရင်ထဲမှာ သိမ်းထားလိုက်ရင်း အခုတော့ နှုတ်ဆိတ်နေ
လိုက်ကာ...။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

အတွေးတွေနှင့် ဦးမင်းနိုင် တစ်ညလုံး အိပ်လို့မပျော်ပါ။ ဘယ်လူး ညာလှိမ့်ဖြင့် နိုင် နိုးသွားမှာလည်း စိုးရိမ်နေမိသည်။

ဒီလို ဒီအကြောင်း ဖြစ်နိုင်သလားလို့ တိုင်ပင်မိရင် နိုင် အရင်စိတ်ကယောက်ကယက် ဖြစ်လောက်အောင်အထိ ခံစားသွားနိုင်သည်

"ဟူး မဖြစ်နိုင်ဘူး၊ မဟုတ်လောက်ပါဘူး၊ သူများကိုမကောင်းတဲ့စိတ်တွေနဲ့ သံသယဝင်နေတာ ငါ့ ငရဲကြီးတော့မှာပဲ"

ကိုယ့်ကိုယ်ကိုယ် ပြန်ဖြေသိမ့်ရင်း မျက်လုံးကို စုံမှိတ်အိပ်ပျော်အောင် ကြိုးစားရသည်။ မနက်မိုးလင်းတော့ အရင်လို နောက်ကျမနေဘဲ နိုင်နဲ့အတူ အိပ်ရာထဖြစ်သည်။ ကော်ဖီဝိုင်းရောက်တဲ့အထိ အိပ်ရေးမဝသော မျက်လုံးတွေက ကျိန်းဖန်စပ်နေ၏။

"ဟိုကောင်လေးကို သီးသန့်ခေါ်တွေ့ပြီး နိုင်တို့ ပြောကြည့်





...မယ်ထင်တယ် ကိုနိုင်"

ဒေါ်သဇင်နိုင်မှာလည်း ထိုစိတ်တစ်ခုနှင့် ကော်ဖီပင်ကောင်းကောင်းမသောက်နိုင်။ ဦးမင်းနိုင်က ဒေါ်သဇင်နိုင် အလိုကျ ခေါင်းညိတ်...ပြီး

"နိုင့်သဘောပဲလေ၊ ဒီကောင်လေး ဘယ်မှာရှိနိုင်တယ်၊ ဘယ်...ရာမှာ တွေ့လို့ရနိုင်တယ်ဆိုတာ မိမိနိုင်ကို ဖုန်းဆက်မေးကြည့်ပေါ့၊ ...မှာဆိုရင် မာလာဆွေနဲ့ မလွယ်ဘူး၊ တွေ့ကြည့်ပြီးလို့ ဒီကောင်လေး...ည်း သမီးအပေါ် ဆန္ဒပြင်းပြနေတယ်ဆိုရင် မောင်မိုးကျော်နဲ့ကိစ္စ...အတင်း စီစဉ်လို့ မဖြစ်ဘူး နိုင်"

"ဘာဖြစ်လို့လဲ"

"နှစ်ယောက်လုံးက အချစ်အတွက် ဆန္ဒတွေ ပြင်းပြနေလို့ ...င်မိုးကျော်နဲ့ လက်ထပ်ခါနီးမှ မိုက်ရူးရဲဆန်သွားကြရင် ကိုယ်တို့ပဲ ...သိက္ခာထိခိုက်မှာ၊ အဲဒါကြောင့် ဒီကောင်လေးနဲ့ အရင်ဆုံး ဆွေးနွေး...တာ ကောင်းပါတယ်"

"ဒါဆိုလည်း ဒီလိုပဲ လုပ်ကြတာပေါ့၊ ကမ္ဘာမီးလောင် သား...င်ချုန်းဆိုတဲ့ စကားပုံလည်း ရှိသေးတာပဲ၊ ဒီကောင်လေးအပေါ် ...စိတ်ဝင်မိပေမယ့် သမီးနောင်ရေးအတွက် အတ္တကြီးသင့်ရင် ကြီးရ...ကိုနိုင်"

လင်မယားနှစ်ယောက် ဆုံးဖြတ်ချက်ချကာ သမီး နိုးမလာခင်



www.burmeseclassic.com

www.burmeseclassic.com



မိမိနိုင်ဆီ ဖုန်းဆက်လိုက်ကြသည်။ မိမိနိုင်ကတော့ ခဏနေ၍ အန်
စုံစမ်းပြီးမှ ဖုန်းပြန်ဆက်လိုက်မယ်ဟုပြောကာ ဖုန်းအရင်ချသွား၏။ ခဏ
နေမှ ဖုန်းပြန်ဝင်ကာ

"မြောက်ဒဂုံတက်မှာ နတ်ပွဲဝင်နေတယ်တဲ့ အန်တီ၊ ညနေဘ
မှ သွားတွေ့လိုက်ပါ"

မိမိနိုင်ပေးသော သတင်းအရ ဒီကောင်လေးကို နတ်ပွဲ
သွားတွေ့မှ အဆင်ပြေတော့မည် ထင်သည်။ ဒီနတ်ပွဲဆိုတာကို မာလာ
ဆွေနှင့်ကိုနိုင် ချစ်သူတွေဖြစ်နေတုန်း ခဏ ခဏ ရောက်ဖူးသည်

"အောင်မိုးနိုင် ဟိုကောင်မအမေ နတ်ပွဲမှာ ရောက်နေ
အမြန်ရောက်အောင် ပြန်လာခဲ့လို့ လိုက်ခေါ်ချည် သမီး၊ ဘယ့်နယ်
အရှက်မရှိ နတ်ကတော်သမီးကိုမှ ကြိုက်ရတယ်လို့၊ အရက်ပုလင်း
ဆက်၊ ကြက်ကြော်တွေဆက်၊ သူများတွေကို ဘာဖြစ်မယ်၊ ညာဖြစ်
နဲ့ ခြိမ်းခြောက်၊ ပြီးရင် သူတို့ကယ်မှ ဖြစ်တော့မယ့်ပုံစံမျိုးနဲ့ ငွေ
ကြေးတင်နိုင်း၊ စားကြေးတင်နိုင်း၊ ဒင်းက ဘာတွေများ နတ်ကတော
သမီးကို မက်နေတာလဲ၊ ဒီကောင် ငါ့စကားကို နားမထောင်ရင် အ
ဖြတ်ပစ်မယ်၊ ရအောင်ခေါ်လာခဲ့"

မေမေ့စကားကို မိမိတို့ လွန်ဆန်လို့မရ။ မာလာဆွေကို အ
အမူးဖြစ်နေသော ကိုနိုင်ကလည်း ဘယ်တော့မှ နာခံမှုမျိုး မရှိ
အမွေဖြတ်မည်လို့ပြောလည်းမရ။ မအေကြီးသေသွားတာလည်း





ဆို၊ ဒါကြောင့်မို့ မလုပ်သင့်တာတွေ လုပ်ခဲ့မိတာ။ အခု သမီးအလှည့်
ပြန်တော့လည်း နတ်ပွဲကို လိုက်ရဦးမည်တဲ့၊ သံသရာက တိုက်ဆိုင်စွာ
ပတ်လည်ပြန်ပြီ။ ဒီသမီးအလှည့်မှာတော့ မိမိအသက်ကိုရင်း၍
ဆီးရတော့မည်ထင်၏။

ထွန်းသစ်စဆိုသော ကောင်လေးကိုတော့ သနားကရုဏာစိတ်
သလို ဖြစ်မိသား။ မာလာဆွေရဲ့ပြောဆို နှိပ်စက်ခံနေရတာ ကိုယ်
၊ သမီးပြောပုံအရဆိုလည်း ဒီကောင်လေးငယ်စဉ်တည်းက တစ်
ားစုလုံးအပေါ်မှာ ပေးဆပ်အနစ်နာခံလာခဲ့ရရှာတာ။

"နိုင်"

"ဟင် ကိုနိုင်"

"ထွန်းသစ်စ အကြောင်း တွေးနေတာ မဟုတ်လား"

"ဟုတ်ကဲ့ ကိုနိုင်၊ အခု သွားပြောရမှာ အားနာသလိုတောင်
နေမိတယ်"

"ကိုယ်လည်း အဲလိုပါပဲ၊ ဒါပေမဲ့ ကိုယ်တို့သမီးအတွက်က ပို
ကြီးတယ်လေ၊ ဒီဘဝထဲမှာ ပျော်မွေ့လို့နေတာ မဟုတ်ဘူး ဆိုတာနဲ့
ာဆွေ နှိပ်စက်တာခံနေရတယ်ဆိုတဲ့ အသိကြောင့် ဒီကောင်လေးကို
သိပေမယ့် သမီးနဲ့မျက်စိစုံမှိတ် လက်ထပ်ပေးဖို့တော့ ဘယ်လိုနည်း
မဖြစ်နိုင်ဘူး"

"ဟုတ်ပါတယ် နိုင်လည်း မာလာဆွေနဲ့ ကိုနိုင်တုန်းကတို့



www.burmeseclassic.com

www.burmeseclassic.com



ဟိုဟိုဒီဒီ ကြံစည်စရာမလိုဘဲ အေးအေးဆေးဆေး ပြီးပြတ်သွား
ကောင်းမှာပဲလို့ တွေးမိတယ်၊ မာလာဆွေ နှိပ်စက်တာခံနေရတဲ့ ကော
လေးကို ထပ်ပြီး နိုင်ထက်စီးနင်း လုပ်တာမျိုး မဖြစ်ချင်ဘူး''

''အေးလေ ညနေမှပြောကြည့်ကြတာပေါ့၊ ဒီကြားထဲ သမီး
လည်း အတင်းအကျပ် မလုပ်နဲ့ဦး နိုင်၊ သမီးက အဲဒီကောင်လေး
နစ်မွန်းနေတဲ့ဘဝထဲက ရုန်းထွက်စေချင်တဲ့ စေတနာ သံယောဇဉ်
ကြီးမားနေတယ်၊ ကိုယ်တို့မိဘတွေကိုတောင် လွန်ဆန်နိုင်တယ်လို့
ချင်တာ''

ဦးမင်းနိုင် စဉ်းစားချင့်ချိန် သတိပေးစကားတွေကို ဒေါ်သ
နိုင် သဘောပေါက်သည်။ မလုပ်သင့် မလုပ်အပ်မှန်း သိလျက်နဲ့ သူ
ဘဝ ကမောက်ကမဖြစ်အောင် တစ်ခါတည်း မှားယွင်းခဲ့ပြီးပြီမဟုတ်လ
ညနေဘက်ရောက်တော့ လင်မယားနှစ်ယောက်လုံး ထွန်းသစ်စ န
ရှိရာ ထွက်လာခဲ့ကြသည်။ ကားကို တစ်နေရာမှာအပ်၍ အုန်းအုန်း
ဆူညံနေသော နတ်ကနားပွဲအနီး မယောင်လေည် လျှောက်လာခဲ့ကြ

''တပေါင်း တန်ခူး အကြောင်းထူးချင်ရင် တစ်မြေ
အမေ ရေယာဉ်မားကြေး ကျားကြေးဆက်မှရမယ်ဟေ့၊ အမေ့ကျ
တိုက်မယ်၊ ရန်တွေကို အမေ့မားနဲ့ ရှင်းပေးမယ်ဆိုရင် ကျေနပ်ရဲ့လား

''ကျေနပ်ပါတယ် အမေ၊ အမေ့ကို အားကိုးပြီးနေရတဲ့
တွေ သမီးတွေပါ၊ အမေ စောင့်ရှောက်မှ ကံအကြောင်းလှမှာပါ





''အမေ သားတော်ကြီးက နောက်ထပ် မောင်းမ ထားနေပါ
ယ်၊ အမေ ရှင်းပေးပါဦး''

''အေး အေး ရှင်းပေးရမှာပေါ့၊ အဂ်ါသားကြီးက တယ်လည်း
ပွင့်တာကိုးဟဲ့ သမီးတော်ကြီးဆီကို ပြန်လာစေချင်တယ် မဟုတ်လား။
ဂုတ်က ကိုင်ပြီး ဆွဲခေါ်လာခဲ့မယ်ဟေ့၊ အမေက ကျားကိုစီးပြီး
ရှာရမှာဆိုတော့ အမေ့ရဲ့စီးတော်ကျားအတွက် အစာဖိုးတော့ လို
ယ်ဟေ့''

''ရပါတယ် အမေ ရပါတယ်၊ ဆက်ပါ့မယ် အမေ''

သူ့ဟာနဲ့သူတော့ အံဝင်ဂွင်ကျ ဖြစ်နေတာပင်။ ထွန်းသစ်စ
ကိုယ်လုံးမှာ ငါးထောင်တန်တွေ တစ်ထောင်တွေ ဆွဲလို့ဆွဲ ချိတ်လို
လက်တစ်ဖက်မှာ ဆေးလိပ်၊ လက်တစ်ဖက်မှာ အရက်ပုလင်း။
ခေါင်းတညိတ်ညိတ် လည်တခါခါ။

ညနေပွဲသိမ်းချိန်အထိ ခြေအညောင်းခံ စိတ်ရှည်ရှည်နှင့် စောင့်
ည်း

''ဒါလေးပဲ ပေးလို့ ဘယ်ဖြစ်မှာလဲ ဒေါ်တင်စိန်ရယ်၊ မနေ့က
မမေက အိမ်အသုံးစရိတ်ပေးတာ နည်းလို့ဆိုပြီး ကျွန်တော်
ရအောင်ကို တစ်ညလုံး တဗျစ်တောက်တောက် ဆူပူနေတာ''

''ဟဲ့ ပွဲစားလုပ်တာလိုလို ဘာလိုလိုနဲ့ လောင်းကစားအတွက်
ပစ်တဲ့ သိန်းတစ်ရာအတွက် အတိုးဆပ် အရင်းဆပ်ဆပ်နေရ



www.burmeseclassic.com

www.burmeseclassic.com



တာ၊ အဲလောက်ပဲ ရမှာပေါ့လို့ ပြောလိုက်ပါလား၊ နင်ကိုက အခုထ
သည်းခြေမရှိတာ၊ ကျေခါနီးပြီဆိုရင် ထပ်ရှာခိုင်းပြီး ဖြုန်းလိုက်
အကြောင်းအမျိုးမျိုးနဲ့ ချေးငှားခိုင်းပြီး ဖြုန်းပစ်လိုက်နဲ့ နင် ဘယ်တော့
လူမွေးသူမွေး ပြောင်မှာမဟုတ်ဘူး''

''မေမေက မဖြစ်မနေ ရှာခိုင်းနေတာကို မရှာပေးလို့လည်း
ရမှမရတာ ဒေါ်တင်စိန်ရယ်''

''အေး အဲလိုတွေ အနစ်နာခံပေးဆပ်နေတော့ရော နင့်အမေ
က နင့်ကို ကောင်းကောင်းမွန်မွန် ဆက်ဆံဖူးလို့လား၊ ငယ်ငယ်တုန်း
လို ရိုက်နှက်မခံရတာဘဲရှိတယ်၊ ပြောလိုက်ဆိုလိုက်ရင် သားတစ်ယော
မဟုတ်တဲ့အတိုင်းပဲ၊ တခြားနတ်ကတော်တွေကိုကြည့်စမ်း ရွှေနဲ့ငွေ
တိုက်နဲ့ကားနဲ့၊ နင့်မှာတော့ မိသားစုကို ကျွန်လို အလုပ်အကျွေးပြုနေ
တာ''

''အဲဒါတွေ မပြောပါနဲ့ ဒေါ်တင်စိန်ရယ်၊ ဒီနေ့ ပိုက်ဆံရေ
လည်း တော်တော်များများ ရတာပဲ၊ ငါးထောင်လောက် ပိုပေးပါ့
ဒေါ်တင်စိန်ကို ကျွန်တော် ရှိနိုးဆို ရှိနိုးပါ့မယ်ဗျာ၊ တစ်နေ့လော
မေမေ မငြိုငြင်မှ ကျွန်တော် ထမင်းစားဝင်မှာ''

''ဒုက္ခပါပဲဟယ်၊ ကဲ ရော့ ရော့ နောက်ထပ် ပွဲတွေရှာဦး
လည်း ရှာမယ်၊ ဒါမှ အရင်းထဲ သွင်းနိုင်မှာ''

''ဟုတ် ဟုတ်ကဲ့ ကျေးဇူးပါပဲ၊ ကျွန်တော် မနားရလို့ ပင်





လဲချင်လဲပါစေ၊ မေမေယူထားတဲ့ အကြွေးကျေအောင် ကျွန်တော်
မှာပါ''

ကြားနေရတာ တစ်စက်မှ နားမချမ်းသာ။ မာလာဆွေက ဒီ
လေးအပေါ် ဒီလောက်ထိအောင် ရက်စက်နေတာပါလား။ ခဏနေ
တာ့ မိတ်ကပ်တွေ ဘာတွေဖျက်၊ ပုဆိုးကွက်လေးဝတ်၊ ရှပ်ကျယ်အပေါ်
အဖြူရောင်နွမ်းနွမ်း ရှပ်အင်္ကျီလေး ထပ်ဝတ်၍ လက်ထဲမှာ အရက်
ပင်နှင့် ကြက်ကြော်ပါသော ကြွပ်ကြွပ်အိတ်လေး ဆွဲကာ ထွန်းသစ်စ
လာသည်။

''ထွန်းသစ်စ''

''ဟင် ဗျာ အန်ကယ်နဲ့အန်တီ''

''အေး မင်းနဲ့စကားပြောချင်လို့ လာတာ၊ ရှေ့ကလက်ဖက်ရည်
မှာ ထိုင်ရအောင်၊ အချိန်ခဏလောက် ရတယ်မဟုတ်လား''

''ဟုတ် ဟုတ်ကဲ့''

ရိုကျိုးနာခံစွာပင် ထွန်းသစ်စ လိုက်သွားရသည်။ ဖော့မိတွေ
ကို တကူးတက လာတွေ့ခြင်းက ကောင်းသောအတိတ်နိမိတ်တော့
တ်ပေ။

''သမီးနဲ့ကိစ္စ မင်း ဘယ်လိုဆုံးဖြတ်ထားလဲ''

''ဗျာ''

''ဘယ်လိုမှ မဖြစ်နိုင်တာ မင်းသိထားတယ် မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com





မင်းအလုပ်အကိုင် အသိုက်အဝန်း၊ မင်း ကြီးပြင်းရှင်သန်လာတဲ့ ပတ်ဝန်း
ကျင်၊ ပြီးတော့ မင်းအမေရဲ့စရိုက်''

''ဟုတ်ကဲ့ ကျွန်တော် နားလည်ပါတယ်၊ ဟိုနေ့က အန်တီတို့
မေမေနဲ့ ကမ္ဘာရန်လို ဖြစ်နေတဲ့ ဆက်ဆံရေးရေးဆိုရင် ဖေ့ကို ကျွန်တော်
ဘဝထဲ ဘယ်လိုမှ ဆွဲသွင်းလို့ မရဘူးဆိုတာ ကျွန်တော် သိပါတယ်''

''ဒါဆို မင်းဘက်က နောက်ဆုတ်ဖို့ ဆုံးဖြတ်ပြီးပြီပေါ့''

''ကျွန်တော် အစတည်းက ရှေ့တိုးဖို့ မစဉ်းစားခဲ့ပါဘူး၊ ထင်
နိုင်သလောက်လည်း ရှောင်တိမ်းခဲ့ပါတယ်''

''ဘာ ငါ့သမီးက ဖွတ်အတင်း တွယ်ကပ်နေလို့ ဒီအခြေအနေ
ထိ ရောက်လာတယ်ဆိုတဲ့ သဘောလား''

''မ မဟုတ်ပါဘူး အန်တီ၊ ဖေ့ကြောင့် ကျွန်တော် ပျော်ခဲ့
စိတ်ချမ်းသာခဲ့ရပါတယ်၊ မေမေကြောင့် စိတ်ပင်ပန်းရသမျှ ဖေ့စကား
တွေက အင်အားဖြစ်ခဲ့ပါတယ်၊ အဲဒီ အင်အားတွေကြောင့်လည်း န
ကတော်အဖြစ်က ရုန်းထွက်ဖို့ မေမေ့နှိပ်စက်မှုအောက်က လွတ်မြောက်
ဖို့ ကျွန်တော် ကြိုးစားကြည့်ချင်စိတ် ဖြစ်လာတာပါ၊ ဖေ့ဆီက ကျွန်တော်
ဘာကိုမှ မျှော်လင့်ထားလို့ မဟုတ်ပါဘူး အန်တီ''

အတိုက်အခံလုပ် ပြောနေစရာ မလိုအောင် ထွန်းသစ်စဘက်က
အလျှော့ပေး ပြေလည်နေတော့ ဒေါ်သဇင်ခိုင်တို့ ဘာပြောရမှန်းမသိ
အောင် ဖြစ်သွားသည်။ ရိုကျိုးပျော့ပျောင်းနေသော မျက်နှာ၊ ဆန့်ကျင်





ရှိသော စကားများ။

နာခံလွယ်တာ၊ မာလာဆွေ အပိုးကျိုးအောင် အုပ်ချုပ်လာခဲ့
ဖြစ်မည်။ ဒါပေမဲ့ မိမိတို့သမီးက ထွန်းသစ်စ နောက်ဆုတ်လျှင်တောင်
အလျှော့ပေးရပ်တန့်နေလိမ့်မည် မဟုတ်။

တကယ် ထိန်းဖို့ ခက်ခဲနေတာက ခွန်းတို့ဖေ့။

''အန်ကယ်တို့ တစ်ခုလောက် တောင်းဆိုချင်တယ်''

''ဟုတ်ကဲ့ ပြောပါ အန်ကယ်''

''သမီးက မင်းကိုအရမ်းသံယောဇဉ်ကြီးနေတယ်၊ အန်ကယ်တို့
ားလည်း ဘယ်လိုမှ နားဝင်မှာမဟုတ်ဘူးဆိုပါတော့ကွာ၊ အဲဒီတော့
ဘက်က တင်းတင်းမာမာ ဆက်ဆံပေးဖို့ပါပဲ''

''တခြားမိန်းကလေးတစ်ယောက်နဲ့ ဖောက်လွှဲဖောက်ပြန် လုပ်
အထိ လိုသလား အန်ကယ်''

''ဟင် မင်း ဘာပြောတာလဲ''

''မေမေ့တုန်းက ဖေဖေ့နဲ့ အဲလို လုပ်ပစ်ခဲ့လို့ မေမေ့မှာ ဒီနေ့ထိ
ဒဏ်ရာရနေတယ်၊ အဲဒီစိတ်ဒဏ်ရာကြောင့်လည်း သားဦးဖြစ်တဲ့
တော့်အပေါ် အာဃာတတွေ ပုံချခဲ့တာဖြစ်မယ်''

ဒီကလေးရင်ထဲ ဝေဒနာတွေ အမြစ်တွယ်သွားပါပေါ့လားဟု
ကောင်းဖြစ်မိ၏။ ဒီကလေး ပြောတာသာ မှန်ခဲ့လျှင် မာလာဆွေ
ခွဲမှားစွာ ပေးဆပ်နိုင်းနေတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



"မာလာခေွက မင်းကို သားအရင်းမဟုတ်ဘူး မွေးစားထား
တာ ဘာညာလို့ရော တစ်ခါမှ မပြောဖူးဘူးလား"

"ဗျာ"

"ဘယ်မိဘမှ သားသမီးကို ခွဲခြားမချစ်ကြပါဘူး။ တခြားသူ
အပေါ်မှာ အငြိုးအာဃာတတွေရှိလည်း ကိုယ့်သားသမီးအပေါ်တော့
စိတ်ပြေရာပြေကြောင်း အသုံးမချတတ်ကြပါဘူး၊ အခုက မင်းမှာ
အပြစ်ရှိတယ်လို့ ယူဆပြီး တစ်မိသားစုလုံးကို ဒီအလုပ်နဲ့ ပေးဆပ်နိုင်
နေတာပဲ"

"အဲ အဲလို ဖြစ်နိုင်သလား၊ မွေးစားသားလို့တော့ တစ်ခါ
မပြောဖူးဘူး ထင်တာပဲ၊ ကျွန်တော်လည်း ကိုယ့်ကိုယ်ကိုယ် အဲလိုဖြစ်နိုင်
လားလို့ မစဉ်းစားဖူးဘူး၊ ဒါပေမဲ့ ဟိုလူဒီလူက သတိထားမိလာအောင်
မေးခွန်းတွေထုတ်လာတော့ မေမေ့ကို မေးကြည့်ရမလားလို့တောင်
စဉ်းစား မိတယ်"

"တကယ် ဟုတ်ခဲ့ရင်ရော မင်းအမေ အမှန်အတိုင်း ဖြေပါ့မ
လား"

"မဖြေတဲ့အပြင် အဲလို မေးရပါ့မလားဆိုပြီး ကျွန်တော့်ကို
ရိုက်နှက်ပေါက်ကွဲလောက်တယ်"

"မင်း သိပ်သိချင်သလား"

"ဟုတ်ကဲ့ မွေးစားတာမှန်ရင်တော့ ကျွန်တော် ဒီလို ပေးဆပ်





နေရတာကို ရင်နာပြီး ယူကျုံးမရ ခံစားမိမှာ၊ သားအရင်းပါဆိုရင်တော့
သားစုအတွက် အနစ်နာခံခွင့်ရတာ၊ ကုသိုလ်ရတာပေါ့လေ၊ ဒါ
ျွန်တော့်ဘဝ အကျိုးပေးပဲ"

ဝမ်းနည်းစွာ ငိုရှိုက်လိုက်သလားဟုပင် စိတ်မကောင်းစွာ ငဲ့
ကြည့်လိုက်မိကြသည်။ မိတ်ကပ်မပျက်တပြယ်၊ ညှိုးငယ်သော ဒီကလေး
မျက်နှာလေးကို အနှစ်နှစ်အလလက တွေ့ဆုံရင်းနှီးဖူးသူတစ်ယောက်
သို့ ခံစားနေမိကြ၏။

"ထွန်းသစ်စ"

"ဗျာ"

"မင်း အိမ်ပြန်မှာမဟုတ်လား၊ အန်ကယ်တို့ လိုက်ပို့မယ်"

"နေ နေပါစေ အန်ကယ်၊ ကျွန်တော် ဘတ်(စ်)ကားစီးပြီး
ပြန်မှာပါ"

"ဘယ်ဟုတ်ပါ့မလဲ၊ အန်ကယ်တို့က မင်းကို တကူးတက
တွေ့ပြီး စကားပြောနေတာ အရမ်းကြာသွားပြီ၊ သမီးနဲ့ပတ်သက်ပြီး
ခြေအတင် သိပ်မပြောရတာကိုလည်း ကျေးဇူးတင်လို့ပါ"

"ဟုတ်ပါတယ် ထွန်းသစ်စ၊ ကိုယ့်သမီးအတွက်မို့သာ လာ
ပြောရတာ၊ မင်းကို အရမ်းအားနာပါတယ်"

"ရပါတယ် အန်တီ၊ မိဘမေတ္တာအပြည့်အဝ ခံစားခွင့်ရတဲ့
အတွက် ကျွန်တော် စွန့်လွှတ်ရတာ ကျေနပ်ပါတယ်၊ ကျွန်တော်က



www.burmeseclassic.com

www.burmeseclassic.com



မိဘမေတ္တာ၊ မိသားစုနွေးထွေးမှုတွေနဲ့ မတန်တဲ့သူပါ''

အားငယ်စကားတွေ ရင်ဖွင့်မိတာတော့ မဟုတ်။ ဇော်ကိုချစ်လျက်နှင့် စွန့်လွှတ်ဖို့ ကြိုးစားရခြင်းအတွက် နှလုံးသားတွေ ကျိုးကြေပြာကျမတတ် နာကျင်ပူလောင်နေသည်။ ဒီဘဝအတွက်တော့ အရာရာပေးဆပ်စွန့်လွှတ်ရခြင်းတွေနဲ့ပဲ အဆုံးသတ်တော့မလား။

■ ■ ■



## အခန်း (၂၇)

''အန်ကယ် ရှေ့မှာပဲ ကားရပ်လိုက်ပါ၊ လမ်းထဲမဝင်နဲ့တော့၊ မနဲ့တွေ့နေရင် အန်ကယ်တို့ကို အားနာစရာတွေ ဖြစ်မှာစိုးလို့ပါ''

''ရပါတယ်ကွာ၊ တွေ့တော့လည်း တွေ့ပေါ့၊ မင်းအိမ်ပြန်နောက်တာ အန်ကယ်တို့မှာ တာဝန်ရှိပါတယ်''

''ဟာ ဟိုရှေ့မှာ ဖေဖေ၊ ကားရပ် ရပ်လိုက်ပါ အန်ကယ်''

ကားရပ်လိုက်သည်နှင့် အရက်ပုလင်းနှင့် ကြက်ကြော်ထည့်ထားသော ကြွပ်ကြွပ်အိတ်လေးဆွဲကာ ထွန်းသစ်စ ကပျာကသီ ဆင်းပြေးသွားသည်။

''ခွပ် ခွပ်''

''ဖေ ဖေဖေ''

နှစ်ချက်ဆင့်ထိုးခံလိုက်ရ၍ ထွန်းသစ်စ ယိုင်နဲ့ပြိုလဲသွားသည်။ ညိစိတ်နှင့် အရက်ပုလင်းနှင့် ကြက်ကြော်ကို မထိအောင်ကာကွယ်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ရှင် သိလားဟင်''

ဦးကျော်ငွေ ပါးစပ်ကမဖြေ။ ပါးပြင်ပေါ် မျက်ရည်တွေ ဖြိ... လာပြီး ခေါင်းတဆတ်ဆတ် ညိတ်ပြ၏။ အသစ်လို ပြန်ခံစားမိလာ... ဒေါ်သဇင်နိုင်ကလည်း မျက်ရည်တွေ ရစ်ဝိုင်းနေသလို ဦးမင်းနိုင်က... အကြောင်းစုံသိနေသည့် ဦးကျော်ငွေကို စိတ်ဝင်တစား။

''ခင်ဗျား ဘယ်လိုသိနေတာလဲ၊ ဘာကြောင့် ငိုတာလဲ''

''ကျ ကျွန်တော် မှားပါတယ်၊ တောင်းပန်ပါတယ် ဆ... ဆရာကတော်ရယ်''

''ကိုကျော်ငွေ ဘာလုပ်တာလဲ၊ ဘာမှားတာလဲ၊ အဲလို မ... နဲ့ဗျာ ထပါ''

ဦးကျော်ငွေ ယိုင်ထိုးစွာဖြင့် ပါကေးခင်းပေါ် ဒူးထောက်... ပြီး လက်အုပ်ချီနေသည်မို့ ဦးမင်းနိုင် ပျာပျာသလဲ ဆွဲထူ၍ ထိုင်... သည်။

''ကိုကျော်ငွေ ခင်ဗျား ဘာကို တောင်းပန်တာလဲ၊ ဘာ... တယ်ပြောတာလဲ၊ ခင်ဗျားနဲ့ကျွန်တော်တို့ကြားမှာ ဘယ်လိုကိစ္စ... နေလို့လဲ၊ ရှင်းရှင်းလင်းလင်း ပြောပါ၊ ဘာမှ ကွယ်ဝှက်မထား...''

''ကျ ကျွန်တော်လေ ဆ ဆရာတို့ရဲ့''

''ကိုကျော်ငွေ ရှင်ပြောစရာရှိတာ ပြောစမ်းပါ၊ ကျွန်မ... လေး ပျောက်သွားတာ ရှင်တစ်ခုခု ပတ်သက်ထားပြီ မဟုတ်...





...ကျွန်မ ရင်တွေတုန်လိုက်တာ၊ ရှင့်ကို ကျွန်မတို့ အထောက်အပံ့ပြုမှာပါ၊ ...ရှင်းရှင်းလင်းလင်း မြန်မြန်ပြောစမ်းပါရှင်''

''ဆရာကတော်တို့ရဲ့ သားလေးကို ကျွန်တော် ခိုးခဲ့တာပါ''

''ဗျာ''

''ရှင် ရှင် ကိုကျော်ငွေ''

''နိုင် နိုင် သတိထားလေ''

အံ့သြတကြီးနှင့် ဦးကျော်ငွေကို လက်ညှိုးကြီးထိုးကာ မျက်ရည်...ကျပြီး ဒေါ်သဇင်နိုင် အသံတိမ်ဝင်သွားတာမို့ အလျင်အမြန်ပင် ...င်းနိုင် ထိန်းပွေ့ထားလိုက်ရသည်။

''ကိုကျော်ငွေ ခင်ဗျား ရက်စက်လိုက်တာဗျာ၊ မွေးကင်းစ ...လေးလေးကို ခင်ဗျား ဘာလို့ ဒီလိုလုပ်ရတာလဲ၊ အဲဒီအချိန်တုန်းက ...သွေးတက်ပြီး စိတ်တွေကယောင်ချောက်ချား ဖြစ်သွားတာ၊ နှစ်နှစ် ...စ် ဆေးကုယူရတယ်၊ အဲဒါ ခင်ဗျား သိလား''

''မှားပါတယ် ကျွန်တော် မှားပါတယ် ဆရာရယ်၊ ကျေးဇူးရှင်...ကို စော်ကားမိတာ၊ ကျွန်တော့်မှာ အပြစ်ရှိပါတယ်''

''အဲဒါတွေ ပြောမနေနဲ့ ဘယ်မှာလဲ ကျွန်မသား၊ ရှင် ရောင်း...လိုက်တာလား၊ မာလာခွေနဲ့လက်ထပ်ဖို့ ရှင့်ကို ငွေအလုံလောက် ...ပိုက်တယ်လေ၊ ကျ ကျွန်မသား ဘယ်မှာလဲ၊ ဘယ်မှာလဲ''

ဦးကျော်ငွေလက်ကို သွေးရူးသွေးတမ်း ဆွဲရမ်း၍ ဒေါ်သဇင်နိုင်



www.burmeseclassic.com

မေးနေသည်။ နောက်ထပ် အပြစ်တွေပါ ကျူးလွန်နေမိတာမို့ ဦးကျော်

ပြောရခက်နေသည်။

"ဖြေလေ ဦးကျော်ငွေ၊ ကျွန်မတို့သား ဘယ်မှာလဲ၊ ဘယ်

ကို ရောင်းစားတာလဲ၊ ဘယ်ကိုခေါ်သွားတာလဲ"

"ဘယ်သူ့ကိုမှ ရောင်းမစားပါဘူး၊ ဘယ်ကိုမှ ခေါ်သွား

လည်း မဟုတ်ပါဘူး၊ ရှိ ရှိပါတယ်"

"ရှိတယ် ဘယ်မှာလဲ၊ ဘယ်သူလဲ"

"ထွန်း ထွန်းသစ်စ"

"ဗျာ ခင် ခင်ဗျား တကယ်ပြောတာလား"

"အမယ်လေး ဖြစ်ရလေ"

ဆိုတက်သွားသလို ဒေါ်သဇင်နိုင် ရင်ဘတ်ဖိပြီး အသက်

တောင် မဝတော့။ ဦးမင်းနိုင်မှာ ဒေါ်သဇင်နိုင်ကို ဘယ်လိုဖြေသိမ့်

မသိတော့ဘဲ သူကိုယ်တိုင်လည်း မခံစားနိုင်အောင် ဖြစ်လို့နေ

ဦးကျော်ငွေက ရီဝေဝေ မျက်ဝန်းများ မှေးဆင်းနေလျက်

"ကျွန်တော် လုပ်ချင်လို့ လုပ်ခဲ့တာမဟုတ်ပါဘူး ဆရာ

မာလာဆွေက သူ့ကိုလက်ထပ်ချင်တယ်ဆို အဲလို လုပ်ပေးရမယ်

လုပ်ခဲ့တာပါ၊ ကျွန်တော့်လို အသက်ကြီးကြီး သူများအိမ်က အ

သမားတစ်ယောက်က ဒီလို အချောအလှ မိန်းမငယ်လေးရဲ့တော

ကို ဘယ်လိုလုပ် ငြင်းနိုင်မှာလဲ"





"ကိုကျော်ငွေရယ် ခင်ဗျားဗျာ"

"သူနဲ့မှားယွင်းအောင် အတင်းအကျပ် လုပ်တဲ့အချိန်မှာ အလို

ပေါင်းသင်းမှုနဲ့ တရားစွဲမယ်၊ သူ့ကိုယ်သူလည်း ချစ်သူအောင်မိုး

် အထင်လွဲအောင် လုပ်မိလေခြင်းဆိုပြီး သတ်သေဖို့ ကြိုးစားတယ်

ာ"

"ဟင်"

"အဲလိုကိစ္စတွေဖြစ်ပြီး သူ့ဘက်က ဒါကို သူ့ဘဝနဲ့ရင်းပြီး

ာင်းဆိုတာပါ၊ ရှင့်ကို တရားမစွဲဘဲ ယူစေချင်တယ်ဆိုရင် ဆရာ

တော် ကလေးမွေးတဲ့အချိန်မှာ အဲဒီကလေးကို မရမက ခိုးပေးရမယ်

"သူ အငြိုးတွေနဲ့ လက်စားချေဖို့ နှိပ်စက်ဖို့ပေါ့၊ နတ်ကတော်

သွင်းပြီး ယေ်စဥ်တည်းက ပညာသင်မပေးဘဲ ခိုင်းစားခဲ့တာပေါ့၊

က်လိုက်တာ၊ သား သားလေး သနားပါတယ်၊ သူ မလုပ်ချင်တဲ့

တော်ကိုလုပ်ပြီး တစ်မိသားစုလုံးကို အလုပ်အကျွေးပြုနေရတာ၊

မ္ဗန်းခံပေးဆပ်နေရတာ"

"သားမှာ ဘာအပြစ်ရှိလို့လဲ၊ လူကြီးချင်း ဖြစ်တဲ့ကိစ္စမှာ သားက

တွေ မှားယွင်းခဲ့လို့လဲ၊ ကျွန်တော်တို့သားမှန်း သိရဲ့နဲ့ မာလာဆွေ

ာ ခင်ဗျားကပါ သားကို ဘာလို့ နှိပ်စက်နေတာလဲ၊ အနိုင်ကျင့်နေ

ဲ ကိုကျော်ငွေ"



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



"ထွန်းသစ်စကို မျက်နှာသာပေးရင် သူနဲ့ကျွန်တော် အခြေ
စကားများ ရန်ဖြစ်ရ... ထွန်းသစ်စကို ပြောဆိုပြီး အ...လို အနိုင်ကျ
နှိပ်စက်နေမှ ထွန်းသစ်စ နာနာကျင်ကျင် ခံစားနေမှ သူ ကျေနပ်တာမို့
ကလေးတွေ ကြွယ်ရာမှာ သူပြောတယ်၊ သူ့မိဘတွေဆီက အကြွေး
ဒီကလေးကို ဆပ်ခိုင်းနေတာ၊ သူ့ကံကြမ္မာက ဒီအတိုင်းပဲ၊ သနား
မလိုဘူးတဲ့"

ဦးကျော်ငွေ ပြောမှ ပိုပြီးရင်နာရသည်။ မိဘတွေအကြွေး
ဆပ်ခိုင်းတာတဲ့။ မိဘတွေရဲ့မိုက်မှားမှုကို သားက ဓားစာခံ၊ အသုံး
ပေးဆပ်ခဲ့ရတာပါလား။

သား ဘယ်လောက်တောင် ရင်နာနေမလဲ၊ နာကျင်နေရှာ

"ကိုနိုင် နိုင် သားကို အခုသွားခေါ်ကြမယ်၊ သွားခေါ်မယ်
ကလေးကို ခိုးယူပြီး ညှဉ်းပမ်းနှိပ်စက်တာ၊ ဥပဒေနဲ့တရားစွဲပစ်မယ်

"နေ နေပါဦး ဆရာ...တော်၊ သူကလည်း ကျွန်တော်နဲ့အ
မတူ ထောင်ချောက်ဆင်ခံရ...ကိစ္စ၊ မကျေမနပ် အခုထိ ဆုပ်ကိုင်
တုန်းပါ၊ အဲဒါကြောင့် လူမှုရေးပဋိပက္ခမှာ လူမှုရေးအရပဲ ရှင်းလို့ရ
မယ်"

"ဟုတ်တယ် နိုင်၊ ကိုယ်တို့ဘက်ကလည်း အမှားကြီး မှာ
တာပဲ"

"ဒါဆို သားကို နှိပ်စက်ဖို့ သူ့ဆီမှာပဲ ထားရမှာလား။ မဖြစ်





း အသက်ချင်းလဲချင် လဲရပစေ၊ သားကိုရအောင် ပြန်ခေါ်မယ်"

"မခေါ်နဲ့လို့ ကျွန်တော် မပြောပါဘူး။ ဒီအကြောင်းတွေ သားကို
ပြောပြလိုက်ရင် ကျွန်တော်တို့ကို စိတ်အနာကြီး နာပြီး သူ့မိဘအရင်းတွေ
အပြေးပြန်လာမှာပါ၊ ကျွန်တော်တို့နဲ့နေရတာ သူ အရမ်းပင်ပန်းပြီး
ကုန်နေပြီဆိုတာ ကျွန်တော် သိတယ်"

"ခင်ဗျား ဘာလို့ အခုမှ ပြောရတာလဲ၊ ကျွန်တော်တို့နဲ့ စတွေ့
ချင်းသာ ပြောပြလိုက်ရင် ရက်ပိုင်းလေး စောပြီးတော့ပဲဖြစ်ဖြစ်
စိတ်သက်သာဦးမှာ၊ ကျွန်တော် ထင်တော့ ထင်သား၊ ကိုကျော်ငွေနဲ့
သာငွေ လက်ထပ်ပြီး တန်းခနဲ ကလေးယူရင်တောင် ဒီအရွယ်တော့
လောက်သေးပါဘူးလို့"

"ဟုတ်ပါတယ် လေးငါးနှစ်လောက်ရှိမှ ကျွန်တော်တို့ ကလေး
ရတာပါ။ ဒါတောင် ကျွန်တော်နဲ့မာလာငွေ အကြိတ်အနယ် ဆွေးနွေး
း ကိုယ်မွေးလာတဲ့ကလေးတွေကိုပါ ထွန်းသစ်စကို အနစ်နာခံခိုင်းမယ်
မာလာငွေ လက်ခံခဲ့တာပါ"

မာလာငွေ ဒီလောက်ထိ အငြိုးအာဃာတကြီးလိမ့်မည် မထင်
အပြစ်မရှိသော ကလေးကို နှိပ်စက်ရက်လိမ့်မည် မထင်မိ။

ဒါကြောင့်မို့ ထွန်းသစ်စကို ပြောချင်သလောက်ပြော၊ ကျေနပ်
ယ် အားရတယ်ဟု ကြုံးဝါးနေခဲ့တာကိုး။

ရင်ထဲမှာမချိ။ ဘယ်လိုမှ မဖြေနိုင်အောင် ရင်တစ်ခုလုံး ...



www.burmeseclassic.com

www.burmeseclassic.com



ကြေနေသည်။ ကိုယ်တွေကအစ သမီးနဲ့ပတ်သက်ပြီး မတန်မရာ အဆ

အတန်းခွဲ ပြောဆိုမိတဲ့အဖြစ်။

အမှေ့ရင်တွေနာလိုက်တာ။ အမှေ့ရင်တွေ နာလိုက်တာလို့ သ

ကို ပြေးမွေ့ဖက်ကာ အားရပါးရ ပွင့်ထွက်သွားအောင် ငိုပစ်လိုက်

သည်။ အခုတော့ ရင်ထဲမှာတင်းကျပ်ဆို့ပိတ်လို့ အသက်တောင် ပြင်

မရှူနိုင်။

အရက်ခွက်ကို ထပ်ငှဲ့ကာ သောက်နေသော ဦးကျော်

လက်ကို ဦးမင်းနိုင်က ဆုပ်ကိုင်ပြီး

''ကိုကျော်ငွေ ကျွန်တော်တို့ သားကို ဘယ်ချိန်လာခေါ်ရမယ်

''မာလာဆွေက အသာတကြည် ထည့်လွှတ်မှာမဟုတ်

ပြဿနာအကြီးအကျယ်ရှာမှာ၊ ကျွန်တော် အရင်ဆုံး ဖျောင်းဖျ

ကြည့်ပါမယ်၊ ခဏနေရင် နတ်ပွဲညပြန်ကဖို့ ထွန်းသစ်စ အပြင်

ပြန်ထွက်လိမ့်မယ်၊ အဲဒီအချိန်ကျရင် မာလာဆွေကို ကျွန်တော် ပြော

ပါ''

''ကျွန်တော်တို့သိသွားပြီဆိုရင် သားကို သူ အတင်းအ

ခေါ်ထားလို့ မရဘူးဆိုတာ သဘောပေါက်မှာဖြစ်မယ်၊ အဲဒါကိုပါ နား

အောင် ပြောပေးပါ ကိုကျော်ငွေ၊ ဒီထက်ပိုပြီး ကျွန်တော်တို့ ပြဿ

တွေ မတက်ချင်တော့ဘူး''

''စိတ်ချပါ ဆရာ၊ ဆရာကတော်ကိုခေါ်ပြီး အိမ်ပြန်အနား





င်းလိုက်ပါ၊ သားရှိမှန်းလည်း သိနေပြီ၊ သားကိုလည်း ပြန်တွေ့နေပြီပဲ၊

တ်ကိုဖြေပြီး သက်တောင့်သက်သာ နေပါ၊ ကျေးဇူးကန်းမိတဲ့ ကျွန်တော့်

ကိုလည်း ခွင့်လွှတ်နားလည်ပေးကြပါ''

ဦးကျော်ငွေ ရှိခိုးမတတ် တောင်းပန်ပြီး ပြန်သွားသည်။ လင်

သားနှစ်ယောက်လုံး ခြေတောင်မတ်မတ်မရပ်နိုင်ဘဲ ယိုင်နဲ့လို့ ..။

■ ■ ■



www.burmeseclassic.com

## အခန်း (၂၈)

ခြေလှမ်းတွေ မနိုင်ပေမယ့် အသိစိတ်ကို ထိန်းချုပ်ရင်း ထွန်းသစ်စ အပြင်ပြန်ထွက်သွားတာမြင်မှ အိမ်ထဲကို ဝင်ခဲ့၏။ မာလာဆွေက ထွန်းသစ်စ ပေးခဲ့သော ငွေတွေကို ရေတွက်၍ အိတ်ထဲ စီရီကာ ထည့်နေသည်။ စားပွဲပေါ်မှာ ထွန်းသစ်စ ပြင်ပေးခဲ့ဟန်ရှိသော ကိုယ့်အတွက် အရက်ပုလင်းနှင့်ကြက်ကြော်။

"မာလာဆွေ"

"ဘာလဲ"

ထူးသံက ထုံးစံအတိုင်း မညင်သာပါ။ အသက်ကြီးသော ယောက်ျားရယ်လို့ ရိုသေလေးစားရမှန်းလည်းမသိ။ ဟိုအရင်တည်းက အမြဲလို ဆူပူပြစ်တင်ရန်စောင်နေခဲ့တာကြောင့် ပြေရာပြေကြောင်း ရှာရင်း အရက်သမားကြီး ဖြစ်ခဲ့ရတာ။

"မင်းကိုငါ ပြောစရာရှိတယ်"





"မူးလာရင် မရစ်နဲ့၊ မဝသေးရင် ထပ်သောက်၊ ဒီမှာ ထွန်းသစ် ပြင်ပေးခဲ့တယ်၊ ဒါနဲ့နေပါဦး၊ ရှင်က အရက်မသောက်ရလို့ တုန်ယင်း ထွန်းသစ်စကို သွားစောင့်မယ်လို့ ထွက်သွားတာ မဟုတ်ဘူးလား၊ ခု ဘယ်သူက တိုက်လိုက်လို့ မူးလာတာလဲ"

"ဆရာနဲ့ဆရာကတော်ကို တွေ့ခဲ့တယ်"

"ဘယ်သူ"

"ကိုမင်းနိုင်နဲ့သဇင်ခိုင်"

"ဘာ"

နားထဲမှာ လျှံထွက်သလို နားမလည်လို့ ပြန်မေးလိုက်ပြီးမှ ချာကြားလိုက်ရသည့်အချိန်မှာ ဒေါ်သမီးက ဟန်းခနဲ တောက်လောင်

"သူတို့နဲ့ ဘာကိစ္စ တွေ့တာလဲ"

"မာလာဆွေ"

"ပြော"

ပြောဆိုမှ ထွက်ရခက်ကာ ရဲဆေးတင်ဖို့ တစ်ဖန်ခွက်လုံးမော့ သောက်ချလိုက်၏။ ပြီးမှ ဖန်ခွက်ကို စားပွဲပေါ် အသံမြည်အောင် ဆောင့် ချ၍

"ထွန်းသစ်စကို သူတို့ကို ပြန်ပေးသင့်ပြီ"

"ဘာ ဘာလို့ပေးရမှာလဲ၊ မပေးဘူး နတ်ကတော် သမီးပြီး



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကို မတူမတန် နှိမ့်ချစော်ကားခဲ့တဲ့ဟာတွေ သက်ကြားရွယ်အို ရှင့်လို သူတို့အိမ်က အခိုင်းအစေနဲ့ ဖမ်းပိတ်ပေးစားခဲ့တဲ့ဟာတွေ၊ ခင်တို့အသွေးအသားမျိုးဆက်ကို တစ်သက်လုံး နတ်ကတော် လုပ်ခိုင်းမှာ အဲဒီအလုပ်နဲ့ အလုပ်အကျွေးပြုခိုင်းမှာ''

''မတော်သေးဘူးလား၊ ဒီအရွယ်ထိတောင် ဒီကလေး အနစ်နာခံ ပေးဆပ်ခဲ့ပြီးပြီ၊ မရပ်နိုင်သေးဘူးလား''

''ရှင်က ဘာဖြစ်ချင်နေတာလဲ ကိုကျော်ငွေ''

''ငါ သူတို့ကို ပြောခဲ့ပြီ''

''ဟင် ဘာ ဘာပြောတယ်''

''ထွန်းသစ်စက ဆရာတို့ရဲ့သားလို့''

''အာ တောက် ဒင်းတော့''

ဒေါသတကြီး ရင်ဘတ်ကနေ ဆောင့်တွန်းခံလိုက်ရ၍ ဦးကျော်ငွေ ဆက်တီခုံထောင့်မှာ ကျောကပ်သွား၏။ မထင်မှတ်တဲ့ ဖြစ်သွားတာနဲ့ မင်တက်မိနေရာမှ အရက်သောက်ထားသော အရှိန်ဖြင့် ဦးကျော်ငွေ သွေးဆူသွား၏။

''တောက် မင်း မာလာဆွေ မင်းကွာ''

''ဘာလဲ ရှင်ကြီးက ဘာလုပ်ချင်လို့လဲ၊ သူများက ငွေဖေး ခြောက်ပင့်နိုင်းတိုင်း ကိုယ့်ရပ်ကိုယ့်အသက် ကိုယ့်အဆင့်အဲတန်းကိုမှ အားမနာ ငယ်ရွယ်နုပျိုတဲ့ ကျွန်မဘ၀ကို ဖျက်စီးခဲ့ပြီး အခုမှ ကျေးဇူး





ပြန်သိတတ်ချင်နေတာလား။ အဲဒီတစ်ချိန်က ကျွန်မ ခံစားရတာကို ရှင် သနားတယ်ဆို၊ တစ်သက်လုံး မင်းအလိုကျ အနစ်နာခံဖြည့်ဆည်းပေးဆပ်ပါ့မယ်ဆို''

''ဟုတ်တယ် မှန်တယ်၊ ငါ့ရဲ့အားနည်းချက်တွေကြောင့် တခြားယောကျ်ားအတွက် မျက်ရည်နဲ့ မျက်ခွက် ခံစားနေတဲ့မင်းကို ငါ ယောကျ်ားဖြစ်ပြီး သ၀န်မတိုဘဲ နားလည်ပေးခဲ့တာကွ၊ ကိုယ့်ကို အိမ်ထောင်ဦးစီး အိမ်ဦးနတ်လို လေးစားမခံရ၊ ဂရုစိုက်မခံရလည်း မင်းကို မငြိုငြင်ဘဲ အရက်နဲ့ပဲ ဖြေသိမ့်နေလာခဲ့တယ်၊ ဒါကိုတောင် မင်း မကျေနပ်ဘူးလား''

''မကျေနပ်ဘူး၊ ရှင့်လိုလူက ကျွန်မရဲ့အပျိုစင်ဘ၀ကို ညစ်ညစ်ပတ်ပတ် သိမ်းပိုက်ခဲ့တာ၊ နောက်ဘ၀ထိ မကျေနပ်နိုင်ဘူး ကိုကျော်ငွေ''

''အေး ငါ့ကို မကျေနပ်လည်းရတယ်၊ ခွင့်မလွှတ်လို့လည်းရတယ်၊ ဒါပေမဲ့ ထွန်းသစ်စကိုတော့ သူ့ရဲ့နေရာမှန်ကို ပြန်ပို့လိုက်ပါ၊ လူကြီးတွေရဲ့ ပဋိပက္ခမှာ ဒီကလေး ဒီအချိန်ထိ ပေးဆပ်နေရတာ တော်တော့ပါဘူး။ လွတ်မြောက်ခွင့်ပေးလိုက်ပါတော့၊ ရုန်းထွက်ခွင့်ပေးလိုက်ပါတော့''

''ဟင့်အင်း''

ဒေါ်မာလာဆွေ ဖွတ်အတင်း ခေါင်းခါရမ်း၍ ဘုရားတစ်ယောက်သို့ ဆံပင်တွေပါ ဖွာလန်ကျဲသွား၏။ မခံမရပ်နိုင် ဒေါသမာနများဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အတ္တတွေ လွန်ကဲနေဆဲ။

"မာလာဆွေ ခံစားခဲ့ရတာ ဒီရင်နဲ့မဆံ့ဘူး ချစ်သူနဲ့ကွေကွ

ရတဲ့ဒုက္ခ၊ မချစ်မနှစ်မသက်သူနဲ့ ပေါင်းသင်းရတဲ့ ပူပြင်းလောင်မြိုက်

တွေနဲ့ သေလုမြောပါး ဝေဒနာတွေကို လက်တုံ့ပြန် လက်စားချေ

တယ်ဆိုတဲ့ ဖြေသိမ့်မှုနဲ့ အသက်ရှင်အောင် မနည်းကြိုးစားနေရတာ

"သားသမီးချင်း ကိုယ်ချင်းစာသင့်ပြီမဟုတ်လား မာလာဆွေ

ထွန်းသစ်စသာ မင်းရဲ့သားအရင်းဖြစ်နေရင် မင်း ဒီလိုလုပ်ရက်ပါ့မလား

"သဖင်ခိုင်ရဲ့သားမို့ ဒီလိုလုပ်ဖို့ သတ္တိမွေးခဲ့တာ ရှင် အသိ

မဟုတ်လား ကိုကျော်ငွေ၊ ရှင်လည်း အရက်သမား၊ ကျွန်မကို တရား

မချနဲ့ လူတွေ ကိုယ့်အသွေးအသား ဒဏ်ရာရမှ နာတတ်ကြတာလ

ကျွန်မအလှည့်တုန်းက ဘယ်သူမှ စာနာသနားခဲ့ကြတာမဟုတ်ပါ

အဲဒီအတွက် ကျွန်မကလည်း ဘယ်သူ့ကိုမှ စာနာမပေးနိုင်ဘူး၊ အဲ

အတ္တတွေနဲ့ အဆုံးထိလျှောက်မှာမပူနဲ့"

"မာလာဆွေရယ်၊ မင်းသားသမီးအလှည့်ကျရင်ဝဋ်လိုက်

မကြောက်ဘူးလား၊ ကိုယ်တို့သားနဲ့သမီးက အခုမှ အညွန့်တလူလူ

လူဖြစ်မလို ရှိပါသေးတယ်၊ သံသရာတစ်ပတ် ပြန်လည်ရင် မင်း ဒီ

ပိုပြီး ခံစားရမှာ မာလာဆွေ"

"တော် တော်ပြီ ကိုကျော်ငွေ၊ ရှင် ဘာမှ ဆက်မပြောနဲ့

ရှင် ဒီလောက် တရားပေါက်နေရင် အရက်သောက်မနေနဲ့၊ ဘုန်း

ဝတ်သွား၊ မာလာဆွေကတော့ အသက်ရှူရပ်မသွားသရွေ့ သ





သားကို နတ်ကတော်လုပ်ပြီး ခိုင်းစားနေဦးမှာ"

ဒေါ်မာလာဆွေရဲ့ အတ္တတွေကို ဦးကျော်ငွေ မထိုးဖောက်နိုင်တော့ပါ။ အားကိုးအမှီပြုစရာဆိုလို့ အရာရာကိုမေ့နိုင်စွမ်းသော အရက်တွေသာ ရှိသည်။

တစ်ခွက် နှစ်ခွက် သုံးခွက်။

ထိုအချိန်မှာ ဝရုန်းသုန်းကားနိုင်သော ခြေသံတွေလည်း ကြားရကာ...။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

"ဘာလို့ ခြေလှမ်းပြင်နေတာလဲ၊ စိတ်ကို ငြိမ်ငြိမ်အေးအေး ထားစမ်းပါ ခိုင်ရယ်၊ ကိုယ်တို့သားလေး သက်ရှိထင်ရှား ရှိနေသေးတယ် ဆိုတာသိပြီး ကိုယ်တို့ ပျော်ရမှာ"

"ဟင့်အင်း မပျော်နိုင်ပါဘူး၊ မာလာဆွေ နှိပ်စက်တာ ခံနေ တာ ဘယ်လိုလုပ် စိတ်ချမ်းသာနိုင်မှာလဲ၊ ကိုယ့်ရှေ့မှာတောင် သား ဘယ်လို ဆက်ဆံနေတယ်ဆိုတာ ကိုနိုင် မျက်မြင်ကိုယ်တွေ့ပဲ မဟုတ်လား သားကို မာလာဆွေဆီမှာ တစ်စက္ကန့်တောင် မထားနိုင်တော့ဘူး ကို နိုင် အခုချက်ချင်း သွားခေါ်မယ်"

အပြင်ပြန်ထွက်ဖို့သာ စိတ်ဇောသန်နေသော ဒေါ်သဇင်နိုင် ပခုံးလေးကို ဦးမင်းနိုင် အတင်းအကျပ် ဆွဲဖက်ထားရသည်။

"ခိုင်ရယ် ကိုကျော်ငွေက မာလာဆွေကို ဖျောင်းဖျဦးမယ် ပြောသွားတယ်လေ၊ ခဏ အချိန်ပေးလိုက်ပါဦး၊ ပြီးရင် ကိုယ်တို့





ကြတာပေါ့၊ သားလေး ဒီလိုဖြစ်နေတာ သိသိကြီးနဲ့ ကိုယ်လည်း သူတို့ဆီ မှာ မထားနိုင်ပါဘူး"

"သားလေးက မာလာဆွေက သူ့အမေရင်းမဟုတ်ဘူး၊ ခိုင် တို့ကြောင့် သူ ဒီလို နှိပ်စက်ခံ ပေးဆပ်နေရတာလို့များသိရင် ဘယ် လောက်တောင် ရင်နာနေရှာမလဲ"

"ဘယ်သူ့ကို ပြောနေတာလဲ"

"ဟင် သမီး"

မြန်းခနဲ အနားရောက်လာသော ခွန်းတုံ့ဖော်ရဲ့မေးခွန်းကြောင့် ဇင်မယားနှစ်ယောက်လုံး မင်တက်သွားကြသည်။ သမီးရှိနေတာကိုမေ့ ပြီး မခံစားနိုင်အောင် ပေါက်ကွဲနေမိကြတာ ဒါပေမဲ့ သမီး သိထားသင့် သောကိစ္စပါ။ အချိန်ကြာကြာ ကွယ်ဝှက်ထားနိုင်မှာမှ မဟုတ်ဘဲ။ သမီး ခုံအစွန်းမှာဝင်ထိုင်ပြီး

"ဦးကျော်ငွေ ဒေါ်မာလာဆွေသားက မေမေတို့သားအရင်းဆို ဘာကိုပြောတာလဲ၊ အဲဒီ သားဆိုတာကရော ဘယ်သူ့ကို ပြောတာ

"ထွန်းသစ်စက မာလာဆွေ သားအရင်းမဟုတ်ဘူး၊ မေမေတို့ သားပါကွယ်"

"ရှင် ဘယ် ဘယ်လိုဖြစ်၊ ဒါဆို ဖော်နဲ့ကိုကိုက"

အထိတ်တလန့် မေးခွန်းများက အစီအစဉ်မကျစွာ ဗလုံးဗထွေး



www.burmeseclassic.com

www.burmeseclassic.com



ဖြင့်၊ သမီး နားလည်အောင် ပြောပြဖို့အတွက် တော်တော် အားတင်း
အကြောင်းစုံသိလျှင် မွေးစားသမီးပါဆိုပြီး သမီးလည်း ရင်နာသွာ
သည်။

ဒါပေမဲ့ မတတ်နိုင်။ သမီးက ရွှေပေါ်မြတင် လိုတိုင်းရ၊ တ
ပြည့်စုံစွာ နေလာခဲ့ရတာ။ နောက်လည်း အချစ်လျော့သွားမှာမှ မဟုတ်
ထွန်းသစ်စအပေါ် ချစ်ရင်းစွဲ စေတနာ စာနာစိတ်လေးလည်းရှိ
သမီး နားလည်ပေးနိုင်မှာပါ။

"သမီးနဲ့သား ဘာမှမတော်စပ်ပါဘူးကွယ်၊ သမီးနဲ့
တကယ် ချစ်ကြတယ်ဆိုရင် လက်ထပ်လို့ရပါတယ်"

"ဟင် ဒါဆို ဖေါ်က"

"မေမေတို့ ချစ်မြတ်နိုးလွန်းလို့ တယုတယ မွေးစားခဲ့
စိတ်မကောင်းဖြစ်သွားလား သမီး၊ ဘာကြောင့် မွေးစားဖြစ်ခဲ့တယ်ဆို

"ဒီလို သမီး သမီးကို ဘာကြောင့် မွေးစားဖြစ်တယ်ဆို
မပြောခင် သားကို ကိုယ်ဝန်လွယ်တဲ့အချိန်မှာ မာလာခွေတို့နဲ့ ဘ
ပြဿနာတက်ကြတယ်ဆိုတာ ဖေဖေ အရင်ပြောပြမယ် သမီး"

အစချီလျက် ဦးမင်းနိုင်က ခွန်းတုံ့ဖော် လက်ကလေးကို
သလို ဆုပ်ကိုင်ကာ အတိုချုံးပြောပြသည်။ ခွန်းတုံ့ဖော်မှာ နားထော
ဖြင့် တအံ့တဩ။

"သားလေးကို မွေးပြီးလို့ အသားဝါကာကွယ်ဖို့ သီး





ထဲမှာ ထားတဲ့အချိန်မှာပဲ၊ အခိုးခံလိုက်ရတယ်၊ အဲဒီ သားပျောက်တဲ့
စိတ်ကြောင့် သမီးအမေက ဆေးကုလို့မရတော့အောင် သားစိတ်အစွဲနဲ့
အရူးတစ်ပိုင်း ဖြစ်သွားခဲ့တယ်၊ ဆရာဝန်ကြီးတွေလည်း ဘာ့ယ်လိုလုပ်ရ
မှန်း မသိတော့အောင် စိတ်မကောင်းဖြစ်နေကြတာပေါ့၊ အဲဒီကာလက
နှစ်နှစ် သုံးနှစ်မက ကြာခဲ့တယ် သမီး"

"ဟင် စိတ္တဇဝေဒနာပေါ့နော်"

"ဟုတ်တယ် သမီး၊ အဲဒီဝေဒနာက သမီးလေးကို မွေးစား
လိုက်မှ ပျောက်သွားတာပါ"

"ဒါဆို ဖော့်မိဘအရင်းတွေကရော"

"သမီး အဖေက သမီးကိုယ်ဝန်လွယ်ထားရတည်းက ဆုံးတာ
လို့ ပြောတယ်၊ အမေကတော့ ဆေးရုံမှာ သမီးကိုမွေးရင်း ဆေးရုံမှာ
ဆုံးတာ၊ အဲဒါကြောင့် ရင်သွေးစိတ်နဲ့ ကယောင်ချောက်ချားဖြစ်နေတဲ့
သမီးအမေကို အစားထိုး ဖြေသိမ့်ဖို့ ဆရာဝန်ကြီးတွေက မွေးစားခိုင်း
ခဲ့တာပါ၊ သမီးကိုချစ်လို့ ဖေဖေတို့ကလည်း ဝမ်းသာအားရ စာချုပ်စာ
တမ်းနဲ့ကို အမွေစားအမွေခံ မွေးစားခဲ့တာပါ"

"မေမေ့မှာ သမီးပေးတဲ့အသက်ပဲရှိပါတယ်ကွယ်၊ သမီးကြောင့်
မေမေ ခုချိန်ထိ အသက်ရှင်နေတာပါ၊ အခုလို သိလို့သမီးကိုယ့်ကိုယ်ကိုယ်
သိမ်ငယ်ရဘူး၊ ဝမ်းမနည်းရဘူးနော်၊ သားကို ပြန်တွေ့ရလို့လည်း
သမီးကို အချစ်လျော့မသွားဘူး၊ နားလည်တယ်မဟုတ်လား သမီး"



www.burmeseclassic.com

www.burmeseclassic.com



ခွန်းတုံ့ဇော် ခေါင်းညိတ်ပြပေမယ့် မျက်ရည်တွေတော့ ဏ
နေသည်။ ဒေါ်သဇင်နိုင်က အားမငယ်အောင် ထွေးပွေ့ဖက်တွယ်
ပြီး

''သမီး ကိုယ့်ဘဝကိုယ် ထိတ်လန့်သွားမယ်၊ ထွန်းသစ်
မေမေတို့သား ဖြစ်နေတာကိုလည်း အံ့သြသွားမယ်ဆိုတာ မေ
သိပါတယ်၊ ဒါပေမဲ့ အရာရာ အဖြစ်အပျက်က အမြဲဒွန်တွဲနေတ
ကံကြမ္မာက အဆိုးအကောင်း မျှမျှတတ ခံစားတတ်အောင် ဖန်တီး
ထားတာ၊ ဒီလိုဖြစ်လာတာကို ဘယ်သူ့ကိုမှ အပြစ်ပုံချလို့လည်း
အမှားလုပ်ရင် အပြစ်လုပ်ရင် ညီမျှတဲ့ဒဏ်ရာတော့ အလှည့်ကြ
ခံကြရမှာပဲ''

''ကို ကိုကို့ကို ဘယ်အချိန် သွားခေါ်ကြမှာလဲဟင်''

''မေမေကတော့ အခုချက်ချင်းကို သွားခေါ်ချင်တာ''

''ဇော်လည်း လိုက်ခဲ့မယ်''

''သမီး မလိုက်ပါနဲ့ မာလာဆွေက အသာတကြည် ပြန်
ရင် မေမေတို့ ပြဿနာတွေ ဖြေရှင်းရဦးမယ် သမီး၊ မေမေ
ကိုယ့်မှာလည်း အပြစ်မကင်းလို့ အခြေအတင် အတိုက်အခံ
မရဘူးဆိုရင် ငွေနဲ့ဖြေရှင်းကြည့်မယ်၊ အဆင်မပြေတဲ့ မာလာ
ငွေမြင်ရင်တော့ ပြောင်းလဲသွားနိုင်ပါတယ်၊ သူ မက်လောက်
ငွေကိုပေးပြီး သားကို ရွေးယူမယ်''





မိခင်မေတ္တာဖြင့် နိုင်မာသော ဆုံးဖြတ်ချက်ချကာ အိတ်နှင့်ငွေ
ပြည့်ထည့်ယူပြီး ဒေါ်မာလာဆွေဆီကိုသွားဖို့ ဒေါ်သဇင်နိုင် အလော
ကြီး ဖြစ်နေသည်။ ဦးနိုင်မင်းလည်း မ်နေသာ။

ကားစက်ကို အမြန်နှိုး၍ မောင်းထွက်သွားသည်၊ ဒီအိမ်ကြီးမှာ
ခဲ့တာ သူမတစ်ယောက်တည်း။ ဖေဖေ မေမေတို့က သူမရဲ့မိဘ
င်းတွေမဟုတ်ဘူးတဲ့။

အံ့သြသွားသော်လည်း ဝမ်းနည်းခြင်းတော့ မဖြစ်ခဲ့ပါ။ သမီး
ဟုတ်ပါဘူး၊ သံသယတစ်စွန်းတစ်စ မဖြစ်မိအောင်ကို မိဘမေတ္တာ
အပြည့်အဝ ရခဲ့တာမဟုတ်ပါလား။

သူမ ရင်ထဲမှာ တလှိုက်လှိုက် ကြည်နူးဝမ်းသာမိတာက ထွန်း
က ဖေဖေ မေမေတို့ရဲ့ သားအရင်းဖြစ်နေခဲ့တာပင်၊ အဆင့်အတန်း
ဂုဏ်ဒြပ်မတူ၊ နတ်ကတော်မို့ဆိုတဲ့ ကန့်သတ်ချက်တွေနဲ့ သူမတို့
စရာ အကြောင်းမရှိတော့ဘူး မဟုတ်လား။

ဒီအကြောင်းတွေသာသိလျှင် နတ်ကတော် မဖြစ်ချင်သော
ပေးဆပ်နေခဲ့ရသည့် ဘဝထဲက ရုန်းထွက်ချင်နေသော ထွန်းသစ်စ
လောက်များ ပျော်သွားမလဲ။ ဝမ်းသာသွားမလဲ။

ရင်ထဲက အစိုင်အခဲတွေ အရည်ပျော်လို့ လွတ်မြောက်ခြင်း
ကနေ ထွန်းသစ်စ အပြေးပြန်လာပေလိမ့်မည်။

သူက နတ်ပွဲကနေတာ သိမှသိပါဦးမလား။ စေတနာဇော်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အပြေးသွားပြောဖို့ သူမ ကပျာကသီပင် ကားပေါ်တက် စက်နှိုး၍ မောင်း ထွက်လိုက်သည်။

ကြည်နူးမှုအဟုန်ဖြင့် သူမ မမောနိုင်မပမ်းနိုင်..။

■ ■ ■



## အခန်း (၃၀)

"ဘာလို့ အမောတကော ပြေးလာတာလဲ ညီမလေး၊ အိမ်မှာ ...ေ မူးပြီး ပြဿနာရှာလို့လား၊ မေမေနဲ့ ရန်ဖြစ်နေကြလို့လားဟင်"

၊ မောကြီးပမ်းကြီးဖြင့် အပြေးရောက်လာသော ညီမလေးက ...မေးတာကို တန်းခနဲ မဖြေနိုင်။ နတ်ပွဲကဖို့ မိတ်ကပ်ပြင်ထားသော ...က်နှာကို မျက်ရည်တွေပြည့်ဝိုင်းနေသော မျက်ဝန်းများဖြင့် အတန် ...ဘမေ့တမော ကြည့်နေ၏။ ပြီးမှ သူ့မျက်နှာပေါ်က မိတ်ကပ်တွေကို ...ာ်ရေစွတ်၍ မျက်နှာအနှံ့ ဖျက်ပစ်၏။

"ဟာ ညီ ညီမလေး ဒါ ဘာလုပ်တာလဲ၊ ကိုကိုကရတော့မှာ၊ ...ာ်ထပ်လိမ်းဖို့ အချိန်မရှိတော့ဘူး၊ မလုပ်နဲ့ ညီမလေး၊ မဖျက်ရ

"ဟင့်အင်း ခဏလေး ငြိမ်ငြိမ်နေပါ၊ ဒီမိတ်ကပ်ရုတွေ နောက် ...တော့မှ မလိမ်းရတော့ဘူး၊ နတ်လည်း မကရတော့ဘူး ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေပြောနေတာလဲ ညီမလေး၊ ကိုကို နတ်မကာတော့ရင် ညီမလေးတို့ကို ဘယ်လိုလုပ် ကျောင်းထားနိုင်မှာလဲ၊ ဖေဖေ့ကို အရက်ဝယ်တိုက်ဖို့ မေမေ့အသုံးစရိတ်၊ အိမ်ရဲ့စားဝတ်နေရေး၊ ပြီးတော့ အကြွေးတွေဆပ်ဖို့"

"ကိုကို"

"ဟင် ညီမလေး"

"ကိုကို အဲဒီတာဝန်တွေ ယူစရာမလိုတော့ဘူး၊ အနစ်နာခံပေးဆပ်စရာမလိုတော့ပါဘူး၊ ညီမလေးတို့မိသားစု အငတ်ငတ်အပြတ်ပြတ် သူတောင်းစားဘဝ ရောက်သွားလည်း ကိုကို သနားငဲ့ညှာစရာ မလိုတော့ပါဘူး"

"ညီမလေးရယ် ညီမလေး ဘာတွေပြောနေတာလဲ၊ ကိုကို နားမလည်တော့ဘူး"

"ကိုကိုက ညီမလေးတို့ရဲ့ ကိုကိုအရင်းမှ မဟုတ်တာ၊ မိသားစုဝင်မှ မဟုတ်တာ"

"ညီမလေး"

"ကိုကိုက ဦးမင်းနိုင်၊ ဒေါ်သဇင်ခိုင်တို့ရဲ့သား"

"ဘာ"

"မမဇော်နဲ့မှ မောင်နှမအရင်း"

"ဟာ မဟုတ်တာ၊ မဖြစ်နိုင်တာ မပြောပါနဲ့၊ လုံးဝမဟုတ်ဘူး





မဟုတ်ဘူး ညီမလေး၊ ကိုကို့ကို အဓိပ္ပါယ်မရှိတဲ့ စကားတွေ မပြောပါနဲ့၊ မပြောပါနဲ့"

ထွန်းသစ်စ မယုံနိုင်အောင် အံ့အားသင့်လျက် ခါးခါးသီးသီး ...င် ခေါင်းကိုစုံယမ်းသည်။ သူ့ကို ဒီဘဝထဲက လွတ်မြောက်စေချင်စိတ် ...တွေနှင့် ညီမလေး စိတ်ကူးယဉ်ပြီး ပြောနေတာ။

"ကိုကို"

"မဟုတ်ဘူး ညီမလေး စေတနာကို ကိုကို နားလည်တယ်၊ ...ပေမဲ့ မဖြစ်နိုင်တာတွေ စိတ်ကူးယဉ်ပြီး ပေါ့ပျက်ပျက် မပြောပါနဲ့ ညီမလေးရယ်၊ ဘယ်လိုလုပ် ဇော့်မိဘတွေက ကိုကို့မိဘအရင်းတွေ ...ဖြစ်ရမှာလဲ၊ ဇော်က ဘာလို့ ကိုကိုနဲ့မောင်နှမတော်ရမှာလဲ၊ ကိုကိုက ...ဒီမှာလာနေသွားပါ၊ မေမေ ကျေနပ်အောင် ကိုကို့ကို မေမေ ချိုသာ ...ပျောင်းပြီး ဆက်ဆံလာအောင် ကိုကို ပေးဆပ်ရမှာပါ၊ အနစ်နာခံ ...မှာပါ၊ ဒါက ကိုကို့ရဲ့ ဘဝအကျိုးပေးလေ"

"ကိုကို မယုံရင် ဒေါ်သဇင်ခိုင်တို့နဲ့ ဖြစ်ပျက်ပတ်သက်ခဲ့တာ ...တွေ ဖေဖေနဲ့မေမေ ပေါက်ကွဲကြတာ၊ ကြာဖြူ ပြန်ပြောပြမယ် ကိုကို"

ကြာဖြူက အစမှအဆုံးတိုင် ခန်းဆီးအကွယ်ကနေ သူမ နား ...ထောင်ခဲ့ရသမျှ ပြန်ပြောပြသည်၊ ထွန်းသစ်စ မျက်ဝန်းအိမ်မှာ မျက်ရည် ...ည့်ဖြင့် ငြိမ်သက်တွေဝေသွား၏။

"အခု အဲဒါတွေ နားထောင်ပြီး ကိုကို့ကို ပြောပြချင်လို့ ပြေး



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာတာ၊ ဖေဖေ မေမေတို့ မသိဘူး၊ အိမ်အထွက်မှာတင် ဦးမင်းနိုင်နဲ့ဒေါ်သဇင်နိုင်တို့ကား ဝင်လာတာတွေ့ခဲ့သေးတယ်၊ ဒါပေမဲ့ နောက်ကြောင်းပြန်မလှည့်တော့ဘဲ ကိုကို ဝမ်းသာရအောင် ညီမလေး လာပြောတာ''

ကိုကို ဝမ်းမသာပါဘူးလို့ မပြောဖြစ်။ ဘာကြောင့် သူ ချစ်သူတစ်ယောက်လို တန်ဖိုးထား ချစ်ခဲ့ရသော ဇော်က သူနဲ့မောင်နှမတော်ရတာလဲ။ သူ့ရဲ့ညီမလေး ဘာလို့ ဖြစ်သွားရတာလဲ။

''ဒါ ဒါ အမှန်တွေလား ညီမလေး''

''အမှန်တွေပါ အထွန်း''

''ဟင် ဇော်''

''မမဇော်''

ပွင့်လင်းပေါ်ပါးနေသော အပြုံးလွင်လွင်ဖြင့် ခွန်းတုံ့ဇော်က သူတို့အနား လျှောက်လာ၏။ သူ မျက်နှာပူ အားနာသလိုကြီး ဖြစ်မိကာ ခေါင်းပင်မဖော်ဝံ့။

''မှန်တယ်ဆိုတာက အထွန်းက ဖေဖေ မေမေတို့ရဲ့သားပါ၊ မဟုတ်မမှန်တာ တစ်ခုရှိသေးတယ်''

''ဟင် အဲဒါ ဘာလဲ''

''ဇော်က ဖေဖေ မေမေတို့ရဲ့သမီးရင်း မဟုတ်ဘူး''

''ဘာ ဇော် ဘာပြောတာလဲ''

အခုမှ ဆတ်ခနဲ ခေါင်းထောင်သွားကာ နားမလည်သလို ထွန်း





သစ်စ အလောတကြီး မေး၏။ ခွန်းတုံ့ဇော်က ထွန်းသစ်စအနီး တိုးကပ်ကာ လက်ကို ယီးလေးခို ဆုပ်ကိုင်ထားပြီး

''အထွန်းကို ဒေါ်မာလာဆွေတို့ ခိုးယူသွားလို့ အရှုံးတစ်ပိုင်းဆေးကုလို့မပျောက်ဖြစ်နေတဲ့ မေမေက ဇော့်ကို အစားထိုးမွေးစားခဲ့တာ၊ ဇော်လေ ကိုယ့်ကိုယ်ကိုယ် မွေးစားသမီးလို့ သိလိုက်ရတာ ဝမ်းမနည်းဘူး သိလား၊ အထွန်းက ဖေဖေ မေမေတို့ရဲ့သားဖြစ်ပြီး မိတ်ကပ်တွေသိမ်း နတ်ပွဲကနေရတဲ့ဘဝက လွတ်မြောက်သွားတာကိုပဲ ဇော် ဝမ်းသာကျေနပ်နေတာ''

''ဇော်''

''ဇော် တကယ်ပြောတာပါ၊ မိဘအရင်းတွေ မဟုတ်ပေမယ့် သမီးရင်းလေးတစ်ယောက်လို မေတ္တာတွေအပြည့်အဝ ပေးခဲ့ကြတာပဲ၊ အခု အဲဒီမေတ္တာတွေကို အထွန်းနဲ့အတူတူ မျှဝေခံစားရတော့မှာ၊ အထွန်း ပျော်ဘူးလားဟင်''

ဟင့်အင်းလို့ ပြောလိုက်ရမှာ သူ့အတွက် ဝမ်းသာကြည်နူးပေးသော ဇော့်ကို အားနာမိသည်။ အခုချိန်မှာ ကိုယ့်ကိုယ်ကိုယ်အတွက် ပျော်ဖို့တောင် မေ့နေ၏။

အခုချိန်မှာ သူ အစိုးရိမ်ဆုံးက ဇော်က သူ့ရဲ့ညီမလေး မဟုတ်ဘူးတာ မဟုတ်တော့ဘဲ ဟိုဘက်က ဖေဖေ မေမေ၊ ဒီဘက်က ဖေဖေ မေမေ သူ့အတွက် ပြဿနာတက်နေကြမလားဆိုတာပင်။

''အထွန်း ဘယ်လဲ''



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို"

ဇော်နိုင့်ကြာဖြူ နှစ်ယောက်လုံးက သူ့လက်တစ်ဖက် တစ်ချက်စီကို ဖျတ်ခနဲ ဆွဲလိုက်ကြ၍ စိတ်လောကြီးစွာ လှည့်ထွက်ဖို့ ပြင်လိုက်သော သူ့ခြေလှမ်းတွေ တုံ့ခနဲ ဖြစ်သွား၏။

"အိမ်ကို အမြန်ဆုံး သွားမှဖြစ်မှာ၊ ဟိုမှာ ပြဿနာတွေဖြစ်နေကြလိမ့်မယ်"

"အဲဒါကတော့ သေချာတယ်၊ ဒေါ်မာလာဆွေကို ငွေတွေပေးပြီး အထွန်းကို ရအောင်ခေါ်ဖို့ မေမေတို့ ထွက်သွားကြတာ၊ ဒေါ်မာလာဆွေက ငွေတွေယူပြီး အထွန်းကို လွှတ်မြောက်ခွင့်ပေးမယ်ဆိုရင် တော်သေးတာပေါ့"

"ဟင် ငွေတွေယူသွားတယ်"

"ဟုတ်တယ် ငွေတွေ တော်တော်ပါသွားတယ်၊ မေမေတို့ အထွန်းအတွက် ယူကျုံးမရ ခံစားနေရတာ၊ ဒေါ်မာလာဆွေ အရမ်းရက်စက်လွန်းတာကို"

ကြာဖြူ မျက်စိပျက်မျက်နှာပျက်နှင့် ညိုးငယ်နေတာမို့ ဇော်အားတုံ့အားနာဖြင့် စကားဆုံးအောင် မပြောတော့ဘဲ ရပ်တန့်သွား၏။ သူ့မှာလည်း နှစ်သိမ့်စရာ စကားလုံးတို့ပျောက်ဆုံးနေကာ ဘာကိုဝမ်းနည်းနာကျင်နေမိမှန်းလည်း မသိပါ။ ဒီအချိန်မှာ သူ ဆုံးဖြတ်ရမှာက တစ်ခုတည်း။

■ ■ ■



## အခန်း (၄)

"ဘာလဲ နည်းလို့လား မာလာဆွေ၊ ဒါက နင် မက်လောက်တဲ့ ငွေပမာဏပါ၊ မတန်သေးဘူးထင်ရင် လိုသလောက် ထပ်ပေးမယ်၊ နင် ပြောကြည့်"

"နင့်ပိုင်ဆိုင်မှုတွေ အကုန်ပုံပေးမလို့လား သဇင်နိုင်"

"ငါ့သား ငါ့ရင်ခွင်ထဲ ပြန်ရောက်ဖို့ဆိုရင် အဲလိုလည်း ဖြစ်နိုင်တာပဲ၊ ငါ့သားကို နင့်လို အောက်တန်းကျ ယုတ်ညံ့တဲ့ မိန်းမမျိုးဆီမှာ ငါ တစ်စက္ကန့်တောင် မထားနိုင်ဘူး"

"ဟား ဟား အရမ်းကို ရက်ရောနေပါလား၊ ဒါပေမဲ့ ငါက ငွေကို မလိုချင်ဘူး သဇင်နိုင်"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



"သေချာအောင် ပြောမယ်၊ နင့်သားကို နုတ်ကခိုင်းနေရ
ငါ တစ်သက်လုံး ထမင်းမငတ်ဘူး၊ တို့တစ်မိသားစုလုံး ဖိမ်ရှိရှိနဲ့ ထိုင်
စားလို့ရပါတယ် ဟင်း ဟင်း မဟုတ်ဘူးလား"

"မာလာဆွေ နင် နင်"

ပုံလဲပစ်ကျသွားလောက်အောင် ခံရခက်စေသည်၊ ေသားဆွေ
ဆတ်ဆတ်တုန်ကာ မထီတရီ မျက်နှာပေးဖြင့် ခနိုးခနဲ့ ပြောနေသော
မာလာဆွေမျက်နှာကို စိတ်လိုက်မာန်ပါ ကုတ်ဖဲ့ပစ်လိုက်ချင်၏။ ဒီလော
အငြိုးကြီးလွန်းတာကို အံ့လည်း အံ့ဩသည်။

"ဒါကြောင့်မှ လက်မခံရင် ဆိုင်ရာက စကားပြောရုံပဲ မာလာဆွေ"

"ဘယ်လိုပုဒ်မနဲ့ ငါ့ကို အရေးယူမလို့လဲ၊ ကောင်းပြီ နင့်
ငါ့ကို တရားစွဲဖို့ ကလေးခိုးယူမှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ ဒီထက်ဆိုးတဲ့
တွေနဲ့ ငါ့ကို ထောင်ချနိုင်ဖို့ အခွင့်အရေးတွေ ရှိတယ်ဆိုပါတော့၊ ငါ
လည်း တုံ့ပြန်ဖို့ အဆင်သင့်ပဲနော်၊ အလိုမတူ ခိုးယူပေါင်းသင်းအော
ထောင်ချောက်ဆင် အားပေးအားမြှောက်လုပ်ခဲ့တဲ့ နင့်ကို အပြင်
နင့်သားနဲ့ပျော်ပျော်ရွှင်ရွှင်နေခွင့်မပြုနိုင်ဘူး"

"ဘာ"

"ငါ့ကို နင် အရင်ဦးဆုံး ယုတ်မာခဲ့တာပါ၊ ငါက နင်တို့ချေ
တဲ့သူတွေရဲ့ အောက်တန်းကျမှုကို အသည်းနင့်အောင် ဘဝပျက်လော
အောင် ခံခဲ့ရတာပါ၊ ကိုယ့်အလှည့်ရောက်မှ နာရမှန်းသိသလား၊ အ





တစ်ခုကို ကျူးလွန်ပြီးရင် အဲဒီ အမှားအတွက် တန်ပြန်ပေးဆပ်ရမှာ
မမေ့နဲ့လေ"

"မှန်တယ် ငါ ပြန်ပေးဆပ်မယ်၊ နင် ငါ့ကို ဘာပြန်လုပ်မလဲ၊
ငါ ခံမယ်၊ ငါ့အသက်ကို ယူမလား၊ ငါ့ဘဝကို ပေးရမလား၊ နင်
ကြိုက်တာလုပ်၊ ငါ ခံမယ်၊ သားမှာ ဘာအပြစ်ရှိလို့လဲ၊ နင့်ဘဝ ဒီလို
ဖြစ်တာ ငါ့သားကြောင့်မှ မဟုတ်ဘဲ"

"လက်သည်းဆိတ်တော့ လက်ထိပ်နာတယ်ဆိုတဲ့ စကား နင်
ကြားဖူးတယ် မဟုတ်လား၊ နင့်အသက်နင့်စည်းစိမ် အကုန်ပုံပေးလည်း
ငါ ခံစားရတာနဲ့ မတန်သေးလို့ ငါ မကျေနပ်နိုင်ဘူး သဇင်ခိုင်၊ နတ်
ကတော် သမီးမို့ လူလို ဆက်ဆံမခံခဲ့ရတဲ့ ငါ့ရဲ့နာကြည်းမှုတွေက နင့်ရဲ့
သားကို အဲဒီအလုပ် တစ်သက်လုံး လုပ်ခိုင်းရမှ ငါ သေပျော်မှာ"

စကားလုံးတွေက တိကျပြတ်သားလွန်းသည်။ မျက်လုံးတွေက
အစိမ်းရောင်တွေ လျှံထွက်နေ၏။

ယောကျ်ားသားနှစ်ယောက်က ပဋိပက္ခထဲ ဝင်ပါဖို့ အခွင့်အရေး
မရှိသလို ငြိမ်သက်တိတ်ဆိတ်နေရသည်။ ဒီအချိန်မှာ ဘယ်သူ့ကိုမှ
ချောင်းဖျလို့ ရနိုင်မည့်အခြေအနေမှ မဟုတ်ဘဲ။

"မာလာဆွေ"

လူအင်အား လက်နက်အင်အားဖြင့် တိုက်ခိုက်လို့ အဆင်မပြေ
နိုင်တော့ ဒေါ်သဇင်ခိုင် စိတ်ကိုလျှော့ကာ ဒေါ်မာလာဆွေရှေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သဇင်နိုင် ဒူးတုပ်ထိုင်ချလိုက်သည်။ အားလုံး အံ့အားသင့်ကာ ဘာ
လုပ်ရမှန်းမသိအောင် ဖြစ်သွားကြ၏။

ဒေါ်မာလာဆွေက မျက်နှာလွှဲကာ တင်းထန်ထားဆဲ။

"ငါ ရှိခိုးတောင်းပန်ရင်ရော နင် ကျေနပ်ပေးနိုင်မလား၊ ဒါ
မဟုတ် နင့်အိမ်မှာ ကျွန်အဖြစ်နဲ့ ငါ့သားလေးရဲ့ကိုယ်စား အလုပ်အကျွေး
ပြုရမလား။ ငါ့သားလေးကိုသာ လွတ်မြောက်ခွင့်ပေးမယ်ဆိုရင် ငါ ဘာ
မဆို လုပ်ပါ့မယ်"

မိခင်မေတ္တာဆိုတာ ဒါပါလားဟု ခံစားမိကာ ရင်မှာကျဉ်
နှင့် အတို့ခံရသလို ဘတ်ခနဲ ခါသွား၏။ တကယ်တော့ ဒီမေတ္တာတွေ
ထွန်းသစ်စ မွေးကတည်းက ပိုင်ဆိုင်သင့်တာ။

"မဖြစ်ဘူး"

နားလည်သလို ရှိပေမယ့် နာကြည်းမှုတွေ သို့အောင်းအ
တွယ်နေခဲ့သော ရင်ဘတ်တစ်နေရာက လက်မခံပေ။ ထိုအချိန်မှာ ထွ
သစ်စ အပြေးအလွှား ရောက်လာခဲ့ကာ

"မေမေ"

ဘယ်သူ့ကို ဦးတည်ခေါ်လိုက်တာမှန်း မသိပေမယ့် ထွန်း
ရဲ့ ခေါ်သံကြားရာ ခေါင်းလေးတွေ ဆတ်ခနဲ လည်သွားကြသည်။
သစ်စက ဒေါ်မာလာဆွေရှေ့မှာ ဒူးထောက်နေသော ဒေါ်သဇင်နိုင်
ဆွဲထူလိုက်ပြီး





"ကျွန်တော့်အတွက် အဲလို မလုပ်ပါနဲ့"

"သား"

"သံသရာ ရန်ကြွေးတွေနဲ့ အတုံ့အလှည့်ကို ကျွန်တော့်ဘာသာ
ဆပ်ပါ့မယ်၊ မေမေ အခုလို လုပ်နေလို့လည်း မေမေ အဲ ဒေါ်မာလာဆွေ
ရဲ့ ကျေအေးမှာမှ မဟုတ်ဘဲ"

"ဟင့်အင်း သူ ကျေနပ်အောင် မေမေ အသက်နဲ့ရင်းမယ်၊
ငွေကြေးဥစ္စာခနတွေနဲ့ ရင်းမယ် သား"

"အခုလို ပြောနေတာကို သူ လက်ခံလို့လား၊ မေမေ ပြန်ပါ
တော့"

"ဟင်"

"အထွန်း"

"သား"

ခွန်းတုံ့ဖော်တို့လည်း ရောက်လာကာ ထွန်းသစ်စ ဆုံးဖြတ်ချက်
အတွက် အားလုံး အံ့အားသင့်နေကြသည်။ ဒေါ်မာလာဆွေပင် မျက်ခုံး
ကြိုက်ကာ အံ့သြနေ၏။ တကယ်ဆို သူ့အပေါ် တစ်သက်လုံး အနိုင်ကျင့်
လာခဲ့တာကို ဝုန်ဒိုင်းကြဲ သွေးဆူပေါက်ကွဲမယ်လို့ ထင်ထားတာ။

အခုတော့ ဝမ်းနည်းသိမ်ငယ်စွာ မျက်ရည်လည်းမကျ။ မခံမရပ်
ဒေါသများဖြင့် သွေးဆူနေတာလည်းမဟုတ်။

အေးဆေးတည်ငြိမ် ပြတ်သားစွာ ဆုံးဖြတ်ချက်ချပြီးသလို



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ပြန်မလိုက်ဘူး၊ ဒေါ်မာလာဆွေ ကျေနပ်တဲ့အချိ
ထိ သူတို့တစ်မိသားစုလုံးကို နတ်ကတော် ဘဝနဲ့ပဲ အလုပ်အကျွေး
ပြုနေပါ့မယ်"

"သား သားရယ် အဲလို မလုပ်ရဘူး၊ ဟင့်အင်း သား မေ
ရင်တွေကွဲလိမ့်မယ်၊ သားကို ဒီဘဝမှာ မထားရက်ပါဘူး၊ မေ
အခု ပြန်လိုက်ခဲ့၊ နောက်မှ နောက်ပြဿနာကို ရှင်းမယ် သား၊
ဘယ်လိုအင်အားနဲ့ တားမှာလဲ၊ မေမေ အိမ်ကို ပြန်ရအောင်နော်"

ဖွတ်အတင်း လက်ဆွဲခေါ်နေသော မေမေ့လက်ကို သူ အ
ဖြုတ်ချလိုက်သည်။

"ဒီဝဋ်ကြွေးတွေကို သံသရာအထိ မသယ်ဆောင်သွားပါရ
ဒီဘဝမှာပဲ အကျေဆပ်ပါရစေ၊ မေမေ ပြန်ပါ၊ မေမေ သွားပါတော့
ဖေဖေ မေမေ့ကို ခေါ်သွားပါ"

ထွန်းသစ်စက ဦးမင်းနိုင်ကို ဖေဖေဟုခေါ်ကာ အကူ
တောင်းသည်။ ဦးမင်းနိုင်ကတော့ သားရဲ့ဆုံးဖြတ်ချက်ကို အပြစ်
သားကို မထားရက်ခဲ့ပေမယ့် မာလာဆွေ မကြည်ဖြူလျှင် အခြေ
တွေက ရုံးပြင်ကနား ရောက်သည်အထိ ရှုပ်ထွေးသွားနိုင်သည်
လား။

"နိုင် သားပြောသလို ကိုယ်တို့အိမ် ပြန်လိုက်ကြရ
နောက်မှထပ်ပြီး ဆွေးနွေးညှိနှိုင်းကြည့်ကြတာပေါ့ကွာ"





"ဟင့်အင်း သားကို မထားရက်နိုင်ဘူး၊ နိုင့်သားလေးကို အခု
စ်ခါတည်း ခေါ်သွားပါရစေ"

"သား ပိုပြီး စိတ်ပင်ပန်းသွားလိမ့်မယ် နိုင်ရယ်၊ သားဆန္ဒ
သလို ဆုံးဖြတ်တာကို နားလည်ပေးလိုက်ပါ"

"သား သားရယ် မေမေ့ရင်တွေ ကွဲပါပြီ"

သားကိုဖက်ကာ ယူကျုံးမရ နင့်သီးစွာ ငိုကြွေးမိသည်။ မိမိတို့
မစာမနာ မှားယွင်းသော လုပ်ရပ်တွေကြောင့် သားက အပြစ်ဒဏ်
ကာ ပေးဆပ်နေရသည်။ ဒီလိုတွေဖြစ်မယ်မှန်းသိလျှင် ဒီလိုအပြစ်
မကျူးလွန်မိအောင် နေခဲ့မိမှာပါ။ အခုမှ နောင်တရမိခြင်းက
မှ ပြင်ဆင် ဆင်ခြင်ခွင့်မရှိတော့။ သံသရာမှာ အထုံမပါပါစေနဲ့။

ဒီဘဝတော့ သားရယ် မေမေ့ကို ခွင့်လွှတ်ပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

ဒေါ်သဇင်နိုင်တို့ ပြန်သွားပြီဖြစ်သော်လည်း ထွန်းသစ်ခ
အာဃာတမှ ကျန်မနေခဲ့တဲ့ မိသားစုအပေါ် နဂိုကလိုပင် ဝတ္တရားမပျ
ဦးကျော်ငွေအတွက် အရက်ပွဲပြင်ပေးသည်။ ဒေါ်မာလာဆွေကို န
ကရလာသည့် ပိုက်ဆံတွေ အကုန်အပ်၏။

ညီလေးအတွက်လည်း ပေးသင့်တာကိုပေးကာ ညီမလေး
တွက်တော့ အနီးကပ် အထူးထုတ်စာအုပ်တွေ ဝယ်လာ၍ စာမေး
သည့်ရက်အတွင်းမှာ ဝတ်ဖို့ ကျောင်းဝတ်စုံအသစ်လေးလည်း ပါ
သည်။

"စာမေးပွဲဖြေတဲ့အချိန်မှာ အဝတ်အစား သစ်သစ်လွင်
လေးဖြစ်နေတော့ စိတ်လန်းတာပေါ့ ညီမလေးရဲ့ အဲဒါကြောင့်
ဝယ်လာတာ၊ ရော့ ညီမလေးကို ချုပ်ပေးနေကျ ဆိုင်ကပဲဝယ်လာ
ညီမလေးက တနေ့တခြား အပျိုပေါက်ကြီးဖြစ်လာတော့ အဆင်





း ဝတ်ကြည့်ပါဦး"

"ကိုကို"

"ဟင် ဘာလဲ ညီမလေး ပြောလေ"

"မေမေ့ကို စိတ်မနာဘူးလား၊ ညီမလေးတို့မိသားစုကို ဘာမှ
မတော်သားမစပ်တဲ့ ဒီလိုမျိုးတွေ လုပ်ပေးနေရတာ မမုန်းဘူးလား
"

"ညီမလေးရယ် ဘာလို့ မုန်းရမှာလဲ၊ ညီမလေးတို့နဲ့ အကြောင်း
က်ရှိလို့ ဆုံရတာပဲကွ၊ မေမေ့ကို မေမေခေါ်ခွင့်ရနေတာ ကိုကို
နပ်ပါတယ်၊ ကိုကိုက အထီးကျန်တစ်ဦးတည်းသောသား မဟုတ်ဘူး၊
စ်ကို မောင်နှမတွေရှိတယ်၊ ပြီးတော့ ကိုကို့ကို မွေးကင်းစအရွယ်
ည်းက ချီးသုတ်သင် သေးသုတ်သင် ပြုစုစောင့်ရှောက်လာခဲ့တဲ့ မိဘ
ကို လုပ်ကျွေးပြုစုခွင့်ရနေတာ ကိုကို ကံကောင်းတာပေါ့"

"ကိုကိုရယ် ထွက်ပြေးရင် လွတ်မြောက်ခွင့်ရမှန်း သိရဲ့နဲ့ နတ်
တော်ဘဝထဲမှာ ဘာလို့ နစ်မွန်းခံနေတာလဲ"

"မေမေ ကျေနပ်စေချင်လို့ပါ၊ မွေးအမေ မဟုတ်ပေမယ့် ကျွေး
ပဲလေ၊ မေမေ့ရဲ့အပြုံးကို အရမ်းတောင့်တတယ်၊ ချိုသာနွေးထွေးမှု
သားလို့ခေါ်တဲ့အသံကို အရမ်းကြားချင်တယ်၊ အဲဒါ ကိုကို မျှော်
တာလေးပါ၊ မေမေ ဖြစ်စေချင်နေတဲ့ နတ်ကတော်ဘဝထဲက မေမေ
ပြီးဘဲ ကိုကို လွတ်မြောက်အောင် မကြိုးစားတော့ပါဘူး ညီမလေး



www.burmeseclassic.com

www.burmeseclassic.com



လည်း မေမေ လိုက်ပို့ပါဟု လက်ကိုဆွဲ၍ မိမိမျက်နှာကို မော့မော့လေး ငေး၍ တောင့်တရှာသူ။

မိမိဘက်က တမင်တကာ စိမ်းသက်မှုများကို မငြူစူတဲ့ ကျေနပ် အောင် ပေးဆပ်ချင်သတဲ့လား။ သားဟု ချိုသာစွာ ခေါ်၍ အပြုံးတစ်စ ကိုမြင်ရဖို့ အနစ်နာခံခြင်းဖြင့် တောင့်တနေသတဲ့လား။ တွန်းထိုးရိုက်ပုတ် နာကြည်းပြီး ထွက်သွားပါတော့လား ကလေးရယ်။

မင်းဘဝတစ်ခုလုံးကို ချုပ်ကိုင်လွှမ်းမိုး ခြယ်လှယ်ခဲ့တာ ငါပါ။ ငါ့ကိုမုန်းပါ။ မေ့ပါ။ နာကြည်းပါ။

အော်ဟစ်ပေါက်ကွဲ ပြစ်တင်လိုက်စမ်းပါ။

"မေမေ"

"ဟင်"

မိမိနောက်မှာ ထွန်းသစ်စ ရောက်လာတာ မသိလိုက်။ မျက်ရည် တွေကိုသုတ်ဖို့လည်း အချိန်မရလိုက်။ ဟင်ခနဲ မင်တက်ကာ ထူးလိုက် မိရင်း မျက်လုံးတို့ကို မသိမသာ လွှဲဖယ်မိ၏။ အဲဒီ မေမေဆိုတဲ့ နာမ်စား နဲ့ ငါက မတန်ပါဘူး ကလေးရယ်။

"မေမေ နေမကောင်းဘူးလားဟင်၊ သား ဘာလုပ်ပေးရမလဲ အသက်ကြီးလာရင် ကျန်းမာရေးက ချူချာတတ်တယ်၊ သား ဆေးခန်း လိုက်ပို့ပေးမယ်နော် မေမေ"

"ထွန်းသစ်စ"





"ဗျာ"

"မင်းမိဘအိမ်ကို မင်းသွားလို့ရပြီ"

"ဟင် မေမေ"

"မင်းကို သွားလို့ရပြီလို့ ငါ ပြောနေတယ်လေ၊ ဘာလို့ နား လည်ချင်ယောင်ဆောင်နေတာလဲ"

"သား ဒီအတိုင်းတော့ မသွားနိုင်ဘူး"

"ဘာ"

"သား မေမေ့ကိုချစ်တယ်၊ မေမေ့ဆီက အပြုံးတစ်စ၊ ချိုသာတဲ့ စကားတစ်ခွန်း မကြားရဘဲ ကြီးပြင်းခဲ့ရတာပါ၊ မေမေတို့ကို အလုပ် အကျွေးပြု ပေးဆပ်အနစ်နာခံရင်းနဲ့ သားနေ့စဉ်နဲ့အမျှ တောင့်တနေခဲ့ တာ အဲဒီတစ်ခုတည်းပါ၊ အခု မေမေ့သားမဟုတ်ပေမယ့် သား မျှော်လင့် နေတုန်းပဲ၊ မေမေ့ဆီက သားဆိုတဲ့ အသံလေးကို မကြားရမချင်း နူးညံ့ နူးထွေးတဲ့ အပြုံးလေးကို မမြင်ရမချင်း သားရဲ့ပေးဆပ်နိုင်မှုတွေကို ကျေနပ်သေးလို့လို့ အောက်မေ့ပါတယ်"

"မင်း"

"ငြီးငြင်တာ မဟုတ်ပါဘူး၊ ငြူစူတာ မဟုတ်ပါဘူး၊ မေမေ ကျေနပ်တဲ့အထိ ဒီဘဝထဲမှာပဲ ပျော်အောင်နေပါ့မယ်"

ရင်ထဲက ရှိုက်သံတွေ အလုံးအရင်းလိုက် တိုးတိုက်ထွက်လာ၏။ ဘယ်လိုမှ ဟန့်ဆောင်တင်းထားလို့ မရတော့အောင် သည်းထန်စွာ ငို



www.burmeseclassic.com

ချလိုက်သည်။ ထိတ်လန့်သွားသော ထွန်းသစ်စက မိမိလက်ကို ဖျတ်ခနဲ ဖမ်းဆုပ်ကိုင်ပြီး စိုးရိမ်ကြီးနေ၏။

ထွန်းသစ်စ လက်ကို ဖြန်းခနဲပင် ပုတ်ချလိုက်သည်။

"ငါ့ရင်တွေ ကွဲအောင် မင်းဘာလို့ဒီစကားတွေ ပြောနေတာလဲ ငါ့ကို နာကြည်းမုန်းတီးပြီး ဘယ်တော့မှ သတိတရမရှိဘဲ လှည့်မကြည့်ဘဲ မင်း မိဘအရင်းတွေဆီကို ပြန်ပါတော့လား၊ ငါ့အိမ်ကနေ ထွက်သွားပါတော့လား။ အမုန်းတွေနဲ့ ထွက်သွားစမ်းပါ ထွန်းသစ်စရယ်"

"မေမေ"

"မခေါ်နဲ့ အဲဒီ မေမေဆိုတဲ့ အသုံးအနှုန်းနဲ့မတန်တဲ့ ငါ့လို လူမျိုးကို မေမေလို့ မခေါ်နဲ့၊ မခေါ်ပါနဲ့၊ ငါ့ရင်တွေ ပူလောင်နေပြီ မေတ္တာတွေနဲ့ နင် အနိုင်ယူနေတာ၊ အမုန်းတွေ နာကြည်းမှုတွေနဲ့ တိုက်ခိုက်ခံရမှ ငါ့ဝေဒနာတွေ သက်သာမှာပါ ထွန်းသစ်စရယ်၊ ငါ့ကို မုန်းစမ်းပါ နာကြည်းစမ်းပါ"

"မေမေရယ်"

ရင်ဘတ်တစ်ခုလုံးကို ထုရိုက်ခံနေရသော်လည်း မေမေ ရှန်း မထွက်သာအောင် ထွန်းသစ်စ ဖွတ်အတင်း ဖက်တွယ်ထားလိုက်သည်။

"မေမေ တော်ပါတော့၊ သားကို ထုရိုက်ရင်းနဲ့ မေမေ့လက်တွေ နာလိမ့်မယ်၊ သားကို ချိုသာတဲ့အသံလေးနဲ့ မခေါ်ချင်လည်း နေပါ အပြုံးတစ်စနဲ့လည်း မနှစ်သိမ့်ပါနဲ့တော့၊ မျက်ရည်တွေနဲ့ နာကျင်ခံစား





ပြနေတာကိုပဲ သား ကျေနပ်လိုက်ပါပြီ၊ မေမေ့ကို ချစ်တယ် ချစ်တယ် မေမေ"

"ထွန်းသစ်စရယ် သားရယ်၊ သား"

ဒီကလေးရဲ့မျက်ရည်တွေ မိမိရင်ဘတ်မှာ စိုလူးလာတော့ ရင်မှာ မချိစွာ နှလုံးသားတွေ ပွဲကြွေလောက်အောင် ခံစားလိုက်ရသည်။ သူလေး ကြားချင်လှသော သားဆိုသည့် အသုံးအနှုန်းလေးကို ပွဲတင်ထပ်မျှ မရပ်မနား ရေရွတ်လိုက်၏။

မျက်နှာကိုမော့၍ မိမိရဲ့ကျေနပ်ကြည်နူးနေသော အပြုံးကို မြင်စေလိုက်သည်။ ဒီကလေးရဲ့မေတ္တာတွေကြောင့် စိတ်ဆန္ဒတွေအားလုံး ညှိသက်ပျော့ပျောင်းလာခဲ့ပေမယ့် ခွဲခွာရတော့မည့်အရေးတွေကာ ရင်မှာ နင့်နင့်သီးသီး စူးရှနာကျင်လှသည်။ ဒီအပြုံးက ဒီတစ်သက်တော့ နောက်ဆုံးပဲ ဖြစ်မှာပါ။

သားမရှိတဲ့နောက် အပြုံးတွေ ပို၍ ဆိတ်သုဉ်းသွားမှာ သေချာပါတယ် သား။ မပြုံးမိအောင် နူးညံ့ပျော့ပျောင်းမှုမရှိအောင် တမင်တကာ ဟန်လုပ်မာန်တင်းခဲ့တာမို့ လောကဓံရဲ့ဒဏ်ခတ်ခြင်းကို မလွဲမသွေ ပြန်ခံရမှာပါပဲ။

ဒါပေမဲ့ သားရဲ့မေတ္တာတွေရလို့ ဘယ်လိုဘဝမျိုးမှာပဲ နေရနေရ မေမေ ကျေနပ်ပါတယ်။

သားပဲ ပျော်ပါစေ။ သားပျော်ပါစေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

"မပျော်နိုင်ဘူး၊ ဘယ်လိုလုပ် ပျော်နိုင်မှာလဲ၊ သားကို အသက်ရှင်လျက် တွေ့ရပေမယ့် ဟိုအိမ်မှာ ဝဋ်ကြွေးတွေ ဆပ်နေမှာသိရတော့ ခိုင် တစ်နေ့မှ စိတ်မချမ်းသာဘူး၊ ခိုင် မဖြေနိုင်ဘူး ကိုနိုင်၊ ခိုင့်ရင်တွေ ကွဲတော့မယ်"

"ခိုင်ရယ် ရန်ကိုရန်ခြင်း တုံ့ပြန်တာထက် မေတ္တာစေတနာက ပိုပြီး စူးရှထက်မြက်ထိရောက်ပါတယ်၊ တစ်နေ့နေ့မှာ မာလာဆွေက ကြည်ကြည်ဖြူဖြူ ပြန်လွှတ်ပါလိမ့်မယ်"

"ဟုတ်ပါတယ် မေမေ၊ လူတွေရဲ့အသွေးတွေ အသားတွေထဲမှာ စီးဆင်းနေတဲ့ အမုန်းတွေ အာဃာတတွေက မေတ္တာနဲ့ပဲ ချေဖျက်လို့ရနိုင်မှာ၊ တူညီတဲ့ အမုန်းတွေနဲ့ တုံ့ပြန်နေရင် သံသရာရှည်ရုံပဲ ရှိလိမ့်မယ် မေမေ၊ ကိုကို့နတ်ပွဲကို ဖော်လိုက်သွားပြီး ခေါ်တော့ ကိုကို





ဘာပြောတယ်ထင်လဲ"

"ဟင် သ သမီး လိုက်သွားသေးတယ်လား"

အကြောင်းအရင်းကို သိချင်လို့ အလောတကြီးပင် မေးမိသည်။ ခွန်းတုံ့ဖော်က ဒေါ်သဇင်ခိုင် လက်လေးကို ဆုပ်ကိုင်ထားပြီး

"ကျွေးအမေကို စော်ကားပြီး ထွက်မလာချင်ဘူးတဲ့လေ၊ တစ်လုပ်စားဖူး သူ့ကျေးဇူးဆိုတာ ရှိတယ်၊ ကိုကို လုပ်နိုင်ကိုင်နိုင် အရွယ်မရောက်ခင်က ဒေါ်မာလာဆွေ ကျွေးခဲ့တဲ့ ထမင်းလုပ်ပေါင်းများစွာ စားခဲ့ဖူးတဲ့အတွက် အဲဒီကျေးဖူးနဲ့ အတူနေသံယောဇဉ်တွေကိုတွေးပြီး ဒေါ်မာလာဆွေ ကြည်ဖြူမှပဲ ပြန်လာပါရစေတဲ့"

"ဩော် သားရယ် သိတတ်နားလည်လိုက်တာ၊ လိမ္မာလိုက်တာ၊ အဲဒီ အသိတရားဝင်အောင် ရိုက်သွင်းအုပ်ချုပ်ခဲ့တဲ့ မာလာဆွေကိုပဲ ကျေးဇူးတင်ရတော့မလား"

"အဲဒါ အကောင်းဆုံးပဲ ခိုင်၊ ဘာအတွက်နဲ့မှ မာလာဆွေအပေါ် အာဃာတတွေ မထားပါနဲ့တော့၊ သားနဲ့အခွဲခံရတဲ့အချိန်တွေကို နောင်ကြဉ်ပြီး ဆင်ခြင်လိုက်ပါ"

"ဟင် ဟိုမှာ ကိုကို ဒေါ်မာလာဆွေလည်း ပါလာတယ် မေမေ"

"ဟင် သား၊ မာလာဆွေ"

အနားရောက်လာကြမှ နူးညံ့သိမ်မွေ့ဖြူစင်သော မာလာဆွေ အပြုံးကို သတိထားမိ၏။ သားကို တွဲဆုပ်ကိုင်ထားသော လက်အိုက



www.burmeseclassic.com

www.burmeseclassic.com



ကြင်နာမှုတွေအပြည့်။

"နင့်သားကို ငါ ပြန်လာအပ်တာပါ သဖင်နိုင်၊ ငါ့အပြုအမူ ငါ့အမှားတွေအတွက် နင့်ကို တောင်းပန်ပါတယ်၊ နင့်သားကိုငါ့ရဲ့ လက်စားချေချင်စိတ်တွေအတွက် အသုံးချခဲ့ပေမယ့် နင့်သားရဲ့ပေးဆပ်နိုင်တဲ့ မေတ္တာတွေကြောင့်ပဲ ငါ ခဝါချနိုင်ခဲ့ပါပြီ"

"ကျေး ကျေးဇူးတင်ပါတယ် မာလာဆွေရယ်၊ ငါလည်း မှားခဲ့တယ်၊ ငါ့ကိုလည်း ခွင့်လွှတ်နားလည်ပေးပါနော်၊ အမှားဆိုတာကို နောက်တစ်ကြိမ် မရှိတော့အောင် ငါ ကြိုးစားနေထိုင်သွားပါ့မယ်၊ အဲဒါကလည်း သားလေးကြောင့်ပါ၊ စုန်ရေချည်း ရှိတာမဟုတ်တဲ့ ဆန်ရေလည်း ရှိတယ် ဆိုတာ ငါ သဘောပေါက်နားလည်သွားပါပြီ၊ သားနဲ့ နင်တို့မိသားစုနဲ့ သံယောဇဉ်ကို မဖြတ်တောက်နိုင်းပါဘူး၊ သားက နင့်ရဲ့သားပါပဲ"

"ဒါဆို ငါ့သားနဲ့ နင့်သမီးကို ပေးစားဖို့ သဘောတူလား သဖင်နိုင်"

"ဟင် ဘာပြောတယ်"

"ဟုတ်တယ်လေ ငါ့သား ထွန်းသစ်စနဲ့ နင့်ရဲ့သမီး ခွန်းတုံ့ဇော်တို့ကို ငါကတော့ လက်ထပ်ပေးဖို့ ဆုံးဖြတ်ပြီးပြီ၊ နင် သဘောတူတယ် ဆိုရင် ရက်ရွေးလိုက်ရုံပဲ"

"ကောင်းသားပဲ၊ ဒီနေ့ မင်္ဂလာရှိတဲ့နေ့၊ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံတဲ့နေ့ဆိုတော့ ဒီလိုနေ့ထူးနေ့မြတ်မှာ သူတို့ကို ရှုံးမှာလက်မှုင်





ထိုးပေးလိုက်မယ်၊ နောက်မှရက်ရွေးပြီး မင်္ဂလာဆောင်ပေးလိုက်ကြတာပေါ့"

"ဟာ မေမေတို့နှစ်ယောက် တကယ်ပြောတာလား၊ တကယ်နော်"

ထွန်းသစ်စက ဝမ်းသာအားရနှင့် အမေနှစ်ယောက်ကို သိမ်းကျုံးဖက်၍မေး၏။ အမေနှစ်ယောက်လုံးက ပြုံးတူခေါင်းညိတ်ပြလိုက်ကြကာ

"တကယ်ပါ သားရယ်၊ ဒီနေ့ကစပြီး သား စိတ်ချမ်းသာရမှာပါ၊ ဒါပေမဲ့ တစ်ခုတော့ ရှိတယ် သား"

"ဗျာ"

"ကလေးတစ်ခါမွေးရင် အမြွှာပူးနှစ်ယောက် မွေးပေးရမယ်၊ ဟိုဘက် အမေတစ်ယောက်၊ ဒီဘက်အမေတစ်ယောက်၊ မြေးထိန်းရမှာ တရားမျှတမှာပေါ့"

"အဲဒါ ဇော် တာဝန်ယူလိမ့်မယ်"

"ကိုကို"

"ဩော် မွေးပေးလိုက်ပါ ဇော်ရယ်၊ မေမေနှစ်ယောက်က မကြဲ့ဘူးလို့ မြေးတွေကို ချစ်ချင်နေကြတာပါ၊ ကိုကိုလည်း မကြဲ့ဘူးလို့ ဇော့်ကို မြတ်မြတ်နိုးနိုး ချစ်မိသွားတာလေ၊ ဇော့်ကြောင့်ပဲ ကိုကို့အမေရင်းတွေနဲ့ဆုံပြီး အမေနှစ်ယောက် ဖြစ်သွားတာ မဟုတ်လား ဇော်ရဲ့ နော်

www.burmeseclassic.com



ဇော်က လိမ္မာပါတယ်"

ရှက်နေသော်လည်း ချစ်သူ ကိုကိုအလိုကျ ခွန်းတုံ့ဇော် ခေါင်းညိတ်ပြရှာပါသည်။ လူကြီးတွေအားလုံးရဲ့ မျက်နှာမှာလည်း အပြုံးပန်းတွေ ဝေဆာလို့။

ရယူလိုမှု အတ္တတွေကင်းမှ စိတ်ချမ်းသာ ပျော်ရွှင်စရာကောင်းသည့်တဝကို ရမည်ဆိုတာ အားလုံးသဘောပေါက်နားလည်သွားကြသည်။

ချစ်ခြင်းမေတ္တာများဖြင့် ထုံမွမ်းနှောင်ဖွဲ့ထားသော သံယောဇဉ်ကြိုးများက ခိုင်မြဲတည်တံ့ကာ အရာအားလုံးသည် သာယာကြည်နူးချမ်းမြေ့စွာဖြင့်. . . ။

လုံး

ဈျ။း၁၇၆ပ

BURMESE CLASSIC .com

www.burmeseclassic.com